
www.burmeseclassic.com

# မြပုလဲခင်

## မြားနတ်မောင် သူ့ကိုချစ်သည်



www.burmeseclassic.com

www.burmeseclassic.com




**ပုံနှိပ်မှတ်တမ်**

စာမူခွင့်ပြုချက်အမှ
၅၀၁၃၂၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှ
၅၀၁၃၉၄၀ ၂

**ဖြန့်ချီ**
အောင်မြင်စာ
အမှတ်(
အောင်ဘာ
ကျောက်မြော

**အတွင်း**
**မျက်နှာဖုံးပုံ**
ဦးအောင်
အောင်မြင်ပုံနှိပ်တိ
သုဝဏ္ဏ၊ ရန်ကုန်

ပထမအကြ
စက်တင်ဘာလ၊ ၂၀
တန်ဖိုး(၁

**ထုတ်ဝေ**
ဦးအောင်
အမှတ်(၇)၊ သီတာ
ကျောက်မြောင်း၊ ရန်ကုန်

၈၉၅.၈၃

မြပုလဲခင်
မြားနတ်မောင် သူကျိုးစယ် / မြပုလဲခင်။ - ရန်ကုန်
အောင်မြင်စာပေ၊ ၂၀၁၁။
၂၇၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်




# အပိုင်း (၁)

အိုင်တီခေတ်ကြီးမှာ
လူတန်းစားအလွှာဆိုတာ
မရှိပါဘူး။


လွန်းကြိုင်

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"×××ကျွိကြိ . . . ကျွကြွ×××ကွိကွ"

ဒီဂျေသံကြောင့် ရဲနေလင်း ပြုံးလိုက်မိသည်။ ဒီဖုန်း Ringtone ကို ပြောင်းဦးမှ။ ဟိုနေ့က သူ့ဖုန်းမြည်သံကြောင့် မခင်က လန့်သွားပြီး ထအော်သည်။

"ဟဲ့ . . ကြွက်တွေ ဘယ်ကနေ လာရတာတုန်း" ဟု။

သူက "မမေကလည်း . . ဒီဂျေသံပါ" ဟု ဆိုတော့ မမေက "ဘာဒီဂျေသံလဲ . . ငါကြားတာတော့ ကြွက်မီသား



www.burmeseclassic.com

www.burmeseclassic.com



အသိုက်ပြောင်းသံပဲ" တဲ့. . ဆို၍ သူရယ်ခဲ့ရသေးသည်။

ဖုန်းကို ကောက်ယူ ခလုတ်ဖွင့်ကာ နားထောင်လိုက်သည်။ ဖုန်းစကင်န်ပေါ်က နံပါတ်က စိမ်းကားစွာ ကြည့်နေသည်မို့. . .

"အမိန့်ရှိပါခင်ဗျာ"

"မောင်ရဲနေလင်း ထင်တယ်၊ အန်ကယ်လ်က ဦးဖေတင်ပါကွယ်"

"ဟုတ်ကဲ့ ဆရာကြီး. . . အမိန့်ရှိပါ"

ဦးဖေတင် ဆိုလိုက်သည်နှင့် ပန်းချီဆရာကြီး ဦးဖေတင်ကို မြင်ယောင်ပြီး တလေးတစားပင် တုန့်ပြန်လိုက်သည်။

"သည်လိုကွဲ. . . မောင်လွှန်းကြင်ကို တွေ့ချင်လို့ကွဲ့"

"လွှန်း. . . မော်ဘီခြီမှာပါခင်ဗျာ"

"ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ်များ ရမလားကွယ်၊ အန်ကယ်လ်ကလည်း မေ့တတ်တယ်ကွယ်၊ သူ့ဖုန်းနံပါတ် ဘယ်စာအုပ်ထဲများ ရေးမှတ်မိလိုက်သလဲ မသိပါဘူးကွယ်"

"ဟုတ်ကဲ့ခင်ဗျာ ××××××× ပါခင်ဗျ"

"ဟုတ်ပြီ. . . ကျေးဇူးပဲ မောင်ရဲနေလင်း၊ မောင်ရင်လည်း အတော့်ကို အောင်မြင်စပြုလာပြီပဲ. . . ဝမ်းသာတယ်ကွယ်"

"ကြိုးစားနေတုန်းပါ အန်ကယ်လ်"

လွှန်းနဲ့ ပတ်သက်ပြီး ဆရာကြီးဦးဖေတင်နှင့်ပါ သိခဲ့ရခြင်းဖြစ်သည်။

"အေး. . အေး. . . လိမ်လိမ်မာမာနဲ့သာ ဆက်ကြိုးစား





သွားရင် အောင်မြင်မှုကို ရေရှည်ထိန်းထားနိုင်မှာကွဲ့၊ ကြိုးစားပါလူလေး၊ ကိုင်း. . . ဒါဖြင့် ဒါပါပဲ၊ အန်ကယ်လ် လေကြောရှည်နေတာနဲ့ မောင်ရင့်အဖိုးတန်အချိန်တွေ ဖြုန်းမိသလိုများ ဖြစ်သွားမှာစိုးရတယ်"

"ဟာ. . . မဟုတ်တာ ဆရာကြီးရယ်၊ ကျွန်တော့်အတွက် အလွန်အဖိုးတန်တဲ့ ဆုံးမစကားအဖြစ် အကျိုးရှိပါတယ်ခင်ဗျာ၊ ကျွန်တော်ကြိုးစားသွားပါ့မယ်ခင်ဗျာ"

"ခုလိုကြားရတာ ဝမ်းသာပါတယ်၊ ဒါဖြင့် ဒါပါပဲကွယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ရဲနေလင်း ဖုန်းပိတ်လိုက်သည်။ ပြီးတော့မှ ဆိုဖာဆီသို့ လျှောက်သွားလိုက်သည်။

သူ့အား စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသော ဒါရိုက်တာဂျိုးဇက်ကို ပြုံးပြလိုက်သည်။

ကိုဂျိုးဇက်ကလည်း ဝမ်းသာအားရ ပြန်ပြုံးပြလိုက်ရင်း အလောသုံးဆယ်ပင် မေးလိုက်သည်။

"ဘယ်လိုလဲ မင်းသား. . . လက်ခံမယ် မဟုတ်လား"

ဒါရိုက်တာဂျိုးဇက်က လွန်ခဲ့သောနှစ်ပတ်ခန့်က သူ့မန်နေဂျာ ကိုသီးကို ဇာတ်ညွှန်းတစ်ခု ပေးဖတ်ထားသည်။ ထိုဇာတ်လမ်းအတွက် သရုပ်ဆောင်မင်းသားနေရာမှာ သူ့ကို တင်ချင်သည်။ သူ လက်ခံနိုင် မခံနိုင် လာရောက်မေးမြန်းခြင်းဖြစ်မည်။

သူက လက်ကိုင်ဖုန်းကို စားပွဲပေါ် တင်လိုက်ပြီး. . .

"ကိုဂျိုး စောင့်နေရတာ ကြာပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဂျိုးဇက်ရှေ့ရှိ ကော်ဖီခွက်မှာ ပြောင်နေပြီ၊ ရေနွေးကြမ်းပန်းကန်တစ်လုံးလည်း ပြောင်နေပြီကို တွေ့ရသဖြင့် သူက ခန့်မှန်းပြီး မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့. . . နာရီဝက်လောက်ပါပဲ"

"ဆောရီးဗျာ. . . ကျွန်တော်ရေချိုးနေလို့"

"ရပါတယ်ခင်ဗျာ. . . ကိုသီး ပြောပါတယ်၊ ကျွန်တော်ကလည်း ဒီပုံကို ခံစားနေတာနဲ့ အချိန်ကုန်လို့ကုန်သွားမှန်းတောင် မသိလိုက်ပါဘူး"

ဒါရိုက်တာဂျိုးဇက်က စိတ်ရှည်လက်ရှည် အပြုံးမပျက် မင်းသားရဲနေလင်းကို အလိုက်အထိုက် စကားဆိုနေရသည်။

စိတ်မရှည်လို့က မဖြစ်။

ခေတ်ကိုက. . . မင်းသားခေတ်ကိုး။

မင်းသားခေတ်မှာမှ ရဲနေလင်းခေတ် ဖြစ်နေသည်ကိုး။

ရဲနေလင်း ပါဝင်သောဇာတ်ကား မြို့ကြိုက်တောကြိုက်မို့ ဝင်ငွေက "လန်း" ၊ ရေကလျှံဆိုတော့. . .

တက်သစ်စ ဒါရိုက်တာကိုဂျိုးဇက်တို့ မင်းသားအငြိုအငြင် မခံရဲ။

နည်ခန်းအတွင်း ခါတ်ပုံ၊ ပြက္ခဒိန်တို့ လုံးဝချိတ်ဆွဲထားခြင်း မရှိဘဲ လူတစ်ရပ်စာမျှ ရှိသော ရဲနေလင်း၏ပုံတူပန်းချီကားကြီးတစ်ချပ်သာ နံရံထက်၌ ဖင့်ထည်စွာ နေရာယူလျက်ရှိသည်ကိုး။

"ဩော်. . . ဒါလား၊ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း လွှမ်း ဆွဲထားတာလေ"





ရဲနေလင်း အပြုံးစွက်လျက် ကျေနပ်စွာပင် ဖြေလိုက်သည်။

ပန်းချီကားထဲက ရဲနေလင်းသည် စတိုင်လ်မိမိနှင့်သာ ဖြစ်သည်။ အပေါ်ပိုင်းအင်္ကျီဗလာနှင့် ဂျင်းဘောင်းဘီသာ ပါသော သူ့ပုံကို လွှမ်းက body structure အလှကို အသားပေး ရေးဆွဲထားခြင်းဖြစ်သည်။

လွှမ်းကဲသောကြွက်သားအဖုအထစ်များနှင့် ဝိတ်ပေါကြီး အဖြစ် သရုပ်ဖော်ထားခြင်း မရှိဘဲ. . .

ကိုယ်ကာယအချိုးအစား ကျစ်ကျစ်လစ်လစ် တောင့်တင်းခန့်ညားသော အိုင်းရစ်မင်းသား "လီဖြောင်ဟွန်း" ကဲ့သို့ ကာယဗလကို ဖော်ကျူးဖွင့်လှစ်ပြသထားသည်က ယောကျ်ားချင်းပင် ငေးယူရလောက်သည်။

ဗီနိုင်းပုံတွေခေတ်မှာ ဆီဆေးပန်းချီကား၏ရုပ်လုံးကြွနေမှုက ရဲနေလင်းတစ်ယောက်အလား သက်ဝင်ကြွရွ. . . စိုတောက်ပလျက်ရှိချေသည်။

ရဲနေလင်း သူ့ပုံကို တစ်ချက်ဝင့်ကြည့်လိုက်ပြီး. . .

"လွှမ်းက ပန်းချီလွှမ်းကြွင်လေ၊ ခါတ်ပုံကြည့်ဆွဲတာလဲ မဟုတ်ဘူး၊ ပုံတူစံပြအနေနဲ့လည်း ရုပ်မပေးရဘဲ သူ့စိတ်ကူးအမြင်နဲ့ ဆွဲထားတာဗျ"

လွှမ်းနဲ့ ပတ်သက်လာလျှင် သူ အမြဲဂုဏ်ယူတတ်သကဲ့သို့. . .

လွှမ်းကလည်း သူနဲ့ ပတ်သက်လာလျှင် ထိုနည်းအတူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ရာမြောက်တယ်ဗျာ၊ ကဲဗျာ. . . ပန်းချီကားထဲ စီးမျောသွားတာနဲ့ ကျွန်တော့်ကိုစွတောင် ဘယ်ရောက်သွားပါ လိမ့်၊ မင်းသား ကျွန်တော့်ဇာတ်လမ်း လက်ခံမယ်မှတ်လား"

ရဲနေလင်း. . . ကိုဂျိုးဇက်ကို ကြည့်လိုက်သည်။ ခပ်တည်တည်နှင့်ဖြစ်သည်။

ဒါရိုက်တာကိုဂျိုးဇက် စိတ်ပျက်လက်ပျက်ဖြစ်သွားချင်သည်။ မျှော်လင့်ချက် မရှိဘူး ထင်ပါရဲ့၊ မင်းသားက ဇာတ်နည်းနည်းရွေးသည်ဟု သတင်းက ခပ်ထွက်ထွက်ဆိုတော့. . .

"ကိုသီးနဲ့သာ ချိတ်ဖြီး ရက်ချိန်းယူတော့ဗျာ"

"ဟာ. . . . မင်းသား"

ကိုဂျိုးဇက် ထခုန်မိမတတ်ဝမ်းသာသွားသည်။ တကယ်လည်း ထိုင်ရာမှ ထပြီး ဖြစ်သွားသည်မို့ ပြန်မထိုင်တော့ဘဲ. . .

"ဝမ်းသာလိုက်တာ မင်းသားရယ်၊ ဒါဖြင့် ကိုသီးနဲ့ပဲ ချိတ်တော့မယ်နော်"

"ကောင်းပါပြီ"

"ခွင့်ပြုပါဦး"

"အိုကေ"

ဒါရိုက်တာဂျိုးဇက် ဝမ်းသာအားရ ကမျောကသော နှုတ်ဆက်ပြီး ကားရှိရာသို့ ထွက်သွားသည်။

မင်းသား စိတ်မပြောင်းခင် မင်းသား၏မန်နေဂျာ ကိုသီးနှင့် အမြန်သွားချိတ်ရန်ဖြစ်သည်။

ရဲနေလင်း ပြုံးရင်း ကျန်ရစ်ခဲ့သည်။

ပြီးတော့ သူ့ပုံတူပန်းချီကားကို ကြည့်နေရာမှ လွန်းကို





သတိရလာတာရော၊ လွန်း၏ဆရာကြီးဦးဖေတင် ဖုန်းဆက်တာရော အကျိုးအကြောင်း သိရန် လွန်းဆီသို့ ဖုန်းဆက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ပန်းချီဆရာပေါက်စလေး လွန်းကြင်။

ရုပ်ရည်က သန့်ပြန့်သည်။ မျက်နှာထား တည်ကြည်သည်။ ပြုံးလိုက်ပါက ထူးခြားသော နှစ်လိုဖွယ်ရာ ဆွဲဆောင်မှု အပြည့်ရှိသည်။

သူ ရန်ကုန်မြို့သို့ သွားရန် မော်တီ-ရန်ကုန် အထူးယာဉ်ပေါ်သို့ တက်ကာ လိုက်ပါလာခဲ့သည်။

သူ့ဆရာကြီးဦးဖေတင်ဆီက ဖုန်းလာသည့်အပြင် သူ့အချစ်ဆုံးသူငယ်ချင်း ရဲဆီမှလည်း ဖုန်းလာသည်။





ဆရာကြီးက. . .

"မောင်လွန်း. . . မင်းအတွက် မော်ဒယ်လ်တစ်ဦး တွေ့ထားတယ်. . . အမြန်လာခဲ့" တဲ့။

ရဲဆီကလည်း. . .

"မင်းဆရာကြီးက မင်းနဲ့ အရေးတကြီးကိစ္စရှိလို့နဲ့ တူတယ်၊ ဖုန်းနံပါတ်တောင်းလို့ ငါပေးလိုက်တယ်၊ အမြန်ဆက်သွယ်လိုက်ဦး"

ဟူ၍ဖြစ်သည်။

ထို့ကြောင့် နေ့လည်စာ မစားရသေးတာကော ရေမချိုးရသေးတာကော ဘာကော ထည့်မတွက်ဘဲ အဝတ်လဲပြီး ချက်ချင်းပင် မော်တီ အိပ်မက်အိမ် ဥယျာဉ်ခြံလေးထဲမှ ကသောကမျော ထွက်ခဲ့လေသည်။

ကားက လူစောင့်ခေါ် သည်တို့ဘာတို့ ရှိသဖြင့် သူ လိုရာခရီးကို နှစ်နာရီနီးပါးကြာမှ ရောက်သွားသည်။

ဆရာကြီးအိမ်ကို မှတ်တိုင်မှနေ၍လည်း မိနစ်နှစ်ဆယ်ခန့် လျှောက်ရသေးလည်း ပါသည်။

ကြည့်မြင်တိုင်ရှိ ဆရာကြီး၏အိမ်သည် နာမည်ကျော် ပန်းချီဆရာကြီး နေထိုင်သည့်အိမ်ရာဟု ပြောစရာပင် မလို။

တောင်ကုန်းတောင်စောင်းလေးပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးပုံစံနှင့် အိမ်ဆင်ဝင်ပုံစံကို ပန်းချီစုတ်တံပုံစံဖြင့် ပုံဖော်ထားလေသည်။

မြို့ပြမြင်ကွင်းတွင် တမူထူးခြားသော အိမ်ကောင်းတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှာထားသည်ထက် တစ်နာရီနီးပါး နောက်ကျသဖြင့် လွှမ်းကြွင်သည် ခပ်သုတ်သုတ်နှင့် ခပ်ကုပ်ကုပ်သာ ဆရာကြီး၏ ပန်းချီခန်းရှိရာသို့ ဝင်လိုက်လေသည်။

ဆရာကြီးက သူဝင်လာတာကို သိပေမယ့် ပုံကြမ်းလောင်းနေရာမှ တစ်ချက်လေးမှ ငဲ့မကြည့်ချေ။

ဒါကလည်း ဆရာကြီး၏အလေ့အထပင်။

အလုပ်မှာ ဈာန်ဝင်နေလျှင် အနီးအပါး အမြောက်ကျည်ဆန်ပစ်လျှင်တောင် လှည့်ကြည့်မည့်သူ မဟုတ်ပေ။

သူနောက်ကျ၍ ရောက်သွားခြင်းအတွက် ဆရာကြီးအား တောင်းပန်သောမျက်လုံးနှင့် တကြည့်ကြည့် လုပ်ရင်းမှ . .

"ဟင်"

အမှတ်တမဲ့ ပုံတူအဆွဲခံနေသောသူလေးထံသို့ မျက်လုံးအစုံက ရောက်သွားတော့မှ သူ တအံ့တဩ ဖြစ်သွားရသည်။

စက်ရုံအလုပ်သမ ဝတ်စုံလေးနှင့် မိန်းကလေးတစ်ဦး။

တကယ်တမ်း အလုပ်သမတော့ မဖြစ်နိုင်ပါ။

အဘယ့်ကြောင့်ဆိုသော် အသားက ဖြူနုနေသည်။ အထူးသဖြင့် Complexion(အသားအရည် အသွေးအရောင်)က ကောင်းလွန်း လှလွန်းနေပါသည်။

ဆရာကြီးက ပုံကြမ်းပင် လောင်းပြီးလုနေပြီမို့ လွှမ်းကြွင်ကိုယ့်ကိုယ်ကို နောက်ကျမှုအပေါ် ဒေါပွရင်း မိန်းကလေးထံ ဆိုက်ရောက်ထားသောအကြည့်ကို ရုပ်သိမ်း၍ လွယ်အိတ်ထဲမှ ပန်းချီပစ္စည်းများကို ထုတ်ကာ ရေးဆွဲဖို့ ပြင်ဆင်ရလေသည်။

ပုံကြမ်းလောင်းပြီးသွားသော ဆရာကြီးက သူ့အား





ကားတစ်ခွန်းမှ မဆိုဘဲ နောက်ကျလှချည်လား ဟူသော အကြည့်နှင့် ကြည့်ပြီး ပုံစံပြ မိန်းကလေးအတွက် ရပ်ကြည့်နေသာ ကြာပြီဖြစ်၍ Bell ကို ကလစ်မြည်အောင် တစ်ချက်နှိပ်ကာ ကော်ဖီရည်သောက်ရန် ထမင်းစားခန်းဆီသို့ ထွက်သွားလေသည်မို့. . .

ဆရာကြီး၏ပန်းချီအလုပ်ခန်းထဲ၌ စံပြမော်ဒယ်လ် မိန်းကလေးနှင့် လွှမ်းကြွင်သာ ကျန်ရစ်ခဲ့လေသည်။

ထို့ကြောင့် လွှမ်းကြွင်က အိုးတိုးအမ်းတမ်းနှင့်. . .

"ကျွန်တော် သိပ်နောက်ကျသွားတာ ဆရာကြီးကို ဘယ်လိုအားနာမှန်း မသိလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"

မိတ်ဆက်ပေးမည့်သူလည်း မရှိသဖြင့် ဘာက ဘယ်လို စကားဆက်ရမယ်မှန်းမသိ ဖြစ်နေစဉ်မှာပင်. . .

မိန်းကလေးက ပြုံး၍. . .

"ရှင်က ပန်းချီဆရာ ကိုလွှမ်းကြွင်လား"

လွှမ်းကြွင် ဝမ်းသာသွားသည်။ သူ့ကို သိနေနှင့်ပါလား။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဆရာကြီးက စောစောက တဖွဖွ ပြောရင်း နာရီဝက်လောက် စောင့်ပါသေးတယ်"

"ဟုတ်တယ်ဗျာ. . . လိုင်းကားတွေက မှတ်တိုင်မှာ လူပြည့်မချင်း ကျောက်ချနေတတ်တော့ သိသိချင်း ပြေးလာပေမယ့် နောက်ကျသွားတယ်"

"ရှင်က ဘယ်က လာတာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မော်ဘီက"

"အိုး. . . အဝေးကြီးပဲကိုး"

"ခင်ဗျားကကော. . . ဘယ်သူလဲ"

လွန်းကြင် အရဲစွန့်ကာ မေးလိုက်သည်။ မိန်းကလေးတွေနှင့် အကျွမ်းတဝင် မိတ်ဖွဲ့ရမည့်အလုပ်မျိုး သူ မကျွမ်းကျင်ပါချေ။

မိန်းကလေးက ရုပ်ချော အသားဖြူသလို မနောပါ ဖြူလေသည်မို့ ခပ်ပြုံးပြုံးလေးနှင့်ပင်. . .

"ကျွန်မနာမည်က သိမ့်ကြည်လင်ပါ၊ အဝေးသင် တက်နေရင်း ကလေးတွေကို ပရိုက်ဗိတ်ကျူရှင်ပြတယ် ဆိုပါတော့"

"ဒါဖြင့် ဆရာမလေးပေါ့၊ ဘာဖြစ်လို့ မော်ဒယ်လ်ထိုင်ရတာလဲ"

"ဝါသနာပါတယ်လေ. . . ရှိုးလျှောက်ဖို့ မဟုတ်ဘူးနော်၊ ပန်းချီအနုပညာကို စိတ်ဝင်စားတာ၊ ဒါကြောင့် မော်ဒယ်လ်ထိုင်ပေးတာ၊ ပြီးတော့ ဝင်ငွေလည်း ရတယ်မှတ်လား"

မိန်းကလေးက ရိုးသားစွာပင် ပြောသဖြင့် စိတ်ထဲ ခင်မင်သွားသည်။

"ဟင်. . . ရှင်က စကားပြောရင်း ကျွန်မပုံကို ဆွဲနေတာလား၊ ကျွန်မက ညောင်းလို့ ခြေဆန့်နားနေတာကို. . . ဒုက္ခပါပဲ"

မိန်းကလေးက ထိုင်နေရာမှ ပြင်ရမလို ရပ်ရမလို ဖြစ်သွားသဖြင့်. . .

"ဒီအတိုင်းလေးပဲ နေပေးပါခင်ဗျာ"





"ဟင်. . . ကောင်းပါ့မလား"

"မတတ်နိုင်ဘူးဗျာ. . . ကျွန်တော်က နောက်ကျနေတာကိုး၊ ရတဲ့ပုံပဲ ဆွဲရတာပေါ့"

ဆရာကြီး လက်ဖက်ရည်သောက်ကာ အနားယူမပြီးခင်း မိန်းကလေး၏ခြေပစ်လက်ပစ် ထိုင်ကာ နားနေပုံကို အမိအရ ပုံကြမ်းလောင်းနေခြင်းဖြစ်သည်။

"လှတယ်ဗျာ"

"ရှင်"

"ဟာ. . . ခင်ဗျားရဲ့ထိုင်နေတဲ့ပုံစံလေးကလည်း လှတာပဲလို့ ပြောတာပါဗျာ၊ ဩော်. . . ခင်ဗျားညောင်းနေပြီလား"

"ဟင့်အင်း"

"တွိုင်းလက်တွေဘာတွေ ဝင်ချင်ရင်လည်း သွားလေ"

"အိုး. . . မဝင်ချင်ပါဘူး"

မိန်းကလေး ရှက်သွားပုံရသည်။ မျက်နှာလေး နီမြန်းသွားသည်။ ဒါကိုပင် သူ ပန်းချီမျက်စေ့ဖြင့် တကယ့်ကို ချိုမြိန်သောအလှတစ်ပါးအဖြစ် ရင်ထဲ စီးနစ်ဝင်သွားလေသည်။

"ကောင်းလိုက်တာဗျာ"

"ဘာကောင်းတာလဲရှင့်"

အရင်းမရှိ အဖျားမရှိ ပြောလိုက်သော လွန်းကြင်စကားကြောင့် မိန်းကလေး အနေခက်သွားရပြန်သည်။ ဒီလူကြောင့်တော့ ခက်နေပြီ။

"ဩော်. . . ဆောရီးဗျာ၊ ကျွန်တော့်ရဲ့ပုံကြမ်းကို ကြည့်ပြီး ပြောမိတာပါ၊ ခင်ဗျားရဲ့မျက်နှာက မျက်လုံးရော နှာတံရော



www.burmeseclassic.com

www.burmeseclassic.com



ကြွနေတော့ ပုံဆွဲရတာ ကောင်းတယ်လို့ ပြောတာပါဗျာ"

"အဲဒီလို ပြောပါရှင်"

"အဟင်း. . . ဟင်း. . . ကျွန်တော် တစ်ခုလောက် Request လုပ်လို့ရမလား"

"ပြောကြည့်ပေါ့"

"ကျွန်တော့်ကို တစ်ရက်လောက် သီးသန့်ပုံတူကူးဆွဲခွင့်ပြုပါ၊ ကျွန်တော် မော်ဒယ်လ်ထိုင်ခ တစ်သောင်းပေးပါ့မယ်၊ ဆရာကြီးက ဘယ်လောက်ပေးသလဲ မသိဘူး၊ နည်းရင်လည်း ပြောပေါ့ဗျာ၊ ကျွန်တော်က ခင်ဗျားပုံကို တယောထိုးပြီး ဂီတစျာန်ဝင်စားတဲ့ပုံ ဆွဲပြီး ပြိုင်ပွဲဝင်ချင်လို့ပါ"

"ဆောရီး အင် သိုင့်ခ်ကျူး(sorry and thank you)"

လွှန်းကြင် နားမရှင်း။

"ဗျာ. . . ဘယ်လို. . . ဘယ်လို"

မိန်းကလေးက ရယ်သွေးသွမ်းလေသည်။

"ဟင်း. . . ဟင်း. . . ဟင်း. . . သိမ့်ပြောတာ အရှင်းကြီးပါနော်"

"ဟာဗျာ. . . ကျွန်တော်က မရှင်းဘူး"

"ရှင်က တော်တော်ဝေးတာပဲ"

"ဟုတ်ပါတယ်ဗျာ. . . ပြောလည်း ခံရမှာပဲ၊ ကျွန်တော်က တော်တော်ဒူတဲ့ကောင်ပါ"

"ဟင်း. . . ဟင်း. . . ဟင်း. . . ကိုယ့်ကိုယ်ကို သိရင်တော်သေးတာပေါ့၊ ဆောရီး. . . ရှင့်ရဲ့ငွေတစ်သောင်းကို လက်မခံနိုင်ဘူး ပြောတာ၊ သိုင့်ခ်ကျူးဆိုတာက ဆရာကြီးကိုယ်တိုင်က





ခိုးကျူးပြီး အလားအလာ ကောင်းတဲ့ ပန်းချီဆရာလေးက လက်ဘမ်းကြိုဆိုတာ ခံတဲ့အတွက် ပြောတာ"

"ဪ. . . ဒါလား. . . ဟင်း. . . ဟင်း"

"ခစ်. . . ခစ်. . . ရှင်က တော်တော်ရယ်ရတယ်"

"အဲ. . . အဲ. . . ခင်ဗျား အဲဒီလို ရယ်လိုက်ပုံကလည်း တော်တော်လှတာပဲ"

ပြောပြောဆိုဆိုပင် ကဒ်ပေါ်မှ ပါးစပ်နေရာပုံကြမ်းကို ရာဘာတုံးဖြင့် ခပ်ဖွဖွ ဖျက်ပြီး ပြန်ပြင်လိုက်လေသည်။

တဆက်တည်း သိမ့်ကြည်လင်စကားထဲမှ မကျေနပ်သည်တို့ကို ပြန်လည်ဖြေကြားလိုက်သည်။

"ကျွန်တော်က ဆရာကြီးရဲ့ရိုးသားတဲ့တပည့်စာရင်းဝင်လောက်ပါပဲဗျာ"

"အို. . . ရှင့်ကို မရိုးသားဘူးလို့ မဆိုလိုပါဘူး၊ သိမ့်က ဘယ်မှ လိုက်ပြီး ပုံဆွဲမခံပါဘူး၊ ဆရာကြီးနဲ့အန်တီကို ခင်လွန်းလို့လေးစားလို့သာ. . ."

"ကလင်"

ဆရာကြီးက သူဝင်လာပြီဖြစ်ကြောင်း ဘဲလ် Bell နှိပ်အချက်ပေးပြီးမှ ဝင်လာသည်။

ပြီးနောက် လွှန်းကြင်အနောက်နားဆီမှ ခါးထောက်ရပ်ကြည့်ပြီး. . .

"ဟေ"

"ဟို. . . ဟို. . . ကျွန်တော် လိုင်းကားကြောင့် နောက်ကျသွားရတာပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါနဲ့ပဲ မိတာ ရတာကိုပဲ ဆွဲလိုက်ရတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"တွေ့လား မိသိမ့်၊ ငါ့တပည့်ထဲမှာ လွန်းကြင်ဆိုတဲ့ကောင်က ရတဲ့ ခခွင့်အရေးကို ဘယ်တော့မှ လက်မလွှတ်တတ်ဘူး. . . မြင်( မို့လား"

ဒူးတစ်ဖက်ထောင် ခြေတစ်ဖက် ဆင်း၍ လက်ကိုနောက်သို့ ခြေပစ်လက်ပစ် ထောက်ထားသော မိန်းမငယ်လေး၏နှမ်းလျလျ အနားယူနေဟန်ကလေးကား ဆရာကြီး၏အာရုံထဲတွင် ကြွကြွလွင်လွင်လေး မြင်နေရသည်ကိုး။

ထိုစဉ်. . .

"တိ. . . တိ. . . တိ"

ဆင်ဝင်အောက်ဆီမှ ကားဟွန်းသံကြောင့် ဆရာကြီးက လှမ်းကြည့်လိုက်ပြီး. . .

"ဟော. . . မိသိမ့်၊ ညည်းကို ကားလာကြိုနေပြီ၊ ငါ့တပည့်လွန်းကြင်က တော်တယ်မှတ်လား"

သိမ့်ကြည်လင်က လွန်းကြင် ဆွဲထားသော သူ့ပုံကြမ်းကို ကြည့်ပြီး. . .

"ဟုတ်ကဲ့. . . အရမ်းတော်တာပဲ"

ဟု လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်သည်။ လွန်းကြင် မျက်နှာအထားရ ခက်သွားသည်။

"ကဲ. . . ကဲ. . . ငါ့တူမလည်း ညောင်းလှရောပေါ့၊ ပြန်နားချေတော့"

"ဟုတ်"





ထိုအချိန်၌ ဆရာကြီးကတော်က ဝင်လာပြီး. . .

"သမီးရေ. . . ဒါက ခြံထွက်မာလကာသီးတွေ၊ လက်ဆောင် ယူသွားဦး"

"ကျေးဇူးပါပဲ အန်တီ"

သိမ့်ကြည်လင်က ဆရာကတော် ပေးသော မာလကာသီးများကို တရိုတသေ လှမ်းယူပြီး ဆရာကြီးကို ဂါဝရပြု နှုတ်ဆက်၊ ပြီးတော့ လွန်းကြင်အား နှုတ်ဆက်အပြုံးလေးနှင့် ဝင့်ကြည့်ပြီး အခန်းထဲမှ သမင်ပျိုမလေးသဖွယ် ပြေးထွက်သွားလေတော့သည်။

လွန်းကြင်ရင်ထဲ၌ "အင်း. . . သူက သာမန်မိန်းကလေး မဟုတ်ဘဲ လူချမ်းသာမိသားစုထဲကပါလား" ဟု ကောက်ချက် ချလိုက်မိသည်။

"ဒီပုံ အချောကိုင်ပြီးရင် ငါ့ကို ပြန်ပြဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"မောင်လွန်း. . . လာ. . . ထမင်းစားရအောင်"

"ဟာ. . . နေပါစေ အန်တီ"

ဆရာကြီးကတော်က ထမင်းစား ခေါ်နေပြန်သည်။ သူက အားနာ၍ ငြင်းလိုက်သည်ကို ဆရာကြီးက. . .

"အားနာစရာလူတွေလား. . . သွားစား၊ ပြီးရင်. . . ထားရေ၊ ဒီကောင်ကို လက်ဖက်ရည်နဲ့မုန့်ပါ ကျွေးလိုက်ပါဦး၊ ဒီကောင် ဘာမှစားခဲ့ရဦးမှာ မဟုတ်ဘူး"

လွန်းကြင် အားနာပြီးရင်း အားနာနေသော်လည်း ဆရာကြီး၏စကားကို နှစ်ခါမငြင်းရဲပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ပညာလည်း သင်ပေးသည်၊ စားစရာတွေလည်း ကျွေး
သည်။ ဆရာကြီးဦးဖေတင်လိုလူမျိုး ရှာမှရှားလှသည်။

သူ စားသောက်ပြီး ပန်းချီအလုပ်ခန်းသို့ ပြန်ဝင်တော့
ဆရာကြီးထံမှ ပန်းချီပညာနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာ
အဖြာဖြာများ၊ လူ့ခန္ဓာဗေဒ အနေအထား ရေးဆွဲနည်း၊ အလင်း
အမှောင် စသည်စသည်ဖြင့် သိသင့်သိထိုက်ရာပညာများ သွန်
သင်နေရာ လွန်းကြင်က သူ့မှတ်စုတွင် မလွတ်တမ်း တွင်တွင်
ရေးမှတ်နေမိသလို ခေါင်းမန်မိုရီထဲသို့လည်း ရိုက်သွင်းနေမိ
သည်။

ဆရာကြီးဦးဖေတင်လို ပန်းချီအကျော်အမော်ကြီးထံ
တွင် တပည့်ဖြစ်ရခြင်းကိုကပင် သူ့ဘဝအတွက် ကံကြမ္မာက
ပေးသော ကံကောင်းခြင်းလက်ဆောင်တစ်ခုဟု မှတ်ယူကာ
ဆရာကြီးကို လေးစား၊ ဘဝကို တန်ဖိုးထားလျက်ရှိနေချေလေ
ပြီ။

လွန်းကြင် ဆရာကောင်းတပည့် ပန်းကောင်းပန်ရန်
ကြိုးစားလျက်ရှိနေလေပြီ။







# အခန်း(၃)

ဒီကနေ့ ပန်းဆိုးတန်းလမ်းတွင် "ဝသန်မိုးရာသီ ပန်းချီ
ပြပွဲ" ရှိလေသည်။ လူငယ်ပန်းချီဆရာဆယ့်ဦးတို့၏ လက်ရာများ
ကို စုစည်းပြသသော ပန်းချီပြပွဲဖြစ်သည်။

ထိုအထဲတွင် တက်သစ်စ ပန်းချီဆရာတစ်ဦးဖြစ်သော
လွန်းကြင်လည်း ပါဝင်လေသည်မို့ လွန်းကြင် ညက ရဲ၏အိမ်၌
ပင် အိပ်လိုက်သည်။

နံနက်စောစော ရဲက သူ့အိမ်က ကားနှင့်ပင် သူ့အား
ပန်းချီပြခန်းသို့ လိုက်ပို့ခိုင်းလိုက်သည်။ ရဲကတော့ ညခန်းကျောင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထားရသဖြင့် အိပ်မောကျနေဆဲဖြစ်သည်။

လွန်းကြင် ပန်းချီဆရာများ၏လက်ရာများကို အထူး စိတ်ဝင်စားစွာဖြင့် ငေးမောကြည့်နေစဉ်မှာပင် . . .

"ဟင်"

သူ့အနီးအနားသို့ ရွှေအိုရောင်ဝတ်စုံနှင့် စတိုင်လ်ကျလှသော မိန်းမချောလေး၏အရိပ်က ကျရောက်လာသဖြင့် . . .

"သိမ့်"

သိမ့်ကြည်လင်က သူ့အား ပြုံးကာ . . .

"ပန်းချီကားတွေကို ချာန်ဝင်နေတာနဲ့ သိမ့်ကိုတောင် မမြင်တော့ဘူးမှတ်လား၊ သိမ့်က ခန်းမထဲ စဝင်လာကတည်းက ကိုလွန်းကို မြင်ပြီးသား"

"အဟဲ . . . သိမ့်တစ်ယောက်ထဲလား"

"ဖေဖေပါ ပါတယ်"

"ဩော် . . ."

"ဒါထက် သိမ့်ရဲ့ Relax ပန်းချီကားလေး ကောင်းရဲ့လား"

"သိပ်ကောင်းတာပေါ့ဗျာ"

"ဟယ် . . . သိမ့် မြင်ချင်လိုက်တာ"

"ဒါဆို . . . မှော်ဘီလိုက်ကြည့်လေ"

သိမ့်ကြည်လင်က သွားစွယ်တန်းလေး ဝင်းလက်သွားအောင်အထိ ပြုံးလိုက်ပြီး . . .

"ဟာ . . . ဆရာက သိမ့်ကို အထင်ကြီးနေတာကိုး၊ ဟိုနေ့က လာကြိုတာ သိမ့်ဖေဖေ ဒရိုင်ဘာလုပ်တဲ့ သူဌေးကားပါ၊





အခုလည်း အလုပ်ချိန် ခဏလစ်ပြီး လာငေးနေတာပါ ဆရာ"

"ဟုတ်မှလည်း ပြောပါဗျာ၊ ကျွန်တော့်ကို စောစောက ခေါ်သလိုပဲ ကိုလွန်းလို့ပဲ ခေါ်ပါဗျာ၊ ဆရာဆိုတာကြီးတော့ မလုပ်ပါနဲ့"

"ကောင်းပြီလေ . . . ကိုလွန်းသဘောကျအတိုင်း ဖြစ်စေရပါမယ်၊ ဒါနဲ့ ဆရာကြီးကကော သိမ့်ပုံပန်းချီကားကို ဘာပြောနေသလဲ"

"ဆရာကြီးက ချီးကျူးနေတာပေါ့ဗျာ"

"တကယ် . . . ဒါဆို သိမ့် အရမ်းအရမ်းကို ကြည့်ချင်လာပြီ"

"ဒါကြောင့် မှော်ဘီကို လိုက်ခဲ့ပါဆို"

"ဘာလဲ . . . သိမ့်ကို ဒရိုင်ဘာသမီးမို့ အထင်သေးပြီး ခေါ်တိုင်း လိုက်မယ်ထင်ပြီး ခေါ်နေတာလား"

"ဟောဗျာ . . ."

လွန်းကြင် ရုတ်တရက် ကြောင်တောင်တောင်လေး ဖြစ်သွားရသည်။ သူ သဘောရိုးနှင့် ပြောခြင်းကို သိမ့်ကြည်လင် ဘာတွေများ အတွေးချော်သွားလေသည်မသိ။

"ကြံကြံဖန်ဖန်ဗျာ . . . ကျွန်တော်က ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ သိမ့်က သိပ်ကြည့်ချင်တယ်ဆိုတော့ သိမ့်ဆန္ဒကို ဖြည့်ပေးချင်တဲ့သဘောနဲ့ ခေါ်မိတာပါ၊ ကျွန်တော့်စကားက မှားသွားတယ်ဆိုရင် တောင်းပန်ပါတယ်"

သိမ့်ကြည်လင်က ခစ်ကနဲ တစ်ချက်ရယ်လိုက်ပြီးမှ . . .

"သိမ့် သိပါတယ်၊ ကိုလွန်းကို သက်သက်စတာပါ၊ သိမ့်



www.burmeseclassic.com

www.burmeseclassic.com



က ပန်းချီသိပ်ဝါသနာပါတာ၊ ဒါပေမယ့် ပန်းချီဆရာမတော့ ဖြစ်မလာဘူး၊ ကြည့်မယ်. . ခံစားမယ်. . ဒီလောက်ပါပဲ"

"ဒါဖြင့် လိုက်ကြည့်ရင်း ခံစားလိုက်ကြရအောင်"

"ကောင်းပါပြီ. . . သိမ့် မသိတာရှိရင် ကိုလွန်းက ရှင်းပြပေးနော်"

"ဟုတ်ကဲ့ပါခင်ဗျာ"

နှစ်ဦးသား တရွေ့ရွေ့နှင့် ပန်းချီပြခန်းအတွင်းမှ ပန်းချီကားများ၏လက်ရာကို အနုစိတ် ကြည့်ကာ ခံစားနေကြလေတော့သည်။

"ကိုလွန်း"

"ဗျာ"

"ဒီပန်းချီကားကြီးက လှလိုက်တာ"

"စိတ်တိုင်းကျ အနုစိတ် ခြယ်မှုန်းထားတဲ့ ပန်းချီကားကြီးကိုး. . . သိပ်ကောင်းပါရဲ့ဗျာ"

"ဟင်. . . ဒီကားက မိုးရေစက်တွေရဲ့ဒဏ်ကို အလူးအလဲ ခံနေရတဲ့ ပန်းခင်းပုံပဲ. . . အသက်ဝင်လိုက်တာ၊ ပန်းချီဆရာက ဘယ်သူပါလိမ့်၊ ဟင်. . . ကိုလွန်းပဲ"

လွန်းကြင်ရင်ထဲ တသိမ့်သိမ့် ကြည်နူးသွားရသည်။ သူ၏ရည်ရွယ်ချက်နှင့် ခံစားချက်ကို သိမ့်ကြည်လင်က သိနေပုံရသည့်အတွက်ဖြစ်သည်။

"သဘာဝ လောကဓံကို ခံနေရတဲ့ပန်းခင်းလေးတွေရဲ့ ကြံ့ကြံ့ခံနေနိုင်မှုပေါ့နော်"

"ဟုတ်ပါ့ဗျာ. . . သိမ့်က သိပ်တော်တာပဲ၊ ပန်းချီကား





တွေရဲ့သရုပ်အမှန်ကို ခံစားပေးတတ်တယ်နော်"

"သိမ့်က ခံစားရတာ ဝါသနာ ပါ,ပါတယ်ဆို"

သိမ့်ကြည်လင် ပျော်ရွှင်ကြည်နူးနေပုံကို ကြည့်ပြီး လွန်းကြင်လည်း ပျော်ရွှင်လာသည်။

သိမ့်ကြည်လင်ကို ခိုးကြည့်မိတော့. . .

ဒရိုင်ဘာသမီးဟုသာ ဆိုသည်၊ ဂုတ်ပိုးသား နုနုအိအိလေးတွေမှာ မွှေးညင်းစိမ်းနုနုလေးတွေနှင့် ခြေဖဝါး လက်ဖဝါးလေးတွေက ဖူးဖူးပြည့်ပြည့်နှင့်ဖြစ်သည်။ ပြော၍သာ ဒရိုင်ဘာသမီးဟု သိလိုက်ရ ယုံထားလိုက်ရသည်။ စိတ်ထဲတွင်တော့ ပုံပြင်ထဲကလို မိုးပေါ်က နတ်သက်ကြွေကာ ကျလာသည့် နတ်သမီးလေးအလား ရှိနေလေသည်။

သူ့ကိုတော့ အပေါင်းအသင်း ပန်းချီဆရာ အသိုင်းအဝိုင်းက အားကျသောမျက်ဝန်းနှင့် ကွက်ကြည့်ကွက်ကြည့် လုပ်ကာ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြသည်။

"ကိုလွန်းကို ပြောနေကြတယ်၊ ဆရာကြီးဦးဖေတင်ရဲ့ တပည့်ကျော်တဲ့"

သိမ့်ကြည်လင်က နားပါးပုံ ရသည်။ လွန်းကြင်ကတော့ ပန်းချီမျှော်ရုံတော၏ညို့ငင်ဖမ်းစားခြင်းကို ခံနေရသဖြင့် ဘာစကားသံမှ မကြားမိပါချေ။

"ဟာ. . . အဲဒီလောက် မဟုတ်ပါဘူး"

"အံမယ်. . . ဟုတ်ပါတယ်၊ ဆရာကြီးကိုယ်တိုင်ကလည်း သူ့တပည့်တွေထဲမှာလည်း မောင်လွန်းက အတော်ဆုံးပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ရုံလည်း မြှောက်ပါဗျာ"

"တကယ်ပြောတာ. , ကိုလွန်း နိုင်ငံခြားလည်း ရောက်ဖူးတယ်ဆို"

လွန်းကြွင်ကိုယ်တိုင်က အနေကုပ်ကာ ရိုးသားကြိုးစားသူလေးဖြစ်၍ ဝါကြွားခြင်းကင်းစွာဖြင့်. . .

"မဟုတ်ရပါဘူးဗျာ. . .ဟိုဘက်ကမ်း ဒီဘက်ကမ်း အောက်လမ်းလောက်ပါဗျာ"

အမှန်တော့ သူသည် ပန်းချီဆရာတို့၏ မိုးကောင်းကင်အိပ်မက်ဖြစ်သော ပြင်သစ်နှင့် ဥရောပ ခရီးစဉ်တို့ကို အချစ်ဆုံးသူငယ်ချင်း "ရဲ" ၏ကောင်းမှုဖြင့် ရောက်ဖူးခဲ့သည်။ ဒါတွေ ထုတ်ဖော်ပြောနေရင် ကြွားရာကျမှာစိုးသဖြင့် မပြောတော့ပါချေ။ စကားလမ်းကြောင်းလွှဲသည့်အနေနှင့်. . .

"သိမ့်. . . ဟောဒီပန်းချီကားရဲ့ အပီပြင်ဆုံးနေရာ ရှာကြည့်ပါလား"

ပန်းချီဆရာတစ်ဦး၏ ဆီဆေးပန်းချီကားရှေ့ ရပ်ပြီး ပြောလိုက်သည်။ သိမ့်ကြည်လင်၏ဝါသနာနှင့် ပန်းချီအနုပညာ အရည်အသွေးကို အကဲစမ်းလိုက်ခြင်းဖြစ်သည်။

"ဘာလဲ. . . သိမ့်ကို ပဟေဠိ ဝှက်တာလား"

သိမ့်အသံလေးက ကြည်လင်ရွှင်ပြနေသည်။

"အဲဒီလို ယူဆလို့ရပါတယ်"

"ဒါဖြင့် စိမ်လိုက်လေ၊ အချိန်ဘယ်လောက်အတွင်းလဲ"

"နှစ်မိနစ်"

"ဟင့်အင်း. . . သုံးမိနစ်"





ချစ်စဖွယ်အမူအရာနှင့် လက်ချောင်းသုံးချောင်းထောင်ကာ ဈေးဆစ်လိုက်သေး။

"အိုကေ"

သိမ့်ကြည်လင် ကဆုန်ပေါက် ပြေးလွှားနေရာမှ စုံရပ်လိုက်သော မြင်းတစ်ကောင်၏အသက်ဝင်ဆုံး စုတ်ချက်ကို ရှာဖွေလိုက်သည်။

သိမ့်၏ကြည်လင်တောက်ပနေသောမျက်ဝန်းအစုံကို လွန်းကြွင် ငေးကြည့်မိရာ. . .

"ဟော. . . တွေ့ပြီ"

သိမ့်၏ဝမ်းသာအားရအသံကြောင့် သူ့အကြည့်ကို လွှဲပြောင်းလိုက်သည်။

"ဘယ်မှာလဲ"

"ဒီမှာလေ. . . အရှိန်နဲ့ ပြေးလာပြီး ခြေစုံရပ်လိုက်တဲ့ မြင်းတစ်ကောင်လုံးရဲ့အားက မြင်းခွာမှာ ရှိတယ်၊ ဒါကို ပီပြင်အောင် သရုပ်ဖော်နိုင်တဲ့စုတ်ချက်က ဒီနေရာ အသက်ဝင်ဆုံးပဲ မှတ်လား"

"ဟား. . . ဟား. . . ဟုတ်ပါဗျာ၊ ဒရိုင်ဘာကြီးသမီး ပေမယ့် တယ်တော်တာပဲ"

"ဟွန်း. . . ဒါ ရိုတာလား ကိုလွန်း၊ ခုခေတ်ကြီးမှာ လယ်သမားသမီး၊ ခြံသမားသမီးတွေလည်း Ph.D ဘွဲ့ရလို့ ပါမောက္ခတွေတောင် ဖြစ်နေတဲ့ခေတ်ကြီးမှာ ဒီလောက်တော့ ရှိမှာပေါ့"

"ဒါကြောင့် ထင်ပါရဲ့၊ ဒရိုင်ဘာသမီးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်တန်ဖိုး အဝတ်အစားတန်ဖိုးကတင် အဖေလစာကို ကျော်နေရောမယ်"

လွန်းကြွင်က ကိုယ်က ရိုးသားဖြူစင်သလို ကိုယ့်အပေါ်တွင်လည်း ရိုးသားဖြူစင်မှု ကြိုက်သည်။ ပလီပလာ လိမ်ညာခြင်းကို အလွန်မုန်းတတ်သည်မို့ သူ့စိတ်ထဲ မသက်သာသည်ကို ထုတ်ဖော်လိုက်သည်။

သိမ့်ကြည်လင်က ပြုံးစေ့စေ့နှင့်. . .

"အို. . . ကိုလွန်းကလည်း ကပ်သီးကပ်ဖဲ့ သိပ်လုပ်တာပဲ၊ အမေရိကန်သမ္မတဟောင်းကြီး အီဗရာလင်ကွန်းဟာ သစ်ခုတ်သမားကနေ သမ္မတဖြစ်လာတာ၊ ပြီးတော့ ရုရှခေါင်းဆောင် ဂေါ်ဘာချာက်ပ်ကကော လယ်သမားကနေပြီး နိုင်ငံထိပ်သီး ဖြစ်လာသလိုပေါ့၊ ဒရိုင်ဘာသမီး သိမ့်ကြည်လင်လည်း နိုင်ငံကျော်ပန်းချီဆရာမကြီး ဖြစ်မလာဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ. . . မဟုတ်ဘူးလား"

"ဟုတ်ပါပြီဗျာ. . . နာမည်ကလည်း သိမ့်ကြည်လင်၊ ဝတ်စားထားတာကလည်း အဖိုးတန်နဲ့ အလန်း၊ စိတ်ဝင်စားတာကလည်း ပန်းချီဆိုတော့ ထူးခြားတဲ့မိန်းကလေး ဖြစ်နေတာတော့ အမှန်ပဲ"

"ကိုင်း. . . ကိုလွန်းဘာသာ သိမ့်ဒီကာတွေ ချဲ့ချင်သလောက်ချဲ့ပြီး တွေးတော့၊ သိမ့်တော့ ကျူရှင်သွားပြရမှာမို့ ဒိုးတော့မယ်"

"ဟောဗျာ. . . ပြောပြောဆိုဆို"

"နောက်နေ့မှ ထပ်လာပြီးထပ်လေ့လာဦးမယ်၊ ဒရိုင်ဘာ





မီးက ဝမ်းရေးအတွက် အလုပ်သွားလုပ်ရဦးမှာမို့ ခွင့်ပြုပါဦး"

သူ့အား မထေ့တထေ့လေး ပြောပြီး မပြုံးတုံ့တုံ့ပြုံးတုံ့တုံ့ ပ်ကာ နှုတ်ဆက်ပြီး ချာကနဲ လှည့်ကာ သုတ်ခြေတင် ထွက်သွားလေသည်။

သူ မျက်တောင်ခတ်ရန်ပင် မေ့လျော့၍ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ပျော့ပြောင်းသေးမျှင်သော ပိတုန်းရောင်ဆံနွယ်ကြီးက ကျောပြင်တစ်ခုလုံး ဖုံးအုပ်လျက် ဖြောင့်စင်းစွာ ရှိလေသည်မှာ

ခြေလှမ်းလေးတစ်လှမ်း လှမ်းလိုက်တိုင်း လှမ်းလိုက် င်း ကတ္တီပါရောင် လွင်ပြင်ကြီးကို လေတိုးလိုက်သလို လှိုင်းတွန့်ကလေးများ လွန့်လူးလျက်. . .

လွန်းကြွင်ရင်မှာလည်း ဝေဒနာလှိုင်းတွန့်ကလေးများ းလွန့်လျက် ကျန်ရစ်ခဲ့ချေပြီ။

ဘဝနှင့် မလိုက်ဖက်အောင် စိတ်အခြေအနေ မြင့်မားသော မိန်းကလေးပါတကားဟုလည်း. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ဒီကနေ့ကတော့ သိမ့်ကြည်လင်သည် ဗေဒါရောင် အလန်းလေးဖြစ်၍နေပြန်သည်။

မနေ့က ရွှေအိုရောင် ဝတ်စုံလေးနှင့် လင်းလက် တောက်ပနေသလို ယနေ့တော့ ဗေဒါရောင်လေးနှင့် အားမာန် အပြည့်နှင့် ထင်ပေါ်နေပြန်သည်။

လွန်းကြင်. . သိမ့်နှုတ်မှ ဒရိုင်ဘာသမီးဟူသော စကား ကြောင့်သာ နားရှိ၍ ကြားသိလက်ခံလိုက်ရသည်။ စိတ်ထဲမှာ တော့ မယုံကြည်ချင်သလို ခံစားနေရသည်။





မနေ့က ကြည့်ရှုခံစားရန် ကျန်နေသေးသော ပန်းချီ ကားများကို ဆက်ကြည့်ရင်းမှ. . .

"သိမ့်. . . ပန်းချီဆွဲဖူးသလား"

"နည်းနည်းပါးပါးပါ. . . ပြပွဲတင်ရလောက်အောင် စိတ်တိုင်းမကျသေးဘူး၊ သိမ့်တို့ မမှီခဲ့တဲ့ ဆရာကြီးဦးဘဉာဏ်၊ ဦးဘကြည်၊ ဦးဘဇော်တို့လက်ရာတွေအပြင် သိမ့်တို့ မှီတဲ့ ဦး သောင်းဟန်၊ ဦးမောင်မောင်သိုက်၊ ဦးတစ်ဂိုး. . . အများကြီး အများကြီးပါပဲ၊ အားလုံးသဘောကျတယ်၊ အထူးသဖြင့် သိမ့် ပန်းချီဆရာ အဖြစ်ချင်ဆုံးအကြောင်းရင်းက. . အဟင်း. . ဟင်း. . သိမ့်ကို ကြီးကျယ်တယ်လို့ ပြောကြမှာပဲ"

သိမ့်၏မျက်နှာပြင်ပေါ် စတော်ဘယ်ရီအရောင်အသွေး ပြောင်းသွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လို့ ထင်သလဲ"

"ဟာဗျာ. . . ဒါတော့ ကျွန်တော်မျိုးလည်း ဘယ် သျှောက်တတ်မှာလဲ၊ သိမ့်ပြောမှ သိရမှာပေါ့"

"အဟင်း. . . သိမ့်ကလေ၊ ကမ္ဘာကျော် အီတလီ ပန်းချီ ဆရာကြီး 'လီယိုနာဒိုဒါဗင်ချီ' ကို အားကျလွန်းလို့"

"ဗျာ. . . တကယ့်ခေါင်ကိုပါလား"

"အဟင်း. . . မိုနာလီဇာ ပန်းချီကား ဓါတ်ပုံတွေဆို ဖြတ်သိမ်းရတာ အမောပဲ၊ အဲဒါအပြင် ခရစ်တော်ရဲ့နောက်ဆုံး ညစာစားပွဲ၊ အဲဒီကားတွေ ကြည့်ရင်း. . . အဟင်း. . . ဒါ တောင် ဓါတ်ပုံပွားတွေနော်၊ ဒါတွေ ကြည့်ရတာနဲ့တောင် သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကို မြွေတစ်ကောင် ညှို့ဝင်ယူသွားသလို သိမ့်ခံစားရတယ်၊ အရေရာကို မေ့လျော့သွားတာမျိုးပေါ့၊ ကြက်သီးမွေးညင်းတွေ ထပြီး ခံစားမှုတွေက အဲဒီပုံတွေထဲ စီးဝင်သွားသလိုမျိုး"

"သိမ့်"

"ရှင်"

လွန်းကြွင် အလန့်တကြား ခေါ်လိုက်သည်ကို သိမ့်ကြည်လင်ကလည်း မျက်လုံးအဝိုင်းသားလေးနှင့် သူ့ကို ကြည့်ကာ ထူးလိုက်လေသည်။

"သိမ့် ပန်းချီဝါသနာပါတာမှ ဟုတ်ရဲ့လား"

"ဟင်. . . ဘာဖြစ်လို့လဲ"

"စာရေးတာများ ဝါသနာပါနေသလားလို့ ကိုယ့်ကိုယ်ကိုလည်း ပြန်ဆန်းစစ်ကြည့်ဦး"

"အိုး. . ကိုလွန်းကလည်း လူကို ရှက်အောင်၊ ကိုင်း. . သိမ့်လည်း ပြန်တော့မယ်၊ ကိုလွန်းကကော"

"နေခဲ့ဦးမယ်ဗျာ"

"ဟင်. . . သိမ့်က ရွှေတောင်တန်းကြေးအိုး လိုက်တိုက်မလို့"

"အပြောနဲ့တင် ဝသွားပါပြီ၊ ကျွန်တော် လိုက်မစားတော့ပါဘူး"

"ဟင့်အင်း. . . မရဘူး၊ လိုက်ခဲ့ရမှာပဲ"

သိမ့်ကြည်လင်က နှုတ်ခမ်းလေး မစူတစူနှင့် မကျေနပ်မှုကို မူနွဲ့လိုက်သည်။

"ဟာဗျာ. . . ကျွန်တော်မအားလို့ပါ"





"မရဘူး. . . လိုက်ဆို လိုက်ရမယ်၊ သိမ့် ကျွေးချင်လို့ပါဆို"

အမိန့်ဆန်ဆန်နှင့် သူ့အား စိုးမိုးပြန်လေသည်။

"ဇွတ်ကြီးပါလား"

"ကိုလွန်း. . . သိမ့်ကို အထင်မသေးပါနဲ့၊ ပန်းချီကားတွေကို အာခြောက်အောင် လိုက်ရှင်းပြရရုံ မကသေးဘူး၊ ခြေထောက်တွေလည်း သွေးတောင့်အောင် ရပ်ခဲ့ရတယ်မှတ်လား၊ ပါကြောင့်. . ."

"ကိုင်း. . . ကိုင်း. . . တော်ပါပြီ ကျောင်းအစ်မရယ်၊ ကျွန်တော်လိုက်ပို့မယ်ဗျာ"

"ဒီလိုလိမ္မာမှပေါ့ ကိုလွန်းရယ်"

လွန်းကြွင် အရှုံးပေးလိုက်သည်။ စိတ်တူကိုယ်တူ ဝါသနာတူချင်းမို့လားမသိ၊ သူတို့နှစ်ဦးသည် တွေ့တာမှ မကြာသေး၊ ယပ်ပေါင်းကြီးဖော်တွေပမာ ရင်းနှီးလွယ်သွားကြသည်။

ကားနားရောက်တော့ ကားအနီး စောင့်နေသောလူကြီးက ကားနောက်ခန်းတံခါးကို ပျာပျာသလဲ ဖွင့်ပေးလေသည်။

"အဘ. . . သမီးတို့ ရွှေတောင်တန်းကြေးအိုး သွားသောက်မလို့ အဲဒီကို မောင်းပေးနော်"

"ကောင်းပါပြီကွယ်"

လွန်းကြွင်က ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။

သိပ်ကြာကြာမသွားလိုက်ရ၊ ရွှေတောင်တန်းကြေးအိုးဆိုင်ရှေ့ ပလက်ဖောင်းတွင် ရပ်သောအခါ ဒရိုင်ဘာက ချက်ချင်းဆင်းပြီး နောက်ခန်းတံခါး ဖွင့်ပေးရန် ပြေးသွားစဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ကြည်လင်က တံခါးဖွင့်ပြီး ဆင်းနှင့်ပြီဖြစ်နေသည်။

"အဘ. . . သမီးတို့နဲ့ ကြေးအိုးလိုက်သောက်ဦးလေ"

"နေပါစေ သမီးရယ်၊ အဘက ကွမ်းတွေ ငုံထားတာ မထွေးပစ်ချင်ဘူး၊ သမီးတို့ပဲ သွားစားချေ၊ အဘ ဒီမှာပဲ ဂျာနယ်ဖတ်ရင်း စောင့်မယ်"

လွန်းကြင်အမြင်မှာ ထူးဆန်းသွားသည်။

ဖခင်ဖြစ်သူ ဒရိုင်ဘာကြီးက သမီးဖြစ်သူကို ခါးကလေး ညွတ်ပြီး တရိုတသေ ပြောနေပုံမှာ လွန်ကဲနေသည်။ သိမ့်ကြည်လင် ပုံစံက အောက်ခြေလွတ်နေသောပုံစံမျိုး မဟုတ်ပါဘဲလျက်

"လာ. . . ကိုလွန်း အထဲဝင်ရအောင်"

လွန်းကြင်တို့ ကြေးအိုးစားသောက်ဆိုင်ထဲ နေရာယူ အပြီးတွင် သိမ့်ကြည်လင်က သူ့ရင်ထဲ မတင်မကျ ဖြစ်နေသော စိတ်ကို ဖောက်ထွင်းမြင်သည့်အလား သူ မမေးပါဘဲလျက် ဖြေရှင်းချက် ထုတ်နေလေသည်။

"သိမ့်က ဘွဲ့လည်းရ၊ ကျူရှင်ဆရာမလည်းဖြစ်၊ ပန်းချီ ကလည်းဆွဲဆိုတော့ အဘက သမီးကို အလွန်ဂုဏ်ယူတာလေ၊ ဒါကြောင့် နေရာတကာ သမီးကို နေရာပေးလွန်းတာ၊ ဒရိုင်ဘာ သမီးဆိုပြီး လူတကာ အထင်သေးမှာ ကြောက်နေရှာတာ"

"မိဘမေတ္တာပေါ့. . . ဒါပေမယ့် ဒီလိုဆိုတော့ သိမ့် အဘက သနားပါတယ်"

"ဒါဆို အဘကို သနားသလို သိမ့်ကိုကော သနားစရာ အထင်သေးစရာလို့ မြင်နေမှာပေါ့နော်"

"သိမ့်ရာ. . . ကြံကြံဖန်ဖန်၊ ခုခေတ်ကြီးက အိုင်တီ





ခေတ်ကြီးလေ၊ ပဒေသရာဇ်ခေတ် မဟုတ်ဘူး၊ လူတန်းစား ခွဲခြားစရာလား၊ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ကြတဲ့ လူအချင်း ချင်း သေရင် သုသာန်သွားကြမယ့်လူအချင်းချင်း ဂုဏ်ပကာသန ဆိုတာ မြဲမြဲတဲ့အရာ ရှိနေတဲ့အရာတွေမှ မဟုတ်တာ"

သိမ့်ကြည်လင်မျက်နှာလေး လင်းလက်သွားသလို မျက် လုံးလေးတွေက ရွှန်းစိုတောက်ပလာသည်။

လှလိုက်တဲ့မိန်းကလေး၊ တက်ကြွလန်းဆန်းပြီး ကိုယ့် ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသော သမင်ပျိုမလေးနှင့် တူသည်။ ထို့ တစ်ခါမှ လှပသောမိန်းမပျိုလေးနှင့် အတူသွားလာစား သောက်ခြင်းမျိုး မရှိခဲ့ဘူးသဖြင့် သူ့ရင်ထဲမှာ ထူးကဲသော လှုပ် ရှားမှု ရင်လှိုင်းသံစဉ်လေးတွေကတော့ ထန်နေသည်။

ထိုစဉ် . . .

အငွေ့တထောင်းထောင်းနှင့် ပူပူကျက်ကျက် ကြေးအိုး ပန်းကန်ကို သူ့ရှေ့သို့ ရောက်အောင် ခပ်ရွရွလေး တိုးပေးရင်း

"သုံးဆောင်ပါ ဆရာ"

"ဘယ်လို"

"ဩော် . . . သိမ့်လေးစားရတဲ့ပန်းချီဆရာမို့ ဂါရဝပြုတဲ့ သဘောပြင် ဆရာစကားတွေက သိမ့်ဘဝအတွက် အားမာန်ဖြစ်စေ တဲ့အတွက် ပိုပြီးတော့တောင် လေးစားသွားပြီး ဆရာလို့ ခေါ်ချင် လာလို့ပါ"

"ဟာဗျာ. . . သိမ့်ကလည်း၊ ကျွန်တော့်ကို အနေခက် အောင် မလုပ်ပါနဲ့၊ ကိုလွန်းလို့ ခေါ်တာကိုက ကျွန်တော့်ကို ရင်းနှီးစေသလို ပွင့်ပွင့်လင်းလင်းလည်း ရှိစေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . . ကိုလွှန်းဆန္ဒအတိုင်းပဲ ရှိစေ
မယ်၊ ကိုင်း. . . ကြေးအိုးက ပူပူလောင်လောင် စားရမှ အရသ
ရှိတာ၊ သုံးဆောင်ပါ ကိုလွှန်း"

အမှန်တော့ သူသည် ပူပူလောင်လောင် အစားအစ
တွေ မကြိုက်ပါ။ တူကိုင်ရ၊ ဇွန်းကိုင်ရ၊ အချဉ်တို့ရနှင့် အလုပ်
သော စားနည်းတွေ မကြိုက်ပါ။

သိမ့်ကြည်လင်ကတော့ သူ့လို မဟုတ်။ တူကိုင်ရ
ကျွမ်းကျင်သလို ကြာဇံဖတ် အသားဖတ်လေးများကို အချဉ်နှင့်
ဆမ်းစားနေပုံကအစ သက်တောင့်သက်သာ ရှိလွန်းလှသည်

ဩော်. . . သူက စားနေကျ ထင်ပါရဲ့။

"ကိုလွှန်း. . . စားရတာ အဆင်မပြေဘူးလား၊ သိ
ဘာထပ်မှာပေးရမလဲ"

"အမှန်တော့ ကျွန်တော့်အတွက် အစားအသောက်
အာဟာရ မဖြစ်ဘူးဗျ"

"ဟင်. . . ဒါဖြင့် ဘယ်ဟာက အာဟာရဖြစ်တာလဲ"

"ပန်းချီကလေ. . . ကျွန်တော် သိမ့်ပုံတူပန်းချီကာ
တစ်ချပ်ကိုသာ စိတ်တိုင်းကျပုံစံနဲ့ ထပ်ဆွဲလိုက်ရရင် ကျွန်တော်
အသက်ရှင်ဖို့အတွက် သိပ်ကို ပြီးပြည့်စုံတဲ့ အာဟာရတစ်ခု ဖြ
သွားမှာပါ"

သိမ့်ကြည်လင် ပြုံးလိုက်သည်။ အမှန်တော့ စတို
ကျကျ မိန်းမလှလေးရှေ့မှာ ကိုလူပျိုရိုးရိုးကြီးက အနေခက်
လေပြီ။ သို့သော် ကိုလူပျို နှုတ်ထွက်စကားတွေကတော့ ရင်ခုန်
ချင်စရာကောင်းလှသည်မို့. . .





"အဲဒါက စိတ်အာဟာရ ဖြစ်မှာပါ ကိုလွှန်း၊ အခုလော
လောဆယ်တော့ ခန္ဓာကိုယ်အတွက် အာဟာရသက်သက်ပဲ
ဖြည့်စွက်ထားလိုက်ပါဦးနော်၊ သိမ့် ဒယ်ဒီနဲ့မာမီဆီ ခွင့်ပြုချက်
တောင်းပြီး ကိုလွှန်းကို အဖြေပြန်ပေးပါ့မယ်"

ရိုးရိုးကြီး လွှန်းကြင်ခမျာ စိတ်ထဲ မထားတတ်သည့်
အတိုင်း. . .

"ဟင်. . . စောစောက ခေါ်တော့ အဘဆို၊ ခု ဒယ်ဒီ
မာမီဆိုတော့. . ."

သိမ့်ကြည်လင် "ခစ်ကနဲ" ရယ်လိုက်ပြီးမှ. . .

"သိမ့်က ဒီလိုပဲ အဘခေါ်လိုက်၊ ဖေဖေ မေမေ ခေါ်
လိုက်၊ ဒယ်ဒီ မာမီ ခေါ်လိုက်နဲ့ အထက်တန်းလွှာတွေကို အားကျ
မိလို့ မျိုးစုံပြောင်းခေါ်ကြည့်တာ"

သည်လို ဆိုပြန်တော့လည်း လွှန်းကြင် သိမ့်ကြည်လင်
ကို သနားကြင်နာသက်စွာ ကြည့်ရင်း. . .

"အိုင်တီခေတ်ကြီးမှာ လူတန်းစားအလွှာ မရှိပါဘူး
ဆိုကွယ်"

"လူတန်းစားအလွှာဆိုတာ ရှိလို့ပဲ ရထားတွေ သင်္ဘော
တွေမှာ Upper တွဲ Lower တွဲတွေ အခန်းတွေ ရှိနေသလို
Stage show ပွဲတွေမှာလည်း. . ."

"ဟုတ်ပါပြီ ကျောင်းအစ်မရယ်၊ ငွေကြေးကြောင့်
အလွှာဆိုတာတွေ ရှိနေပါသေးတယ်ဆိုတာ ကျွန်တော်မျိုးကြီး
ဝန်ခံပါတယ်ခင်ဗျာ၊ ဒါပေမယ့်. . ."

"ဒါပေမယ့်က နောက်မှ ဒါပေမယ့်၊ ခုတော့ ကြေးအိုးကို



www.burmeseclassic.com

www.burmeseclassic.com



သာ ပူတုန်း သောက်လိုက်ပါဦး၊ သူက ပူမှ သောက်လို့ အရသာ ရှိတာ"

"ကောင်းပါပြီဗျာ"

သို့နှင့် ဝသန်ပန်းချီပြခန်းလေးကို အကြောင်းပြုပြီး လွန်းကြင်ဟူသော တက်သစ်စ ပန်းချီအကျော်အမော်လေးနှင့် ပန်းချီပညာကို စတင်လေ့လာနေသော သိမ့်ကြည်လင်တို့ စားရင်းသောက်ရင်း ပြင်းခုံရင်း စိတ်တူကိုယ်တူ ဝါသနာတူမို့ စကားသံလေးတွေ ပူပူဆူဆူနှင့် ပိုမိုရင်းနှီးခြင်းကို နိဒါန်းတင်သွားလေတော့သည်။







# အခန်း(၅)

Dream House (အိပ်မက်စံအိမ်)။

မှော်ဘီမြို့နယ်အတွင်း၌ ရှိသည်။

မှော်ဘီမြို့ဟု ဆိုသော်လည်း ရန်ကုန်မြို့နှင့် အနီးကပ်ဆုံး မြို့ငယ်လေးဖြစ်သည်။

ရန်ကုန်-ပြည် အဝေးပြေး ကားလမ်းမကြီးကလည်း ဖြတ်သွားတည်ရှိသဖြင့် ရန်ကုန်မှော်ဘီဆိုတာ အလှမ်းမဝေးလှချေ။

ရုပ်ရှင်နဲ့ဗွီဒီယိုသရုပ်ဆောင် "ရဲနေလင်း" က တခင်



www.burmeseclassic.com

www.burmeseclassic.com



တကာပင် "အပန်းဖြေစံအိမ်" ကို မှော်ဘီမြို့၌ ရွေးချယ်ပြီး သီဟိုဠ်၊ သရက်၊ မာလကာ စသော ဥယျာဉ်ခြံတစ်ခုကို ဝယ်ယူပြီး ထိုထဲမှ ပေ(၂၀၀)ပတ်လည်ဝန်းကျင်ကို ရှင်းလင်းပြီး တစ်ထပ်တိုက်ပုလေးကို သူ့စိတ်တိုင်းကျ ဥရောပပုံစံ ဆောက်ထားသည်။ ဘေးပတ်ပတ်လည်တွင်တော့ မြက်ခင်းပင်နှင့်ပန်းခင်းသာ ထားရှိသည်။

ဒါတွေအားလုံးက သူ့စိတ်ကူးနှင့် ထပ်တူထပ်မျှ အမြဲရှိတတ်သော လွန်းကြင်၏အကူအညီနှင့် လုပ်အားများစွာ ပါဝင်သည်။ ခြံဝယ်ယူစဉ်မှအစ အိမ်ဆောက်ပြီးသည့်အဆုံး ကြီးကြပ်ရသူမှာ လွန်းကြင်သာလျှင်ဖြစ်သည်။

သူနှင့်လွန်းကြင်သည် မန္တလေးတိုင်း နယ်မြို့ကလေးက ပေါက်ဖွားလာကြသော တကယ့်ကို ဖွားဖက်တော်စစ်စစ်တွေဖြစ်သည်။ အူဝဲဘဝမှ မူကြိုသူငယ်တန်း အလယ်တန်း အထက်တန်းမှ မန္တလေးတက္ကသိုလ်တွင် သင်္ချာဘာသာတွဲနှင့် B.Sc ဘွဲ့တစ်ခု ရသည်အထိ အတူတူပင်ဖြစ်ပါသည်။

လွန်းကြင်နှင့်သူ နည်းနည်းပဲ ကွာခြားမှု ရှိသည်က လွန်းကြင်မိဘများက လူလတ်တန်းစား သာမန်ဝန်ထမ်းဘဝနှင့် ရိုးရိုးကျစ်ကျစ် နေထိုင်ကြသူများဖြစ်သည်။

သူ့မိဘများကတော့ ကုန်သည်သူဌေးမျိုးရိုးဖြစ်ပြီး မြို့မျက်နှာဖုံးများအဖြစ် ဂုဏ်တင့်တယ်သူများဖြစ်သည်။ သမီးမိန်းကလေး(၃)ယောက်ကြားမှ တစ်ဦးတည်းသောသား ဖြစ်သော သူ့ကို ဆရာဝန်၊ အင်ဂျင်နီယာ၊ အရာရှိကြီးအဖြစ် ဂုဏ်တင့်စေချင်သော်လည်း သူက ဝါသနာမပါ။





ငယ်စဉ်ကတည်းက မော်ဒယ်လ် ဗွီဒီယိုရုပ်ရှင်သရုပ်ဆောင်အဖြစ် ဝါသနာပါသော မင်းသားရူးလေး ဖြစ်သည့်အလျောက် အရွယ်ရောက်လာသည်နှင့် ကားမောင်း၊ ဆိုင်ကယ်စီး၊ မြင်းစီး၊ ရေကူး၊ လှေလှော်၊ ရွက်တိုက်၊ ဂျူဒို၊ မြန်မာ့သိုင်း၊ ကရာတေး စုံအောင်သင်ကြားခဲ့သည်။

သူ ရုပ်ရှင်ပိုး ရူးသမျှကို မညည်းမညူတမ်း လိုက်ပါပါရမီဖြည့်ပေးခဲ့သူမှာ လွန်းသာလျှင်ဖြစ်သည်။

လွန်းက အငြိမ်သမား လူအေးဖြစ်ပေမယ့် သူနှင့် ဆိုလျှင်တော့ အလွန်သွက်သည်။ ညီအစ်ကို မရှိသော သူတို့နှစ်ယောက်စလုံးမှာ သူငယ်ချင်းလိုကော ညီအစ်ကိုလိုကော ခင်မင်ကြလေသည်။ သူက လွန်းထက် အသက်အားဖြင့် နှစ်လစွန်းစွန်းသာ ကြီးလေသည်။

တကယ်တမ်း ဘွဲ့ရပြီးတော့ သူ့မိဘတွေ အဘိုးအဘွားတွေဆီက ခေါင်းတိုးဖွေ့ပြီး ရလာသော ငွေထုပ်ရွှေထုပ်ကို ပိုက်ကာ ရန်ကုန်မြို့သို့ ရောက်ချလာတော့ . .

တန္တယ်ဝင် တစင်ပါဆိုသကဲ့သို့ သူနှင့်အတူ လိုက်ပါလာသူမှာ လွန်းဖြစ်လေသည်။ ရန်ကုန်မြို့လယ် တိုက်ခန်း တစ်ခန်းငှား၊ သူက သူဝါသနာပါသော မော်ဒယ်လ်သရုပ်ဆောင်သင်တန်းတက်၊ လွန်းက ပန်းချီသင်တန်းတက်၊ ဘဝကို ကြိုးစားခဲ့ကြသည်။

လွန်းကိုလည်း ကွန်ပျူတာပါ သင်စေသည်။ ကွန်ပျူတာဒီဇိုင်းဖြင့်ပါ ပန်းချီရေးဆွဲနိုင်စေရန်ဖြစ်သည်။

သို့နှင့် ပထမဦးဆုံး ဗွီဒီယိုကားကို ကိုယ်ပိုင်ငွေထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးဒါရိုက်တာ၊ အကယ်ဒမီ မင်းသမီးတို့ကို သုံး၍ ရိုက်ခဲ့ရာ ခေတ်စကားအရ "ပေါက်" သွားခဲ့သည်။

ထိုမှ ထုတ်လုပ်သူတွေ လိုက်လာသည်။

ထိုအခါ မိဘများက မနေသာတော့ဘဲ တရှိန်ထိုး နာမည်ကြီးလာသော သူ့သားအတွက် ရန်ကုန်မြို့ထဲမှာ သိန်းထောင်ကျော်တန်အိမ် ဝယ်ပေးလာသည်။

သူက သူ့ဝင်ငွေနှင့် ပြိုင်ကားတစ်စီး ဝယ်လာနိုင်သည်။ (၄-၅)နှစ်ဟူသောကာလ၌ သူသည် နာမည်အကြီးဆုံး ရွှေမင်းသား ဖြစ်လာသလို လွှမ်းကြင်ကလည်း ပန်းချီပြပွဲတွေမှာ နေရာတစ်နေရာ ရလာသော တက်သစ်စ ပန်းချီဆရာတစ်ဦးဖြစ်လာသည်။

လွှမ်းသည် သူ့အတွက် ရှော့ပင်းထွက်ရာတွင်လည်းကောင်း၊ ရှုတင်သွားရာတွင် ဇာတ်ဝင်ခန်းများနှင့် လိုက်ဖက်သော အဝတ်အစား အသုံးအဆောင်တို့၏အရည်အသွေး၊ အရောင်အသွေးတို့ကို အကြံပေးတတ်သည်။

သူကလည်း သူ့အတွက် အင်တာဗျူးများ ပလူပျံလာအောင် လာရောက်မေးလေတိုင်း ဇာတိမြေဟု စွန့်ခွာပြီး သူငယ်ချင်းနှစ်ယောက် အပြန်အလှန် ကျေးဇူးပြုကာ ကြိုးစားခဲ့ကြပုံများကို အမြဲထုတ်ဖော်လေ့ရှိပြီး "လွှမ်း" ကို ပန်းချီဆရာလွှမ်းကြင်အဖြစ် ဂုဏ်မြှင့်ပေးလေ့ရှိသည်။

နောက်ဆုံး "လွှမ်း" အတွက် သူစဉ်းစားရသည်။

"လွှမ်း. . . မင်း ငါ့ရှုတင်နောက် တကောက်ကောက် လိုက်ပြီးကူညီနေရင် မင်းရဲ့တစ်ကိုယ်တော်ပြပွဲဆိုတာ တဖြည်း





ဖြည်း ဝေးသွားလိမ့်မယ်"

လွှမ်းက စိတ်ထားကောင်းသူပီပီ. . .

"ရပါတယ်ကွာ. . . အားတဲ့အချိန်တွေ ဆွဲလို့ရပါတယ်၊ မင်းက ငါ့ဘဝအတွက် အရေးကြီးဆုံးပါ"

"မဟုတ်ဘူးလေကွာ. . . မင်းအောင်မြင်မှုကိုလည်း မင်းရောင်ပါပါ မေ့ထားလို့မရဘူး၊ ဒီလိုလုပ်. . . မော်ဘီဘက်မှာ ခြံတစ်ခြံ ဝယ်လိုက်မယ်၊ အဲဒီမှာ အိမ်ဆောက်ပြီး ငါ လူတွေရှောင် အနားယူချင်တဲ့အခါ လာမယ်၊ မင်းက အဲဒီမှာ ပန်းချီဆွဲပြီး စိတ်အေးအေးချမ်းချမ်းနေ"

"မင်းမှာ ကူမယ့်လူ မရှိဘဲ ဖြစ်နေမှာပေါ့"

"ရပါတယ်ကွာ. . . ခုချိန်မှာ တပည့်ခံချင်တဲ့သူတွေ များပါတယ်"

"တပည့်ဆိုတာထက် မင်းကိုပါ အမှားအယွင်း အတိမ်းအစောင်း မရှိအောင် ကူညီအကြံပေးနိုင်တဲ့လူမျိုးဆိုရင် ပိုကောင်းတယ်၊ ကိုရီးယားကားတွေထဲက မင်းသား မင်းသမီးတွေအတွက် မန်နေဂျာ ထားသလိုမျိုးပေါ့ကွာ၊ မင်းကို အကြံကောင်းပေးနိုင်တဲ့လူမျိုး အနုပညာအကြောင်း ခရေစေ့တွင်းကျ သိတဲ့လူမျိုးဆို ပိုကောင်းမယ်"

လွှမ်းဆီက အကြံကောင်းကို သူလက်ခံပါသည်။ ဆွေမျိုးနီးစပ်တော်ပြီး ကုမ္ပဏီစာရင်းကိုင် လုပ်ဖူးကြီးဖြစ်သော ကိုသီးကို မန်နေဂျာအဖြစ် ခန့်ထားလိုက်ပြီးတော့မှ လွှမ်းသည် စိတ်ချလက်ချနှင့် မော်ဘီအိမ်ဆောက်ရာ၌ သူ့စိတ်ကူးဒီဇိုင်းဖော်ပြီး ဆောက်လုပ်ပေးခဲ့သည်။ သီဟိုဠ်၊ သရက်နှင့် ဥယျာဉ်ခြံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ခြံစောင့် စောကျော်စိုးဆိုသော အိမ်နီးနားချင်းမှ လူငယ်တစ်ယောက်ကို ငွေးကာ လခစား ပေးပြီး ပေါင်းသင်ရေလောင်းလုပ်စေသည်။ လိုအပ်ပါက နေ့စားများ ခေါ်ယူပြီး ခြံကို ပြုပြင်ခြင်း၊ ခြံရှိ သီးပင်စားပင်များ ပြုပြင်ခြင်းတို့ကိုပါ လွန်းက တာဝန်ယူ လုပ်ပေးသဖြင့် ရဲနေလင်းအတွက် အပန်းဖြေ၍ အကောင်းဆုံး စံအိမ်ကလေးဖြစ်ခဲ့သည်။

အိပ်မက်စံအိမ်ကလေးသို့ ရောက်လေတိုင်း လွန်းနဲ့သူ တိုင်ပင်စရာ ရင်ဖွင့်စရာတို့ကို ရင်ဖွင့်ပြီးနောက် လွန်းက တစ်ခါတစ်လေ ရစ်တတ်သည်။

"ရဲ. . . ငါတို့နှစ်ယောက် ရန်ကုန်ဆင်းလာဖို့ ဆုံးဖြတ်ချိန်မှာ ထားခဲ့တဲ့ ငါတို့ဆောင်ပုဒ် မှတ်မိသေးလား"

"ဘာလဲ. . . မင်းက ငါ့ကို အောက်ခြေလွတ်ပြီး မေ့နေပြီ ထင်လို့လား"

"မဟုတ်ပါဘူးကွာ. . . ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုးလို့ပါ"

"ဒီမှာ လွန်း. . . အချစ်ရေး ဝေးဝေးရှောင်၊ မိန်းမကိစ္စ ကင်းကင်းနေ၊ အရက် မူးယစ်ဆေးဝါး လုံးဝလှည့်မကြည့်ရ၊ လောင်းကစားကို သတိထား ဆိုတာတွေလေ. . ဟင်း. . ဟင်း၊ ဒါတွေကို ဖောက်ဖျက်ခဲ့ရင် ငါလည်း ခုလို နာမည်ကျော် မင်းသားဖြစ်လာမှာ မဟုတ်သလို မင်းလည်း နာမည်ကျော် ပန်းချီဆရာ ဖြစ်မလာနိုင်ဘူး၊ ငါ ဒါတွေ လုံးဝစိတ်မဝင်စားဘူး"

"အေးပါကွာ. . . ပြောသေးတာပဲ၊ ဒီလောက် မင်းသမီးတွေနဲ့ လက်ပွန်းတတီး နေနေရတာကို စိတ်မဝင်စားဘူးဆိုတော့





ောင် မင်းကို ကြောက်လာပြီ"

"ဟင်. . . ဘာဖြစ်လို့လဲ လွန်းရ"

"မင်း. . . ဂေးများဖြစ်နေပြီလားလို့"

"xxxx သေပေတော့"

ရဲနေလင်း ခြေတစ်လှမ်း နောက်ကျသွားသည်။ လွန်း သူ့ကို ပြောပြီးတာနှင့် အိမ်ထဲက ပြေးထွက်သွားလေသည်မို့ န်း၏ရယ်သံသာ ပဲ့တင်ထပ်ပြီး ကျန်ရစ်ခဲ့လေသည်။

"ဟတ်. . . ဟား. . . ဟား. . . ဟား"

ရဲနေလင်းလည်း ရယ်ရင်း လက်ထဲမှာ ရှိနေသော ကိုက် ားသည့် မာလကာသီးပွကြီးနှင့် လှမ်းပေါက်လိုက်သော်လည်း န်း၏အရိပ်ကိုသာ ဖမ်းမိလိုက်သဖြင့် မြေပြင်ထက်သို့ ဘုတ် နဲ နေအောင် မာလကာသီးတစ်ခြမ်းကိုက်ခမျာ ကျဆင်း မြေ့ခ,သွားရရှာလေသည်။

ရဲနေလင်း လွန်းအကြောင်းတွေးရာမှ နောက်ဆုံးတွေ့ခဲ့ သောအခြေအနေကို ပြန်သတိရကာ ပြုံးလိုက်မိလေသည်။

နောက် လွန်းကို သတိရသဖြင့် ဖုန်းကို ဖွင့်ကာ မော်ဘီ အိမ်သို့ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို"

လွန်းအသံ မဟုတ်သဖြင့် မောသွားသည်။

"ကျော်စိုးလား"

"ဟာ. . . အစ်ကို ဟုတ်ကဲ့"

"မင်းဆရာကော"

"ဆရာ ရန်ကုန်မြို့ထဲ သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီကိစ္စပဲလား"

"ပန်းချီပြပွဲ သွားတာပါ"

"ဝသန်ကာလ ပန်းချီပြပွဲ ထင်တယ်"

"ဟုတ်ပါတယ် အစ်ကို"

"အေး. . အေး. . . ပြန်လာရင် ငါ့ဆီ ဖုန်းဆက်ဦးလို့ ပြောလိုက်ပါဦး"

"ဟုတ်ကဲ့ အစ်ကို"

"ဒါပဲ. . . ဒါပဲ"

ရဲနေလင်း ဖုန်းပိတ်ပြီး ချထားသောဂျာနယ်ကို ပြန်ကောက်ကိုင်လိုက်သည်။ နောက် သက်တောင့်သက်သာပင် ဒရင်းဘက်ကို မှီပြီး စာဆက်ဖတ်လိုက်သည်။

"မင်းသားကတော့ အားရင် စာပဲ ဖတ်နေတာပဲ၊ ဘာစာအုပ်မို့လို့ ဒီလောက်တောင် ဖတ်နေရတာလဲ"

"အတွေးအမြင်ဂျာနယ်ပါ. . . ခင်ဗျား ဖတ်ချင်လို့လား အခြားဂျာနယ်တွေ မဂ္ဂဇင်းတွေလည်း ပါတယ်၊ ဖတ်ချင် ယူဖတ်လေ"

ဟုသာ စကားစလာသော ရှုတင်မန်နေဂျာကို ပြောလိုက်ပြီး စာဆက်ဖတ်လိုက်သည်။

သူ့အတွက် အလိမ္မာ စာမှာရှိသလို အားသောအချိန်တွင် စကားဖောင်ဖွဲ့မနေဘဲ အထူးသဖြင့် အတင်းပလင်းပြောသည့် အကျိုးမရှိသည့်အလုပ်မျိုး လုပ်မည့်အစား စာဖတ်အပန်းဖြေခြင်းကသာ အလိမ္မာ တိုးစေသည်ဟု ခံယူထားပြီးသားဖြစ်သည်။





အချို့သူကို ရော်ျမရသောရုပ်ရှင်၊ ဗွီဒီယို မင်းသားမင်းသမီး သရုပ်ဆောင်အချို့နှင့် ရုပ်ရှင်အဖွဲ့သားများက မင်းသား ရဲနေလင်းက စည်းကမ်းရှိသလို မာနလည်း ကြီးသည်ဟု ကောက်ချက်ချကြသည်။

ပြောချင်သလို ပြောကြပါစေ၊ လူဆိုတာ စည်းကမ်းရှိပြီး အလုပ်အပေါ် စေတနာထားရင်းနှင့် နှစ်မြုပ်ကာ လုပ်ကိုင်ကြိုးစားအားထုတ်မည်ဆိုပါက ဘယ်အလုပ်မဆို "အောင်မြင်ခြင်း" ဟူသောသရဖူကို ကြာရှည်စွာ ဆောင်းထားနိုင်မည်ဖြစ်လေသည်ဟု ရဲနေလင်း ခံယူထားပြီးသားဖြစ်သည်မို့ အောင်မြင်ကျော်ကြားမှုကလည်း လျော့ကျမသွားသေးပါချေ။

ထို့အတူ လွန်းသည်လည်း အောင်မြင်မှုလမ်းစပေါ် လျှောက်လှမ်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ဟင်းကနဲ" သက်ပြင်းချလိုက်သော လွန်းကြင်ကြောင့် စောကျော်စိုးက မနေသာနိုင်တော့။ မေးခွန်းထုတ်ရလေသည်။ သူ့ဆရာသည် သက်ပြင်းအခါခါချကာ အတွေးနွံထဲ နစ်မြုပ်နေသည် မဟုတ်ပါလား။

"ဆရာ. . . ဆရာ"

"ဟေ. . . ဘာလဲ ကျော်စိုးရ အလန့်တကြား"

"ဆရာ အခုတလော ရန်ကုန်ကို နေ့တိုင်းသွားပြီး ပြန်လာကတည်းက သက်ပြင်းတချချ ဖြစ်နေတာ ဘာဖြစ်လာလို့လဲ





ဆရာ၊ ခါးပိုက်နှိုက်ခံရလို့လား"

"ဟုတ်တယ်"

"ဟင်. . . ငွေဘယ်လောက်တောင် ပါသွားသလဲ ဆရာ၊ မှတ်ပုံတင်ကော ပါသွားသေးသလား"

"အဲဒါတွေ တစ်ခုမှ မပါဘူး"

"ဟင်. . . ဒါဖြင့် ဘာပါသွားလို့လဲ ဆရာ"

စောကျော်စိုးကို ကြည့်ကာ အတည်ပေါက် နောက်လိုက်သည်။

"အသည်းနှလုံးပဲ ပါသွားတာ"

"ဗျာ. . ဘယ်လို၊ ကိုရီးယားကားတွေထဲက ...သည်းနှလုံးကို ထုတ်ယူရောင်းဖို့လား ဆရာ"

"မင်းကွာ. . . အသည်းနှလုံး မရှိမှတော့ ငါ ဘယ်လို လုပ် အသက်ရှင်ပြန်လာမှာလဲ"

"ကျွန်တော်သိသားပဲ၊ ဆရာ့ကို သက်သက်ပြောတာ၊ ဆရာ့အသည်းနှလုံးကို ဘယ်ကောင်မလေး နှိုက်သွားတာလဲ. . တော်တော်လန်းရဲ့လား"

"လန်းတာမှ လန်းလွန်းလို့ ခက်နေတယ်၊ ကဲပါ. . . အဲဒါ အသာထားတော့၊ ငါ လယ်ကွင်းဘက် သွားပြီး ပန်းချီဆွဲဦးမယ်၊ မင်းဖုန်းစောင့်နေလိုက်၊ ရဲ ဆက်ရင် ငါဖုန်းပြန်ဆက်တယ်၊ သူ့ဖုန်းက လူကြီးမင်းနဲ့ပဲ တိုးနေလို့ မဆက်တော့တာလို့ ပြောလိုက်၊ ကိစ္စရှိတယ်ဆိုရင်တော့ ငါ့ကို လာခေါ် လိုက်"

"ဟုတ်ကဲ့ ဆရာ"

လွန်းကြင် သုံးချောင်းထောက်ခုံကလေးနှင့် ကက်ချ်



www.burmeseclassic.com

www.burmeseclassic.com



စုတ်တံနှင့်ဆေးဗူး စသော ပန်းချီအသုံးအဆောင်များကို ယူဆောင်ပြီး သူတို့ခြံကို ကျော်လွန်လျှင် နောက်ဘက်၌ လယ်ကွင်းပြင်ကြီးရှိရာသို့ ထွက်ခဲ့လေသည်။

စောကျော်စိုး ခေါင်းတခါခါ လည်တခါခါနှင့် ကျန်ရစ်ခဲ့လေသည်။ သူ့ဆရာအသည်းနှလုံး ခါးပိုက်နှိုက်ခံရတယ်တဲ့။

သူလည်း ခေတ်လူငယ်ပဲဟာ၊ ဆရာ ဘာဖြစ်နေသည်ကို သိသည်ပေါ့။

ဝါသနာပါသောအနုပညာတွေနှင့် အောင်မြင်ကျော်ကြားဖို့ ။ ဘ အဓိကဟု ရည်ရွယ်ချက်ထားခဲ့သော သူငယ်ချင်းနှစ်ဖေ ဲနက် တစ်ယောက်တော့ ဗွေဖောက်လာလေပြီဟု သူတွေးကာ ဝမ်းသာသွားလေသည်။

သူ့ဆရာလည်း လူပျိုကြီးဘဝက ဝင်္ကကျွတ်မှ သူလည်း သူ့ရည်းစားလေးမိညိုနှင့် နှစ်ပါးဂဟေဆက်လို့ အကြောင်းသင့်ပေါင်းဖက်နိုင်မည်ဖြစ်သည်။

နောက် သူ့ဆရာ၊ အစ်ကိုရဲနေလင်းကတော့ ထားပါတော့၊ သရုပ်ဆောင်ဆိုတော့ လူပျိုဆိုတာလည်း ဂုဏ်တစ်မျိုးနှင့် စန်းထချိန်ကို ပံ့ပိုးအားကောင်းတစ်ခုဖြစ်သည်ဆိုတော့ အစ်ကိုက မိန်းမ,မယူချင် နေလို့ရသေးသည်။

အိမ်အလုပ်ကို သူလုပ်နိုင်သလောက် လုပ်တတ်သလောက် လုပ်နေစဉ်. . .

"တီတီ. . . တီတီ. . . တီ"

ကားတစ်စီး ခြံထဲသို့ ဝင်ရောက်လာသည်။

"အစ်ကို့ကားလည်း မဟုတ်ပါဘူး"





စောကျော်စိုး ကားကို လှမ်းကြည့်ပြီး ကောက်ချက်ချရာ အိမ်ထဲက ကပျာကယာ ထွက်ပြီး ပေါ်တီကိုအောက်ရပ်ကာ ကြည့်လိုက်တော့. . .

ယာဉ်မောင်းသူနေရာမှ လူကြီးက ခေါင်းပြူပြီး. . .

"ဒါ. . . ပန်းချီဆရာလွန်းကြင်ရဲ့အိမ်ပါလား"

"ဟုတ်ပါတယ်ခင်ဗျာ"

ပန်းချီဆရာလွန်းကြင် နေတော့ သူ့အိမ်ပေါ့။ ရွှေမင်းသား ရဲနေလင်း ပိုင်ဆိုင်တဲ့အိမ်ပါခင်ဗျာဟု ရှင်းပြလျှင် ကိုရီးယားဇာတ်လမ်းတွဲတွေလို ပေရှည်နေဦးမည်ဟု စောကျော်စိုး ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ဟုတ်နေလေသည်။

"ဒါဖြင့် သူရှိပါသလား"

လား. . . လား. . . ဒီတစ်ခါ ပြူလာသောခေါင်းက နောက်ခန်းမှ ဖြစ်သည်။

လှလိုက်တဲ့ခေါင်းလေး။

မြင်ဖူးပါတယ်လို့ စိတ်ထဲ ဖြစ်သွားရာမှ၊ ဩော်. . . ဆရာ့ပန်းချီကားထဲကအလုပ်သမလေး။ အမိုက်စား၊ အပျံစား၊ အလန်းစားပါလား။

"မရှိ. . အဲ. . ရှိတယ်၊ နောက်ဖက်က စပါးခင်းမှာ ပန်းချီသွားဆွဲနေတယ်"

"ဒါဖြင့် ကျွန်မ နေခဲ့တော့မယ်၊ အဘ တစ်အောင့်နေမှ လာကြိုနော်"

ယာဉ်မောင်းနေရာမှ လူကြီးက ကပျာကယာ ဆင်းကာ နောက်ခန်းကားတံခါး ဆွဲဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ သိပ်မကြာပါဘူး"

"ရပါတယ် အဘ၊ အဘသူငယ်ချင်းတွေနဲ့ တွေ့တုန်း တွေ့ခိုက် စကားပြောကြပါ၊ ကျွန်မကလည်း အေးအေးဆေး ဆေးပါပဲ"

"အင်း. . . အင်း. . . ဒါဖြင့် အဘ သွားပြီနော်"

"ဟုတ်ကဲ့ အဘ"

ကားက ပြန်မောင်းထွက်သွားသည်အထိ စောကျော်စိုး ဘာလုပ်ရမှန်း မသိသေး။

"ကဲ. . . ကိုဟိုဒင်း. . . ရှင့်ဆရာဆီ လိုက်ပို့ပေးလေ"

"နည်းနည်းဝေးတယ်. . . ကျွန်တော်ပဲ စက်ဘီးနဲ့ သွားခေါ်လိုက်ပါ့မယ်၊ မမလေး အိမ်ထဲမှာပဲ ထိုင်စောင့်နေပါ"

"ဒါဖြင့်လည်း စောင့်နေတာပေါ့"

စောကျော်စိုး အိမ်ပေါ်သို့ ဦးဆောင်ခေါ်သွားပြီး နေရာထိုင်ခင်း ပေးပြီးနောက် ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်များကိုပါ ချထားပေးပြီး. . .

"ကျွန်တော် ဆရာ့ကို အမြန်ဆုံး သွားခေါ်လိုက်ပါမယ်"

"ကောင်းပါပြီ"

စောကျော်စိုး အိမ်ထဲမှ ထွက်လာပြီး စက်ဘီးနှင့် သီဟိုဠ်ပင်တန်းတို့ကို ဖြတ်ကျော်ကာ လယ်ကွင်းပြင်အရောက်တွင် သူ့ဆရာ ပန်းချီကားချပ်၌ စွန်ဝင်စားနေလေသည်ကို တွေ့လိုက်ရသည်။

"ဆရာ. . . ဆရာ. . . ဆရာ"

"ဘာလဲကွ"





"ဆရာ့အလန်းလေး အိမ်မှာ ရောက်နေပြီ"

"ဟေ. . . ဘယ်က အလန်းလဲ"

"ဆရာ့အသည်းနှလုံး ခါးပိုက်နှိုက်သွားတဲ့ အလန်းလေး လေ"

"ဟင်"

လွန်းကြင် စောကျော်စိုးကို မသင်္ကာဟန်နှင့် ကြည့်လိုက်သည်။

"တကယ်ပါ ဆရာ. . . ဘုရားစူး၊ ဆရာ့ကို ကျွန်တော်က နောက်ရဲပါ့မလား၊ အိမ်မှာ ထိုင်စောင့်နေတယ်၊ ဆရာ့ပန်းချီကားထဲက စက်ရုံအလုပ်သမလေးလေ"

"ဟာ. . . ဒါဖြင့် မင်း ငါ့ပစ္စည်းတွေ သေသေချာချာ သိမ်းယူခဲ့. . . ငါသွားနှင့်ပြီ"

လွန်းကြင်. . . စောကျော်စိုးကို မှာခဲ့ပြီး သူ့ပြိုင်ဘီးကလေးကို နင်းကာ အိမ်ဆီသို့ ငှက်တို့၏လျင်မြန်သောအဟုန်နှုန်းတို့နှင့် အိမ်သို့ ပြန်ခဲ့လိုက်လေသည်။

ရင်ထဲ လှိုက်ဖိုကာ ရှင်မြူးစိတ်တို့က ရယ်မောချင်စိတ်တို့ပင် ဖြစ်ပေါ်လာကာ မျက်နှာတပြင်လုံး သကာဆမ်းလျက် စက်ဘီးကို ရပ်လိုက်သည်နှင့် ဧည့်ခန်းထဲသို့ ပြေးဝင်ခဲ့လေသည်။

အိမ်ရှေ့၌ ကားမတွေ့သဖြင့် ဟုတ်မှဟုတ်ပါ့မလားဟုလည်း ဇဝေဇဝါ စိတ်ကလေး ဖြစ်ပေါ်မိသည်။ သို့သော် ဒရိုင်ဘာ သမီးပဲဟာ. . ကားက သူပိုင်ကားမှ မဟုတ်တာ. . . အမြဲ ဘယ်ပါလာနိုင်ပါ့မလဲ။

အိမ်ပေါ် တက်လိုက်တော့ ဧည့်ခန်းနံရံတွင် ချိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောရေကန်၌ ပဒုမ္မာကြာတို့နှင့် ပြည့်နှက်နေသောပန်းချီကားကို ကြည့်နေသော ခံစားနေသော သိမ့်ကြည်လင်၏နောက်ကျောပြင်က ဆတ်ကနဲ လှည့်လိုက်သည်။

လွန်းကြင်က အားတုံ့အားနာဖြင့်. . .

"ဖုန်းလေးဘာလေး ကြိုဆက်ပြီးမှ လာပါလား သိမ့်ရယ်၊ အားနာစရာတွေတော့ ဖြစ်ကုန်ပြီ. . . ထိုင်ပါခင်ဗျာ"

"ဘာအားနာစရာရှိလို့လဲ ကိုလွန်း၊ အားနာစရာရှိရင် သိမ့်ကပဲ အားနာရမှာပါ"

"ဘာဖြစ်လို့လဲ"

"သိမ့်ကြောင့် ကိုလွန်းရဲ့ပန်းချီဆွဲတဲ့အလုပ် ပျက်စီးသွားပြီမှတ်လား"

"ဩော်. . . ဒါလား၊ ဒါကို ပျက်စီးတယ်လို့ မခေါ်ပါဘူး၊ အချိန်များစွာရှိနေပါသေးတယ်၊ ဒါထက် သိမ့် ဘယ်ကဘယ်လို"

"ဩော်. . . အဘက ဒီနေ့နားရက်မှာ မော်ဘီဘက်လာဖို့ အကြောင်းရှိလို့ သူ့မွေးကို ခွင့်တောင်းတော့ သူမွေးကကားပါ ယူသွား ပြောလို့ သိမ့်လည်း အချောင်လိုက်လာတာ၊ သိမ့်ကြောင့် ကိုလွန်း အနှောင့်အယှက်ဖြစ်သွားရင် ပြောလေ၊ သိမ့် ချက်ချင်းပြန်ပေးပါ့မယ်၊ သိမ့်ပုံတူပန်းချီကားလေးတော့ ကြည့်ပါရစေ"

သိမ့်ပုံတူပန်းချီကားက နံရံမှာ ဝံ့ထည်စွာ နေရာယူထားသည်မို့ သိမ့်က အနီးကပ် ကြည့်ရင်း ပြောလိုက်သည်။ လွန်းကြင်က အားတုံ့အားနာဖြင့်. . .

"သိမ့်ကလည်းဗျာ. . . ဘာအနှောင့်အယှက်မှ မရှိတဲ့





အပြင် ပျော်တောင်ပျော်ရပါသေးတယ်၊ သိမ့်က ကျွန်တော့်ရဲ့ အထူးဧည့်သည်ပါ။ ကိုင်း. . . သိမ့် ခဏထိုင်ပါဦး၊ သိမ့် စားဖို့ စီစဉ်လိုက်ဦးမယ်"

ထိုစဉ် နောက်ဖေးဘက် မီးဖိုချောင်ဘက်မှ အသံပြာလောင်လောင်တစ်ခု ထွက်ပေါ်လာသည်။

"နေ. . နေ. . . ဆရာ၊ ကျွန်တော်စီစဉ်နေတယ်"

မြန်လိုက်တဲ့ စောကျော်စိုး။ သူ့ပစ္စည်းတွေ ဘယ်လိုများသိမ်းပြီး ဘယ်လိုရောက်လာတာပါလိမ့်။

လွန်းကြင် ယောင်ချာချာ ဖြစ်သွားသည်။ သူ့ဘဝအတွက် သူစိမ်းမိန်းကလေးဧည့်သည်ဆိုလို့ ဒါ ပထမဆုံးဖြစ်နေသဖြင့် ဘယ်လိုဧည့်ခံရမှန်း မသိပေ။

"ပြတင်းပေါက်တွေ ဖွင့်လိုက်မယ်နော်၊ လေထန်ပေမယ့် ရှုခင်းရှုကွက်တွေ မြင်ရခံစားရအောင်ပါ"

"ကောင်းတာပေါ့. . . လေကောင်းလေသန့်လည်း ရှူခွင့်ရတာပေါ့"

ပြောပြောဆိုဆိုပင် လွန်းကြင် ဖွင့်ပေးရာ ပြတင်းပေါက်အနီးသို့ သိမ့်ကြည်လင် လာရပ်ကြည့်လေသည်။

"ဟင်. . . နောက်ဖက်မှာ စပါးခင်းကြီးက တမျှော်တခေါ်ကြီးနော်၊ သိမ့် သွားကြည့်ချင်လိုက်တာ"

သိမ့်ကြည်လင်စကားကြောင့် လွန်းကြင်ခေါင်းထဲ လျှပ်တစ်ပြက် အတွေးတစ်ခု ဝင်ရောက်လာလေသည်။

"ကျွန်တော် ပန်းချီဆွဲမလို့ သိမ့်ရောက်လာတာနဲ့ အတော်ပဲ၊ သိမ့် ခွင့်ပြုရင် အဲဒီမှည့်ဝင်းနေတဲ့ ရွှေဝါရောင် စပါး



www.burmeseclassic.com

www.burmeseclassic.com



ခင်း လွင်ပြင်ကို နောက်ခံထားပြီး သိမ့်ရဲ့ပုံတစ်ပုံကို ဆွဲချင်တဲ့ အာသီသ ဖြစ်လာလို့ ပုံဆွဲခွင့်ပြုပါလား”

သိမ့်ကြည်လင်က တောက်ပစွာ ပြုံးလျက်. . .

“ကောင်းပြီလေ”

“ဒါဖြင့်. . . ရော့. . . ဒီဝါးခမောက်လေးပါ ဆောင်းခဲ့”

နံရံတွင် ချိတ်ထားသော ဝါးခမောက်လေးကို ဖြုတ်ပြီး သိမ့်ကြည်လင်ကို ပေးကာ ပုံကြမ်းလောင်းရန် ပန်းချီပစ္စည်းများကို ယူ၍ အိမ်ပေါ်မှ ဆင်းဟန်ပြင်တော့. . .

“ဟော. . . ဆရာတို့ ဘယ်လဲ၊ ဒီမှာ နွားနို့ပူပူလေးနဲ့ ခြံထွက်သီးနှံတွေလေ”

သိမ့်ကြည်လင်မှ ပြုံးရယ်လျက်. . .

“နောက်မှ စားမယ်၊ အခုတော့ အဲဒီအစာထက် အရေးကြီးတဲ့စိတ်အာဟာရကို သွားသုံးဆောင်ဦးမယ်”

ဟု ပြောလိုက်ပြီး လွန်းကြင်၏ဆိုင်ကယ်လ်နောက်မှ လိုက်ပါသွားလေသည်။

လွန်းကြင်လည်း သိမ့်ကြည်လင် လိုက်ပါလာသဖြင့် စက်ဘီးပြိုင်ဘီးလေးနှင့် မသွားဘဲ မော်တော်ဆိုင်ကယ်လ်ကိုသာ စီးခဲ့ခြင်းဖြစ်သည်။

စောစောက နေရာယူထားသော လယ်ကန်သင်းရိုးတွင် နေရာပြန်ယူလိုက်သည်။

“သိမ့်. . . ဒီနေရာမှာ ခမောက်ကလေး ကျောမှာ သိုင်းချိပြီး ရပ်ပေးပါလား”

လွန်းကြင်က သိမ့်ကြည်လင် ပုံစံပြနိုင်ရာ နေရာနှင့် အနေအထားတို့ကို ညွှန်ပြပေးလေသည်။

“ညာဘက် နည်းနည်းတိုးပေးပါလား သိမ့်”

“ရပြီလား”

“အိုကေ”

လွန်းကြင် ရတောင့်ရခဲ အခွင့်အရေးကို အပြည့်အဝ အသုံးချလိုက်သည်။

“ဆယ်မိနစ်လောက်ပဲ သည်းခံပေးပါနော်”

လေအနေအ့၌ ဆော့ကစားကာ ယိမ်းထိုးနေသော ကောက်ပင်ပျိုတို့နှင့်အပြိုင် သိမ့်ကြည်လင်၏ပျိုမြစ်နုနယ်သော အလှက သူနိုင်ငါနိုင် အပြိုင်ကဲ့လျက်ရှိကြသည်။

လွန်းကြင်အတွက် တစ်စက္ကန့်ဆို တစ်စက္ကန့် ရသမျှ အချိန်တို့ကို တန်ဖိုးရှိစွာ ကောက်ကြောင်းလိုက်သည်။

ဆယ်မိနစ်။

“ပြီးပါပြီ”

“ဟင်. . . တကယ်”

သိမ့်ကြည်လင် မယုံကြည်နိုင်သလို အပြေးကလေး လာရောက်ကြည့်သည်။

“ဟယ်. . . ဒီလောက်အချိန်ကလေးမှာ သိမ့်ပုံက လှနေပါလား”

“ခဏလေးနော် သိမ့်၊ ခုနေမှာ အချိန်ဟာ စိန်ရွှေထက် တန်ဖိုးရှိနေပါတယ်၊ ဆေးစက်ချ Cutting လုပ်ပြီးရင် ပြီးပါပြီ”

လွန်းကြင်က ပန်းချီကားထဲ နစ်မျောစီးဝင်သွားလေသည်။






www.burmeseclassic.com

www.burmeseclassic.com



လွန်းကြင်၏ဆေးစက်များအကြား သိမ့်ကြည်လင်သည်လည်း နစ်ဝင်သွားရလေတော့သည်။

ဝါသနာတူချင်းမို့ ဆေးစက်များအကြား နစ်ဝင်သွားမှုက အချိန်ကုန်ဆုံးသွားမှုကိုပင် သတိမပြုနိုင်အောင်ဖြစ်နေလေသည်။

"ဆရာ. . . အစ်မလေးကို လာကြိုတဲ့ကား ရောက်နေပါပြီ"

"ဟင်. . ."

အိပ်မက်ပန်းချီထဲ စီးဝင်နစ်မျောနေမှုက လွတ်မြောက်လာကြလေတော့သည်။









# အခန်း(၇)

"တီ. . . တီ. . . တီ"

သူ့ခြံရှေ့သို့ နောက်ဆုံးပေါ် မာစီးဒီးကားအမျိုးအစား ကားကြီးထိုးရပ်လာသည်။

လွန်းကြင် တံခါးဖွင့်ပေးလိုက်ပြီး ဝရံတာသို့ ထွက်လာစဉ် ကားပေါ်မှ ဆင်းလာသူကြောင့်. . .

"ဟာ. . . ရဲ ဘယ်က လှည့်လာတာလဲ. . . ညကြီးမိုးချုပ်"

ကားသစ်တစ်စီး ပြောင်းလဲသွားခြင်းဖြစ်၍ လွန်းကြင်



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိခြင်းဖြစ်သည်။

"အေးကွာ. . . ပြည်ဘက် ကားရိုက်ပြီး ပြန်လာတာ၊ ဒီညတော့ ဒီမှာပဲ နားချင်တယ်. . . ဖြစ်မလား"

ရဲသည် အရာရာကို ငဲ့ညှာစာနာသထောက်ထား အားနာ တတ်သူဖြစ်သည်။ အိမ်ပေါ် တက်လာရင်း လှမ်းပြောလိုက် သည့်စကားကြောင့် လွန်းကြင်မှာ. . .

"မင်းကွာ. . . မင်းအိမ်ပဲဟာ၊ ဘယ်အချိန် အနားယူယူ ဒီအိမ်ဟာ မင်းအတွက် အမြဲအဆင်သင့် တံခါးဖွင့်ထားတာပဲ ကွာ"

"မင်းနေတော့ မင်းအိမ်ပဲပေါ့ လွန်းရာ၊ ငါ့အတွက် နွားနို့ လေးတစ်ခွက်လောက် ရမလား"

"အိုကေ. . . ကုတင်ပေါ်မှာသာ အိပ်တော့၊ ငါ ခုပဲ နွားနို့နွေးလိုက်ဦးမယ်"

"ရပါတယ်ကွာ. . . မင်းအိပ်ယာ မင်းပဲ အိပ်ပါကွာ၊ ငါ ဒီဆိုဖာမှာပဲ အိပ်မယ်"

"မဟုတ်တာ မလုပ်နဲ့ ရဲ၊ မင်းလိုလူက ကောင်းကောင်း အနားယူ အိပ်စက်ရမှာ၊ သွား. . . အခန်းထဲ သွားအိပ်၊ ဘီရိုထဲ မှာ မင်း ညအိပ်ဝတ်စုံတွေလည်း ရှိတယ်၊ အဝတ်လဲပြီးမှ အိပ် နော်"

"အေးပါကွာ. . . မင်းသဘောပဲ ရဲ၊ ငါ့ကိုတော့ မိန်းမ တစ်ယောက်လို ဗျစ်တောက်ဗျစ်တောက် မပြောနဲ့"

လွန်းကြင် ပြုံးလိုက်သည်။ "နွားနို့သောက်ပြီး သွားတိုက် ပြီးမှအိပ်" ဟု ပြောရမည့်စကားကိုတောင် သူ ဆက်မပြောရဲ





တော့ချေ။

ရဲနှင့် ပတ်သက်လာလျှင် သူသည် အစစအရာရာ ချစိုက်ပေးခဲ့ရသည်။ ရဲက သရုပ်ဆောင်သာ လုပ်သည်။ ဖြစ် တတ်ဆန်း နေတတ်သည်။

"မင်းနဲ့ တွေ့တော့မှ အိပ်ချင်စိတ်တောင် ပျောက်သွား ပြီ ဘာစားစရာရှိသေးလဲ၊ ဒီနေ့ညကနေ မနက်ဖြန် ဆယ်နာရီ လောက်အထိ ဖုန်းပိတ်ပြီးတော့ကို လွတ်လွတ်လပ်လပ် နားပစ် လိုက်မှာကွ လွန်းရာ၊ နွားနို့အပြင် စားစရာ ဘာရှိသေးသလဲ"

"ရှိတာက လက်ဖက်သုတ်ပဲကွ၊ နွားနို့သောက်မှာဆို စားနဲ့တော့ကွာ"

"ထမင်းကျန်သေးလား"

"ဘယ်ကျန်မလဲ၊ အဲ. . . ကျန်တယ်၊ မနက် ထမင်း ကြော်ဖို့"

"ဒါဖြင့် ထမင်းကြမ်းနဲ့ လက်ဖက်သုတ် စားမယ်ကွာ"

"လုပ်ပြီကွာ. . . အိပ်မပျော်ဘဲ နေမှာပေါ့ကွ"

"အိပ်ချင်တဲ့အချိန်မှ အိပ်ပါစေကွာ၊ မင်းနဲ့ မတွေ့ရတာ လည်း ကြာပြီ၊ ပြောစရာစကားတွေလည်း ပြောကြတာပေါ့"

ကလေးဆိုးကြီးလို ဖြစ်နေသော ရဲကို လွန်းကြင် အလို လိုက်လိုက်သည်။

ရဲဘဝမှာလည်း သရုပ်ဆောင်ဘဝမှ လွတ်လပ်မှု ကင်း သေးကာ မွန်းကျပ်မှုတော့ ရှိနိုင်သည်။

လွတ်လပ်ခွင့် အပန်းဖြေခွင့် ရတုန်းလေး သူပျော်သလို နေပါစေတော့ဟု ဆိုကာ ယောကျ်ားတန်မဲ့နှင့် လက်ဖက်သုတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ နှစ်ပြန်ကြော်တို့နှင့် ပုစွန်ခြောက်ခိုင်
ခြင်းနှင့် အားရပါးရ သုတ်ပေးလိုက်သည်။

တောင်ပေါ်သား သူတို့နှစ်ယောက်အတွက် အကြိုက်
ဆုံး အစားအစာလည်းဖြစ်သည်။

ဇာတိမြေ အလွမ်းပြေ လက်ဖက်သုတ်နှင့် ထမင်းကြမ်
ကို ရေနွေးကြမ်း ပူပူခါးခါးလေးနှင့် စားပြီး ရှေးဟောင်းနှောင်
ဖြစ်မှသည် ယခု ရင်ဆိုင်နေရသော လုပ်ငန်းခွင် ပြဿနာများကို
"ရဲ" က ရင်ဖွင့်လေသည်။

သူကတော့ နားထောင်သမားသက်သက်ဖြစ်နေသည်။

သူ့၌ ပြောစရာရှိနေသော တစ်ယောက်သောသူ အ
ကြောင်းကိုတော့ သူ မပြောပြတော့ပါချေ။

သိမ့်ကြည်လင်ဟူသော သာမန်မိန်းကလေး၊ ဒရိုင်ဘာ
သမီးတစ်ယောက်အကြောင်းကို ရဲနေလင်းလို နာမည်ကျော်
သရုပ်ဆောင်တစ်ယောက်က စိတ်ဝင်စားမှာလည်း မဟုတ်ပါဘူး
လေဟု လွန်းကြင် တွေးမိလိုက်သဖြင့် မပြောဖြစ်ချေ။

နောက်ဆုံး ညဉ့်နက် တစ်နာရီခွဲကျော်မှ ရဲနေလင်း
တစ်ယောက် ဆိုဖာရှည်ကြီးပေါ်တွင် အိပ်ပျော်သွားလေသည်။

လွန်းကြင် သက်ပြင်းချလိုက်ပြီး စောင်တစ်ထည်ယူကာ
လွှမ်းခြုံပေးရင်း ရဲကို ကရုဏာသက်စွာ ငေးကြည့်လိုက်မိသည်။

ရဲကို မိခင်ဆန်တဲ့ မိန်းမတစ်ယောက်နှင့် ဖူးစာဖက်ကာ
အိမ်ထောင်ပြုစေချင်သော စေတနာတစ်ရပ် ဖြစ်ထွန်းလာ
သည်။

စောစောက ရဲ ပြောသွားသည့်အထဲတွင် စိတ်ဝင်စား





-- သည်။ မိန်းမအကြောင်းဟူ၍ တစ်ခွန်းမှ မပါ,ပါချေ။

ဪ. . . ဖူးစာဖက်ချိန် မကျသေးဘူး ထင်ပါသည်။
သို့ဆိုလျှင် သူကကော. . .
ဖူးစာဖက်ချိန် ကျနေပြီလား။
သိမ့်ကြည်လင်ဟာ သူ့ဖူးစာရှင်များလား. . .။
တွေးကြည့်တော့ ရင်ခုန်လာသည်။
မွန်းထွေးလာသည်။
ဒါ အချစ်ကြောင့်လား၊ သူ မဆန်းစစ်တတ်သေးပါချေ။
လွန်းကြင် လေပူတစ်ချက် မှုတ်ထုတ်လိုက်မိလေတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"တီတင်. . . တီတင်. . . တန်"

ဖုန်းမြည်သံကြောင့် တယ်လီဖုန်းကို လှမ်းယူပြီး ဖုန်း စကင်န်ကို လှမ်းကြည့်လိုက်သည်။

"ပြော. . . မိဆွေ"

"ဟဲ့. . . မိသိမ့်၊ နင့်ပုံတူပန်းချီကား ဆုရတာ သိပြီး လား"

"ဟင်. . . ဘယ်မှာလဲ"

"ဘယ်မှာကမှာလဲ. . . သတင်းစာနဲ့ဂျာနယ်တိုင်းမှာ





ည်၊ ပန်းချီခါတ်ပုံ ပထမဆု ဆိုပြီး 'ရွှေမြို့တော်' ခါတ်ပုံကဏ္ဍ မှာ ရတာ"

"ဟင်. . . တကယ်. . . ဘယ်လိုပုံစံမျိုးလဲ"

သိမ့်ကြည်လင်မှာ အံ့သြမှုကြောင့် တဟင်ထဲ ဟင်နေရ သည်။

"ကောက်ပင်အလှနဲ့ မြို့သူမမတဲ့"

"ဟယ်တော်. . . ဒါဖြင့် ပန်းချီဆရာက ကိုလွန်းကြင် ပဲနော်"

"ဒါကျတော့ သိသားနဲ့. . . အံ့သြနေရသေးသလား၊ နင်း. . . မပြောလိုက်ချင်ဘူး၊ အစကတော့ ပန်းချီဝါသနာပါလို့ ပန်းချီဆရာမ လုပ်မယ်လေးဘာလေးနဲ့၊ အခုတော့ ပန်းချီဆရာ ကတော် လုပ်တော့မလို့ပေါ့လေ"

"အား. . . တော်စမ်းပါ မိဆွေရယ်. . . ပေါက်ကရ"

ရင်ထဲ ပျော်ရွှင်ကြည်နူးလျက်ရှိသည်မို့ ရယ်ရယ်မော မောပင် ပြောဆိုနေမိသည်။

"တော်စမ်းပါ မလုပ်နဲ့ ဆရာကတော်၊ သတင်းကို ဦးဦး ဖျား ပို့ရတဲ့အတွက် တစ်ခုခုတော့ လိုက်ကျွေးရမှာနော်"

"ကျွေးပါတယ်. . . ကျွေးပါတယ်၊ ဘာစားချင်သလဲ ပြော"

"ဝိုင်ကေကေအိုမှာ ဘာဘီကျူ၊ ကြေးအိုး၊ ငါးခူမွကြော်၊ ကောသီးသုတ်. . . ပြီးတော့. . ."

"တော်ပါတော့ မယ်မင်းကြီးမရယ်၊ ရှင်စားချင်တာကို ချင်းရေးထား၊ ဒယ်ဒီ့ဆီက မုန့်ဖိုးရတဲ့နေ့ ကျွေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . . ကတိတည်စေနော်"

"အေးပါ. . . စိတ်ချ"

ဒီတော့မှ သူငယ်ချင်းမိဆွေ ဖုန်းချသွားလေတော

သည်။

သိမ့်ကြည်လင်စိတ်ထဲ ချက်ချင်းပင် ပြေးလွှားသွ

ကြည့်ချင်သော်လည်း ချက်ချင်းမဖြစ်နိုင်သေးသမို့ အောက်ထ

ပြေးဆင်းကာ. . .

"အဘ. . . သမီးကို ဒီနေ့ထုတ် သတင်းစာနဲ့ ဒီ

ထွက်သမျှဂျာနယ်တွေ ဝယ်ခဲ့ပေးပါ"

"အားလုံးလား"

"ဟုတ်တယ်. . . အားလုံးပဲ၊ ရော့. . . ရော့. . .

ဂျာနယ်ဖိုး"

သိမ့်ကြည်လင်ကလည်း လောလောနှင့် ညွှန်ကြားပေ

သမျှ အဘကလည်း ခပ်မြန်မြန်ပင် ဝယ်လာလေသည်။

"အို. . ."

ဂျာနယ်ထဲတွင် သူ့ပုံလေးက ဆွဲအားကောင်းလို့နေလေ

သည်။

ကောက်ပင်များ ယိမ်းနွဲ့နေမှုအကြား သူ့ပုံလေးက

လည်း မျက်နှာအနေအထားအကျ အတော့်ကို အသက်ဝင်က

လှပနေသည်။ မျက်ဝန်းလေးက တောက်ပနေသလို နှာတံစင်

စင်းလေးနှင့် နှုတ်ခမ်းဖူးကြွကြွလေးက ပေါ်လွင်လျက်ရှိသည်

သူ တော်တော်လှနေပါလား။

ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကာ ရယ်လိုက်မိသည်။





ခစ်. . . ခစ်. . . ခစ်. . . ခစ်။

ဟင့်အင်း. . . ပန်းချီဆရာ တော်လို့ပါ။

ဒါတောင် ပန်းချီဆရာက နေစိမ့်လှသည်။

သူ့စံပြမယ်ကို ဖုန်းလေး ဆက်ကာ သတင်းပေးသင့်

သည်ပေါ့။

အို. . . သူ့မှာ လက်ကိုင်တယ်လီဖုန်း မရှိတဲ့ ဒရိုင်ဘာ

သမီးလေ။

ဟင်း. . . ဟင်း. . . ဟင်း။

ဖုန်းနံပါတ်တို့ လိပ်စာတို့မှ သူ မပေးခဲ့တာ၊ ကိုလွှန်း

အပြစ်မှ မဟုတ်တာ။

ဒါ့အပြင် အကြောင်းကလည်း ရှိသေးသည်။

"သမီး. . . ပန်းချီဝါသနာပါတာကို ခွင့်ပြုတယ်၊ မကန့်

ကွက်ဘူး၊ ဒါပေမယ့် အိမ်မှာ လူအဝင်အထွက် ရှုပ်အောင် ပန်းချီ

ဆရာတို့ ဝါသနာရှင်တို့ ခေါ်မလာနဲ့နော်၊ မာမီ သဘောမကျဘူး၊

န်းချီဆရာကြီးဦးဖေတင်က သမီးဒယ်ဒီ့မိတ်ဆွေဖြစ်နေတာ

ယ် ဆရာကြီးဂုဏ်ရယ်ကြောင့်သာ သမီးကို သွားခွင့်ပြုထား

တာ၊ မာမီတို့က ငါ့သမီးကို ယုံကြည်ပြီး ခွင့်ပြုထားတာ၊ အဲဒီ

တော့ ယုံကြည်မှုကို အလွဲသုံးစား မလုပ်နဲ့နော်၊ ဆရာကြီးဦးဖေ

တင်ကလွဲရင် အခြားပန်းချီဆရာတွေနဲ့ မေမေတို့ အဆက်အဆံ

လုပ်နိုင်သလို သမီးလည်း မလုပ်ရဘူး. . . ဒါပဲ"

မာမီ၏သတိပေးစကားကြောင့်သာ သိမ့်ကြည်လင်မှာ

ကိုလွှန်းကြင်ကို မုသားဖြူဖြူ သုံးခဲ့မိခြင်းဖြစ်သည်။

ဒရိုင်ဘာသမီးဟု။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ မကောင်း။

လိပ်ပြာမလုံသလို ခံစားရသည်။

တစ်နေ့ အခွင့်သာလျှင် ကိုလွန်းကြင်ကို တောင်းပန်ရဦးမည်။

တွေးတောရင်း ပင့်သက်ရှိုက်လိုက်သည်။ ထို့နောက် သူ့ပန်းချီခါတ်ပုံကို ခပ်ကြီးကြီး အသားပေး ဖော်ပြထားသော ဂျာနယ်ကို လက်က မချနိုင်အောင် ဖြစ်နေမိရင်း . .

"ကိုလွန်းကို သွားတွေ့ဦးမှ" ဟုလည်း စိတ်ထဲ အကြံယူ လမ်းစရှာလျက်ရှိလေသည်။







# အခန်း(၉)

"ဟင် . . လွန်းပန်းချီခါတ်ပုံက ပထမဆု ဆိုပါလား"

ရဲနေလင်း အံ့ဩဝမ်းသာသွားလေတော့သည်။

ရှုတင်နားနေချိန် ရိုက်ကွင်းတစ်နေရာ၌ သူ့ထုံးစံအတိုင်း မန်နေဂျာ ဝယ်လာပေးသော ဒီနေ့ထုတ် ဂျာနယ်များကို ဖတ်နေစဉ် လွန်းအတွက် ဂုဏ်ယူစရာသတင်းကြောင့် စိတ်ထဲ ရွှင်မြူးပျော်ရွှင်သွားသည်။

တဆက်တည်း ပန်းချီခါတ်ပုံထဲက မိန်းကလေးကို ကြည့်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



“တော်တော်စွဲမက်စရာကောင်းပါလား. . . ဆွဲဆောင်မှုအပြည့်ပဲ”

ဖြူစင်သောမျက်နှာလေး၊

အေးချမ်းသောမျက်နှာလေး။

လွန်းနဲ့ ဘယ်မှာ တွေ့ကြတာလဲ၊ လွန်းက ငါ့ကို ဒီအကြောင်း မပြောပါလား။

လွန်းရည်းစားများလား။

လွန်းရည်းစားဆိုပါက. . .

“ဟူး”

ရဲနေလင်း ဆက်မတွေးတော့ဘဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် လက်ထဲမှ ဂျာနယ်ကို ရင်ဘတ်ပေါ် တင်ကာ ဒရင်းဘက်ကို မှီလျက် မျက်လုံးအစုံမှိတ်ကာ အပန်းဖြေလိုက်စဉ်. . .

“ကိုရဲ. . . ဆွဲစားပါဦး”

သူ့အနီးသို့ ဘယ်အချိန်က ရောက်လာမှန်း မသိသော မင်းသမီးပန်းအိမ်ဖြွေက ဥရောပမှ တင်သွင်းလာသော သကြားလုံးကို လာကမ်းပေးခြင်းဖြစ်သည်။

လုပ်ဖော်ကိုင်ဖက်ချင်း မကောင်းတတ်သဖြင့် ရဲနေလင်း တစ်လုံးလှမ်းယူစားလိုက်သည်။

“ဆိုးသိုင့်ခ်”

“ဟင်. . . ဂျာနယ်လား၊ မင်းသမီးသစ်လား. . . ခဏလောက်”

ပြောပြောဆိုဆိုပင် ပန်းအိမ်ဖြွေက သူ့ရင်ဘတ်ပေါ်မှ





ဂျာနယ်ကို ဖိုးဖိုးဇတ်ဇတ် ဆွဲယူသွားလေသည်။

“ကောင်မလေးက ချောလှချည်လား. . . အကြည့်ခံတဲ့ ရုပ်ပဲ၊ ဒါရိုက်တာတွေ ပရိုဂျူဆာတွေ မြင်ရင်တော့ သဘောကျမှာပဲ၊ တစ်နေ့ တို့လောကထဲ ရောက်ချင်ရောက်လာမှာ”

ပန်းအိမ်ဖြွေ၏ဟောင်ဖွာဟောင်ဖွာစကားကြောင့် အားလုံးက စိတ်ဝင်တစားဖြစ်သွားကြပြီး. . .

“ခဏလောက်”

“ပြစမ်းပါ”

“ဘယ်မှာလဲ”

“ကြည့်ပါရစေ. . . ကိုယ်လုံးကလည်း ရှယ်ပါလား”

တစ်ယောက်တစ်ပေါက်နှင့် ဂျာနယ်တစ်စောင်လုံးလည်း သူတို့အဖွဲ့သားအားလုံးလက်ထဲသို့ လက်ဆင့်ကမ်း ပျံ့နှံ့သွားလေသည်မို့ ရဲနေလင်း ပန်းချီဓါတ်ပုံရှင်လေးကိုပင် အားနာကာ သနားသွားမိလေသည်။

စိတ်ထဲကလည်း. . .

“ငါတို့လောကထဲတော့ မင်းဝင်မလာချင်ပါနဲ့ မိန်းကလေးရေ၊ မင်းရဲ့အရိုးခံ စင်းလုံးချော မျက်နှာလေးကိုပဲ မင်းဘဝ အေးအေးချမ်းချမ်းသာ နေပါကွာ”

ထိုစဉ်. . .

“ကလင်”

ရိုက်ကွင်းပြန်စရန် အချက်ပေးပြီမို့ ရဲနေလင်း ထွေပြားသွားသောအာရုံကို ဖြတ်တောက်ပစ်လိုက်သည်။

ဇာတ်ဝင်ခန်းအတွက် သူ့အာရုံကို မပြင်ဆင်ရသေးပါ



www.burmeseclassic.com

www.burmeseclassic.com



လား။

ဓါတ်ပုံကို မြင်ရုံမျှနှင့် သူ့အာရုံကို ဓါတ်ပုံရှင်က ဖမ်းစား သွားသည်။

ဩော်. . . ဒဿဂီရိမင်း မယ်သီတာဒေဝီ၏ရွှေရုပ်လွှာ ပုံကို မြင်ရုံနှင့် အရူးအမူး စွဲလမ်းသွားခဲ့သည်ဆိုခြင်းမှာ မလွန်ပါ လားဟု စာနာတွေးနှင့် ဒဿဂီရိကိုပင် ကိုယ်ချင်းစာကာ နား လည် သနားသွားခဲ့ရလေပြီ။

ရဲနေလင်း ဒရင်းဘက်ပေါ်မှ ထလိုက်သည်နှင့် ဓါတ်ပုံ ရှင် မိန်းကလေးထံမှ အာရုံဟူသမျှတို့ကို ရုပ်သိမ်းပြီး သူ သရုပ် ဆောင်ရမည့် ဇာတ်ဝင်ခန်းထဲသို့ နှစ်၍ထားလိုက်လေတော့ သည်။

"ဒီအခန်းပြီးရင် ရန်ကုန်မပြန်ဘဲ ပေလီကို ရိုးလမ်းက နေ ခရီးဆက်မယ်၊ ပေလီမှာ ဇာတ်သိမ်းခန်း ရိုက်မယ်၊ ဒီတော့ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားကြ. . . ဒါပဲ"

ဒါရိုက်တာက ကြေညာချက် ထုတ်လိုက်သည်။

သူတို့ ဇာတ်ကားရိုက်နေရမှာ ပြည်မြို့ဖြစ်လေသည်မို့

ရိုက်ကွင်းထပ်နားချိန်၌ ရဲနေလင်း လွန်းကို ဖုန်းခေါ် လိုက်သည်။

ဖုန်းကိုင်မည့်သူ မရှိချေ။

"လွန်း" ရန်ကုန်တက်နေချိန်လည်းဖြစ်နိုင်သည်။

ဒါမှမဟုတ် တစ်နေရာရာသို့ Outdoor ထွက်နေခြင်း လည်းဖြစ်နိုင်သည်မို့ သူ လက်လျှော့လိုက်သည်။

သူ့စိတ်တို့သည် တကယ်ကိုပင် လူနှင့် မကပ်ချင်သလို





ဖြစ်နေသည်။

ရွှေရုပ်လွှာရှင် မိန်းကလေးနှင့် လွန်း ဆက်စပ်မှု အ ကြောင်းကို သိချင်နေသည်။

"ငါ့နှယ်နော်. . . ဖြစ်မှဖြစ်ရလေတယ်၊ ဒီလောက် တောင် အလန်းတွေ ဝိုင်းဝိုင်းလည်နေခဲ့တာကို ဘာမှမခံစားရဘဲ ဒီပန်းချီဓါတ်ပုံမိန်းကလေးကိုမှ စွဲလန်းရတယ်ရယ်လို့ မဟုတ် သေးဘူး ထင်တယ်နော်"

ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း သူ့လက်ထဲ ပြန်ရောက် လာသောဂျာနယ်ကို ပြန်ကောက်ယူကာ ကြည့်လိုက်သည်။ ဂျာနယ်တောင် နည်းနည်းကြေသွားသည်မို့. . .

"တောက်. . . လူတွေက စည်းကမ်းကို မရှိကြဘူး"

ဟု စိတ်ထဲ မေတ္တာပို့သလိုက်မိလေသည်။

ထို့နောက် ကိုယ့်ကိုယ်ကို မပိုင်သောဘဝမို့ ပြည်မှ ပေလီသို့ ကူးပြောင်းရန် ပြင်ဆင်လှုပ်ရှားရလေတော့သည်။

ရခိုင်ရိုးမကို ကျော်ဖြတ်ပြီး ပင်လယ်ပြင်သို့ ရောက်လေ သောအခါ. . .

ပင်လယ်ရေငွေ့ရနံ့တို့က လူစိတ်ကို လန်းဆန်းတက် ကြွသွားစေလေသည်မို့ ရဲနေလင်း ပင်လယ်လေရနံ့ကို ပြည့်ပြည့် ဝဝ ရှူသွင်းလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

စူပါမင်းသားအနေနှင့် ရဲနေလင်း မာန်ဝံ့မနေပါ။ ရခိုင်ရိုးမကို ဖြတ်ကျော်ပြီး ကားလမ်းခရီးဖြင့် ငပလီသို့ ခရီးဆက်ခဲ့ကြသည်ကို မညည်းညူ။ လေယာဉ်နဲ့မှဟူ၍လည်း ဂျီမကျ။

ဒေသန္တရ ဗဟုသုတတောင် ရသေးသည်ဟု သဘောပိုက်ကာ အဖွဲ့သားများနှင့် ပျော်ပျော်ပါးပါး နောက်ပြောင်ဟယ်နှင့် ခရီးဆက်လာခဲ့ကြရာ ရဲနေလင်းတို့ ငပလီရွာထဲကို ဖြတ်ကျော်လာစဉ်. . .

"ကားရပ်ခိုင်းဗျာ ကိုသီး၊ ရောက်တုန်းရောက်ခိုက် ရန်





ကုန်က ရခိုင်မုန့်တီနဲ့ ငပလီ ရခိုင်မုန့်တီ ဘာကွာသလဲ စားရင်းတော်ဝန်းကျင်လည်း လှည့်လာပြီးမှ ဘန်ဂလိုကို သွားကြတာပေါ့"

"မင်းသားသဘောဗျာ. . . ကျွန်တော်တို့ ယောကျ်ားလေးတွေကတော့ ဒုပေဒကျ်ပေခံတွေ. . . မိန်းမတွေသာ"

"ဟုတ်တယ်. . . ကျုပ်တို့တော့ ကျောဆန့်ခြေဆန့် နားလိုက်ဦးမှ"

အမေများအဖွဲ့မှ ဒေါ်နွဲ့နွဲ့က သူတို့ ပါဂျဲရိုကားထဲလိုက်ပါလာသည်မို့ ဝင်ပြောလိုက်သည်။

တကယ်တမ်း ကားပေါ်မှ ငပလီရွာထဲ ဆင်းနေခဲ့သူမှာ ရဲနေလင်းနှင့် ကိုသီး၊ လူကြမ်းအောင်ခန့်သာ ဖြစ်လေတော့သည်။ ကျန်သူများက ကားနှင့် တည်းခိုမည့်ဘန်ဂလို ရှိရာသို့ ဆက်သွားကြသည်။

ရဲနေလင်းကို မြင်သည်နှင့် ဈေးသည်အချို့ ဝိုင်းလာသည်။

"ခရုပုတီးလေးတွေ အားပေးပါဦးရှင်"

ရခိုင်သံလေး ဝဲ၍ ချိုလွင်နုစက် အေးမြကြည်လင်နေသောအသံကြောင့် အုန်းပင်တန်းဘက်သို့ ခြေလှမ်းနေသော ရဲနေလင်း၏ခြေလှမ်း နောက်ကြောင်းပြန်လှည့်မိလေသည်။

ပုတီး၊ လိုက်ကာ၊ အရုပ်ပုံသဏ္ဍာန်မျိုးစုံ၊ မီးအုပ်ဆောင်းသည်ဖြင့် ခရုများဖြင့် ပြုလုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများအကြားက ဘွားကနဲ တွေ့လိုက်ရသော မျက်နှာဝင်းဝင်းလေးကြောင့် ရဲနေလင်း ဆတ်ကနဲ တုန်လှုပ်သွားသည်။

သူ လက်က မချနိုင် ဖြစ်ရသော ဂျာနယ်ထဲမှ ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပုံဆုရှင်လေးပါလား။

ဟုတ်နိုင်ပ့ါမလား။

ယခုမိန်းကလေး၏ပုံစံက ရှားရှားပါးပါး လှပသော ဆံတောက်ကလေး ချထားပြီး သနပ်ခါး ပါးကွက်ကြားနှင့် မျက်ဝန်းနက်နက် မျက်တောင်နက်နက် ကော့ရှွန်းနေသောအလှက တိမ်ညိုကြားက လဝန်းနှယ် ရင်ကို အေးမြစေသည်။

"ဝင်ကြည့်ပြီး လေ့လာနိုင်ပါတယ် အစ်ကို"

ရဲနေလင်း၏ခြေလှမ်းများက ဆိုင်နားကပ်လျက်ရှိနေပြီ။

စိတ်စွဲလမ်း၍များလား။ မဟုတ်နိုင်ပါ။ တူတာမှ အတော့်ကို တူသည်မို့ ဆိုင်ရှေ့ ခြေစုံရပ်ရင်း ခရုပုတီးလေးကို ကောက်ယူကာ ယောင်ချာချာဖြစ်နေစဉ်. . .

"ရဲနေလင်း. . . မင်းသားရဲနေလင်းဟေ့"

တီးတိုတီးတိုးနှင့် သူ့နောက်က ပါလာသော လူအုပ်ကြီးကြောင့် ရဲနေလင်းအာရုံတို့ လွင့်ပြယ်သွားရာမှ ပစ္စုပ္ပန်တည့်တည့်ကို ရှေ့ရှုလိုက်ရသည်။

ထိုစဉ် ဈေးသည်ရခိုင်သူချောချောလေးက သူ့နောက်က ခွေးသားအုပ်မကြီး နှို့လိုက်ဆွဲသလို လိုက်ပါလာသော ကလေးနှင့် လူရွယ်အုပ်စုအား. . .

"ဟဲ့. . . နင်တို့ကလည်း ရိုင်းလိုက်ကြတာ၊ သွားကြစမ်း အစ်ကိုမင်းသား ငါတို့ဆိုင် ဈေးဝယ်ဖို့ဟာ မနှောင့်ယှက်ကြနဲ့၊ အေးအေးဝယ်ပါစေစမ်း"

သူ့လောကနှင့်သူပေပဲ။ မိန်းကလေးလည်း ဩဇာရှိပုံရသည်။ လူအုပ်ကြီး ရှဲသွားကြသည်။





သည်တော့မှ ရဲနေလင်းလည်း အသက်ရှူချောင်သွားသတော့သည်။

"ငါ့ညီမကို ကလေးတွေက ကြောက်ကြတယ်နော်"

သူက နှစ်လိုဖွယ် ပြုံးပြရင်း ခရုပုတီး တထွေးကြီးကို ပမ်ကိုင်ရင်း မေးလိုက်သည်ကို. . .

"သူတို့ကို သဲနုက အမြဲတမ်း မုန့်ဝယ်ကျွေးသလို စာသင်ပြပေးတာကိုး အစ်ကိုရဲ့. . . ဒါကြောင့်ပါ"

မျက်ဝန်းနက်နက် မျက်တောင်ကော့ကော့အပြင် ညီညာဝင်းလက်သောပုလဲသွယ်ကုံးလေး၊ သွားစွယ်တန်းလေးနှင့် ပါးချိုင့်တစ်ဖက် ခွက်ဝင်သွားပုံက လှလွန်းလှသည်။ တကယ့်သဘာဝနှင့် ပင်ကိုယ်လှသွေးကြွယ်သည့် မိန်းကလေးပါတကား။

"အစ်ကို. . . ဘာယူမလို့လဲဟင်"

ရဲနေလင်း ယောင်ချာချာနှင့် လက်ထဲရှိ ခရုရောင်စုံပုတီးကုံးလေးများကို မြှောက်ပြကာမေးလိုက်သည်။

"ဒါက ဘယ်လောက်လဲ"

"တစ်ကုံးတစ်ရာပါရှင့်. . . ဟောဒီအကုံးငယ်လေးတွေက နှစ်ကုံးတစ်ရာပါရှင့်"

"ဩော်. . . ဒါဖြင့် ဒီလက်ထဲက အကုံးတွေ ယူသွားမယ်၊ ကိုသီး ရှင်းလိုက်ဗျာ"

"ဟယ်တော့"

ရခိုင်ပျိုချော ဝမ်းသာသွားပုံရသည်။ နီစွေးစွေး နှုတ်ခမ်းလေးက သွားစွယ်တန်းလေး ပေါ်အောင် ထပ်ပြုံးလိုက်ရာ ဘယ်ဘက်ပါးထက် ခွက်ဝင်သွားသော ပါးချိုင့်လေးထဲ လက်ညှိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးကာ ကျီစယ်ချင်လောက်အောင် အသည်းယားသွားခဲ့သည်

ဘယ့်နှယ်. . . သူ့ရင်ကြီးတစ်ခုလုံး တဒုန်းဒုန်း
မြည်ဟည်းသံစဉ် ကျယ်လောင်မြန်ဆန်နေရပါလိမ့်။

"သဲနုဆိုင်က ပုတီးအကုံးသုံးဆယ်တောင် ဝယ်
ကျေးဇူးတင်ပါတယ်ရှင့်၊ တစ်ကုံးအပိုထည့်ပေးလိုက်တယ်
အစ်ကို"

"နာမည်က သဲနုတဲ့လား"

"သဲနုသာပါရှင့်"

"မင်းဆိုင်မှာ ဘာတွေရှိသေးသလဲ"

"ခရုပန်းခိုင်ကြီးတွေ အားပေးနိုင်ပါတယ်ရှင့်"

"နောက်တော့ကော"

တကယ်တော့ သဲနုသာဆိုသော ရခိုင်ပျိုဖြူချော
နားက မခွာချင်သေးသဖြင့် ပေရှည်နေခြင်းဖြစ်သည်။

"ခန်းစည်းတွေရယ်. . ပြော်. . . အုန်းဆီမွှေး စစ်
လည်း ရနိုင်ပါသေးတယ်ရှင့်. . . တအားမွှေးတာပဲရှင့်"

သဲနုသာ မည်သော ရခိုင်ပျိုဖြူချောလေးက ဆိုင်တွ
ရှိရှိသမျှသောပစ္စည်းများကို ထုတ်ပြရှာလေသည်။

ရဲနေလင်းကလည်း သဲနုသာ ထုတ်ပြသမျှပစ္စည်းများ
မလွတ်တမ်း ဝယ်လေသည်။ ငွေချေပေးရင်း ပစ္စည်းထုပ်များ
သယ်ယူရမည့် ကိုသီးမှာ စိတ်ပျက်လက်ပျက်ဖြစ်နေပြီး စိတ်
တွင်လည်း အံ့အားသင့်နေမိသည်။

ရဲနေလင်းသည် မိန်းမနှင့် ပတ်သက်လျှင် အလွန်က
ကင်းရှင်းရှင်း နေတတ်သူဖြစ်ပါလျက် ယခုတော့လည်း အသည်





အသန်ပါပဲလား။

အသည်းအသန် ဖြစ်မယ့်ဖြစ်ရတော့လည်း သာမန်
ရွာသူချေးသည်လေးကိုမှလား။ ဒီကောင် ဦးနှောက်မှ ကောင်း
သေးရဲ့လား။

အင်းလေ. . . ဒါကြောင့်လည်း အချစ်မှာ မျက်စိမရှိဘူး
လို့ ပြောကြတာ ဖြစ်မည်ပေါ့ဟု ကိုသီးမှာ မင်းသားကို ကြည့်ပြီး
အံ့အားလည်းသင့်၊ ညစ်လည်း ညစ်နေရသည်။ ထိုစဉ်. . .

"မဇင် ကောက်ညှင်းထုပ်ပူပူလေးရှင့်. . . အုန်းသီးနှင့်
လုပ်ထားတာ သုံးဆောင်ကြပါဦးရှင့်"

အမျိုးသမီးကြီးတစ်ဦးက ငွေလင်ပန်းနှင့် ကောက်ညှင်း
ထုပ်သေးသေးလေးများကို ထည့်ကာထည့်ကာ ဧည့်ဝတ်ပြုလေ
သည်။

ရဲနေလင်း ဝါးကွပ်ပျစ်ခုံမှာ ထိုင်လိုက်ပြီး ကောက်ညှင်း
ထုပ်ကလေးများကို အားပါးတရ ဖြည်စားလေတော့သည်။
ကိုသီးအားလည်း. . .

"စား. . . ကိုသီး၊ တကယ်အရသာရှိတာ၊ ဘယ်
ကောက်ညှင်းထုပ်နဲ့မှ မတူဘူးဗျ"

"မဇင်ကောက်ညှင်းထုပ်ဆိုတာ အထုပ်သေးသလောက်
နာမည်က ကြီးသကိုးဗျ. . . မင်းသားရယ်"

ကိုသီးလည်း စားလေတော့သည်။

သဲနုသာမှာ နာမည်ကြီးမင်းသား၊ သူတို့ကိုယ်တိုင် သဲသဲ
လှုပ် ကြိုက်ခဲ့ အားပေးခဲ့ရသောမင်းသားကိုယ်တိုင် သူ့ဆိုင်မှာ
အားပေးရုံမက ကောက်ညှင်းထုပ်ကိုပါ ခင်မင်စွာ သုံးဆောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြည့်ရင်း ဝမ်းသာလွန်းသဖြင့် ပီတိမျက်ရည်ပင် စို့ချင်ရှ
သည်။

"အားပါးပါး. . . ဗိုက်ဆာတာနဲ့ အတော်ပဲ၊ ကောင်
လိုက်တာ. . . မွှေးအီသွားတာပဲ"

"စားပါ အစ်ကိုမင်းသားရှင့်၊ အဆာပြေ စားဖို့လည်း
ယူသွားပါဦး"

"ဟုတ်ပါပြီ. . . ရုပ်ရှင်အဖွဲ့သားတွေပါ ကျွေးဖို့ပါ ဝယ်
သွားလိုက်ပါ ကိုသီး၊ ရော့. . . ပြန်မအမ်းနဲ့တော့"

ရဲနေလင်းက ငါးထောင်တန်တစ်ရွက်ကိုပါ ပေးလိုက်
သဖြင့် သဲနုသာမှာ ငါးထောင်တန် အသစ်စက်စက်လေး ကိုင်
ရင်း စောစောက စိမ့်တက်နေသော မျက်ရည်တို့ ဝေလေရာမှ
ကြွေလေပြီ။

"ဟင်. . . ဘာဖြစ်လို့လဲ၊ နည်းလို့လား"

ရဲနေလင်း ရင်ဝယ် ထိရှသွားသည်။ ငိုလည်း လှပြီး
ဂရုဏာ သက်စရာပါတကား။

"မဟုတ်ပါဘူး အစ်ကို. . . များလွန်းနေပါတယ်၊ သုံး
ထောင်လောက် ပြန်အမ်းရမှာပါ"

"မအမ်းနဲ့တော့လို့ ပြောပြီးပြီပဲ"

"ကျေးဇူးတင်ပါတယ် အစ်ကိုမင်းသားရယ်၊ အနန္တော
အနန္တကျေးဇူးကြောင့် ထင်ပါတယ်၊ ပါပါက ယွဲ့ယွဲ့ကလေး ရှိတာ
ဆေးကုဖို့ ဆေးဖိုးရသွားလို့ပါရှင့်"

ရဲနေလင်း ရင်ထဲ ဂရုဏာမိုး ဖွဲပြီးရင်း ဖွဲလေပြီ။

"သဲနုအဖေက ဘာဖြစ်လို့လဲ"





"လေဖြတ်တယ် ပြောတာပဲ၊ အခုတော့ အစာပါ ဖြတ်
. . တ်လာပြီ"

ပြောရင်း မျက်ရည်က ထပ်မံဝဲလာပြန်ရာ. . .

"ငိုတော့ မငိုချလိုက်ပါနဲ့ သဲနုရယ်"

ရဲနေလင်း ရင်မှာ နာကျင်လာသဖြင့် ယခုမှ တွေ့သော
. . န်းကလေးကို တရင်းတနှီး ပြောနေမိသည်။ ဒီအတွက် သူ့ကိုယ်
. . လည်း တအံ့တသြ ဖြစ်နေမိသည်။

ကိုသီးက သူ့အား ထိန်းဖို့ ကြိုးစားသည်။

"ကိုင်း. . . မင်းသား၊ စားလည်း စားပြီးပြီဆိုတော့ ပြန်
. . ရအောင်၊ ဒါရိုက်တာကြီး မျှော်နေလိမ့်မယ်"

မင်းသား၏သေတ္တာဆွဲ၊ အကျီခေါက် မောင်ချစ်က
တော့ ခရုထုပ်နှင့် ကောက်ညှင်းထုပ်များကို ဆွဲလျက် ပေလီရွာ
. . မှ ဘန်ဂလိုရှိရာ ကမ်းခြေသို့ ကွတကွတနှင့် သွားလေပြီ။

"အစ်ကိုတို့ ရုပ်ရှင်လာရိုက်တာလား"

"အင်း. . . တိမ်ပြာမှာ တည်းမယ်"

"မင်းသမီးကော ပါ,ပါသလားရှင့်"

"ပါတယ်. . . ပန်းအိန္ဒြေ"

"အိုး. . . တွေ့ချင်လိုက်တာ၊ အားမှ လာကြည့်တော့
. . ယ်"

"အင်း. . . သွားပြီ"

"ဟုတ်ကဲ့ရှင့်"

ရဲနေလင်း ရခိုင်ပျိုဖြူချောလေးဆိုင်မှ မခွာချင်ဘဲ ခွာ
. . ာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့် ရှုတင်မှာရော ပြင်ပမှာပါ ဘယ်မိန်းကလေးနှင့်မှ ရောရောဝင်ဝင် မလုပ်ခဲ့ဖူးပါချေ။

ယခုမှ ထူးထူးဆန်းဆန်း ငပလီရွာသူ ခရုပုတီးသည်လေးနှင့် ခင်ခင်မင်မင်စကားတွေ ပြောနေမိသည်။

ဘာကြောင့်လဲ။ သူ့စိတ်ထဲ စွဲနေသည့် ပန်းချီဓါတ်ပုံရှင် "ရွှေရုပ်လွှာရှင်" လေးနှင့် ရုပ်ချင်းတူနေ၍လား။

ဒါမှမဟုတ် သဲနုသာလေးကိုပဲ ဂရုဏာသက်မိတာလေကြောင့်လား။

ရဲနေလင်း သူ့စိတ်ကိုသူ လုံးဝဝေခွဲမရသေးပါချေ။

ငပလီ သဲသောင်ခုံကြီးအတိုင်း တည်းခိုမည့်ဘန်ဂလိုရှိရာသို့ လျှောက်ခဲ့လိုက်လေတော့သည်။

သန့်ရှင်းလတ်ဆတ်သော ငပလီပင်လယ် လေနုထွေးကြီးက သူ့အား ဆီးကြိုပွေ့ဖက်လေသည်မို့ . .

ရင်မှာ နွေးထွေးလန်းဆန်းသွားလျက် ရှိလေတော့သည်။







# အခန်း(၁၁)

ပင်လယ်ပြင်ကို မျက်နှာမူထားသော သူ့အတွက် ဒေါယ်ရှယ်ခန်းတွင်း ကြိုးဆွဲလိုက်ကာကို ဖယ်လိုက်တော့ ပြာကြည်လင်နေသော ပင်လယ်ပြင်ကြီးက သူ့မြင်ကွင်း၌ ပြည့်နှက်နေရာ ရင်ထဲ ကြည်လင်သွားပြီး အချစ်ဆုံးသူငယ်ချင်း "လွန်း" ကို သတိရသွားသည်။

"လွန်း" သာဆိုလျှင် သူ့အတွက် ပန်းချီကားတစ်ချပ် ဖြစ်နိုင်ပေလိမ့်မည်။ တစ်ချပ်မက ပန်းချီကားချပ်ပေါင်းများစွာသည်း ဖြစ်နိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်း" လည်း နယ်တွေ ထွက်ပြီး ပန်းချီဆွဲသင့်နေ
ပြီ။

ဤခရီးစဉ်ကို ကြိုတင်သိပြီး အချိန်ပေးနိုင်လျှင် လွန်း
တစ်ခါတည်း အပါခေါ်လာနိုင်မည်။ နောက်ဆိုလျှင် လွန်း
ခရီးစဉ်တွေ ရှိလျှင် လိုက်နိုင်က ခေါ်သွားမည်ဟုလည်း ဆုံးဖြ
လိုက်သည်။

"မင်းသမီး အပူရှပ်မယ်နော်၊ ရေပြောင်းမြေပြောင်းမှ
ဖျားနာနေရင် ပြဿနာတက်မယ်"

ဒါရိုက်တာ့ဂျိုးဇက်အသံသြက ဟိန်းထွက်လာသည်
လူငယ်ဒါရိုက်တာဖြစ်ပေမယ့် အဖိုးအိုပေါက်စလေးလိုပင် သူ့မှ
ပူပန်မှုတွေ များနေသေးသည်။

"အမယ်လေး . . . ဒါရိုက်တာရယ်၊ အညာဒေသလို
အပူမရှပ်နိုင်ပါဘူးနော်၊ ငပလီရေနဲ့ ပန်းနဲ့က ရင်းနှီးပြီးသား
မင်းသားကော ရေလိုက်ကူးပါလား . . . ခစ် . . . ခစ်"

ရယ်သွေးသွမ်းရင်း လှမ်းပြောလိုက်သည့် မင်းသမီးချော
ပန်းအိန္ဒြေကို သူလှမ်းကြည့်လိုက်သည်။

အောက်ခံရေကူးဝတ်စုံပေါ်မှာ ကိုယ်ရုံအကျီရှည်
ဖဲသားဝါလွှင်လွှင်အပွင့်ကြီးနှင့် အဆင်ကို ခါးပတ်ကြိုးချည်ရင်း
ခစ်ကနဲ ရယ်ကာ သူ့အား လှမ်းပြောနေသောလေသံနှင့်
အကြည့်က သာမန်ပုရိသတို့ ငိုက်ဆင်းသွားလောက်သည်။

ရဲနေလင်းကလည်း သာမန်ပုရိသပါပဲ။ သို့သော် ဗုဒ္ဓ
ဘာသာ၏ အဆုံးအမတရားနှင့် ကြီးပြင်းလာသောလူပေမို့
ကာမပိုင်ယောကျ်ားရှိသော မင်းသမီးချော ပန်းအိန္ဒြေကို ယော





၍မျှပင် စိတ်နှင့်ဓတောင် မပစ်မှားမိချေ။

"ကျွန်တော် နားလိုက်ဦးမယ်ခင်ဗျ"

ဟုသာ ပြောပြီး ပင်လယ်ပြင်ကို မျက်နှာမူထားခြင်းကို
ဖယ်ကျဉ်လိုက်လေသည်။

မင်းသမီးပန်းအိန္ဒြေက မဲ့ပြုံးပြုံးကာ ပင်လယ်ပြင်ဆီသို့
ဦးတည်လိုက်လေသည်။

မင်းသမီး သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ထင်
လောက်မှ ရဲနေလင်း ဝရံတာသို့ ထွက်ကာ ကြိမ်ကုလားထိုင်တွင်
ထိုင်ရင်း သူ့ဂျီအက်စ်အမ်ဖုန်းလေးကို ထုတ်ကာ မော်ဘီအိမ်သို့
ဖုန်းခေါ်လိုက်သည်။

ဖုန်းခေါ်သံက အဆက်မပြတ် ထွက်ပေါ်နေသည်ကို
ကိုင်မည့်သူ မရှိ။

လွန်း အခုတလော အိမ်မှာ ရှိမနေ။ လမ်းထွက်များနေ
သည် ထင်ပါသည်။

ဖုန်းကို သုံးလေးကြိမ်မျှ ခေါ်အပြီးတွင် သူ လက်လျှော့
လိုက်လေတော့သည်။

လွန်းနှင့်သူ တွေ့ချင်နေသည်။ လွန်းကို မေးစရာ မေး
ခွန်းတွေ ရှိနေသည်။

"ရွှေမြို့တော်" ပန်းချီပါတ်ပုံကဏ္ဍဆု၌ ပထမဆု ရထား
သော မိန်းကလေး၏အကြောင်းကို သိချင်နေသည်။

ရွှေရုပ်လွှာမိန်းကလေးက ဘယ်ဇာတိလဲ။

သဲနုသာများလား။

တူတာမှ တော်တော့်ကို တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သဲနုသာနှင့် ရွှေရုပ်လွှာပိုင်ရှင်သည် တစ်ယောက်တည်းဆိုပါက သူ့အတွက်တော့ ဝမ်းသာစရာပင်။

တွေ့ချင်နေသော ရွှေရုပ်လွှာရှင်ကို ဘယ်သူ့အကူအညီမှ မပါဘဲ တွေ့လိုက်ရ၍ဖြစ်သည်။

သူ ဂရုဏာမိုးတွေ အလိုလို စွေမိသော သဲနုသာလေးကို ဂျာနယ်ပုံပြပြီး မေးကြည့်ဦးမှ။

"မောင်ချစ်ရေ"

ထူးသံမကြားရ။

အသံထပ်မြှင့်ကာ ခေါ်လိုက်သည်။

"မောင်ချစ်"

"မောင်ချစ် ရေဆင်းကူးနေပြီ မင်းသား. . . ဘာလိုချင်လို့လဲ"

"ဘာမှမဟုတ်ပါဘူး ကိုသီး"

"ကိုယ်ဘာလုပ်ပေးရဦးမလဲ မင်းသား"

"မလိုသေးပါဘူး"

"ဒါဖြင့် ကိုယ်လည်း ရေထဲ ဆင်းလိုက်ဦးမယ်"

"ကောင်းပြီ"

ရဲနေလင်း ဆိတ်ဆိတ်ပင် နေလိုက်သည်။ လွန်းပြီးလျှင် ကိုသီးသည် သူ့မန်နေဂျာဖြစ်ခြင်းကြောင့် လက်ပွန်းတတီးပင် နေကာ ရင်းနှီးသူဖြစ်ပါသည်။

သို့တိုင်အောင်. . .

ရဲနေလင်းသည် အနေအထိုင် အပြောအဆိုက လိမ္မာကျစ်လစ်သူပီပီ နှုတ်မဖွာ အာမချောင်ပါချေ။ ပါးစပ်အရသာခံ





ပြောတတ်သော ယောက်ျားလေး အမျိုးအစားတွင် ရဲနေလင်း မပါချေ။

ထို့ကြောင့် သူ့ရင်ထဲသို့ ခံစားချက်တွေ ဖြစ်ပေါ်စေနိုင်စွမ်းရှိသော ရွှေရုပ်လွှာရှင်နှင့် ပေလီသူ ခရုပုတီးသည်လေး သဲနုသာအကြောင်း ဘယ်သူနှင့်မှ တိုင်ပင်ဆွေးနွေးမနေ။ ဖွင့်ဟ၍လည်း မတိုင်ပင်ပါချေ။

သူ မေးမြန်းဆွေးနွေးလိုသူမှာ လွန်းတစ်ယောက်တည်းသာ ဖြစ်လေသည်မို့ လွန်းကိုသာ ဆက်သွယ်နေသည်။

ဂျီအက်စ်အမ်ဖုန်းနှင့် မရတော့ ကမ်းရိုးတန်းဖုန်းနှင့် ဆက်ကြည့်သည်။

ဖုန်းက လက်ခံမည့်သူ ရှိမနေသဖြင့် လက်လျှော့လိုက်ရလေသည်။

လွန်း အပြင်သွားနေလို့ပဲ ဖြစ်မှာပါဟု. . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ဂိ. . . ဂိ. . . ဂိ"

အုတ်တံတိုင်း သံပန်းတံခါးကြီးအနီးရှိ လူခေါ် လျှပ်စစ်ခေါင်းလောင်းအား နှိပ်လိုက်သည်။

လွန်းကြင် လက်တစ်ဖက်၌ မှန်ပေါင်ပါသည့် ဓါတ်ပုံပန်းချီကားကို ပလတ်စတစ်အိတ်ပါးထဲ ထည့်ကာ ဆွဲထားသည်။

ပြိုင်ပွဲမဝင်မီကတည်းက ဤပန်းချီကား ဆုဝင်မှာပါပဲဟု မှန်းထားခဲ့သည်။ သိမ့်ကြည်လင်၏ပုံက အသက်ဝင်လွန်းလှသည်ကိုး။





မျှော်လင့်ထားသည်ထက် ပိုကာ "ပထမဆု" ပင် ဝင်ခဲ့သည်။ ဝမ်းသာစိတ်နှင့် ပန်းချီကား ဓါတ်ပုံပွားနှင့် ကတ်တလောက် စာအုပ်ကို လက်ဆောင်ပေးချင်၍ လာခဲ့ရာ တိုက်ကြီး၏ထည်ဝါခမ်းနားမှုနောက်ကွယ်က ဒရိုင်ဘာတန်းလျားဆီသို့ မှန်းမျှော်၍ ကြည့်မရအောင်ဖြစ်နေသည်။

လွန်းကြင် (၃)ကြိမ်တိတိ လျှပ်စစ်ခေါင်းလောင်းကို နှိပ်ပြီးခဲ့သော်လည်း လူရိပ်လူခြေပင် မတွေ့ရသေးချေ။

"တီတီ. . . တီ"

ကားစက်သံညက်ညက်နှင့်အတူ ကားဟွန်းသံကြောင့် သူ နောက်ဆုတ်လိုက်ပြီးဘေးကပ်နေလိုက်သည်။ သိမ့် စီးနေကျကားနှင့်အတူ သိမ့်အဖေ အဘကိုပါ ယာဉ်မောင်းသူနေရာ၌ တွေ့လိုက်ရသဖြင့် အားတက်သွားသည်။ သိမ့်လက်ထဲ ဒီဓါတ်ပုံပန်းချီကား ရောက်ဖို့က အဓိကဖြစ်သည်။

သူ့အတွက် အခြားပုံတူများ ရေးဆွဲပြိုင်ခဲ့ဖူးသော်လည်း တစ်ခါမှ ဆုမရခဲ့ဖူးပါချေ။

ယခု သိမ့်နှင့်ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဆုရသည်။ ဆုမှ ပထမဆု။

သိမ့်နှင့်သူ ကံစပ်သည်ဟု ပြောရမလားပင်။

"ဘယ်သူလဲ. . . ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ကားနောက်ခန်းထဲမှ အမျိုးသမီးချောချောကြီးက စိန်နားကပ်ကြီး တဝင်းဝင်းနှင့် ခေါင်းပြူလာပြီး မေးလိုက်သည်။

ကားရှေ့ခန်းမှ အဘက မျက်စိမျက်နှာပျက်ကာ ဘာမပြောဘဲ မြို့စိစိ လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပါပဲဟု တွေးလိုက်မိပြီး. . .

"ဒီအဘသမီး သိမ့်ကြည်လင်နဲ့ တွေ့ချင်လို့ပါ"

အမျိုးသမီးကြီး မျက်မှောင်ချိုကာ အဘကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်လိုက်ပြီး. . .

"ဘာရယ်. . . ဘာပြောလိုက်တယ်"

အဘက တုန်ယင်စွာဖြင့် ခပ်တိုးတိုးပင်. . .

"ဒီလိုပါ အစ်မ၊ သမီးက အဲဒီလိုပဲ ပြောထားခိုင်းလို့ပါ"

"ဪ. . ဒီလိုလား၊ ဒါဖြင့် အိမ်ထဲ ဝင်ခဲ့ဦး မောင်ရင် ဦးအေး. . မောင်းတော့"

ခြံတံခါးက အလိုအလျောက် ပွင့်လာသည်။ အိမ်ထဲမှ စက်ခလုတ်ဖြင့် ဖွင့်ပေးလိုက်ပုံရသည်။ ကားက ရှေ့မှ ဝင်သွားသည်။ သူက လမ်းလျှောက်၍ ဝင်ခဲ့ရသည်။

လမ်းပေါ်က လူတစ်ယောက်ကို ဘယ်အရေးလုပ်ချင်ပါ မလဲ။ အဘကလည်း ဘာကိုကြောက်ရွံ့နေရတာလဲ။

အိမ်ရှေ့ပေါ်တီကိုအောက်မှာ ခါးထောက်ပြီး ရပ်စောင့် နေသောအမျိုးသမီးကြီးက. . .

"မင်းဘယ်သူလဲ. . . ငါ့သမီးနဲ့ ဘယ်လိုသိတာလဲ"

"ဗျာ. . . အန်တီ့သမီး မဟုတ်ပါဘူး၊ ဒီအဘသမီး သိမ့် ကြည်လင်ပါ"

"တော်တော့. . . သိမ့်ကြည်လင်က ဒရိုင်ဘာဦးအေး သမီးမဟုတ်ဘူး၊ ဦးကြည်လင်နဲ့ ဒေါ်မျက်ခြယ်တို့ရဲ့တစ်ဦးတည်း သောသမီးပါကွဲ့"

"ဗျာ. . ."





အံ့ဩမှုအပေါင်းက ငယ်ထိပ်သို့ ရောက်ရှိသွားသည်မို့ တစ်ဗျာထဲ ဗျာကာနေလေသည်။

"မင်းက ဘာကိစ္စများ အထူးတလည် ရှိလို့လဲကွယ့်"

"ဒီလိုပါခင်ဗျ. . . သိမ့်ကြည်လင်ရဲ့ ပန်းချီကားခါတ်ပုံ လေး ပထမဆု ရလို့ လာပေးတာပါခင်ဗျာ"

"မှန်းစမ်း"

အရန်သင့် ယူလာသော ဘောင်တပ်ထားသည့် ပန်းချီ ကားကို ကမ်းပေးလိုက်သည်။

"အလို. . . သမီးရဲ့ပုံက အတော်လှတာပဲ၊ ဘယ်လို လုပ် လယ်ကွက်ထဲ ရောက်သွားရတာလဲ"

အခြေအနေအရပ်ရပ်ကို ရင်နာနာနှင့် ရိပ်စားမိနေ သော လွန်းကြင်က မုသားမသုံးချင်ဘဲ သုံးလိုက်ရသည်။

"ဟို. . . ဟို. . . ဓါတ်ပုံပေးပြီး ဆွဲခိုင်းထားတာပါ"

"အေးကွယ်. . ဓါတ်ပုံပန်းချီကားတန်ဖိုး ဘယ်လောက် ပေးရမှာလဲ"

သူ့အပေါ် လိမ်ညာထားသော သိမ့်ကြည်လင်ကိုလည်း စိတ်နာ၊ လူကို မတူသလို မတန်သလို အိမ်ထဲသို့ပင် ဖိတ်မခေါ် သော ဒေါ်မျက်ခြယ်ကိုလည်း စိတ်ထဲ မခံချင်စိတ်များနှင့်အတူ

"မလိုပါဘူး အန်တီ၊ စေတနာသက်သက်နဲ့ ဆွဲပေးခဲ့ တာပါ"

"ငါတို့ကလည်း အလကား မလိုချင်ပါဘူးကွဲ့၊ တန်ရာ တန်ကြေးသာ ပြောပါ"

"ကျွန်တော်သိချင်တာ တစ်ခုတော့ မေးချင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အန်တီ"

"ဘာများလဲကွဲ့"

"အန်တီ့သမီး ကျွန်တော့်ကို ဘာကြောင့် ဒရိုင်ဘာဦးအေးရဲ့သမီးလို့ ညာထားတာလဲဆိုတာပါ"

"ငါညာခိုင်းထားတာ"

မျက်နှာပင့်ချီကာ ပြောလိုက်သော ဒေါ်မျက်ခြယ်ကြောင့်. . .

"ခင်ဗျာ. . . ဘယ်လို"

"ဟုတ်တယ်. . . ငါ့သမီးအတွက် အန္တရာယ်ကင်းအောင်လေ"

"ကျွန်တော်က အန္တရာယ်ပေးမယ့်လူလားဗျာ"

လွန်းကြင် ရင်မှာ မခံချင်စိတ် နာကျင်စိတ်တို့ဖြင့် မချိတင်ကဲ ခံစားနေရလေသည်။

"ဟင်း. . . မိန်းကလေးနဲ့ ယောကျ်ားလေးအတွက် အန္တရာယ်ဆိုတာ အချစ်ပဲကွဲ့"

"ခင်ဗျာ. . ."

ဒေါ်မျက်ခြယ်တို့ လူတန်းစားအလွှာအတွက် စကားကိုသူ နားမလည်နိုင်တော့ပါ။ ရဲတို့လည်း လူကုံထံတွေပါ။ ဒေါ်မျက်ခြယ်လို မဟုတ်ပါ။ အဆင့်အတန်း မခွဲခြား၊ ဖော်ရွေစွာ ဆက်ဆံတတ်သည်။

"အေး. . . မင်းက တစ်ခါလာလည်း ခင်ဗျာပဲ၊ ငါ့သမီးကို ညာခိုင်းထားရတာက လူကောပစ္စည်းကောပါ ချို့တတ်တဲ့ သိုက်တူးသမားနဲ့ တွေ့မှာစိုးလို့ပေါ့. . . ရှင်းပြီလား၊ နောက်ပြီး





င်းပေါ်မှာ ခြေတိုအောင် လျှောက်နေရတဲ့ မင်းလိုလူကို ငါ ရှင်းရှင်းပဲ ပြောမယ်၊ မင်းဘယ်သူလဲ၊ ဘယ်သူ့သားသမီးလဲ၊ ဘာလုပ်သလဲ၊ ဘာလဲညာလဲ ငါမသိချင်ဘူး၊ သိစရာလည်း မလိုထင်တယ်၊ မင်း ငါ့သမီးနဲ့ ရှေ့လျှောက် ဘယ်လိုနည်းနဲ့မှ ဆက်သက်စရာ မလိုဘူး၊ ဒီနှစ်ကုန်ရင် သမီးကို အမေရိကားက လာတဲ့ ဒေါက်တာနဲ့ ပေးစားဖို့ စေ့စပ်ပြီးသားဆိုတာ ကြိုပြောထားပါရဲ့"

"ခင်ဗျာ. . . အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်စရာလည်း မလိုပါဘူး၊ သမီးနဲ့ လုံးဝ အဆက်အသွယ်မလုပ်နဲ့. . . ကြားလား"

လွန်းကြင်၏ရိုးသားသောမာနတို့ ခေါင်းပြူထလာသည်။

"စိတ်ချပါ အန်တီ၊ ဖြူစင်စွာ ခင်မင်မှုကို အရောင်ဆိုးခဲ့တဲ့ မုသားအလိမ်အညာတွေ သုံးတတ်တဲ့ အန်တီတို့သားအမိကို အဆက်အသွယ်လုပ်ဖို့ နေနေသာသာ နောက်တစ်ခါ ဘယ်တော့မှ မတွေ့ဆုံပါရစေနဲ့လို့ ဆုတောင်းနေမှာပါ. . . ခွင့်ပြုပါဦး"

လွန်းကြင် မျက်နှာကြီး နီရဲ မေးကြောကြီးများ ထောင်ထ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ရင်မှ ထိသော ဒေါသလေသံနှင့် ပြောဆိုပြီး ချာကနဲ လှည့်ထွက်ခဲ့လေသည်။

ဒေါ်မျက်ခြယ် ဆွေ့ဆွေ့ခုန်ကာ ကျန်ရစ်ခဲ့လေသည်။

"ကြည့်စမ်း. . . ခွေးပါးစပ်က နတ်စကားထွက်လို့တဲ့. . . တွိ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ငှက်ဆိုးထိုးသံက သူ့နောက်ပါးမှ ဇာပ်ငြိပါလာသော်လည်း ဥပေက္ခာပြုလိုက်သည်။

သိမ့်ဆိုတဲ့မိန်းကလေး၊ ရုပ်ကလေး လှသလောက် မှသားမာယာတွေနဲ့ သူ့ဂုဏ်သိက္ခာကို ရိုက်ချိုးနင်းခြေ ဆော့ကစားသွားတာပါလား။

"တောက်"

နာကြည်းစွာနှင့် တောက်တစ်ချက် ခေါက်လိုက်ပြီး လမ်းမှာ တွေ့သောခဲတစ်လုံးကိုပင် ကန်ပစ်မိလိုက်လေသည်။

ခင်မင်မှုကို အလွဲသုံးစား လုပ်တာ။

ဖြူစင်မှုကို မုသားအရောင်ဆိုးပစ်လိုက်တာ။

တော်ပါပြီ သိမ့်ကြည်လင်ရယ်။ မင်းကို ငါ့ဘဝထဲက အပြီးတိုင် ထုတ်ပစ်လိုက်ပါပြီဟုလည်း ရင်ထဲ ရေရွတ်နေမိသည်။





## အပိုင်း (၂)

စွဲလမ်းခြင်း၊ တွယ်တာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာများက ဆိုးရွားလွန်းလှပါတကား။

လောကမှာလေ....ချစ်မိတာက ကြောက်စရာ မကောင်းဘူး၊ သနားမိတာကမှ ကြောက်စရာကောင်းတာ၊ သဒ္ဒါ လွန်တော့ တရားကျွန် ဖြစ်တတ်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

ငပလီကမ်းခြေမှာ ရုပ်ရှင်လာမရိုက်တာ ကြာလေပြီမို့ မဇင်၊ ငပလီ၊ လင်းသာ၊ ဝါးရောင်ကွင် စသောရွာများမှ ကာလသားရော၊ လူကြီးလူငယ်၊ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်မကျန် အုံနှင့်ကျင်းနှင့် ရှိသမျှအလုပ်တို့ကို ပစ်ကာ လာရောက်ကြည့်ရှုကြလေသည်။

မင်းသားကလည်း နာမည်ကြီးမင်းသား ရဲနေလင်း၊ မင်းသမီးကလည်း နာမည်ကြီးမင်းသမီး ပန်းအိန္ဒြေဆိုတော့ ဆိုဖွယ်ရာမရှိ။ ပရိသတ်က အုံခဲလျက်။





မီးထိုးမှန်ထိုး အရောင်ပြန်အောက်မှာ မင်းသားကဘောင်းဘီတို အကျႌဗလာနှင့်။

Body structure က အမိုက်စား၊ အဆီပိုမရှိ၊ အားအစား လိုက်စားထားပုံရသည်။ ကိုးရီးယားမင်းသားတွေလိုကြွခိုင်ကျစ်လစ်လှပနေသည်။

အရက်၊ ဆေးလိပ်၊ ကွမ်း ကင်းအောင်နေသဖြင့် နှုတ်ခမ်းလေးမှာ နီစွေးပြီး ဖြူစင်ဝင်းလက်သော သွားစွယ်တန်းနှင့်အပြုံးက အလွန်စွဲမက်ဖွယ်ကောင်းနေသည်။

ကျောက်ဆောင်ထက်မှ မင်းသမီးပန်းအိန္ဒြေကလည်းဓါတ်ပုံအရိုက်ခံမည့်အနေအထားမျိုးနှင့် ကမ်းခြေဝတ် ပေါ့ပေါ့ပါးပါး ဝတ်စုံဒီဇိုင်းလေးနှင့် အင်မတန် ကြည့်ရှုလှနေသည်။

"ကဲ. . . ရယ်ဒီ. . . စမယ်နော်၊ မင်းသားက သောင်ခုံပေါ်ကနေ အော်ပြောမယ်၊ ချိုသဲရေ. . . မျက်နှာလေး နည်းနည်းတည့်လိုက်လို့"

စကားလုံးကို ချပေးသည်။ မင်းသားက အပြေးလေးခင်မရာ ချိန်ရင်း ပြောလေသည်။

"ဝမ်းစနက်(ပ်). . . ရိုက်ပြီ၊ ပြုံးပြုံးလေး. . . ဟုတ်ပြီ"

"မောင်လှုလှလေး ရိုက်ပေးမယ်၊ အဲဒီလို ကပ်ပြော"

"ဟုတ်ပြီ"

"မင်းသမီး ပို့စ်ဆက်ပေးပြီး ဆက်ထိုင်ပါ"

"ပြီးရင် ရေထဲ ပြုတ်ကျပြမယ်"

"မင်းသားက နေရာကို ဒိုင်ဗင်ထိုးပြီး ရေကူးပြမယ်"

"ကိုင်း. . . ရီဟာဇယ် လုပ်ကြည့်ပါ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ရိုဟာဇယ်က လေးငါးခါ လုပ်နေရသဖြင့် ရုပ်ရှင် တစ်ခန်းပင် ရိုက်မပြီးသေး။

ထိုစဉ်. . .

"အမလေးတော်. . . ရုပ်ရှင်ကြည့်ရတော့ လွယ်လို တာ၊ ရိုက်ရတာ မလွယ်ပါလားနော်"

ပရိသတ်ထဲမှ အသံတစ်သံကို ရဲနေလင်း ကြားလိုက် သည့် တစ်ခဏ လှမ်းကြည့်မိရာ. . .

"ဟင်. . . သဲနုသာပါလား"

ရင်ထဲ ရေရွတ်လိုက်မိသည်။

ပရိသတ်ထဲမှာ ဆံတောက်အလှနှင့် သဲနုသာကို ထင်လင်းစွာ လှမ်းမြင်လိုက်ရသည်။

စိတ်ထဲ သိဟောင်းကျွမ်းဟောင်းပမာ ခံစားလိုက်ရ လက်ပြ၍နှုတ်ဆက်လိုက်ချင်သည်။ သို့သော် ရုပ်ရှင်အဖွဲ့ ရှိနေသဖြင့် ရှက်ရွံ့သွားပြီး ရင်ထဲက ဆန္ဒကို မျိုသိပ်လိုက်ရသည်

မိန်းကလေးကိစ္စနှင့် ပတ်သက်ပြီး သူ့ဘဝတစ်လျှော် လုံး ကင်းကင်းနေခဲ့သမျှ သဲနုသာကို လက်ပြနှုတ်ဆက်လို သည်နှင့် သတင်းကြီးပေတော့မည်။ ထို့ကြောင့်. . .

တစ်ချက်မျှသာ လှမ်းကြည့်ပြီး ရိုက်ကွင်းမှာ စိတ်နှ ထားရပြန်သည်။

သဲပြင်ကို ကတ္တီပါကောဇော ခင်းထားသည်အမှတ်နှ ဒူးစုံထောင်ပြီး မေးတင်၍ သဲနုသာ ကြည့်နေသောအလှက မင်းသမီး ပန်းအိန္ဒြေအလှကိုပင် ကျော်လွှား ကျန်ရစ်စေသ ယောင်။





အမှန်တော့ သဲနုသာကို စိတ်ဝင်စားရခြင်းမှာ "လွန်း" ခါတ်ပုံပန်းချီကား ပထမဆုရ မိန်းကလေးအား စိတ်ဝင်စား ခြင်းက အစဖြစ်သည်။

စိတ်ဝင်စားမယ့်သာ စိတ်ဝင်စားရသည်။ မော်ဒယ်လ် မည်မပါခဲ့။

မျက်နှာအလှ ဟန်ပန်အလှအပလေးကို မြင်ရုံမျှနှင့် ကျက်စိလွှဲဖယ်၍မရအောင် ရင်မှာ ရစ်နှောင်ခံရသည်။

ထိုရွှေရုပ်လွှာရှင်လေးကို တမ်းတမ်းစွဲရာမှ ရုပ်ချင်း မရအောင် ဆင်သော ခရုပုတီးလေး ပတ်ထားသည့်ဆံတောက် လေး သဲနုညာနှင့် တန်းတိုးရသည်။

ကြုံရဆုံရ ဘုံဘဝကား ဆန်းကြယ်လေစွတကား။

"ဟဲ့. . . သဲနု နင်က ဒီရောက်နေသလား၊ နင့်ပါပါ ပြောနေတယ်. . . မြန်မြန်သွား"

တစ်စုံတစ်ယောက်က အမောတကော ပြေးလာပြော ည်. . .

"ဟယ်တော့. . . အဘိုးကြီး သေများသွားမှဖြင့်"

"ဖအေက သေကောင်ပေါင်းလဲ၊ သူက ဒီမှာ နတ်ကရာ ကြီးမော့နေတယ်"

ဝိုင်း၍ တစ်ယောက်တစ်ပေါက် ပြောဆိုသံများကြောင့် သူကြမ်းမင်းသားတစ်ဦးက. . .

"ဟော့. . ဟော့. . မင်းတို့ရပ်ရွာကိစ္စ ပြောကြတဲ့အထဲမှာ ါတို့ရုပ်ရှင်အဖွဲ့ကို နတ်ကတယ်လို့ မနှိုင်းကြပါနဲ့၊ တောင်းပန်ပါ တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ကို ထိခိုက်စေချင်တဲ့သဘော မပါပါဘူး
ဒီအပုရှည်က အရင်က ဘာပွဲလမ်းမှ ကြည့်ရှာတာ မဟုတ်ဘ
အခုကျမှ ဆိုင်လည်း ပစ်ထား၊ ဖအေ မမာသည်ကိုလည်း ပ
ထားပြီး လာကြည့်နေလို့ ပြောတာပါ"

ဝေဖန်ပြောဆိုနေစဉ် ဘာကိုမှ အမှုမထားနိုင်ဘဲ သဲ
ပေါ် ဖိနပ်ဖင်ခုထိုင်ထားသော သဲနုသာမှာ ဖိနပ်ကို အမြန်ဆွဲ
စွပ်ပြီး သဲခုံအတိုင်း လွင့်နေအောင် ပြေးပါတော့သည်။

ရဲနေလွင်း သဲနုသာထံ အာရုံစူးစိုက်သွားမိရာမှ စိတ်
ခပ်မြန်မြန် ဘရိတ်အုပ်ယူပြီး ကိုယ့်ကိုယ်ကို စိတ်နှင့်လူ တစ်သ
တည်းဖြစ်အောင် ကပ်ဖို့ သတိပေးရင်း အနုပညာ ဈာန်ဝင်စ
ရန် မှိုင်သွင်းလိုက်ရလေတော့သည်။







## အခန်း(၁၄)

"တီ. . . တီ. . . တီ"

ခြံဝမှ ဟွန်းသံကြောင့် စောကျော်စိုးမှာ ဝမ်းသာအားရ
ခုန်ဆွခုန်ဆွနှင့်. . .

"ဆရာ. . . ဆရာ. . . ဟိုမှာ ဆရာ့မမလေး ကားကြီး
နဲ့ လာနေပြီ၊ ဒီတစ်ခါလည်း ဆရာတော့ ပထမဆု ချိတ်မယ့်
ပန်းချီကားလှလှလေး ထပ်ရေးဖြစ်တော့မယ်"

လွန်းကြင်ရင်ထဲ နာကျင်မှု ဝေဒနာဟောင်းက အုံကြွ
လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမသိရှာသော စောကျော်စိုးကတော့ ပျော်ရွှင်နေရှာသည်။

လွန်းကြင် ရင်ထဲ ဒွိဟစိတ်တို့က လွန်ဆွဲနေသည်။

သူ့ကို လိမ်ညာခြင်းဖြင့် သူ့ဂုဏ်သိက္ခာကို စော်ကားထားသော သိမ့်ကို တွေ့လည်းတွေ့ချင်သည်။ တွေ့လည်း မတွေ့ချင်။

တွေ့ချင်တာက သူ့အပေါ် ဘာကြောင့် လိမ်ညာရသနည်းဆိုတာကို မေးချင်၍ဖြစ်သည်။

မတွေ့ချင်တာက သူတို့လို မြေကြီးနှင့် ဝေးကွာသော လူတန်းစားမျိုးနှင့် အဆက်အသွယ် မလုပ်လိုတော့ပါ။ သူလက်ခံတွေ့လျှင် သံသရာ ရှည်တော့မည်။ ထို့ကြောင့်. . .

“မောင်စိုး ထွက်ပြောလိုက်၊ ငါမရှိဘူးလို့”

“ဟာဗျာ. . . ဆရာကလည်း ဘာဖြစ်လို့လဲ၊ အားနာစရာ”

စောကျော်စိုးမှာ နားမလည်နိုင်အောင်ဖြစ်၊ အံ့အားလည်း သင့်ပြီး ရုတ်တရက် မေးခွန်းထုတ်လိုက်လေသည်။

“ဟေ့ကောင်. . . မင်းဘာမှမသိရင် မပြောနဲ့၊ ငါပြောသလိုသာလုပ်၊ သွား. . . မြန်မြန်ထွက်ပြော”

မြန်မြန်နှင်လွှတ်မှ အိမ်ထဲမှ အပြေးအလွှား ထွက်သွားလေသည်။

ထိုအခါမှ လွန်းကြင် ပင့်သက်ရှိုက်လိုက်နိုင်သည်။

သူဌေးတွေမှာလည်း ငွေကြေးမာန်မာန ရှိသလို သူတို့လို အနုပညာသမားတွေမှာလည်း အနုပညာမာန ရှိသည်။





ရုပ်ချောဥစ္စာပေါ သူဌေးသမီးမို့ အပိုင်ချိုင်ချင်သည်၊ သိုက်တူးချင်သည်ဟု အထင်မခံနိုင်။

ဝါသနာချင်း တူညီရာမှ ခင်တွယ်သွားသော မေတ္တာတရားကို အစွန်းအထင်းမခံနိုင်။ မကျွမ်းခင်က လမ်းခွဲလိုက်တာပဲ ကောင်းလိမ့်မည်။

တွေးရင်း သူ့ရင်မှာ နာကျင်လာသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တော့ လက်ထဲမှ စုတ်တံလေးပင် နာကျင်သွားရှာသည်။

စောကျော်စိုးမှာလည်း သံပန်းတံခါးကို အပြေးအလွှား ဖွင့်ပြီး. . .

“မမလေး. . . ဆရာမရှိဘူးခင်ဗျ”

“ဘယ်သွားလဲ”

“မြို့ထဲ”

“မော်ဘီမြို့ထဲလား. . . ဒါဆို စောင့်နေမယ်လေ”

စောကျော်စိုး ခေါင်းကုတ်လိုက်ပြီး ဉာဏ်ဖျစ်ညှစ်ထုတ်ကာ. . .

“မဟုတ်ဘူး. . . ရန်ကုန်သွားတာ”

သိမ့်ကြည်လင် မျက်စိမျက်နှာပျက်သွားပြီး ညည်းတွားလိုက်လေသည်။

“ခက်တာပဲ. . . ဒီမှာက ရှင်းပြစရာရှိလို့ လာတာကို”

“မှာစရာရှိရင် မှာခဲ့လေ”

“ဟုတ်ပြီ. . . ခဏ၊ ကျွန်မ စာရေးပေးခဲ့မယ်၊ ဖုန်းပြန်ဆက်ပါလို့”



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ကြည်လင် ချက်ချင်းပင် အသင့်ဆောင်ထားသော စာရွက်ကို ယူကာ ဝရံတာလက်ရန်းတွင် တင်ရေးတော့သည်။ ပြီးမှ. . .

"ဒါလေး ရှင့်ဆရာကို ပေးလိုက်ပါ"

"စိတ်ချပါခင်ဗျ"

စောကျော်စိုးက မစဉ်းစားတတ်တော့။ မှုန်နေအောင် ချောသော သူဌေးမမလေးနှင့် ဒေါသတွေ တုန်နေအောင် ထွက်နေသော ဆရာလွန်းကြင်တို့ကြား ဘာတွေများ ပြဿနာရှိပါလိမ့်။

အံ့သြခြင်းနှင့်အတူ ကားကြီး ခြံထဲမှ ပြန်လှည့်မောင်းသွားသည်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။ ပြီးမှ အိမ်ထဲ အပြေးအလွှား ဝင်ကာ လွန်းကြင်အား. . .

"ဆရာ. . စာရေးပေးခဲ့တယ်. . ဒီမှာ၊ ဘယ်လိုဖြစ်တာလဲ ဆရာရယ်၊ ဆရာနဲ့မမလေးတို့က ကံစပ်ကြလို့ ဆုတောင်းရပြီးပြီမှတ်လား၊ အခုတော့ အတွေ့လေးတောင် မခံနိုင် ဖြစ်ရတာ ဘာသဘောလဲဗျာ၊ ကျွန်တော်တော့ နားမလည်နိုင်အောင်ပဲ"

"မင်း ဘာသိလို့လဲ၊ သူက ဒရိုင်ဘာသမီး မဟုတ်ဘူးကွ၊ မိုးကောင်းကင် ရွှေဆိုင်ပိုင်ရှင်ကြီးရဲ့တစ်ဦးတည်းသောသမီးကွ"

မိုးကောင်းကင် စိန်ရွှေရတနာဆိုင်ကြီးကို မသိသူကရှားသည်။ TV ကြော်ငြာတွေက များသည်ကိုး။

"ဗျာ. . . အံ့သြစရာကြီး"

"အေး. . . သူ့အမေ သူဌေးမကြီးက သူ့သမီးကို ပိုင်





ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာကို မက်ပြီး ချိုင်မှာစိုးလို့ ညာထားတာတဲ့လေ၊ မင်းစဉ်းစားကြည့်လေ. . . ငါ့မှာ ယောကျ်ားမာန မရှိရတော့ဘူးလား၊ ဒါကြောင့် သူ့ကို သူဌေးသမီးမှန်း သိလို့ ခင်မင်မှုကို ငါဖြတ်တောက်ပစ်လိုက်တယ်၊ ဒါဟာ ငါရဲ့ယောကျ်ားမာနနဲ့ ဆက်သိက္ခာပဲ၊ ပေး. . . စာတော့ ဖတ်လိုက်ဦးမယ်"

ရင်မှာ ဖျတ်ဖျတ်လူး နာကျင်နေသော်လည်း စာကိုတော့ ဖတ်လိုက်မိသည်။

ဆရာကိုလွန်း

ဖြစ်ပျက်သမျှ အစစအရာရာအတွက် သိမ့် တောင်းပန်ပါတယ်။

ဒယ်ဒီနဲ့မာမီက အနုပညာသမားကို အထင်မကြီးကြဘူး။ သူတို့ရဲ့ခေါင်းထဲမှာ ငွေကြေး၊ ဥစ္စာဓန၊ ရာထူးဂုဏ်ရှိန်တွေပဲ ရှိကြတယ်။

သိမ့်ရဲ့ပန်းချီဝါသနာကို ခွင့်ပြုထားပေမယ့် အိမ်ကို အနုပညာသည်တွေ ဝင်ထွက်တာကို လုံးဝခွင့်မပြုပါဘူး။

မိဘများရဲ့အယူအဆကို သိမ့်လက်မခံချင်ပေမယ့် မိဘတွေဆိုတော့ သိမ့် ဘာတတ်နိုင်မှာလဲ။

သိမ့်ပုံကို ဆုရအောင် ကြိုးပမ်းပေးတဲ့ ဆရာ့အနုပညာကို ထာဝစဉ် လေးစားအမှတ်ရရင်း ကျေးဇူးအထူးတင်ပါတယ် ဆရာလွန်း။

သိမ့်ကိုယ်တိုင် တောင်းပန်ခဲ့ပါတယ်၊ သိမ့်ကို ခွင့်လွှတ်ပြီး ဆက်လက်ခင်မင်နိုင်သေးတယ်ဆိုရင် သိမ့်ကို ဖုန်းဆက်ပါ ဆရာ၊ သိမ့်လက်ကိုင်ဖုန်းနံပါတ်က (၀၉××××××)ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ဖုန်းအလာကို မျှော်နေမယ့်
သိမ့်"

ရင်မှာ ကြေကွဲနာကျင်ခြင်း၊ စူးနင့်ခြင်းတို့နှင့်အတူ လွန်းကြင် မချိတင်ကဲ ဖြစ်သွားရသည်။

"ဘာတဲ့လဲ ဆရာ"

"သူ့ကို ခွင့်လွှတ်ဖို့ပေါ့ကွာ"

စောကျော်စိုးအမေးကို ခပ်တိုတိုပင် ဖြေပြီး အခန်းထဲဝင်ခဲ့လေသည်။

ရင်မှာ တနုံ့နုံ့နှင့်။ အိပ်ယာထဲ လှဲချ၍လည်း အိပ်မရ။ ထထိုင်ပြီး ပန်းချီခုံရှေ့ထိုင်တော့လည်း ပန်းချီဆွဲမရ။

စွဲလမ်းခြင်း၊ တွယ်တာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာများက ဆိုးရွားလွန်းလှပါတကား။

တော်ပါပြီ. . . မကျွမ်းခင်မှာ လမ်းခွဲလိုက်တာပဲ ကိုယ့်အတွက် အကောင်းဆုံး ဆေးတစ်လက်ဟုပင် မှတ်ယူလိုက်ပါသည်။







## အခန်း(၁၅)

ပေလီရွာသူရွာသားများသည် ပေလီပင်လယ်ပြင်ကြီးကို ပြီး တံငါလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုရသလို ပွင့် င်းရာသီ၌လည်း ခရီးသွားများကို အကြောင်းပြု၍ ခရုနှင့် င်လယ်ထွက်ပစ္စည်း ရောင်းချပြီး အသက်မွေးရသည်။

လက်လုပ်လက်စားဘဝနှင့် ရုန်းကန်နေရသော ပေလီ သူရွာသားများထဲတွင် သဲနုသာတို့သားအဖလည်း ပါလေ သည်။

သဲနုသာလေးက မိုးရာသီမှာ ခရုရှာထားပြီး လက်မှု



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ လုပ်ပြီးလျှင် ခရီးသွားများ လာချိန်၌ ထုတ်ရောင်းရသည်။

ဒီကြားထဲဖခင်ဖြစ်သူ ရေလုပ်သားကြီးဦးနိုင်က မမာတာ ကြာပြီဖြစ်၍ ဖခင်၏ဆေးဖိုးဝါးခကပါ ထောင်းလာသဖြင့် ပလိုင်းပေါက်နှင့် ဖားကောက်သလို ဖြစ်နေခဲ့သည်။

"ဒီအိမ်ပဲ. . . ဒီအိမ်"

လူတွေ တရုန်းရုန်းနှင့်အတူ သူ့အိမ်ဆီသို့ ရောက်ရှိလာသော ရဲနေလင်းကို မြင်ရလျှင် ဖြေမဆည်နိုင်အောင်ဖြစ်နေသော သဲနုသာမှာ မျက်ရည်စက်လက်လေးနှင့် ငုတ်တုတ်ကလေး ထိုင်မှိုင်နေရာမှ ရုတ်ခြည်း ထပြီး. . .

"ဟင်. . . အစ်ကိုမင်းသားပါလား"

သဲနုသာမှာ လူသာမဟုတ်၊ အသံကလေးကပါ ဆွတ်ပျံ့ကြေကွဲဖွယ်ရာပါလား။

ရဲနေလင်းက. . .

"ညီမအဖေ နေမကောင်းဘူးဆို"

ငိုချင်ရက်လက်တို့မို့ သဲနုသာ မျက်ရည်တွင်တွင်ကျရင်းမှ အုန်းလက်ဖျာလေး ထခင်းပေးရင်း. . .

"ပါပါ ဆုံးသွားပါပြီ"

"အို"

ရဲနေလင်း ရင်ထဲ စိတ်မကောင်းဖြစ်သွားရပြီး ခင်းပေးသောဖျာလေးပေါ်တွင် ရင်းရင်းနှီးနှီးပင် ထိုင်ချလိုက်ပြီး. . .

"ဘယ်တုန်းက ဆုံးသွားတာလဲ"

"မနေ့က အစ်ကိုမင်းသားတို့ ကမ်းခြေမှာ ရုပ်ရှင်ရိုက်နေ





တာ လာကြည့်နေတုန်း ညီမကို လာခေါ်လို့ ပြန်လာတော့ ပါပါ အသက်မရှိတော့ပါဘူးရှင့်. . . ဟီး. . . အီး"

ငိုရှိုက်သံလေးနှင့် ပြောပြီး စကားအဆုံးမှာ မျက်ရည်သွန်းဖြိုး ငိုပွဲဆင်ချလိုက်သည်။

ရဲနေလင်း ရင်မှာ ဂရုဏာသက်မိရင်း ခြေမကိုင်မိ လက်ကိုင်မိနှင့် ဘာကိုဘယ်လို နှစ်သိမ့်ရမှန်းမသိဖြစ်နေစဉ် ကိုသီးက. . .

"ဒါထက် အလောင်းကော ဆေးရုံမှာလား"

"ဟင့်. . . မဟုတ်ပါဘူးရှင့်၊ အိမ်ရှင်ဦးလေးရွှေသာက ပြောပါတယ်၊ နင်လည်း ငွေခံစရာရှိတာ မဟုတ်လို့ အသုဘကို ကျောနွေးအောင် မထားနဲ့ဆိုလို့ မနေ့ကပဲ သင်္ဂြိုဟ်လိုက်ပါပြီ၊ အဟင့်. . . ဟင့်. . . ဟီး"

"ဟုတ်တယ်. . . ကလေးမတို့က ကျုပ်ရဲ့အိမ်ခြေရင်းခန်း ငှားနေကြတာလေ၊ သူ့ပါပါက မမာတော့ ကျုပ်တို့ အရပ်ကပဲ ဝိုင်းကြည့်ရှုကြတာ၊ ကျုပ်ဆိုရင် အိမ့်လခ မယူတာတောင် ကြာပေါ့၊ ခုလည်း အလောင်းမြေကျအောင် ကျုပ်တို့ပဲ ဝိုင်းကူပေးရတာလေ မင်းသားရယ်"

ဝင်ပြောလိုက်သော ဇိုးသမားရုပ်နှင့် ဦးရွှေသာထံမှ အရက်နံ့တထောင်းထောင်း ထ၍ လူကလည်း ဝင်တိုတို ပုကွကွနှင့် ကြည့်မရသဖြင့် ရဲနေလင်းက. . .

"ကျွန်တော်လည်း မသိလို့ပါ၊ သိရင် ဘယ်နေပါ့မလဲဗျာ"

"နေပါဦး. . . မင်းသားနဲ့ နုသာ သိတယ်လဲ မကြားမိပါ



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘယ်ပြောရပါ့မလဲဗျာ"

"အဲလေ. . . ဒါလည်း ဟုတ်တာပါပဲ"

"ဒါထက် သဲနုသာရဲ့အမေကော"

"မရှိတာ ကြာပေါ့၊ အဖေတစ်ခု သမီးတစ်ခုပဲ ရှိကြတာ အဖေကြီးကို အတော်လုပ်ကျွေးခွင့်ရတာမို့ နုသာ ကုသိုလ်တွေ ရဦးမှာ"

ဦးရွှေသာ၏အရက်အဆီပြန်နေသော ရုပ်ကြီးကို ရဲနေ လင်း အော်ဂလီဆန်စွာ ကြည့်ရင်း စိတ်မသက်မသာ ဖြစ်မိလိုက် သည်။

ကိုသီးက လောကအတွေ့အကြုံကို မင်းသားထက် ပို များသူပီပီ. . .

"သဲနုပါပါ မရှိတော့ သဲနု ဘယ်သူနဲ့ နေမလဲ"

"ဒါတွေ မောင်ရင်တို့ ပူစရာမလိုပါဘူး၊ ကျုပ်သမီး ကျော့စံကို ခေါ် အိပ်လိမ့်မပေါ့"

ရဲနေလင်း စိတ်ထဲ ဘဝင်မကျနိုင်သလိုဖြစ်သွားပြီး. . .

"နုသာမှာ အမျိုးတွေဘာတွေ မရှိဘူးလား"

"မရှိပါဘူး. . . ကျွန်မ သိတတ်စအရွယ်ကစပြီး ပါပါ တစ်ယောက်တည်းပဲ ရှိတယ်"

သနားစရာကောင်းလှတဲ့ တစ်ကောင်ကြွက်မလေးပါ လားဟု ရဲနေလင်း ရင်ထဲ ထိရှသွားသည်။

သဲနုသာ စကားအဆုံး ဦးရွှေသာကလည်း. . .

"သူ့ပါပါက စိုက်တွေ(စစ်တွေ)သား ဒီကိုရောက်လာပြီး





သံတွဲသူ နှင်းဆီဖြူနဲ့ ဖူးစာဆုံပြီး ဒီငပလီရွာကို နှစ်ယောက်သား ပြေးလာပြီး အခြေချလိုက်တာ၊ အဘုရှည် နုသာ လေးနှစ်သမီး က နှင်းဆီဖြူက ဆုံးသွားတယ်၊ နုသာကတော့ ပါပါနဲ့အမိ အချောအလှတွေ ပေါင်းထားတော့ သိပ်လှတာ၊ ကာလသားတွေ ဘရှုန်းရှုန်း ပိုးပန်းကြတာ၊ ကျုပ်ပဲ လူကြမ်းကြီး လုပ်ပြီး ထိန်းပေး နေရတာလေဗျာ"

ရဲနေလင်းနှင့် ကိုသီးစိတ်ထဲ "သြော်. . . မဟာကျေးဇူး ရှင်ကြီးပေါ့၊ လေးစားပါတယ်" ဟု အငေါ်တူးနေမိကြပေမယ့်

ကိုသီးကတော့ အသက်အားဖြင့်လည်း လေးဆယ်နား ၁ပ်နေသူပီပီ စိတ်ကို ထိန်းချုပ်ပြီး. . .

"သြော်. . . သြော်. . . ကျေးဇူးတင်ပါတယ် ဦးလေး ခင်ဗျာ၊ ဆက်လက်ပြီးတော့လည်း သဲနုသာကို မှည့်တစ်ပေါက် ခွန်းရလေအောင် စောင့်ရှောက်ပေးပါခင်ဗျာ"

"စိတ်ချ. . . စိတ်ချ၊ ကျုပ်က သဲနုသာကိုထိ ခါးကြည့် ဆိုတဲ့အစားထဲကပါဗျ"

ရဲနေလင်းစိတ်ထဲ ဦးရွှေသာနား နေရသည်မှာ ဘယ်လို မနှစ်မြို့နိုင်သဖြင့်. . .

"ကိုင်း. . . ကိုသီး သဲနုကို တစ်ပုံးလောက် ကူခဲ့ရ အောင်"

ကိုသီးက လက်ကိုင်အိတ်ထဲမှ တစ်ထောင်တန် တစ် အုပ် ထုတ်ပေးလိုက်သည်။ ရဲနေလင်းက လှမ်းယူပြီး သဲနုသာကို လှမ်းပေးရင်း. . .

"သဲနုအဖေ ရက်လည်ပွဲမှာ အစ်ကိုတို့ ကုသိုလ်ပါဝင်ပါရ



www.burmeseclassic.com

www.burmeseclassic.com



စေ"

သဲနုသာ၏ကြေကွဲပွင့်တို့ တွဲလဲခိုနေသော မျက်တော ကော့ကြီးမှာ တဖျတ်ဖျတ် ခါရင်း ဝမ်းသာဝမ်းနည်းမို့ အသံတု လေးနှင့်. . .

"ကျေး. . ကျေးဇူးတင်ပါတယ် အစ်ကိုမင်းသားရှင့်"

ဦးရွှေသာ၏မျက်လုံးကြီးမှာလည်း ပုစွန်ထုပ်မျက်လုံ ဖြစ်သွားလေတော့သည်။

ရဲနေလင်း သက်ပြင်းကို တိတ်တခိုး ပင့်ရှိုက်ပြီး ပေ ရှာသူလေး သဲနုသာ့ကို ကျောမခိုင်းချင်ဘဲနှင့် ဇွတ်ဇ ကျောခိုင် ကာ ပြန်ခဲ့လိုက်ရလေတော့သည်။

ရင်ထဲမှာတော့ နောက်ဆံတင်းတင်းနှင့် သဲနုသာလေ ကို စိတ်မချနိုင်အောင်ဖြစ်မိနေလေသည်။

သူ့စိတ်ကို သူလည်း အံ့အားသင့်နေသည်။ သဲနုသာ ဘာကြောင့်များ ဒီလောက်တောင် ခင်မင်သွားပြီး စိတ်မချနို လောက်အောင် သနားပိုမိရပါလိမ့်ဟု. . .။







## အခန်း(၁၆)

ရဲနေလင်း မင်းသမီးပန်းအိခြွေနှင့် လှိုင်းစီးခန်း ရိုက် ပြီး ညနေဘက်မှစ၍ အနားယူခွင့်ရသဖြင့် လူသူကျဲပါးရာ မ်းခြေဘက်သို့ လမ်းလျှောက်ထွက်လာခဲ့လေသည်။

လမ်းသာ လျှောက်နေရသည်။ သူ့မျက်လုံးထဲတွင် က်ထောင့်နီကြီးနှင့် ဦးရွှေသာမှ သဲနုသာ၏နုဆတ်လှပသော ကိုယ်အစိတ်အပိုင်းများကို ကျွတ်ကျွတ်ပါအောင် ဝါးစားချင် သော ကြောင်ပါးကြီးအသွင်ဆိုတာကို ယောက်ျားအချင်းချင်း နေလေသည်။

ဟူးကနဲနေအောင် သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဲနုသာခမျာ ဖခင်ရှိစဉ်ကတော့ အဟန့်အတား ရှိ ကောင်းရှိပေမည်။ ခုတော့ ဦးရွှေသာ၏သမီးနှင့် အဖော်ဆိုတော့ ရန်သူ့လက် ဝက္ကက်အပ်ဆိုသလိုများ ဖြစ်နေပြီလား။ ဦးရွှေသာ က သမီးချင်း စာနာနိုင်ကောင်းပါရဲ့လေဟုလည်း အကောင်းမြင် ဝါဒနှင့် တွေးကြည့်ပေမယ့် ဘယ်လိုမှမမြင်။

သူ့ရင်ထဲ ပူလောင်လာသည်။

တိုင်ပင်ဖော် ချစ်သူငယ်ချင်း လွန်းကို သတိရလိုက် သည်။

မိန်းမ၊ အရက်သေစာ၊ မူးယစ်ဆေးဝါးနှင့် လောင်း ကစား ကင်းရှင်းရမည်ဟူသော သူတို့၏ခံယူချက်ကို မိန်းမ အဖျက်အနေနဲ့ ဝင်လာတာလား။

သူ၏ကမ်းရိုးတန်း ဖုန်းကလေးကို နှိပ်ကြည့်လိုက်သည်။

လွန်းကလည်း ကပ်စေးနဲ၊ မိဘတွေကို ထောက်ပံ့နေရ ၍လား ဘာလား မသိ။ သူ့ပန်းချီကားတွေက ကမ္ဘာလှည့်ခရီး သည်တွေ အဝယ်များသည်။ ရသည့်ငွေနှင့်ဆို ဆဲလ်ဖုန်းတစ်လုံး လောက်တော့ ကောင်းကောင်းဝယ်နိုင်ပါသည်။

ဒီအချိန်တော့ အိမ်တွင် ရှိနိုင်သည်ဟု တွေးကာ ဖုန်း ခေါ်လိုက်သည်။ သိပ်မခေါ်လိုက်ရ။

"ဟယ်လို"

"မောင်စိုးလား"

"အစ်ကိုလား"

"အေး. . . မင်းဆရာ ဘယ်သွားသလဲ"

"ညနေ နိုင်ငံခြားသွားမယ့် ပန်းချီဆရာတစ်ယောက်က





နာကျွေးမယ်ဆိုလားပဲ၊ ဒီည ပြန်မအိပ်တော့ဘူး၊ သူငယ်ချင်း မှာပဲ အိပ်လိုက်တော့မယ်တဲ့ အစ်ကို"

"အေး. . . ဒါဖြင့်လည်း ပြီးရော၊ သူရောက်လာရင် ငါ ဆက်တဲ့အကြောင်း ပြောလိုက်ကွာ၊ သူ့ကို ဖုန်းပြန်ဆက်ဖို့ ပြော လိုက်ဦး"

"ဟုတ်ကဲ့ပါ အစ်ကို"

ရဲနေလင်း ဖုန်းစက်ပိတ်ပြီး လမ်းလျှောက်ခဲ့သည်။

သူ၏အမျှင်ပြတ်သွားခဲ့သော စောစောက အတွေး မျှင်သည် ပြန်လည်ယှက်သန်းလာပြန်လေသည်။

သဲနုသာဆိုသောမိန်းကလေးသည် ဘာကြောင့် သူ့ အာရုံကို ဝင်နှောက်နေရသနည်း။

ဖိုးသုမားကြီး၏အန္တရာယ် ပရဝုဏ်မှ လွတ်ကင်းနိုင်ပါ့ မလား။

သူ့မှာ လူသားအချင်းချင်း စာနာထောက်ထားသည့် အနေနှင့် ကူညီပိုင်ခွင့် မရှိဘူးလား။

ခုနတောင် ရှုတင်မှာ လူစုံစဉ် သူ့အား ကြည့်၍ တီးတိုး တီးတိုးနှင့် သဖန်းပိုး လုပ်နေကြသည်ကို တွေ့လိုက်ရသည်။

ပန်းသတင်း လေညင်းဆောင်သလို လူသတင်းလည်း လူချင်းဆောင်ကြပေမည်။

ရုပ်ရှင်ဒလာကသားတို့က မိန်းမတွေနှင့် ပတ်သက်လျှင် ကင်းကင်းရှင်းရှင်း နေတတ်သော မင်းသားချောက ဘာမဟုတ် သော တောသူမလေးနှင့်မှ ကြွေနေသည်ဟု. . .။

ဘာတဲ့. . . ကြားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမစံရွေး၊ မိန်းမခွေးနှင့် ညားတဲ့လား။

သူတစ်ကိုယ်တည်း တွေးတောရင်း ပြုံးလိုက်မိသည်။

“အစ်ကို့ . . . အစ်ကိုမင်းသား”

မောင်တော်နှမတော် ကျောက်ဆောင်နံဘေးမှ ဘွားကနဲ ပေါ်ထွက်လာသော နတ်မိမယ်လေးကြောင့် သူ အံ့အားသင့်ပြီး ဝမ်းသာသွားရသည်။

သူကလေးအကြောင်း တွေးနေတုန်း တိုက်တိုက်ဆိုင်ဆိုင်။

“ဟင် . . . သဲနု”

“အစ်ကိုမင်းသား တစ်ယောက်ထဲလား”

“သဲနုကလည်းကွာ . . . အစ်ကိုဆို လုံလောက်ပါပြီ၊ အဲဒီမင်းသားကြီးကို ဖြုတ်ပစ်လိုက်ပါ”

“ဟုတ်ကဲ့ပါရှင့်”

မျက်နှာပြင်တွင် ဘာသနပ်ခါး၊ ဘာမိတ်ကပ်မှ မရှိ၊ ဖြူစင်ဝင်းမွတ်လျက်ရှိသော မျက်နှာပြင်လေးက ဖခင်နာရေးကြားမှာတောင် အသရေ မညှိုးပါလား။

“သဲနုက အစ်ကို့ကို အစ်ကိုအရင်းလိုပဲ သဘောထားမိတာပါရှင့်”

“အစ်ကိုကလည်း ညီမလို သဘောထားနိုင်ပါတယ်၊ ဒါထက် တစ်ယောက်တည်း ဘာလာလုပ်တာလဲ”

“အစ်ကို့ဆီ လာမလို့၊ မနက်ဖြန် ပါပါ့ရက်လည် ဆွမ်းကျွေးမှာပါ။ အစ်ကို လာနိုင်ရင် လာခဲ့ပါလားလို့”

“အစ်ကိုကတော့ လာချင်ပါတယ်၊ ဒါပေမယ့် ဦးရွှေသာ





ကြီးရဲ့မျက်လုံးအကြည့်ကို မကြိုက်လို့ပါ”

“အဲဒီလူကြီးက အစ်ကိုရယ်မှ မဟုတ်ပေါင်၊ ရွာထဲမှာ ရှိတဲ့ ကာလသားတွေ မရစ်ရဲအောင် သဲနုကို ချုပ်ချယ်ထားတာ”

“သူက ဘာဆိုင်လို့ ချုပ်ချယ်ရတာလဲ”

“ဟုတ်ပါတယ် အစ်ကို၊ သူနဲ့ ဘာမှမဆိုင်ပါဘူး၊ ဆွေမျိုးလည်း မတော်ပါဘူး၊ ခု . . ပါပါဆုံးတော့ သူက ပြောနေတယ်၊ သဲနု နင်ဘာမှမပူနဲ့တဲ့၊ ငါ ကျောက်ဖြူမှာ အမွေသွားယူပြီး နင့်ကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားမှာပါတဲ့လေ၊ ဘာစကားတွေမှန်း မသိပါဘူး”

သူ့ရင်ထဲ “သဲနုရယ်” ဟုသာ ဂရုဏာသက်စွာ ညည်းသွားရင်း ဦးရွှေသာဆိုသည့်လူကြီး၏မျက်ခွက်ကိုလည်း စိတ်ကူး၍ ဆွဲထိုးမိနေလေသည်။

“သဲနုမှာ ပါပါဆုံးလို့ ပူဆွေးရတာတစ်မျိုး၊ အဲဒီလူကြီးရန်ကို ကြောက်ရတာတစ်မျိုးနဲ့ စိတ်ညစ်လိုက်တာ အစ်ကိုရယ်”

“အစ်ကို ရိပ်မိပါတယ် သဲနုရယ်၊ ရှေ့ရေးဘယ်လိုလုပ်မှာလဲ၊ အခြားဆွေမျိုးသားချင်းတွေကို စဉ်းစားကြည့်ပါဦး”

“စဉ်းစားလို့မရပါဘူး အစ်ကိုရယ်”

“ဒါဖြင့် သဲနု ဦးရွှေသာမိန်းမနားက မခွာနဲ့ပေါ့”

“ဟုတ်ကဲ့ . . . သဲနုလည်း ဦးရွှေသာရန်ကို ကြောက်တာနဲ့ သူ့မိန်းမ ဒေါ်မနီနား ကပ်နေတော့ ဒေါ်မနီကလည်း လင်ကြောက်ရတဲ့သူဆိုတော့ သဲနုကို အရက်ငှဲ့ခိုင်း အမြည်းလုပ်ခိုင်းနဲ့”

“ဟင် . . . မင်းက လုပ်ပေးရသလား၊ ဘာဆိုင်လို့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရတာလဲ"

ရဲနေလင်း ဒေါသအိုး ပေါက်ကွဲလာသည်။ သဲနုသာက မျက်လုံးအဝိုင်းသားနှင့် ပြုံးတုံးကြောင်တောင်လေး ကြည့်ကာ

"ဒေါ်မနီက အတင်းခိုင်းတာကိုး အစ်ကိုရယ်၊ သဲနုလည်း ရှဲ့လို့ ဘယ်လုပ်ပေးချင်ပါ့မလဲ"

"ဒီမိန်းမကြီး သမီးချင်း မစာနာတတ်ဘူးလား"

"ဒါတင် ဘယ်ကမလဲ အစ်ကို၊ သူတို့ သားပေါက်စဆိုတဲ့ ကလေး မအိပ်မချင်း ကျောမိတ်ဖုယားလို့ ကုတ်ပေးရတာလည်း တစ်ညလုံးပဲ"

"ဘာရယ်"

"သူတို့နဲ့ အတူနေမှတော့ ချက်ပြုတ် လျှော်ဖွပ် လုပ်ပေးရတဲ့အပြင် ဦးရွှေသာ လက်သရမ်းတာကိုလည်း လုံးဝမခံနိုင်ဘူး၊ သဲနုတော့ ဒင်းတို့နဲ့ အဝေးဆုံးကို ထွက်ပြေးသွားချင်တော့တာပဲ"

"သဲနုအမေက သံတွဲသူဆို၊ သံတွဲမြို့ နီးတာပဲ၊ သွားစုံစမ်းကြည့်ပါလား"

"အမေက သဲနုငယ်ငယ်ကတည်းက ဆုံးသွားတာဆိုတော့ သဲနုလည်း ဘယ်သိနိုင်တော့မလဲ"

"ဒါလည်း ဟုတ်တာပဲ"

ထိုစဉ် ခပ်လှမ်းလှမ်းမှ အင်မတန် စပ်စုတတ်သော မိတ်ကပ်ဆရာအဖွဲ့ အုပ်စုလိုက် လျှောက်လာသည်ကို မြင်လိုက်ရသဖြင့်. . .

"ကိုင်း. . . သဲနု၊ မနက်ဖြန် ဆွမ်းကျွေးတော့ မလာတော့ဘူး၊ ဒါပေမယ့် သဲနုနဲ့ စကားပြောချင်သေးတယ်၊ မနက်ဖြန်





ဒီအချိန်ကျ ဒီနားကပဲ လာစောင့်နေနော်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါရှင့်"

ခေါင်းကလေး ညိတ်ပြကာ လှစ်ကနဲ ပျောက်ကွယ် ပြေးသွားလေတော့သည်။

မိတ်ကပ်ဆရာနန်းက ရောက်လာပြီး. . .

"မင်းသားက စူပါနော်၊ အခုချိန်မှာ အဖျက်အမှောင့်က သိပ်ကြီးတာ. . . သတိထားပါ"

"ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"ခုနက ပုတီးသည်လေးနဲ့ စကားပြောနေတာ နန်းနန်းတို့ တွေ့လိုက်ပါတယ်နော်. . . ဟွန်း"

"ရိုးရိုးသားသား ကိုယ့်ပရိသတ်မို့ သွေးမကြီးဘဲ လက်ခံစကားပြောတာ အပြစ်လားဗျာ၊ ပရိသတ်ဆိုတာ ကိုယ့်ထမင်းရှင်ပဲဟာ"

"ဟွန်း. . . ပရိသတ်တင်ပဲလား၊ ဂရုဏာမိုးရွာနေတာအားလုံးက ရိပ်မိကြတယ်၊ မင်းသားကို ချစ်လို့ စကားတစ်ခွန်းတော့ မှာရဦးမယ်၊ လောကမှာလေ. . . ချစ်မိတာ ကြောက်စရာမကောင်းဘူး၊ သနားမိတာကမှ ကြောက်စရာကောင်းတာ၊ ဟွန်း. . . သဒ္ဒါလွန်တော့ တဏှာကျွန် ဖြစ်တတ်တယ်နော်. . . သတိထား၊ သွားမယ်. . . လူဆိုး"

ပြောပြောဆိုဆို နန်းက ရှိစုမဲ့စု တင်ပါးကို ဘယ်ညာယမ်းပြီး လမ်းဆက်လျှောက်သွားလေတော့သည်။

သူကတော့ နန်းနန်းတို့နှင့် ဆန့်ကျင်ဘက်သို့ ပြန်လျှောက်ပြီး ပြန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်လွှာရှင်နှင့် တူသော လွန်း၏ပန်းချီမလေးကို စွဲလမ်းမိရာက ၎င်းနှင့် ထပ်တူထပ်မြှတ် တူလွန်းသော ရခိုင်သူ ပျိုချောလေးကိုပါ စိတ်ဝင်စားရာမှ ဂရုဏာမိုး စွေသွားရသည့် သူ့ဖြစ်အင်ကို သူကိုယ်တိုင်ပင် မယုံကြည်နိုင်အောင် ဖြစ်ရလေ သည်။

ဒါဟာ ရေးရေးဘဝ ရေစက်ကြောင့်ပေလား။

ဖူးစာကံအကြောင်း ဖန်လာတာကြောင့်လား။

သူ ဆက်မတွေးချင်ဘဲ တွေးနေမိနေလေသည်။

ဒါ. . . မိန်းမနဲ့ ပတ်သက်၍ သူ့ဘဝမှာ ပထမဦးဆုံး အကြိမ် ဖြစ်ပေါ်လာသော ဦးနှောက်အတွင်း နေရာပေးမှု ဖြစ် လေသည်။







## အခန်း(၁၅)

သိမ့်ကြည်လင်. . . လွန်းကြင် ပေးသော ပန်းချီဓါတ်ပုံ ကားကို အမြတ်တနိုးပင် သူ့အိပ်ခန်းအတွင်း အမြတ်တနိုး ချိတ် ဆွဲထားလိုက်သည်။

ကိုယ့်ပုံကိုယ် ကြည့်ရတာက မှန်တင်ခုံရှေ့ ရပ်လိုက်ရုံမျှ နှင့် လုံလောက်ပြီ။

သူ ကြည့်မိသည်က လွန်းကြင်၏လက်ရာမြောက်သော စုတ်ချက်ပန်းချီဖြစ်လေသည်။

ကြည့်ရင်း လွန်းကြင်ကို သတိရနေမိသည်။ လွန်းကြင်

www.burmeseclassic.com



ဆီက ဖုန်းကို မျှော်ရင်း ရင်မှာ မောဟိုက်ပင်ပန်းလာရသည်။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးပြီး တစ်ရက်မှတစ်ရက် နှစ်ရက် သုံးရက် ရွေ့လျားလာခဲ့ရာ တစ်ပတ်ရောက်သည်အထိ မျှော်လင့်နေသောဖုန်းကို လက်ခံရရှိခြင်း မရှိသေးပါချေ။

"သမီး ဘာလုပ်နေတာလဲ၊ ကိုယ့်ပုံကိုယ် မမြင်ဖူးလို့ ကြည့်နေတဲ့အတိုင်းပဲ၊ ပန်းချီကားများ ဘာထူးခြားလို့လဲ"

"သမီးပုံက မလှလို့လား"

"နဂိုရှိမှ နကိုင်းထွက်တာပါနော်၊ ဒါထက် ဒီပန်းချီဆရာလေးက လူပျိုဆို"

"ဩော်. . . မာမီရယ်၊ ဒီပန်းချီဆရာက လူပျိုလား လူအိုလား သမီးစိတ်မဝင်စားပါဘူး၊ သမီးစိတ်ဝင်စားတာက သူ့ရဲ့အနုပညာပါ၊ သူ့ပန်းချီပညာကို လေးစားလို့ တလေးတစား ဆက်ဆံတာပါ"

"ဒါဆိုလည်း ပြီးရော၊ မာမီကတော့ ဘုန်းကောင်းမှ စင်ခံ လင်ကောင်းမှစံဆိုတဲ့အတိုင်း သမီးဘဝအတွက် လင်ကောင်း သားကောင်း ရဖို့က အရေးကြီးဆုံးပဲ"

"ဟုတ်ကဲ့ပါ. . . သမီးနားလည်ပါတယ်"

"အေး. . . နားလည်ရင်လည်း ပြီးရောပါပဲ၊ အမေရိ ကားက မေမေ့သူငယ်ချင်း ကိုဘထွန်းသား ခရစ္စတိုဖာဘထွန်းနဲ့ ပေးစားဖို့ လူကြီးချင်း ပြောဆိုပြီးသားဆိုတာ မမေ့နဲ့နော်"

သိမ့်ကြည်လင် ရင်မှာ မကြည်သာသော်လည်း မိခင် စိတ်အေးချမ်းစေဖို့အရေး. . .

"ဟုတ်ကဲ့ပါ မာမီရယ်"





"အေးကွယ်. . . သမီးအလိမ္မာမို့ သာဓုပါပဲတော်၊ ဒါနဲ့ လာမယ့်ဆန်းဒေးမှာ သူတို့ဘက်က လာပါရစေတဲ့၊ သမီးကို လာအကဲခတ်ကြမှာ"

"ဟင်. . . အဲဒီလူက ပြန်ရောက်လာပြီလား"

သိမ့်ကြည်လင် ရင်ထဲ အပူမီးတောက်လေသည်။

"မာမို့အထင်တော့ မင်္ဂလာရက် သတ်မှတ်ဖို့ လာ အကြောင်းကြားတာပဲ ဖြစ်မယ်ထင်တယ်၊ ခရစ်တိုဖာက ဇွန်လ ဆန်း ပြန်ရောက်မှာလေ"

ရင်ထဲ အပူမီးတောက်က ပို၍ကြီးလာသည်။

ဒီအကြောင်းကို စောစောကတည်းက ကြိုသိပြီးသား ဖြစ်သည်။ မိဘများက သမီးချော သူ့ကို ချစ်သူထားမှာစိုးသဖြင့် ကြိုပြောထားပြီးဖြစ်ပေမယ့် လွန်းကြင်အပေါ် ဝါသနာတူမို့ လေးစားခင်မင်ခဲ့သည်။ ဒီထက်လည်း ပို၍မျှော်လင့်ခဲ့မိတာ အမှန်ပင် ဖြစ်သည်။

ခရစ်တိုဖာကို တကယ်တမ်း ယူရမည်ဆိုတာ သေချာ နေပြီဆိုတော့လည်း သိမ့်ကြည်လင်မှာ ဘယ်ကို လွမ်းရမှန်းမသိ၊ ရင်မှာ တလှိုက်လှိုက်နှင့် ကြေကွဲနေသလို ခံစားလိုက်ရသည်။

သူ့အပေါ် ဆက်သွယ်ခြင်း အလျဉ်းမရှိဘဲ ဥပေက္ခာပြု ခြင်သော လွန်းကြင်၏ယောကျ်ားမာနကိုလည်း သူ အံ့သြရာမှ နားလည်ခွင့်လွှတ်နိုင်ဖို့ ကြိုးစားနေရသည်။

သူ့အတွက် ငုံးဆူ လူမသိ ဆိုသကဲ့သို့ ဖြစ်နေရသည်။ အပူမီးရုပ်သွင်ကို လူမသိအောင် တိတ်တိတ်ကလေး ကြိတ်ဆွေး ဆွေးနေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဖုန်းဆက်ရအောင်လည်း လွန်းကြင် ဖုန်း နံပါတ်ကို မမေးခဲ့မိ။ ဆရာကြီးဦးဖေတင်ဆီ ဖုန်းဆက်မေး အောင်လည်း ဆရာကြီးကို မလေးစားရာရောက်မှာစိုး၍ ရင်ထဲ ကြိတ်မှိတ်ကာ ဖြစ်ပေါ်လာသောဝေဒနာကို မြိုသိပ်ထားလိုက် သည်။

ထိုအချိန် အိမ်ဖော်မိန်းကလေး ဝင်လာပြီး . . .

"မေမေကြီး . . . တယ်လီဖုန်း လာပါတယ်၊ ဒေါ်ဒေစီ တဲ့ရှင့်"

"ဟယ် . . . ခရစ္စတိုဖာအမေပဲ၊ ဘာများ ပြောချင်လို့ပါ လိမ့်၊ မာမီ ဖုန်းသွားနားထောင်လိုက်ဦးမယ် သမီး"

ပြောပြောဆိုဆိုနှင့် မိခင်ဒေါ်မျက်ခြယ်က အရွယ်နှင့် ခန္ဓာ ဆန့်ကျင်စွာ ပေါ့ပေါ့ပါးပါး ပြေးထွက်သွားလေသည်။

အတန်ကြာတော့ မိခင်က သူ့အိပ်ခန်းထဲသို့ ပြန်ဝင် လာပြီး . . .

"သမီးရေ . . . အဝတ်လဲ . . အလှပြင်ထား၊ တင်မတို့ ကိုဘထွန်းတို့က ဆန်းဒေးအထိ မစောင့်တော့ဘဲ အခုပဲ လာကြ တော့မလို့တဲ့၊ အဲဒါ . . . လှလှလေး ပြင်ထား၊ သားရှင်တွေဘက် က အရမ်းလိုလိုလားလားဖြစ်တာ သမီးရဲ့ကံ မြင့်လို့လို့သာ မှတ် ထားလိုက်၊ ကဲ . . . မြန်မြန်၊ မာမီလည်း စားစရာလေးတွေ သွား စီစဉ်လိုက်ဦးမှ"

မိခင်က ပြောပြောဆိုဆို ပြန်ထွက်သွားပြန်သည်။

မိခင်ပျော်ရွှင်ကြည်နူးနေတာကို ကြည့်ပြီး သိမ့်ကြည် လင်လည်း ပျော်ရွှင်အောင် ကြိုးစားရလေသည်။ သို့သော် ရင်ထဲ





တင်ကဲ ခံစားနေရသည်။ ချစ်ပန်းလေး မပွင့်မီမှာပင် သောက ပင်းရိပ်မိပြီး ညှိုးနွမ်းရသည့်အဖြစ်ပါလားဟုလည်း တွေးမိပြီး က်ပြင်းမောကို အခါခါ ချမိလေသည်။ ထို့နောက် . . .

အထူးတလည် ပြင်ဆင်မနေဘဲ အိမ်နေရင်း ဝတ်ဆင် ထားပြီးဖြစ်နေသည့် ချည်သားဂါဝန် ပန်းနုရောင်လေးနှင့်ပင် အောက်ထပ်သို့ ဆင်းခဲ့လေသည်။

မိခင်က မြင်တော့ မျက်စောင်းလှမ်းထိုးပြီး ပြောဆိုရန် းစပ်ဟလိုက်စဉ်မှာပင် အိမ်ထဲသို့ ဝင်လာသော ကားစက်သံ ကြောင့် . . .

"ဟော . . . လာကြပြီထင်တယ်၊ လာ . . . သွားကြိုရ အောင် သမီး၊ အဖေကြီးရေ . . . ဆင်းခဲ့တော့"

ဒေါ်မျက်ခြယ် ပျာယာခတ်သွားလေသည်။

အမှန်တကယ်ပင် ဦးဘထွန်းနှင့် ဒေါ်တင်မမတို့၏ နောက်ဆုံးပေါ် ကားကြီး ထိုးဆိုက်လာသည်။

အလွန်ဝဖိုင့်နေသော ဒေါ်တင်မမကို သိမ့်ကြည်လင် ကိုယ်တိုင်လည်း အမြင်မတော်သဖြင့် စိတ်လိုလက်ရပင် ဝင်တွဲ ခေါ်လိုက်လေသည်။

"အို . . . သမီးလေးက ချောလိုက်တာကွယ်၊ နုညက် နေးအိနေပါလား၊ ဒါကြောင့် သမီးအန်ကယ်လ်ကြီးက တဖွဖွ ချီးကျူးနေတာ၊ သတင်းစာနဲ့ဂျာနယ်တွေမှာလည်း သမီးပုံ ပါ တယ်ဆို"

ဒေါ်တင်မမက စကားတွေ ဖြူးနေသလောက် ဦးဘ ထွန်းက ငြိမ်ချက်သားကောင်းနေသည်။ သို့သော် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးကတော့ မျက်နှာသိပ်မကောင်းကြချေ။

ဒေါ်တင်မမက ပြင်သစ်က ဝယ်လာသော စိန်လည်ဆွဲ လေးတစ်ကုံးကို သိမ့်ကြည်လင်အတွက် လက်ဆောင်ပေးသည်။ လည်ပင်း၌ ကိုယ်တိုင်ဆွဲပေးရင်း မျက်ရည်များ လည်လာရာ . .

"ဟင် . . . ဘာဖြစ်လို့လဲ အန်တီ"

"ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်ချင်တာ မမျက်ခြေ ရယ်၊ ခုတော့ . . . ဟင့် . . . ဟင့် . . . မပြောချင်ပါဘူး"

မျက်ရည်ကျပြီး နှပ်သံပါ နှောလာသဖြင့် လက်ကိုင် အိတ်ထဲမှ တစ်သျှူးထုတ်ပြီး မျက်ရည်နှင့်နှပ်တို့ကို သုတ်လိုက် သည်။

ထိုအခါမှ ဦးဘထွန်းက မနေသာဘဲ . .

"ကျွန်တော်တို့ ရှေ့မျက်နှာ နောက်ထားပြီး လာရတာ ကိုကြည်လင်"

"ဘာများပါလိမ့်ဗျာ . . . ပြောစရာရှိရင် ပွင့်ပွင့်လင်း လင်းသာ ပြောပါ၊ အားနာရမယ့်သူတွေ မဟုတ်ပါဘူး ကိုဘ ထွန်း"

"ဒီလိုဗျာ . . . ကျွန်တော်တို့သား ခရစ္စတိုဖာဟာ ဟိုက ကောင်မလေးတစ်ယောက်နဲ့ Living together နေရာက သား လေး ဖွားမြင်လို့ တရားဝင် လက်ထပ်လိုက်ပြီဆိုတာ တစ်နေ့က မှ သိရတာ ကိုကြည်လင်ရေ၊ အဲဒါ . . ."

ဦးဘထွန်းမှာ မျက်နှာပူပြီး အားနာလွန်းသဖြင့် စကား မဆက်နိုင်ဘဲ ဖြစ်နေစဉ် ဦးကြည်လင်က ပေါ့ပါးစွာပင် . . .

"ဟာ . . . ကိုဘထွန်းတို့ ခုလို အသိပေး လာပြောတာ





ကျွန်တော်တို့က ကျေးဇူးတောင် တင်ရဦးမှာပါ၊ စောစောစီးစီး ခွင့်ရတာ ကျွန်တော့်သမီးအတွက် အများကြီး ကံကောင်းသွား တာပါ"

"ခွင့်လွှတ်ပါဗျာ"

မျက်ရည်စမ်းစမ်းနှင့် ဒေါ်တင်မမကလည်း . . .

"လွှတ်သွားတဲ့ငါးမို့ ကြီးတာမဟုတ်ပါဘူး၊ ကျွန်မမှာ ဒီ သမီးလေးကို ပိုင်ဆိုင်ချင်လွန်းလို့ သားဆီ အီးမေးလ် အမြဲပို့ခဲ့ တာ၊ လက်ထပ်ဖို့ သတို့သမီးရှိတယ်၊ ပညာကလွဲပြီး အခြားကိစ္စ တွေ မဝင်စားနဲ့လို့ သတိပေးထားခဲ့တာ"

ဒေါ်မျက်ခြယ်မှာ အသံပင် မထွက်နိုင်တော့။ ရင်ထဲ နင့်သွားသည်။ ဖြစ်မှဖြစ်ရလေသည်။ နိုင်ငံခြားပြန် ပီအိတ်ချ်ဒီ ဘွဲ့ရ ဒေါက်တာကြီးနှင့် သူ့သမီးလွဲဖယ်ရခြင်းအတွက် သူ့မှာ ကြေးမရ ဖြစ်ရတော့သည်။

သိမ့်ကြည်လင်ကတော့ စိတ်ထဲ ကြိတ်ကာ ပျော်မြူး သွားပြီး စောစောက ဒေါ်တင်မမ ဆင်မြန်းပေးသော စိန်လည် ဆွဲလေးကို ပြန်ဖြုတ်ယူကာ ဒေါ်တင်မမလက်ထဲ ပြန်ထည့်ပေး ရင်း . . .

"စိတ်မရှိပါနဲ့ အန်တီ၊ အန်တီ့ချွေးမကိုသာ ဆင်ပေး လိုက်ပါ၊ သမီးမှာ ဒီလိုပစ္စည်းတွေ အများကြီး ရှိပါတယ်"

"မဟုတ်တာ သမီးရယ်၊ သမီးကို ချွေးမတော်ခွင့် မရပေ မယ့် သမီးအဖြစ် ချစ်ခင်ဆဲမို့လို့ ပေးတာပါ . . . လက်ခံပါကွယ်"

"ဒါပေမယ့် သမီးက ဆွဲဖြစ်မှာ မဟုတ်လို့ပါ၊ ကျေးဇူး တင်ပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ကြည်လင်က ကတ္တီပါဘူးထဲ ပြန်ထည့်ပေးပြီး အတင်းပင် ပြန်ပေးလိုက်သည်။

သိမ့်ကြည်လင်အတွက် စိန်ရွှေငွေဆိုတာတွေက ဇယ် တောက်တမ်း ကစားလို့ရနေတာပဲဟာ။ လျော်ကြေးသဘောမျိုး လို အစွန်းတင်မခံနိုင်ပေါင်။

ဒေါ်မျက်ခြယ်တို့လင်မယားက သမီး၏အပြုအမူကို ကျေနပ်သွားလေသည်။

ဦးဘထွန်းတို့လင်မယားကလည်း ခဏသာ နေပြီး ခွင့်လွှတ်ပါဟု အတန်တန် တောင်းပန်ပြီး ပြန်သွားကြလေသည်။

"ခမည်းခမက် တော်ခွင့်မရပေမယ့် သူငယ်ချင်းဟာ သူငယ်ချင်းပါပဲ၊ ကိုဘထွန်းတို့ ဆက်လက်ဝင်ထွက်ကြပါနော်"

"ဒါပေါ့. . . မျက်ခြယ်ရယ်၊ တို့တွေက ငယ်သူငယ်ချင်း တွေပဲ၊ သာရေးနာရေး အမြဲဆက်သွယ်နေကြရမှာပါ၊ ကိုင်း. . . ကိုကြည်လင်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

သိမ့်ကြည်လင်ကလည်း အလာတုန်းက ဒေါ်တင်မမကို တွဲပြီးကြိုဆိုသလို အပြန်မှာလည်း တွဲပြီး ကားပေါ်အထိ ပြန်တင် ပို့ပေးလိုက်သည်။

သူ့ရင်ထဲ အပျော်နတ်သားတို့က ကခုန်နေလေပြီ မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရမည့်ဝဋ်ဒုက္ခက လွတ် ကင်းခွင့်ရအောင် ကယ်တင်ပေးသွားသော ခရစ္စတိုဖာကိုပင် စိတ်ထဲ ကြိတ်၍ကျေးဇူးတင်နေလေသည်။

ငါ့လို ရုပ်ချောဥစ္စာပေါကို ပစ်ပြီး တစ်ပြည်သူကို ယူ . . .ကောင်းလားဟု ယောင်၍မျှပင် မာနထားဖို့ စိုးစိလေးမှ သတိ . . .ပါချေ။





ထကခုန်ချင်စိတ်ပင် ပေါ်အောင် ပျော်မြူးသွားခဲ့လေ . . .ည်မှာ အမှန်ပင်။

တစ်ဆက်ထဲ ရင်ထဲမှာလည်း လွှန်းကြင်ဆီက ဖုန်း . . .လာကို မျှော်နေမိသည်။

တစ်စက္ကန့်လေးမျှတောင် မေ့လို့မရတာ အမှန်တကယ် လွှန်းရယ်ဟုလည်း. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ရဲနေလင်းက သူ့မန်နေဂျာ ကိုသီးနှင့် သေတ္တာ...
မောင်ချစ်တို့အလစ်ကို ချောင်းပြီး ပင်လယ်ကမ်းစပ်ကို ဆင်းက...
လမ်းလျှောက်ခဲ့သည်။ ရေစပ်နှင့် ခပ်ဝေးဝေး လူသူလေး...
ကင်းရှင်းရာနေရာကို တမင်ရွေးလျှောက်ခဲ့သည်။

နေဝင်ဖျိုးဖျအချိန်လေးမှာ သဲနုသာနှင့် တွေ့ဖို့ ချိန်း...
ထားသည့်အတွက် မပျက်မကွက် ရောက်အောင်သွားချင်သည်...
မှာ ဝတ္တရားအရ မဟုတ်။ သူ့ရင်ထဲ ထူးခြားစွာ ဝင်ရောက်လာ...
သော တွယ်ငြိလာသည့် ကြိုးတစ်ချောင်းဖြစ်သည်။





ခပ်ဝေးဝေးမှာ လှိုင်းခေါင်းဖြူတို့က ကမ်းစပ်သို့ အပြေးအလွှား လာရောက်မေးတင်သည့်အခါ ကျောက်တုံးကျောက်ဆောင်တို့နှင့်အတွေ့တွင် ရေမှုန်ရေစက်တို့ ဖြာကနဲ လွင့်စင်သွား...ကို သဘောကျစွာ ငေးကြည့်ရင်း မောင်တော်နှမတော်ကျောက်ဆောင်နားအရောက်တွင် သဲနုသာကို ရှာဖွေနေမိသည်။

ခပ်လှမ်းလှမ်း အုန်းပင်များ ရှိရာသို့ လျှောက်အလာတွင် သဲနုသာနှင့် တွေ့လျှင် ရှေ့ရေးအတွက် အစီအစဉ် မေးမြန်းပြီး လိုအပ်တာကို ကူညီပေးရန် ဆုံးဖြတ်ထားလိုက်သည်။

ပင်လယ်လေ၏အတွန်းအတိုက်ကို ခံရသော အုန်းပင်အုန်းလက်တို့က မြူးတူးစွာ တရှဲရှဲ ညာသံပေး၍ ယိမ်းထိုးနေသည်။

"ဟိတ်ကောင်. . . မင်းသားစုတ်"

အုန်းပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာပြီး အသံပေးလိုက်သည်။

ရဲနေလင်း မယုံကြည်နိုင်။ သူ့ကို ခေါ်တာမှ ဟုတ်ပါလေစ။

နောက်ထပ်အုန်းပင်တစ်ပင်နောက်မှလည်း အရက်ဆီမြန်နေသော ဦးရွှေသာပါ ထွက်လာသည်။ နောက်ထပ်တစ်ယောက်။

"နေဦး မင်းသားစုတ်"

"နေစမ်းပါဦး. . . ခင်ဗျားကြီးတို့က ကျုပ်ကို ဘာဖြစ်လို့မင်းသားစုတ်လို့ ခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲနေလင်း သတိကပ်ပြီး ဦးရွှေသာနှင့် အပေါင်းပါနှစ်ဦး ကို မျက်ခြည်ပြတ်မခံတမ်း ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်

"ခေါ် ရတယ်ကွ ××× ရဲ့ မင်း သဲနုသာကို သုတ်ပြေးတာ မှတ်လား"

"ခင်ဗျားကြီး ပေါက်ကရ မပြောနဲ့၊ ကျုပ်က ဒီကို ခဏ လာတဲ့ဧည့်သည်ပါဗျ၊ ဘယ်သူ့ကို သုတ်ပြေးရမှာလဲ"

သဲနုသာအတွက်လည်း သူ့ရင်တွေ ပူလောင်လာလေ သည်။

"ဧည့်သည်မို့လို့ ပိုစိတ်မချတာပေါ့၊ သဲနုကို ငွေသိန်းနဲ့ချီ ထုတ်ပေးပြီး ဖြားယောင်းနေတာလေ"

"ခင်ဗျားကြီးဗျာ. . . သူ့အဖေအတွက် နာရေးကူညီ တာပဲ"

"ဩော်. . . ဒီလောက်ကူညီရအောင် မင်းနဲ့ ဘယ် လောက်တောင် ရင်းနှီးနေလို့လဲ"

ရဲနေလင်း သည်းခံနိုင်သော အတိုင်းအတာ ကုန်သွား လေပြီမို့. . .

"ခင်ဗျား စစ်ချက်ထုတ်စရာ မလိုဘူး၊ ကျုပ်က တရားခံ မဟုတ်ဘူး၊ လူလူချင်း စာနာတရားအရ ကူညီတာ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့. . . သဲနုဟာ ကျုပ်လက်ခုပ်ထဲက ရေပဲ မင်းရောက်လာမှ ရှုပ်တယ်ကွာ. . . ဒီနယ်မှာ မင်းကို မမြင်ချင် ဘူး၊ ကောင်မလေးကို ပြန်ထုတ်ပေးမလား ထုတ်မပေးဘူးလား ဒါပဲပြော"





ပြောပြောဆိုဆို ဦးရွှေသာက ခါးကြားမှ ဓါးမြှောင်ကို ဆွဲထုတ်ကာ တရမ်းရမ်းနှင့် လူမိုက်စကား ဆိုလေသည်။

မင်းသားဆိုတာ စွယ်စုံတတ်ထားရမယ်ဟူသော ခံယူ ချက်နှင့် မြန်မာ့ရိုးရာသိုင်းအပြင် ဗန်တိုဗန်ရှည်၊ တိုက်ကွမ်ဒို၊ ကရာတေးကအစ နည်းစနစ်တကျ သင်ယူတတ်မြောက်ထား သော ရဲနေလင်း မျက်စိရှင်ရှင်ထားကာ လေ၀၀ တစ်ချက် အဆုတ်ထဲ ရောက်အောင် ရှူသွင်းလိုက်ပြီး အသင့်အနေ အထား ပြင်ဆင်ကာ သတိကပ်လိုက်သည်။

သူ့ဆီသို့ ဓါးမြှောင်ဦးဆိုက် တိုးဝင်လာသော ဦးရွှေသာ ၏လက်ကို ဆိုက်ကစ်နှင့် ခြေဖျားခတ်ကာ ကန်ထုတ်လိုက်တော့ ဓါးမြှောင်မှာ လေထဲ မြောက်ကာ အဝေးသို့ လွင့်ပါသွားလေ တော့သည်။

ထိုအခါမှ ဦးရွှေသာ၏တပည့်တပန်းများက ရရာ အုန်း သက် အတိုအစများကို ဆွဲယူကာ ဝင်ရမ်းလေတော့သည်။

အနုအကြမ်း အစုံအလင် တတ်ထားသော ရဲနေလင်း မမှုပါ။ ခံစစ်အနေအထား ပြင်ဆင်ပြီး ရန်ဘက်သုံးဦးကို နည်း စနစ်မှန်မှန်နှင့် တိုက်ခိုက်လိုက်နိုင်သော်လည်း. . .

အနည်းငယ်တော့ ထိမိခိုက်မိ ရှိသွားသည်။

ထို့နောက် နောက်ဆုံးမှာတော့ ဦးရွှေသာနှင့်တပည့် နှစ်ဦး ဖနောင့်နှင့်တင်ပါး တစ်သားတည်း ကျအောင် ထွက်ပြေး သွားလေတော့သည်။

ထိုအခါမှ ရဲနေလင်း ခန္ဓာကိုယ်ရှိ အကြောများကို လျှော့ချပြီး အသက်ကို ပြင်းပြင်းရှူထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အုန်းပင်ရင်း ပင်စည်အကွယ်မှ သဲနုသာ ပြေးထွက်လာပြီး. . .

"အစ်ကို. . . အစ်ကို. . . သဲနုကို ကယ်ပါနော်"

"ဟင်. . . သဲနု"

ရဲနေလင်း၏ခြေသလုံးကို ဖက်တွယ်ပြီး သဲနုမှာ မျက်ရည်မိုးတို့ သဲသဲမဲမဲ ရွာသွန်းလေတော့သည်။ ထိပ်လန့်မှုအရှိန်ဖြင့် ခန္ဓာကိုယ်လေးမှာလည်း တဆတ်ဆတ် တုန်လျက်ရှိနေရာ

ရဲနေလင်း ဘာကိုမှ စဉ်းစားမနေတော့။ သဲနုသာ၏ပခုံးလေးကို မ,၍ ဆွဲယူထစေပြီး. . .

"ကိုင်း. . . သဲနု ဘာမှမကြောက်နဲ့တော့၊ စိတ်အေးအေးထားပြီး အစ်ကို့ကို ပြောပြစမ်း"

"ဟင့်. . . ဟင့်. . . သဲနု အကုန်မြင်ရပါတယ်ရှင်၊ အစ်ကို နာသွားသေးလားဟင်၊ သဲနုလည်း ပုန်းနေရာက ထွက်ပြီး အစ်ကို့ကို ကူညီချင်ပါတယ်၊ ဒါပေမယ့် သဲနုကြောင့် အစ်ကို ဝန်ပိမှာ စိုးရိမ်လို့ တိတ်တိတ်ကလေးပဲ ပုန်းနေလိုက်တာပါ"

"မင်းလုပ်တာ မှန်တယ်၊ ညီမသာ ထွက်လာရင် အစ်ကို မင်းကို ငဲ့ကွက်နေရတာနဲ့ ကောင်းကောင်းတိုက်ခိုက်နိုင်မှာ မဟုတ်ဘူး။ ကိုင်း. . . ညီမ ဘာတွေ တွေ့ကြုံခဲ့သလဲဆိုတာသာ အစ်ကို့ကို ပြောပါဦး"

အုန်းပင်ခြေရင်း သဲလွှာနုထဲ၌ နှစ်ယောက်သား ထိုင်လိုက်ကြသည်။

သဲနုသာ မနေ့ညက မြင်ကွင်းကို ကျောချမ်းစွာ မြင်ယောင်ရင်း ရဲနေလင်းကို အဖြစ်အပျက် အမှန်အတိုင်း ပြောပြ





လိုက်လေသည်။

မနေ့ညက. . .

ဦးရွှေသာ မီးဖိုထဲ ဝင်လာပြီး ညနေစာ ချက်ပြုတ်ရန် ပြင်ဆင်နေသော သဲနုသာအား. . .

"ဟဲ့. . . သဲနု ငါ ဟင်းချိုချက်မလို့ ဝိုင်းကူညီစမ်း"

ပြောပြောဆိုဆို သူကိုယ်တိုင် ပုစွန်ခြောက်ငိုင်းချင်းနှင့် ခြစည်းရိုးမှာ ပေါက်နေသော စိန်မျက်ခုံးရွက်များကို ခူးကာ ချက်လေသည်။

"ဦးလေး. . . ဒါ မစားကောင်းဘူးလေ"

သဲနုသာ တအံ့တသြ ပြောတော့ ဦးရွှေသာက သူ့လက်ကြမ်းကြီးနှင့် ပါးစပ်ကို လာပိတ်ထားပြီး. . .

"နင်နဲ့ငါ အတူနေရအောင် ကြံဖန်တာ၊ နင် အသာနေစမ်း"

ပြောပြောဆိုဆို ခပ်ကြမ်းကြမ်းပင် ဆွဲခေါ်လာပြီး ဟင်းချိုပန်းကန်ကို ထိုးပေးကာ. . .

"ရော့. . . ဟိုဟာမကြီးကို ဒီတစ်ပန်းကန်လုံး ကုန်အောင် တိုက်ခဲ့၊ ကုန်အောင်မတိုက်ရင် နင့်မင်းသားကို ပြန်ပေးဆွဲပြီး သတ်ပစ်မယ်. . . ကြားလား"

ဦးရွှေသာက ထရံကွယ်ကနေ ခါးမိုးထားသောကြောင့် ဒေါ်မနီကို သနားသော်လည်း အစ်ကိုမင်းသားကို ရန်မူမှာစိုးသောကြောင့် သဲနုမှာ မလူးသာ မလွန့်သာ ဖြစ်ခဲ့ရသည်။ သူ့ကို ထရံကွယ်ကနေ ခါးနှင့် ပေါက်လိုက်မှာလည်း စိုးသဖြင့် ဟင်းချိုပန်းကန်ကို ဒေါ်မနီရှေ့ ချထားလိုက်သည်။ နှုတ်ကလည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောမထွက်။

စိတ်ထဲမှာတော့ ဒေါ်မနီ မသောက်မိပါစေနဲ့ဟု ဆုတောင်းလိုက်လေသည်။

သို့သော် သဲနုဆုတောင်းကား မပြည့်ခဲ့ချေ။

"သဲနု. . ဒါ ငါ့အတွက်လား၊ အာခေါင်ခြောက်နေတာနဲ့ အတော်ပဲ"

ဟု ဆိုကာ ဒေါ်မနီက တစ်ပန်းကန်လုံး ကုန်အောင် သောက်ပစ်လိုက်လေတော့သည်။

ဤသည်ကို ကြည့်ပြီး ဦးရွှေသာက လေလေး ချွန်လိုက်၊ လျှာလေးအာလေးကြီးနှင့် သီချင်းဆိုလိုက်၊ သဲနုကို ကြောက်စရာ မျက်လုံးကြီးများနှင့် ကြည့်လိုက် လုပ်နေလေသည်။ ဒါ့အပြင်. . ကလေးတွေကိုလည်း ရှာလယ်က ဗွီဒီယိုရုံမှာ ဗွီဒီယို သွားကြည့်ခိုင်းလေသည်မို့ သဲနုမှာ အန္တရာယ်စက်ကွင်းမှ လွတ်အောင် ပြေးပေါက်ကို ချောင်းနေစဉ်မှာ ဒေါ်မနီသည် သူ့လည်ပင်း သူကိုင်ကာ. . .

"အမလေး. . . ပူလိုက်တာ၊ ဟဲ့ကောင်မ သဲနု. . . နင် ငါ့ကို အဆိပ်ခပ်လိုက်တယ်မှတ်လား၊ အမလေး. . . လာကြည့်ပါဦး အရပ်ကတို့"

အော်ဟစ်ရင်း အသံတိမ်ဝင်ကာ လဲကျသွားလေရာ သဲနုမှာ. . .

"မဟုတ်ဘူး. . . ဦးလေး တိုက်တာ"

ပြောရုံရှိသေး၊ ဦးရွှေသာက. . .

"ဟဲ့. . . တိတ်စမ်း၊ ကိုယ့်အပြစ်ကိုယ် သိစမ်း၊ သူများ





ကို လက်ညှိုးမထိုးနဲ့၊ နင်အမှုပတ်မယ်၊ ငါ့မိန်းမကို နင်သတ်တာ ငါတစ်ယောက်ထဲပဲ သိတာ၊ နင် အသာနေ၊ အရပ်ထဲ ဘယ်သူမှ မသိအောင် ငါဖုံးထားပေးမယ်၊ မဟုတ်လို့ကတော့ နင် ထောင်အကျပဲ"

သဲနုမှာ ကလိမ်စေ့ ငြမ်းဆင်သော ဦးရွှေသာကို အကြောက်ကြီးကြောက်ကာ နေစရာမရှိ ဖြစ်နေစဉ် ဦးရွှေသာက

"လာကြပါဦး. . . ဒီမှာ မနီ ဘာဖြစ်နေလဲ မသိဘူး"

ဟု အိမ်နီးချင်းကိုခေါ်၊ ဆေးရုံပို့ဖို့ ကားရှာနှင့် ပြင်ဆင်နေစဉ် သဲနုလည်း ဘာမှစဉ်းစားမနေတော့ဘဲ အိမ်နောက်ဖေး ပေါက်မှနေ၍ ခြေဦးတည့်ရာ ထွက်ပြေးခဲ့လေတော့သည်။

သဲနုမှာ မျက်ရည်စမ်းစမ်းနှင့် သူ့ဖြစ်အင်ကို ရှင်းပြလေတော့ နှုလုံးသားနုသော မင်းသားရဲနေလင်းမှာ သဲနုသာ၏ကိုယ်ကလေးကို ရင်မှာ ထွေးပွေ့ထားပြီး နှစ်သိမ့်လိုက်မိလေသည်။

"ဖြစ်ရလေ သဲနုရယ်၊ မင်းကို သူ့မိန်းမ သတ်ပါတယ် ဆိုပြီး အကျပ်ကိုင်ပြီးတော့ သူ့ဆန္ဒနဲ့ မင်းကို အဓမ္မ သိမ်းပိုက်မယ့်ပုံပဲ. . . ကံသီလို့ပါပဲ၊ ဒါထက် ညက ဘယ်မှာ သွားပုန်းနေတာလဲ"

"တပ်ထဲက သူငယ်ချင်းအိမ်မှာ သွားပုန်းနေတာ၊ တပ်ထဲမှာဆိုတော့ သူ လာမရှာရဲဘူးလေ၊ ဒါပေမယ့် လိုင်းထဲမှာ မိသားစုက များများနဲ့ ကြာရှည်နေဖို့ မဖြစ်ဘူး၊ ပါပါက စစ်တွေက ဆွေကြီးမျိုးကြီးပါ၊ စစ်တွေကို လိုက်သွားပြီး ပါပါ့နာမည် အပေါင်တို့နာမည်တွေနဲ့ စုံစမ်းကြည့်မလားလို့"

ရဲနေလင်း ရင်ခွင်ထဲမှ သဲနုသာကို အသာအယာ ခွာ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်စဉ် သဲနုသာလည်း သူ့စိတ်ကူးကို ရဲနေလင်းအား မော့ကြည့်ရင်း တင်ပြလိုက်လေသည်။

သဲနုသာ၏ကပိုကရိုပုံစံလေး၊ ငိုထားသဖြင့် နှာသီးလေးများ နီရဲတွတ်နေသည်။ မျက်ခွံကလေး ယောင်ကိုင်းကာ မို့အစ်နေသည်။ သောကဒုက္ခပင်လယ် ဝေနေသည့်ကြားက ဖူးစင်မွတ်နေအောင် လှနေသည်။

ရဲနေလင်း ပင့်သက်ကို တိတ်တခိုး ရှိုက်လိုက်သည်။ မင်းသမီးပေါင်းများစွာကို သဏ္ဌာန်လုပ် သရုပ်တူစေဟု ဆိုကာ ပွေ့ဖက်ရမ်းခဲ့ဖူးသော်လည်း သူ့ရင်ခုန်သံ တစ်ခါတစ်ရံမျှ မမြန်ဆန်ခဲ့ဖူး မခုန်ဖူးခဲ့ချေ။

ယခုတော့ ဒုက္ခအိုးမလေးကို ရင်ခွင်ထဲ အမှတ်မထင် ပွေ့ပိုက်မိရာမှ ခုန်လိုက်သည့်ရင်ခုန်သံ တဒုတ်ဒုတ်ကိုပင် ကြားနေရသည်။

“ဒါထက် ဒေါ်မနီသတင်းကော ဘာကြားသေးသလဲ”

“မသေဘူး. . . ဆေးရုံက ဒီနေ့ပဲ ပြန်ဆင်းလာတယ်တဲ့၊ ဒါပေမယ့် ဦးရွှေသာကတော့ သဲနုကို တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ သိမ်းပိုက်မှာပဲ၊ သဲနု ကြောက်တယ် အစ်ကို”

“မကြောက်ပါနဲ့. . . အစ်ကို ရှိပါသေးတယ်”

“လင်းသာကမ်းခြေကို သွားပြီး စက်လှေတွေ တစ်စီးစီးနဲ့ ထမင်းချက်အဖြစ် လိုက်သွားပြီး စစ်တွေရောက်တော့ ပါပို့အမျိုးတွေ ရှာကြည့်မလားလို့ စဉ်းစားမိတယ်”

ဖူးစင်နေအောင် လှသော မိန်းမချောလေးအတွက် အန္တရာယ်ဆိုတာ အမြဲဖိတ်ခေါ်နေတတ်သည်ဖြစ်ရာ ရဲနေလင်း





...တ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သည်မို့. . .

“နေဦး. . . ဒါလည်း မင်းလို မိန်းကလေးအတွက် အန္တရာယ် ရှိတယ်၊ အစ်ကို စီစဉ်ပေးတာ လိုက်နာနိုင်မလား၊ အစ်ကို မင်းကို တစ်သက်လုံး တာဝန်ယူစောင့်ရှောက်ပေးမယ်”

သဲနုသာ ရဲနေလင်း မျက်နှာကို စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်သည်။

ကျားကြောက်လို့ ရှင်ကြီးကိုး. . . ကျားထက် ရှင်ကြီးဆိုးမယ့်ဟာန် မြင်ရ မမြင်ရ။

ဘာကြောင့်ရယ် မသိ။ အစ်ကိုမင်းသားကို ကြည့်ရတာ ဘကယ့်ကို လူကောင်းသူကောင်းပုံစံမျိုး ပေါက်နေသည်။ ရင်ထဲမှာလည်း အလိုလိုပင် ယုံကြည်အားကိုးနေမိသည်မို့. . .

“ဟုတ်ကဲ့ အစ်ကို”

ထိုအခါမှ ရဲနေလင်း သူ၏လက်ကိုင်ဖုန်းကို ဖွင့်ပြီး သူ့မန်နေဂျာ ကိုသီးကို လှမ်းခေါ်လိုက်သည်။

“ဟယ်လို မင်းသား. . . ဘယ်ပျောက်နေတာလဲ”

“ကိုသီး. . . မောင်တော်နှမတော် ကျောက်ဆောင်ဘက်ကို လျှောက်လာခဲ့ဗျာ. . . အမြန်ဆုံး၊ ဘယ်သူမှ မသိစေမရိပ်မိစေနဲ့”

“အိုကေ. . . ကောင်းပြီ”

သူတစ်ခေါင်းထဲ မစဉ်းစားနိုင်၊ ကိုသီးကတော့ သူ့ထက်အသက်လည်းကြီး၊ ဝလည်းကြီးဆိုတော့ အကြံကောင်းဉာဏ်ကောင်း ရနိုင်သည်။

ဒါမှမဟုတ် သူ့အကြံအစည်ကို ပြောပြပြီး ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ရမည်ဖြစ်သည်။

"ညီမ"

"ရှင်. . . အစ်ကို"

သူ ဖုန်းပိတ်အပြီး သတိရသဖြင့် သဲနုသာကို ကြည့်လိုက်သည်။

"ညီမမှာ မှတ်ပုံတင် ပါသလား"

"ပါပါတယ်. . . ဒီထဲမှာ"

သူ့လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ရခိုင်ရိုးရာ လွယ်အိတ်ခပ်နွမ်းနွမ်းလေးကို ပြရင်းပြောလိုက်သည်။

"ဟူးကနဲ" နေအောင် ရဲနေလင်း သက်ပြင်းချလိုက်မိသည်။

တော်ပါသေးရဲ့။ ကံတရားတစ်ခုက သူကလေးအတွက် ဖေးမပေးရှာ၍ဟု. . .။







## အခန်း(၁၉)

နောက်တစ်နေ့နံနက် မဇင်လေဆိပ်တွင် ကိုသီးနှင့်အတူ ရုပ်ဖျက်ထားသော ကောင်ချောလေးတစ်ယောက် ရန်ကုန်သို့ လေယာဉ်ပျံနှင့် လိုက်ပါသွားလေသည်။

ရဲနေလင်း ပင်လယ်ကမ်းစပ်တွင် ရုပ်ရှင်ရိုက်ကူးနေရာမှ မဇင်လေဆိပ်ဖက်ဆီမှ ပျံတက်သွားသော ဂျက်လေယာဉ်တစ်စင်းကို လှမ်းကြည့်ရင်း စိတ်ထဲ ကျေနပ်ပျော်ရွှင်သွားလေသည်။

ကိုသီးနှင့်အတူ ယောကျ်ားလျာလေးအသွင်ပြောင်းသော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားသော သဲနုသာဆိုသည့်ကောင်မလေးတစ်ယော
မနုဿမုဆိုး၏ကျော့ကွင်းမှ လွတ်ကင်းသွားရှာလေပြီဟု တွေ
က ပျော်မြူးသွားသည်မို့. . .

"မင်းသား တကယ်အသက်ဝင်တယ်နော်"

ချစ်သူနှစ်ဦး ပင်လယ်ကမ်းစပ်၌ ပြေးလွှားရင်း ချ
တင်းနှောနေသော ဇာတ်ဝင်ခန်းမှာလည်း အပီအပြင် ဖြစ်သွား
လေသည်။

အနုပညာရှင်၏နှလုံးသားခံစားမှု ဝေဒနာအစုစုသည်
လည်း ဆေးစက်ကျရာ အရုပ်ထင်စေရန် ဖန်တီးနိုင် စွမ်းအာ
ပေးနိုင်စွမ်း ရှိလေသည်။

မနေ့ညကတည်းက ကိုသီး၊ မောင်ချစ်တို့အကူအညီ
ယူကာ သူတို့ လုံးချင်းဘန်ဂလို၌ စောင့်ရှောက်ပေးထားခဲ့ပြီး
ကိုသီးက လေယာဉ်လက်မှတ် ရယူပြီး ဒီနေ့ ခေါ်သွားပေးခဲ့ခြင်း
ဖြစ်သည်။

သံတွဲ-ရန်ကုန် လေယာဉ်ပေါ် တွင် ကိုသီးနှင့်အတူ ယှဉ်
ထိုင်ရင်း လိုက်ပါလာသော ငပလီရွာသူလေး သဲနုသာမှာ
ကြောက်လန့်တကြား ဇောချွေးများပင် ပြန်နေရာ ကိုသီးက. . .

"သဲနု. . . ဘာဖြစ်လို့လဲ မူးလို့လား"

"မဟုတ်ဘူး. . . ကြောက်လို့"

"ကြောက်စရာမလိုပါဘူး. . ဘာမှမဖြစ်ဘူး၊ လေယာဉ်
တစ်ခါမှ မစီးဖူးဘူးလား"

"ဟုတ်ကဲ့ရှင့်"

"ညည်း ဟိုကိုရောက်ရင် လိမ်လိမ်မာမာနေ၊ မင်းသား





– ညည်းကို ညီမလေးအရင်းလို စောင့်ရှောက်လိမ့်မယ်"

"ဟုတ်ကဲ့ရှင့်"

"ကိုင်း. . . ခါးပတ်ဖြုတ်လို့ရပြီ၊ ငါ့ကိုကြည့်"

ကိုသီးက သူ့ကိုယ်မှ ခါးပတ်ဖြုတ်နည်းကို ပြပေးလိုက်
သည်။ ဉာဏ်ကောင်းသော သဲနုသာက ချက်ချင်းပင် သူ့ခါးပတ်
ကို ဖြုတ်လိုက်နိုင်သည်။

ကိုသီးစိတ်ထဲ၌လည်း "ဩော်. . . ကျောက်ရိုင်းတုံး
လေး၊ သွေးလိုက်ရင် အရောင်တောက်လာမှာပါလား" ဟု ထင်
မြင်နေသည်မို့. . .

"သဲနု"

"ရှင်. . . လေးလေး"

"ဟိုရောက်ရင် မင်းသားရဲ့သူငယ်ချင်းနဲ့ တွေ့လိမ့်မယ်"

"ရှင်. . . ဟုတ်ကဲ့ရှင့်၊ သူကကော မင်းသားလို သဘော
ကောင်းရဲ့လားဟင် လေးလေး"

"ကောင်းတယ်. . . မင်းသားထက်တောင် သဘော
ကောင်းတယ်၊ ရိုးသားတယ်၊ ညည်းကို သူကလည်း စောင့်
ရှောက်ပေးလိမ့်မယ်"

ကိုသီး ပြောမယ့်သာ ပြောနေရသည်။ ညက လွန်းကြင်
ကို ဖုန်းဆက်တော့လည်း မရချေ။ ညက တပေါင်းမိုး ရွာသွန်းခဲ့
သည်။ လေမိုးအနည်းငယ် သည်းသည်းထန်ထန် ရွာသွန်းခဲ့လေ
သည်မို့ လိုင်းမရခြင်းဖြစ်မည်ဟု ခန့်မှန်းခဲ့သည်။

ကိစ္စမရှိပါဘူး၊ လွန်းကြင်က သူ့ပန်းချီကိစ္စ ရန်ကုန်သွား
တတ်သည်မှအပ အိမ်မြဲသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံလေဆိပ် ရောက်မှ ဖုန်းထပ်ဆက်ကြည့်ဦးမ ဟု စိတ်တွင် တေးထားလိုက်သည်။

မင်္ဂလာဒုံလေဆိပ်ရောက်တော့ အငှားကားနှင့် မှော် သို့ လာရင်း ငပလီရှိ ရဲနေလင်းကို အရင်ခေါ်လိုက်သည်။ ရဲ လင်း ဖုန်းမှာ စက်ပိတ်ထားသည်နှင့် တိုးနေသည်။

ရှုတင်ရှိသည့်အချိန်ဖြစ်မည်ဟု ခန့်မှန်းမိလိုက်ပြီး လွ ကြင်ဆီသို့ ဖုန်းဆက်ခေါ်လိုက်ပြန်သည်။

"ဟယ်လို"

"ကိုလွန်းနဲ့ တွေ့ချင်လို့"

"ဆရာ အောက်ဒိုးထွက်သွားပါတယ်"

"ဟုတ်လား. . . ဝေးလား"

"ဟုတ်ကဲ့. . . ဘယ်သူပါလဲခင်ဗျာ"

"မောင်စိုး. . ငါ ဦးသီးပါ"

"ဩော်. . . . ဟုတ်ကဲ့ ဦးသီး. . . ပြောပါခင်ဗျာ၊ ကျ တော် ဆရာလာရင် ပြန်ပြောပေးပါ့မယ်ခင်ဗျာ၊ မှာစရာရှိ မှာထားခဲ့ပါ"

"အေး. . . ဦးတို့ အခုလာမယ်၊ အိမ်ပိတ်မမိဖို့ပဲ အ ကြီးတယ်၊ မင်းဆရာ မရှိလည်း မင်းစောင့်နေ"

"ဟုတ်ကဲ့ ဦးသီး. . . စိတ်ချပါခင်ဗျ"

ကိုသီး ဖုန်းပိတ်လိုက်ရင်း သက်ပြင်းချမိလိုက်သည်

မူးယစ်ဆေးဝါး၊ အရက်သေစာ၊ လောင်းကစားန မိန်းမကိစ္စ အလွန်ကင်းရှင်းပြီး ရိုးဖြောင့်သော သူငယ်ချင်း ယောက် ယခုမှ သဲနုသာဆိုသော ရခိုင်ပျိုဖြူချောကြောင့် အမူ





တော့မည်။

မင်းသားရဲနေလင်းက သဲနုသာဘဝကို ကယ်တင်ပေး ပန်းချီဆရာ လွန်းကြင်လက် ဝကွက်အပ်ကာ သဲနုသာဘဝကို င်ပြောင်းလဲပေးထားပါဟု သူ့အားလည်း နှုတ်နှင့် မှာကြား၊ းကြင်ထံ စာအားဖြင့်လည်း ရေးပေးလေသည်။

မင်းသားအမှုပွေ့သမျှကို ပန်းချီဆရာက လိုက်၍ ဘကပွေ့ရတော့မည်ဟု ကိုသီး တွေးကာ သက်ပြင်းချမိခြင်း လေသည်။

စပါးပင်များကို ရိတ်သိမ်းပြီးချိန် ကောက်ပင်ရနံ့ တလှိုင် င်ကို ခံစားရင်း လွန်းကြင် အိမ်ဆီသို့ ပြန်လာသည်။

"တီ. . . တီ. . . တီ"

အငှားကားတစ်စီး အိမ်ခြံထဲ ချိုးဝင်ပြီး ဟွန်းသံပေး က်သည်။

စောကျော်စိုးက အိမ်တံခါးဖွင့်ကာ ပြေးထွက်လာသည်။ ချီကား ချိုင်းကြားညှပ်ပြီး အိမ်ဘေးဘက်မှ သွားကနဲ ပေါ် သော သူ့ကို မြင်တော့. . .

"ဟော. . . ဆရာပြန်လာပြီ၊ အတော်ပဲ. . . ကိုသီး က်လာမယ်ဆိုတာ ဖုန်းဆက်ထားလို့"

"ကိုင်း. . . ပြောမနေနဲ့တော့ မောင်စိုးရေ၊ ငါပဲ ရှင်းပြ က်တော့မယ်"

ကားပေါ်မှ ကိုသီး ဆင်းလာရင်း လှမ်းပြောလိုက်သည်။

လွန်းကြင်က ဘုမသိ ဘမသိ ဘာတွေလဲဟု နဝေတိမ် ာင် ဖြစ်နေစဉ် ကားနောက်ခန်းမှ ဦးထုပ်ကြီးဆောင်း၊ နေကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်အကြီးကြီး တပ်ထားပြီး ဂျင်းဘောင်းဘီ ကိုယ်ကျပ်တီရှပ် နှင့် ဖြူစင်ဝင်းမွတ်နေသော ကောင်မလေးတစ်ယောက်ကို မြင် လိုက်ရသည်နှင့် ပါးစပ်အဟောင်းသားပင် ဖြစ်သွားရသည်။

ကိုသီးက. . .

"ကားဆရာ. . . ခဏလေး စောင့်ပါဗျာ"

ဟု ပြောပြီး အိမ်ပေါ်ပင် မတက်တော့ဘဲ သူ့အား ခပ်လှမ်းလှမ်း သစ်ပင်ရိပ်ဘက်သို့ ဆွဲခေါ်သွားပြီး. . .

"ကိုရဲ လွှတ်လိုက်တာ ကိုလွန်း၊ ဒီမိန်းကလေးက ခိုကိုး ရာမဲ့ ဒုက္ခသည်လေးမို့ သူက ကူညီလိုက်တာ၊ သူ မလာခင် မင်း သူ့ကို စောင့်ရှောက်ပေးထားလိုက်ပါတဲ့၊ အသေးစိတ် သိ ချင်ရင်တော့ ကောင်မလေးကိုသာ မင်းမေးကြည့်လိုက်ပေ တော့"

"ဗျာ. . . ဘယ်လိုဒုက္ခသည်မို့လဲဗျာ"

သူငယ်ချင်းအတွက် လွန်းကြင် ပူပန်သွားရလေသည်။ နာမည်တစ်လုံးနှင့် နေလာသော သူ့အတွက် ဘယ်လိုများ ဖြစ်ရ ပါလိမ့်။

"သြော်. . . မင်းကို ဖုန်းခေါ်မရလို့တဲ့၊ မင်းအတွက် စာတစ်စောင် ရေးပေးလိုက်တယ်"

ပြောပြောဆိုဆို သူ့လက်ကိုင်အိတ်ထဲမှ စာတစ်စောင် ကို ထုတ်ပေးလိုက်ပြီး. . .

"ကိုင်း. . . အချိန်မရဘူး. . . သွားမယ်၊ သဲနု. . . ဒီမှာ ညည်းကို စောင့်ရှောက်ထားပေးမယ့် အစ်ကိုတစ်ယောက် လို့ မှတ်ထား၊ လိမ်လိမ်မာမာ နေနော်. . . ငါသွားပြီ၊ ရိုက်ကွင်း





က မပြီးသေးတော့ မနက်ဖြန် ဖလိုက်နဲ့ ငါပြန်ရမှာ၊ သွားပြီ ကိုလွန်းကော"

ကိုသီး ပြောပြောဆိုဆိုနှင့် တက္ကစီပေါ် ပြန်တက်ပြီး ဆက်ပြကာ ထွက်ခွာသွားလေသည်။

လွန်းကြင်ရော သဲနုသာပါ ယောင်ချာချာဖြစ်လျက် ကျန်ရစ်ခဲ့ကြသည်။

လွန်းကြင် လက်ဆွဲအိတ်ကလေးတစ်လုံး ပိုက်ကာ ယို့ ယို့ကလေး ရပ်နေသောမိန်းကလေးကို သေသေချာချာ မကြည့် ဘဲ. . .

"လာ. . . အိမ်ပေါ် လိုက်ခဲ့" ဟု ခေါ်ပြီး အိမ်ပေါ်သို့ ခြေလှမ်းကျဲကြီးနှင့် တက်ခဲ့ပြီး ဧည့်ခန်းအရောက်တွင် ဆက်တီ၌ ထိုင်ပြီး 'ရဲ' ၏စာကို ဖောက်ဖတ်လိုက်သည်။

လွန်း

ငါ့ကို ကူညီပါဦး။ အခု ကိုသီး လာပို့တဲ့မိန်းကလေးဟာ ပလီသူလေး သဲနုသာတဲ့။ သူ့အကြောင်းနဲ့ ပတ်သက်ပြီး အသေးစိတ်ကိုတော့ နောက်မှပဲ ရှင်းပြတော့မယ်၊ သိချင်ရင် သူ့ကို မေးကြည့်ထားလိုက်ပါ၊ ဒုက္ခသည်လေးတစ်ယောက်မို့ သားချင်းချင်း နှမချင်း စာနာထောက်ထားပြီး ကူညီပေးတယ် လို့ သဘောထားပါ၊ သူက ကျောက်ရိုင်းတုံးလေးမို့ မင်းက အရောင်ထွက်အောင် သူ့ရဲ့ဝါသနာပါရာ လက်မှုပညာ အတတ် ပညာတစ်ခုခုကို စုံစမ်းပြီး သင်ကြားပေးထားပါ၊ ငါကတော့ မင်းတို့ဆီ တော်ရုံနဲ့ လာနိုင်ဦးမယ် မထင်ဘူး၊ အချိန်ရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာပါ့မယ်။ ဒါကြောင့် ငါမလာခင် ငါ့ကိုယ်စား မင်း သူ့ကို ညီမလေးသဖွယ် စောင့်ရှောက်ပေးထားပါ။ မင်းသိက္ခာနဲ့ စည်းကမ်းကို ငါ အမြဲယုံကြည်နေပါတယ်၊ သူ့အတွက် ကုန်ကျစရိတ်မှန်သမျှကို ကိုသီး စီစဉ်ပြီး ပို့ပေးလိမ့်မယ်၊ ဒါပါပဲ သူငယ်ချင်း။ အချိန်ရတာနဲ့ ငါပြေးလာမှာပါ လွန်း။

မင်းရဲ့

ရဲ"

စာလေးက ဒီလောက်ပဲ ပါသည်။ အကျိုးအကြောင်းဘာမှ ရှင်းရှင်းလင်းလင်း မပါချေ။

ဟင်း. . . ရဲတို့ကတော့ လုပ်ချလိုက်ပြီဟု တွေးရင်းပင့်သက်ရှိုက်ပြီး ကောင်မလေးကို လှမ်းကြည့်လိုက်တော့ လွန်းကြင် မျက်လုံးအစုံ ပြူးထွက်သွားလေတော့သည်။

နှုတ်မှလည်း. . .

"ဟင်. . . မင်း. . . မင်း"

ကောင်မလေးက ဦးထုပ်ကိုချွတ်၊ နေကာမျက်မှန်ကြီးကို ချွတ်လိုက်ပြီး ဦးထုပ်ကလေးနှင့် ယပ်ခတ်ကာ စိတ်အိုက်အိုက်နှင့်ထိုင်နေပုံရသည်မို့ ကောင်မလေး၏မျက်နှာကို ကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည့်တဒင်္ဂအတွင်း လွန်းကြင်မှာ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

"မင်း. . . သိမ့်. . . သိမ့်"

သိမ့်လားဟု စွပ်စွဲမည် လုပ်ပြီးမှ မဟုတ်နိုင်ဟု သိလိုက်ရသည်။ ဆံတောက်ဖားဖားနှင့် အပြစ်ကင်းစင်သော မိန်းက





လေး၏မျက်ဝန်းလေးမှာ သူ့အား ယခုမှ မြင်ဖူးသောအသွင်နှင့် ကြောင်ကြောင်လေး ကြည့်နေပုံမှာ ပကတိ ရိုးသားသောအသွင်ကို ဆောင်နေလေသည်။

သိမ့်လို ဥာဏ်မများ၊ ပရိယာယ် မရှိသောမျက်ဝန်းလေးပါ။

"မင်းနာမည် ဘယ်သူလဲ၊ ဘယ့်နှယ့် မတ်တတ်ကြီး ရပ်နေတာလဲ. . . ထိုင်လေ"

"ဟုတ်ကဲ့ရှင့်"

ကောင်မလေးက သူ့ရှေ့ဆက်တီတစ်လုံးတွင် မဝံ့မရဲလေး ဝင်ထိုင်လိုက်သည်။

"မင်းနာမည်"

သိပြီးဖြစ်သော်လည်း ထပ်မေးလိုက်သည်။

"သဲနုသာပါရှင့်"

"မင်းအကြောင်းတွေကို ရဲက စာမှာ သေသေချာချာရေးပြမထားဘူး၊ မင်းကို မေးကြည့်တဲ့၊ အဲဒီတော့ မင်းနဲ့ရဲ ဘယ်လိုတွေ့ကြသလဲ၊ မင်းမှာ ဘာဒုက္ခအခက်အခဲတွေ ရှိသလဲ ဆိုတာသာ ငါ့ကို သေသေချာချာ ပြောပြစမ်း"

မိန်းမတွေနှင့် ပတ်သက်ပြီး ကင်းကင်းနေခဲ့ကာမှ သိမ့်ကြည်လင်ဆိုသော မိန်းကလေးနှင့် ပတ်သက်ခဲ့မိပြီးနောက် နာကြည်းခဲ့သည်။ မိန်းမသားတွေ၏မုသားလှလှနှင့် ပလီပလာ အလိမ်အညာကို သူလန့်သွားခဲ့သည်။ ရွံ့ကြောက်ကြီး ဖြစ်သွားခဲ့သည်။

သူစိမ်းမိန်းမတွေနဲ့ မပတ်သက်ချင်တော့ဘူးဆိုကာမှ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ကြည်လင်နှင့် နှစ်ကိုယ်ခွဲထားသလို အမြွှာလို တူညီနေသော မိန်းကလေးကို တွေ့လိုက်ရပြီး လာပတ်သက်နေသည်။

သိမ့်ကြည်လင် မဟုတ်နိုင်ကြောင်းကို သူ့ဘဝဇာတ်ကြောင်းကို ရှင်းပြသော သဲနုသာ စကားပြောသည့်အခါ ပါးတစ်ဖက်၌ ပါးချိုင့်ကလေး ချိုင့်ဝင်သွားသည်ကို တွေ့လိုက်ရ၍ဖြစ်သည်။

"xxxxx အဲဒါပါပဲ အစ်ကို၊ ဦးရွှေသာရဲ့ရန်ကို ကြောက်လို့ သဲနုဘဝ စေလိုရာစေဆိုပြီး စွန့်စွန့်စားစားနဲ့ အစ်ကိုမင်းသား စီစဉ်ပေးတာကို လိုက်နာပြီး ထွက်လာခဲ့တာပါရှင်"

"အေး. . . မင်းသားကတော့ ပြဿနာတစ်ခုကို မျက်စိတစ်ဆုံး မကြည့်ဘဲ ငါ့ကို ခေါင်းစားခိုင်းလိုက်တာပဲ"

"ဒီအိမ်တစ်လုံးထဲမှာ သူ့စိမ်းယောကျ်ားလေး တစ်ယောက်နဲ့ မိန်းမတစ်ယောက် ဘယ်လိုနေထိုင်မလဲဆိုတာ သူ မစဉ်းစားဘူး"

ထိုအခါ မီးဖိုခန်းဝမှာ ယောင်လည်လည် လုပ်နေသော စောကျော်စိုးကို သဲနုသာ မျက်လုံးဝေ့ကြည့်ပြီး. . .

"အစ်ကိုတစ်ယောက်ထဲလား. . . သူကကော"

"သူက သူ့မိသားစုနဲ့သူပဲ၊ ဒီမှာ ညမနက်စာ ထမင်းဟင်း လာချက်ပေး၊ အိမ်မှုကိစ္စ လုပ်ပေးပြီးတာနဲ့ သူ့အိမ်ပြန်တာ၊ သူ့ခြံမှာလည်း စိုက်ပျိုးရေးနဲ့မွေးမြူရေးက ရှိသေးတယ်လေ"

"ရှင်. . . ဒါဖြင့် သဲနု ဘာလုပ်ရမှာလဲ အစ်ကို၊ အစ်ကိုလက်မခံရင်. . ."





မိန်းကလေးမျက်ဝန်း၌ အားငယ်ရိပ် ကြေကွဲရိပ်တို့ သက်သန်းလာသောအခါ လွန်းကြွင် ရင်ထဲ ထိရှသွားလေသည်။

မိန်းကလေး မျက်နှာညှိုးသွားမှာကို သူ မလိုလားပါ။

"မတတ်နိုင်ဘူးလေ. . . ညည်းအတွက် အဖော်ရအောင် မောင်စိုးရဲ့အဒေါ်ကိုဖြစ်ဖြစ် ညလာအိပ်ဖို့ ခေါ်ထားခိုင်းရတော့မှာပဲ၊ ရဲကိစ္စဟာ ငါ့ကိစ္စပဲပေါ့၊ ညည်း ဟိုအခန်းကို ယူလိုက်၊ နေဦး. . . ငါ့ပစ္စည်းတွေ ရှိနေတယ်၊ မင်းသားကလည်း အိပ်ခန်းတစ်ခန်းထဲ ထည့်ဆောက်ထားတော့ ခက်တယ်၊ ငါက ဧည့်ခန်းမှာပဲ အိပ်လိုက်မယ်"

"ဟင်. . . သဲနုကြောင့် ဒီက အစ်ကို ဒုက္ခရောက်သွားပြီ"

"ကိစ္စမရှိဘူး၊ ကိုင်း. . . မောင်စိုး၊ မင်း အိမ်ပြန်ရင် မင်းအဒေါ် ဒေါ်အေးပုံကို ဒီမှာ ညလာအိပ်ပေးဖို့ အကူအညီတောင်းတယ်လို့ ပြောပေးစမ်းကွာ"

"အဲဒါမှ ခက်တာပဲ ဆရာ၊ ကျွန်တော် စောစောကတည်းက ဆရာပြောတာ ကြားပြီး ပြောချင်နေတာ၊ အဒေါ်က အညာက သူ့သမီးအငယ် ကလေးမွေးလို့ ပြန်သွားပါတယ်"

"ဟင်. . ."

လွန်းကြွင် စိတ်ပျက်သွားသည်။ ခေါင်းအေးအေး နေချင်ခဲ့သော သူ့အတွက် တကယ့်ပြဿနာအိုးက ခေါင်းပေါ် ရောက်နေပါလားဟု။

အကင်းပါးပုံရသော ကောင်မလေးက. . .

"အစ်ကို. . . သဲနုအတွက် ဒုက္ခမရှာပါနဲ့၊ သဲနုကို အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီး စောင့်ရှောက်ရေးဂေဟာသာ ပို့ပေးလိုက်ပါတော့"

ဟု မျက်ရည်လေးစမ်းစမ်းနဲ့ ပြောလာသောအခါ လွန်းကြင် ရင်ထဲ မချိတင်ကဲဖြစ်သွားရသည်။

"ဘယ်ဟုတ်မလဲ. . . ဘာမှမပူနဲ့၊ ညည်းကို မှဲ့တစ်ပေါက် မစွန်းရလေအောင် ငါစောင့်ရှောက်ပေးမယ်၊ ရဲ ပြန်မလာမချင်းပေါ့၊ ကဲ. . ကဲ. . မနက်စာ စားခဲ့ရဦးမှာ မဟုတ်ဘူး"

"လေယာဉ်ပေါ်မှာ စားခဲ့ပါတယ်ရှင့်"

"ဒါနဲ့ ဘယ်ဝမလဲ၊ တစ်ခုခု စားဦး"

"ဝပါတယ်ရှင့်. . . နောက်မှ ထမင်းတစ်ခါတည်း စားတော့မယ်၊ ကျွန်မ ဘာဝိုင်းလုပ်ပေးရမလဲ၊ ထမင်းချက် ဟင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး အကုန်လုံး ကျွန်မ လုပ်ပေးပါ့မယ်ရှင့်"

"ကိုင်း. . . ဒါဖြင့် ရေဝင်ချိုးချင်ချိုးလိုက်၊ သော့ချထား၊ ဒီလို. . ဒီလို"

"ခစ်. . . ခစ်. . . ကျွန်မလုပ်တတ်ပါတယ်ရှင့်"

တောသူလေးမို့ မသိဘူး ထင်ကာ ဒိုးလော့ချနည်းကို ပြတော့ သဲနုသာ ခစ်ကနဲ ရယ်သည်။ ပါးချိုင့်တစ်ဖက်ပဲ ခွက်ဝင်သွားသည်။ ဒါ့သိမ့်ကြည်လင်နဲ့ ခြားနားချက်ပါလေ။

"ညည်းက ကြမ်းခုနစ်ချောင်းတောင် မပြည့်တဲ့အိမ်မှာ နေတာဆို"

"ဒါတော့ ဒါပေါ့. . . ဒါပေမယ့် ဘန်ဂလိုတွေမှာ သဲနုတစ်ခါတစ်ခါ သန့်ရှင်းရေး သွားလုပ်ပေးရင်း ရောက်တော့ ဒီတံခါးမျိုး ဗိုလ်ထိုင်အိမ်သာမျိုးကို သိတာပေါ့ အစ်ကို"





"ဪ. . ဒါဆို တော်သေးတာပေါ့"

လွန်းကြင် ပြုံးလိုက်မိသည်။ တကယ့်အရိုင်းတုံးလေး တော့ မဟုတ်ပါဘူး၊ လူရည်လည်ပြီး လုပ်တတ်ကိုင်တတ်လေး ဖြစ်ပုံရသည်။ မဇင်လေဆိပ် ပေလီရွာထဲလိုမှာ ခရုပုတီးရောင်း နေသူပဲ. . ဘယ်ခေလိမ့်မလဲဟု တွေးလိုက်မိသည်။

"ကဲ. . . ဒါဖြင့် ညည်းနားလိုက်ဦး၊ ငါ ပန်းချီကား လက်စသတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ရှင့်"

လွန်းကြင် စောစောက ကောက်ကြောင်းပဲ ချလာသော ပုံကြမ်းအား ဆေးထည့်ရန်အတွက် သူနေရာယူထားသော ဝရံတာလေးတွင် ထွက်ပြီး ပြင်ဆင်လိုက်လေတော့သည်။

ကောင်မလေးလည်း အိပ်ခန်းထဲသို့ ဝင်သွားလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

"ပြော. . . ကိုသီး"

"ကောင်မလေးအခြေအနေ ကောင်းရဲ့လား"

"အခုမှ ရောက်တာ ဘယ်သိဦးမှာလဲဗျာ"

သူ ပန်းချီကားထဲ နစ်မျောနေချိန်တွင် ဖုန်းခေါ်သံ မြည်လာသဖြင့် ထကိုင်လိုက်သည်။ ကိုသီးဖြစ်နေသည်။ "ရဲ" နှင့် ပတ်သက်ပြီး သူ့အတွက်လည်း ကိုသီးသည် အစ်ကိုတစ်ယောက်လို ဖြစ်သဖြင့် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပင် ဆက်ဆံသည်။

"အေးကွာ. . . ကောင်မလေးကို တော်ဝင်သဇင်ပန်း





ကလေး ဖြစ်အောင် ပြုစုပျိုးထောင်ပေးလိုက်ပါ"

"ဒုက္ခသည်တစ်ယောက်ကို ကယ်ဆယ်သည် ဆိုတာထက် အိုဗာဖြစ်မနေဘူးလား ကိုသီးရာ၊ 'ရဲ' နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ငါ့အထင်တော့ မင်းသားက ဒီကောင်မလေးကို သူ့ရဲ့မဟေသီလောင်းအဖြစ် လျာထားပုံရတယ်"

"ဟာ. . . မဖြစ်နိုင်တာ. . . မဖြစ်သင့်ဘူး ထင်တယ်၊ ဦးလေးနဲ့ဒေါ်လေးသိရင် ကျွန်တော့်ကို မတားရကောင်းလားလို့ဆူတော့မှာပဲ ကိုသီးရာ"

လွန်းကြင် စိတ်ပျက်သွားသည်။ အေးအေးဆေးဆေးနေချင်၍ မြစ်ကမ်းနံဘေး ထိုင်နေကာမှ သပွတ်အူကြီး မျောလာတာနဲ့ ကြုံနေရသလိုမျိုး ဖြစ်နေသည်။

"နောင်အခါ နောင်လာစေးပဲ ထားလိုက်ပါတော့ ကိုလွန်းရာ၊ ခုလောလောဆယ် မင်းဆီကို ဦးသက်မောင်ကို လွှတ်လိုက်ပြီ"

"ဘာလုပ်ဖို့တုန်းဗျ"

"မင်းသားက သူ့မဟေသီလောင်းကို သင်တန်းတွေဘာတွေ ပို့ပေးဖို့ လီမိတက်တစ်စီးနဲ့ အဝတ်အစား ဝယ်ပေး၊ သင်တန်းကြေးတွေ ပေးဖို့ ဘာညာကွိကွအတွက်ဆိုပြီး ဆယ်ပုံးခိုင်းထားလို့ကွ၊ ဦးသက်မောင်ကို ကားပို့ ငွေပို့ဖို့ လွှတ်လိုက်တာ၊ ကားယူထားလိုက်၊ ဦးသက်မောင် သူ့ဟာသာသူ လိုင်းကားနဲ့ပြန်လာလိမ့်မယ်"

"စိတ်ရှုပ်စရာကောင်းလိုက်တာဗျာ. . . ရဲက ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုပ်နေမှန်းကို မသိဘူး၊ ခင်ဗျားတို့က မတားဘူးလား

ကောင်မလေးအရိပ်အခြေ ကြည့်ပြီး မတွေ့သဖြင့် ရဲရဲတင်းတင်း ညည်းတွားအပြစ်တင်လိုက်သည်။

တကယ်ဆို သူလည်း လူတစ်ဖက်သားကို အားနာတ သူဖြစ်သည်။ အားနာစရာ ကောင်းလောက်အောင်လည် ကောင်မလေးက အရိပ်အကဲ နားလည်သိတတ်ပုံ ရလေသည် သူ ပန်းချီကားထဲ နစ်မျောနေစဉ်ကာလအတွင်း ဧည့်ခန်း၊ ထမ စားခန်းတို့မှာ အသွင်အပြင် ပြောင်းလဲနေသည်။ သန့်ရှ သပ်ရပ် သေသပ်သော နေချင်စဖွယ်ရှိသော လူလူသူသူဧည့်ခ ကလေး၊ ထမင်းစားခန်းလေး ဖြစ်လို့နေလေပြီ။

မီးဖိုချောင်ဖက်မှလည်း အလွန်မွှေးပျံ့သော ဟင်း ရနံ့ထွက်လာသဖြင့် သူ့ဗိုက်ဟောင်းလောင်းက ယခုမှ ဆ လောင်မွတ်သိပ်မှုအာရုံ ထွက်ပေါ်လာတော့သည်။

တစ်ခါမှ ဒီလိုဟင်းရနံ့မျိုး မရဖူးပါဘူး၊ စောကျော်စိုး တောချက်လုံးချက်ဟင်းလျာနှင့်သာ နှစ်ပါးသွားခဲ့ရသည်။ ယ တော့ တောသူမလေးက မီးဖိုချောင် ဝင်ပြီး လက်စွမ်းပြနေသည ထင့်။

“ကဲပါ. . . စိတ်ရှုပ်မနေပါနဲ့ ပန်းချီဆရာရယ်၊ မင်းသ က သူ့ဇာတ်သူနိုင်အောင် ကပါလိမ့်မယ်၊ ကိုယ်တို့က ကူညီ ရုံပဲ တတ်နိုင်တာ၊ သူ နောက်ဆံမတင်းရအောင် စောင့်ရှော ပေးထားလိုက်ပါကွာ. . . ကုသိုလ်ရပါတယ်၊ ဟဲ. . . ဟဲ. . . ဒါပဲကွာ”

ကိုသီး၏ ဟဲဟဲ အဓိပ္ပါယ်ကို သူနားမလည်ချေ။





ဖုန်းချလိုက်အပြီးတွင် မီးဖိုဘက်ဆီမှ စောကျော်စိုး၏ အသံက ပြာလောင်ပြာလောင်နှင့် ထွက်ပေါ်လာလေသည်။

“ဆရာ. . ထမင်းသုံးဆောင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ အဟဲ. . . ဟဲ”

လာပြန်ပြီ. . . ဟဲ. . . ဟဲ။

ဘာတွေများ သဘောကျနေရတာလဲဟု မေးချင်သော် ည်း သူစိမ်းကောင်မလေးရှေ့၌ သူ ရှိန်နေသည်။ စကားမများ င်။

စားပွဲတွင် သူ့တစ်ယောက်စာသာ ပြင်ထားရာ ရဲ၏ ဟေသီလောင်းဟူသောအသိဖြင့် သူ ခွဲခြားမဆက်ဆံသင့်ဟု ယူဆလိုက်ပြီး. . .

“မိန်းကလေး”

“ရှင်. . . ဆရာ”

“ဟာ. . . ဆရာတွေဘာတွေ လုပ်မနေနဲ့၊ ကျွန်တော့် မည်က လွန်းကြိုင်တဲ့”

“ဟုတ်. . ဟုတ်ကဲ့ အစ်ကိုလွန်းကြိုင်”

“ထမင်းတစ်ခါတည်း ဝင်စားဗျာ၊ မောင်စိုး. . . ထမင်း န်းကန်တစ်ချပ် ယူခဲ့”

“လာပါပြီ ဆရာ”

“သဲနု နောက်မှ စားပါ့မယ်ရှင့်”

“မရဘူး. . . တစ်ခါတည်း ဝင်စား”

သဲနုသာ မငြင်းသာတော့ဘဲ လက်သွားဆေးပြီး သူနှင့် ျက်နှာချင်းဆိုင်၌ ဝင်ထိုင်စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်လက်ရာက ပြောင်းနေတာ ,သေချာသည်
ငါးဖယ်ဆီပြန်၊ မရမ်းသီးသုတ်နှင့် ပဲကြီးဟင်းချို ဆူးပုတ်ရွက်ခ
လေးနှင့် ခံတွင်းမြိန်စေသည်။

"မောင်စိုး"

"ခင်ဗျာ. . . ဆရာ"

"ဒါတွေ မင်းချက်တာ မဟုတ်ဘူးထင်တယ်"

စောကျော်စိုးက မျက်နှာကြီး အဖြီးသားနှင့်. . .

"ဟုတ်ကဲ့. . . ဒါတွေ ကျွန်တော်လည်း မချက်ဘ
စီလည်း မစီစဉ်ဘူး၊ ညှော့သည်မမလေးက ကျွန်တော် ဈေးသွ
ခါနီး စာရင်းနဲ့ မှာလိုက်တာ၊ ညနေလည်း ရှယ်စားရမယ် ဆ
ဒီနေ့ကစပြီး ဆရာတော့ နတ်သုဒ္ဓါနဲ့ တူတဲ့ဟင်းလျာတွေ သ
ဆောင်ပေတော့"

"လျှာရှည်လိုက်တာကွာ. . . ဒီကောင်"

လွန်းကြင် ရှက်မျက်နှာရဲသွားရသည်။ တဆက်တည်
သိမ့်ကြည်လင်ကို သတိရမိလေသည်။ သူ့ကံကြမ္မာကိုလည်း
အံ့အားသင့်ရသည်။ သူ မကြာသေးခင် ရက်ပိုင်းလပိုင်းကလည်
ဒီလိုမျက်နှာနှင့် သိမ့်ဆိုသော မိန်းမချောနှင့်အတူ ကြေးအိုးအ
စားသောက်ခဲ့ဖူးပြီး တရင်းတနှီး ခင်မင်စွာ နီးကပ်စွာ နေခဲ့
သည်။

ယခုလည်း သိမ့်မျက်နှာနှင့် တူသောမိန်းမချောလေးန
အတူ ထမင်းလက်ဆုံ စားနေရသည်။ တစ်မိုးအောက်မှာ အ
တကွ နေရမည်ဆိုတော့ ကံကြမ္မာမင်းက သူ၏ကိုယ်ကျင့်တ
ကိုများ စမ်းသပ်နေလေရော့လား။





သဲနုသာကို မကြည့်မိအောင် သတိထားပြီး ထမင်းကို
းစားနေတော့သည်။

သို့သော် သူ့ပန်းကန်ထဲသို့ ဖြူနုပြီး အကြောစိမ်းလေး
များ ယှက်သန်းနေသော လက်ချောင်းသွယ်သွယ်လျှလျှလေးက
ဟင်းများကို မကြာခဏ ခပ်ထည့်ပေးလေသည်မို့. . .

"ရတယ် မညှော့သည်၊ မင်းဖာသာမင်း ဝအောင်စားပါ"

"ရပါတယ်ရှင့်. . . သဲနုလက်ရာ မကောင်းလို့လားရှင့်၊
သဲနု အစ်ကိုတို့ ဗမာအကြိုက်လက်ရာတွေကို ချက်ထားတာပါ
ရှင့်"

"မင်းက ဗမာအကြိုက်လက်ရာကို ဘယ်တုန်းကတည်း
က ချက်တတ်တာလဲ"

"ပွင့်လင်းရာသီ ရောက်လို့ ဘန်ဂလိုမှာ ညှော့သည်တွေ
ရောက်လာရင် ဒီလိုပဲ ထမင်းချက်တွေဆီက ဗမာအကြိုက်လက်ရာ
တွေ လိုက်အတူခိုးချက်ရင်း တတ်သွားတာပဲ၊ တရုတ်စာတို့
ဂျပန်ဒယားစာတို့တောင် တတ်တယ်"

အတတ်မြန်သည့် မိန်းကလေး ဖြစ်လိမ့်မည်ထင်ပါရဲ့ဟု
တွေးရင်း သဲနုသာကို သူ မသိမသာ အကဲခတ်လိုက်သည်။

"ဟင်"

ရင်ထဲ ဂရုဏာအိုင်လေး စီးသွားရသည်။

အဝတ်အစား နွမ်းနွမ်းဖတ်ဖတ်လေး၊ ဆံတောက်
ကလေးနှင့် သနပ်ခါး ပါးကွက်ကျားလေးက တကယ့်ကို သူ
ဆင်းရဲမလေးအသွင်နှင့် သနားစရာမိန်းကလေးပါလား။

သို့တိုင်အောင် ရုပ်အလှလေးက နွံထဲက ကြာလို တင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်နေသည်။

သူ ပထမဦးဆုံး လိုလိုချင်ချင် အလုပ်ပေးချင်ဆုံးအ[illegible] မှာ ဒီမိန်းကလေးကို အဝတ်အစားပင် ဝယ်ယူဆင်ယင်ပေး[illegible] ခြင်းဖြစ်သည်။

သူ ထမင်းစားပြီးချိန်တွင် ကျွဲကော်သီးများကို အ[illegible] လိုက် အစိတ်မပျက် ခွာပေးထားသည်။ ပန်းသီးလေးကို အခွံ[illegible] ပြီး အစိတ်လိုက်ကလေး ညီညီညာညာ စီပြီးထည့်ပေးထ[illegible] သည်။

မီးဖိုချောင်ကိစ္စ နိုင်နင်းသောမိန်းကလေး ဖြစ်သ[illegible] အတွက် အိမ်တွင်းမှုသင်တန်းပင် တက်ခိုင်းရင် ကောင်းမလာ[illegible] တွေးမိသည်။

သို့သော် ဝါသနာပါတာကိုပဲ သေချာစွာ မေးကြည့်ပြီ[illegible] လုပ်ပေးတာ ကောင်းပါတယ်ဟု ဆုံးဖြတ်လိုက်သည်။

"ဆရာ. . . မင်းသားအိမ်က ဒရိုင်ဘာ လာတယ်"

"အေး. . အေး. . ဝါလာခဲ့မယ်"

လွှန်းကြင် အိမ်ရှေ့သို့ ထွက်လိုက်သည်။ ဦးသက်[illegible] ဆီက ငွေနှင့်ကားသော့ကို လက်ခံယူလိုက်သည်။

ပြီးတော့. . .

"ဦးလေး ခဏစောင့်၊ ကျွန်တော်လည်း ရန်ကုန်မြို့[illegible] သွားမှာဆိုတော့ ဦးလေးကားနဲ့ ပြန်လိုက်ခဲ့၊ မြို့ထဲ ရောက်[illegible] အနီးဆုံး မှတ်တိုင်မှာ ဆင်းပေါ့. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာလေး"

"ကိုင်း. . . သဲနု မင်းအကျီလဲ"





"ရှင်"

"အကျီလဲလို့"

"ဟို. . . ယောကျ်ားလေးအကျီ ပြန်ဝတ်ရဦးမှာလား"

"မဟုတ်ဘူးလေ. . . မင်းမှာ ပါတဲ့ အကျီသစ်ပေါ့"

"ရှင်. . . သဲနုမှာ ဒီတစ်ထည်ထဲ ပါတာ၊ စောစောက [illegible]လာတာက အစ်ကိုမင်းသားအကျီတွေ"

"အော်. . . အေး. . . ဒါဖြင့်လည်း ဒီအတိုင်းသာ [illegible]ခဲ့တော့"

တကယ့်ကို သနားစရာမိန်းကလေးပါလား၊ ရုပ်နဲ့ဘဝ [illegible]နားလွန်းလှပါတကားဟု တွေးမိရင်းနှင့် လှိုက်လှိုက်လှဲလှဲ [illegible]ချင်စိတ် ပေါက်သွားသည်မို့ တက်တက်ကြွကြွပင် အဝတ် [illegible] မင်းသားပေးသော တစ်ထောင်တန် ဆယ်အုပ်စည်းကို [illegible]ထဲ ထည့်သိမ်းခဲ့ပြီး သူ့ငွေထဲမှ ငါးထောင်တန်တစ်အုပ်ကို [illegible] လက်ကိုင်အိတ်ထဲ ထည့်လိုက်သည်။ ချပ်ချပ်ရပ်ရပ်နှင့် [illegible]များကြီး သုံးနိုင်သော ငါးထောင်တန်ကို သုံးရတာ သူပိုကြိုက် [illegible]သည်။

အရောင်အဆင်းပင် လွင့်ပြယ်စ ပြုနေသော အဝတ် [illegible]အားနှင့် မိန်းကလေးကို ကားနောက်ခန်းထဲမှာ တင်ခေါ်ရင်း [illegible]နောက်ကြည့်မှန်မှ မကြာခဏ ခိုးကြည့်မိသည်။

တကယ့်ကို သိမ့်ကြည်လင်နှင့် ခွဲမရအောင် တူသော [illegible]ကလေးပါလေ။

"နောက်က သမီးလေးကို မြင်ဖူးလိုက်တာ ဆရာလေး



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်မောင်က သူ့အား ပြောလိုက်သဖြင့်. . .

"ဘယ်မှာ မြင်ဖူးတာလဲ ဦးလေး"

"အဲဒါကို စဉ်းစားလို့မရဘူး ဖြစ်နေတာ"

လွန်းကြင် မသိမသာလေး သက်ပြင်းချလိုက်သည်။ စိ[illegible] ထဲ၌သာ နာနာကျင်ကျင်နှင့်. . .

"တူမှာပေ့ါဗျာ. . . ဂျာနယ်တွေမှာ ပါတဲ့ ပန်းချီခါတ်[illegible] ဆုရ မိန်းကလေးနဲ့ခွဲမရအောင်တူနေတာကို" ဟု. . .။







# အခန်း(၂၁)

"သဲနု. . . မင်းဆံပင်ကို အရင်ပြင်ရမယ်၊ ဆံပင်ညှပ် [illegible]လား"

သဲနုသာ ရုတ်တရက် ထိတ်လန့်သွားသည်။ ဆံပင်ရှည် [illegible]ကြီးကို မြတ်နိုးတန်ဖိုးထားသော သူ့အတွက် နှမြောတွန့်တိုနေမိ [illegible]သည်မို့ ရုတ်တရက် စကားမပြန်နိုင်ချေ။

"မဟုတ်ဘူး. . . အစ်ကိုပြောတာက မင်းဆံတောက်နဲ့ [illegible] အရမ်းထူးဆန်းပြီး လူတကာ လိုက်ကြည့်နေတယ်၊ ဆံပင် [illegible]ည်ကြီးကို မဖြတ်ခိုင်းပါဘူး၊ ဆံပင်ရှည်နဲ့ ခေတ်စတိုင်လ်လေး [illegible]ပြင်ပေးမယ် ပြောတာ၊ ဆံပင်တိုတို ညှပ်ခိုင်းမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား"

လွန်းကြင် အာပေါက်အောင် ရှင်းပြလိုက်သည်။ ကောင်မလေး သူ့ဆံပင်ကို နှမြောနေ၍ မျက်ရည်လေးများပင် ဝိုင်းနေသည်ဆိုတော့ သူကပဲ ပြန်နှစ်သိမ့်လိုက်ရသည်။

"အေးလေ. . . မင်းမညှပ်ချင်လည်း နေလေ၊ ဒီပုံလေးနဲ့လည်း တစ်မျိုးကျက်သရေရှိပါတယ်"

ဆံထောက်လေးနှင့် ဆံထုံးထက်၌ ခရုပုတီးလေးကို စံပယ်ပန်းကုံးသဖွယ် ပတ်ထား ပန်ဆင်ထားပြီး ဆံမြိတ်ရှည်လေး ချထားသည်။ အသစ်အဆန်း တပတ်ရစ်အနွမ်းကြားက နန်းဆန်နေသည်။

ပန်းချီမျက်စိ ရှိသော လွန်းကြင်အတွက် ရခိုင်မင်းသမီးလေးတစ်ပါးဟုပင် ပြေးမြင်နေမိသည်။ သူ့အတွက် စံပြမယ်တစ်ဦး ဖြစ်ဦးတော့မည်။

"ဟင်. . . အစ်ကို ဘာတစ်မျိုးလဲ၊ တောဆန်တယ်လို့ ပြောမလို့မှတ်လား"

လွန်းကြင် ခေါင်းယမ်းပြီး. . .

"မဟုတ်ဘူး. . . ကဲ. . . စကားမများနဲ့တော့၊ ကားပေါ်ကဆင်း၊ နောက်က သေသေချာချာ လိုက်ခဲ့နော်. . . မျက်ခြည်မပြတ်စေနဲ့"

မလည်မဝယ်လေးမို့ လူစုကွဲပြီး ပျောက်သွားမှာ စိုးရိမ်လိုက်သေးသည်။ သူငယ်ချင်း၏မဟေသီမို့ ကိုယ်က နှမလေးလို့ သဘောထားပြီး လက်ဆွဲသွားလာဖို့ကလည်း မတင့်တယ်။ စိုးရိမ်စိတ်လေးနှင့် သေသေချာချာ မှာပြီး ဗိုလ်ချုပ်ဈေး အနောက်





ဘက်တန်း လွတ်သောနေရာ၌ ကားကို ထိုးရပ်ပြီး အနောက်ဘက်တန်းရှိ ပိုးထည်ချည်ထည်များဆိုင်သို့ ဝင်လိုက်သည်။

ပန်းချီဆရာတွေအတွက် ဗိုလ်ချုပ်ဈေးကတော့ စိမ်းနေချေ။

မိတ်ဆွေနိုင်ငံခြားသားတွေကိုလည်း မြန်မာပြည်ဖြစ်လက်ဆောင်ပစ္စည်းများ ဝယ်ယူလိုပါကလည်း လိုက်ပို့ပေးနေကျဖြစ်သည်။

"ဟာ. . . ဆရာ ကြွပါ၊ ဘာအလိုရှိပါသလဲ၊ ဒီတစ်ခါ ဖော်ရိန်နာတွေ မပါတော့ဘူးလား"

"မပါဘူး. . . ရွာက လိုက်လာတဲ့ ကျွန်တော့်ညီမလေးအတွက် သူနဲ့ ဖစ်ဖြစ်မယ့် ရယ်ဒီမိတ်အကျီနဲ့ လုံချည်ဝမ်းဆက် ပေါင်းသားချည်ချောထဲကကော ပိုးထည်ထဲကပါ လေးငါးစုံလောက် လုပ်ပေးစမ်းပါဗျာ"

"ဆရာ့ညီမလေးက ချောလိုက်တာ၊ မောင်နှမ နှစ်ယောက်စလုံးက အချောအလှတွေပဲ"

"လုံချည်ပါ အမြန်ဆုံး ချုပ်ပေးဗျာ"

"ဖော်ရိန်နာတွေအတွက် အသင့်ချုပ်ပေးပြီးသားတွေ ရှိပါတယ် ဆရာ. . . မေ့နေပြီလား"

"ဒါဖြင့် ပြဗျာ၊ ကျွန်တော်ရွေးမယ်၊ သဲနု. . . ညည်းကြိုက်တဲ့အဆင် ရွေးလေ"

သဲနုသာက ဈေးနှုန်းတွေ မေးပြီး သူ့အား လက်ကုတ်လေသည်။ ခပ်တိုးတိုးလေး. . .

"အစ်ကို. . ဈေးများတယ်၊ သဲနုက ဘေထုပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း . . ဘာစကားမှ မပြောဘဲ ငါလုပ်ပေးတာကို နှုတ်ပိတ်ပြီး လက်ခံ . . ကြားလား"

လွန်းကြင် ကြိတ်၍မာန်မဲလိုက်ရသည်။

"ကဲ . . ဒီတစ်စုံ သွားဝတ်ခဲ့"

အနက်ပေါ် အဝါဖောက် ချိတ်အဆင်လေး ပါသောလုံချည်နှင့် စီးကွင့်လေးများ ထိုးထားသော စတိုင်လ်ကျကျ အဝါနုရောင် အင်္ကျီလေးကို ရွေးချယ်ပေးပြီး အဝတ်လဲခန်း၌ သွားဝတ်ခိုင်းလိုက်ရသည်။

အတန်ကြာသော် အဝတ်လဲခန်းက ထွက်လာသော သဲနုသာကို တွေ့မြင်လိုက်ရသည့်တဒင်္ဂ လွန်းကြင် မှင်သက်သွားရသည်။

တကယ်ကိုပင် ရှေးရခိုင်မင်းသမီးလေးအလား နန်းဆန်ကာ ချောမောလှပနေသည်။ တောင်းမှာအကွတ်၊ လူမှာအဝတ် ဆိုသည့်အတိုင်း လှလိုက်သည်ဖြစ်ခြင်း၊ တင့်တယ်လိုက်သည့်ဖြစ်ခြင်း၊ ဝင်းလက်နေပါလား။

လွန်းကြင် ကိုယ့်နှလုံးခုန်သံကိုပင် ကိုယ်ပြန်ကြားလိုက်ရသည်။

"ဘယ်နှယ်လဲ ဆရာ . . ကြိုက်ရဲ့လား"

အရောင်းဝန်ထမ်းက မေးတော့မှ သူ့အကြည့် ရုပ်သိမ်းပြီး . . .

"အင်း . အင်း . သဲနုအဝတ်ဟောင်းတွေ ပစ်ခဲ့တော့ အဲဒါပဲ ဝတ်ခဲ့"

"ဟင့်အင်း . . ပစ်ပါဘူး၊ အမှတ်တရ ပြန်ယူသွားမယ်"





အရောင်းဝန်ထမ်းမလေးက သူတို့ဆိုင်၏လိုဂိုတံဆိပ်ပါသောအိတ်တစ်လုံးကို ပေးလိုက်သဖြင့် သဲနုသာ ကပျာကယာပင် သူ့အဝတ်ဟောင်းလေးများကို ထိုးထည့်လိုက်လေသည်။

ကျသင့်ငွေကို တွက်ချက်ကာ ထုတ်ပေးပြီး ကားဆီသို့ပြန်လျှောက်လာခဲ့ကြရာ အထုတ်တွေ ဆွဲပြီး သူ့နားမှ လိုက်လာသော သဲနုထံသို့ ပုရိသတွေရော ဣတ္ထိယတွေ၏မျက်လုံးအစုံများစွာ ကျရောက်လာလေသည်။

မော်ဒယ်လ်ဟုများ ထင်နေကြသလား။

ပြုပြင်ထားခြင်း မရှိဘဲပင် ကိုယ်လုံးအလှလေးနှင့် ဖြူစင်ဝင်းမွတ်နေအောင် လှသော သဲနုသာကို မြင်ရသူတို့ နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်။ သမင်လည်ပြန် မကြည့်ဘဲ မနေနိုင်ဖြစ်ရသည်။

ဩော် . . "ရဲ" ကြွေမယ်ဆိုလဲ ကြွေလောက်ပါပေသည်။ သူ့ရင်ထဲမှာတော့ မောဟိုက်လာမိသည်။ သိမ့်နဲ့တုန်းကဆက် ပိုမိုပြင်းပြသော ရင်ခုန်မှုတို့ ဖြစ်ပေါ်နေသည်။

"ရဲ" ရယ် . . မင်းပစ္စည်း မင်းအမြန်လာယူပါတော့ကွာဟုလည်း စိတ်ထဲ "ရဲ" ကိုသာ တ,နေမိတော့သည်။

စကော့ဈေးထဲမှ ထွက်အပြီးတွင် ဆူပါဝမ်းသို့ ဝင်ခဲ့သည်။ အပေါ်ယံအဝတ်အစားနှင့် မပြီးသေး။ အတွင်းခံ အပေါ်အောက်တို့ကို မျက်နှာပူပူနှင့် အရောင်းဝန်ထမ်းတို့အား . . .

"သူ့ဆိုက်ဒ်နှင့် တော်တာ ရွေးပေးပါ"

"လာပါ အစ်မ . . ဝတ်ကြည့်မလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုက်ဒ်နံပါတ် သိသလား"

"ဟင့်အင်း"

"ခဏနော် အစ်မ"

အပေါ်ယံက ကပ်တိုင်းပေးသည်မို့ လွှန်းကြင် ကျော ခိုင်းကာ နေရသည်။

ပင်တီကအစ အနွေးထည်နှင့် လစဉ်သုံး မိန်းမအသုံး အဆောင်ပစ္စည်းများပါမကျန် သူဝယ်ပေးမိသည်။ မျက်နှာပူပေ မယ့် မတတ်နိုင်။ ခုခေတ်ကြီးကတော့ ရိုးနေပါပြီလေဟု သဘော ထားလိုက်သည်။ သူကိုယ်တိုင်ကလည်း ယခုလို ဝယ်ပေးရသည် ကို လိုလိုလားလား ရှိပါသည်။ ပျော်လည်း ပျော်နေမိသလို မျက်လုံးပေါင်းများစွာက သဲနုသာပေါ်သို့ ကျရောက်သောအခါ ဒေါပွမိသလိုလို ဂုဏ်ယူမိသလိုလိုလည်း ဖြစ်မိလေသည်။

ဘိုးတော်ဘုရားလက်ထက်ကတည်းက ကြွင်းကျန်ရစ် သော ရှေးဟောင်းပြတိုက်ထဲက ဒေဝတီ မင်းသမီးလေးတစ်ပါး ရှင်သန်နေသလိုလို၊ အိပ်မက်လေလား ထင်ယောင်ဝိုးတဝါးပင် ဖြစ်မိလေသည်။

"အစ်ကိုက အရမ်းသဘောကောင်းတာပဲ၊ သဲနု ဗွီဒီယို တွေ ကြော်ငြာတွေထဲ မြင်ဖူးနေတဲ့ဆိုင်ကြီးတွေ ရောက်ဖူးပြီနော်၊ နောက်လည်း လိုက်ပို့ပေးဦးနော်"

ထိုအခါမှ လွှန်းကြင် အိပ်မက်က နိုးထ လွှန်မြောက် လာသလို ခံစားလိုက်ရသည်။ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ တပြုံးပြုံး ဖြစ်မိသည်မှ "နောက်" ဆိုသောစကားလေး ကြားမှ "ရဲ" ကို သတိရလိုက်မိသည်။





"ရဲ" ၏မဟေသီလောင်းအပေါ် သူစိတ်ဝင်စားမိပါ လား။ သူငယ်ချင်းအပေါ် သစ္စာသွေဖည်လို့ ဘယ်ဖြစ်ပါ့မလဲ။

"ငါက သဘောမကောင်းဘူး၊ ဒါတွေအားလုံး ရဲ ဝယ် ခိုင်းတာ၊ ရဲ ငွေနဲ့ ဝယ်ပေးတာ"

"ရဲဆိုတာ အစ်ကိုမင်းသား ရဲနေလင်းကို ပြောတာလား"

"အင်း"

"အစ်ကိုမင်းသားကပဲ ဝယ်ခိုင်းခိုင်း နေခိုင်းခိုင်း ဒီက အစ်ကိုက စေတနာပါမှ ဖြစ်တာပါနော်၊ သဲနုက ကျေးဇူးအရမ်း တင်ပါတယ်၊ နောက်ပြီးလေ. . . သဲနု ရန်ကုန်ရောက်ရင် အသွားချင်ဆုံးနေရာရှိတယ်၊ အစ်ကို လိုက်ပို့မှာလားဟင်"

"ဘယ်လဲ ပြောကြည့်"

ဘယ်နေရာဖြစ်ဖြစ် ပို့ပေးချင်သော သဒ္ဓါစိတ်တွေ သူ့ မှာ ရှိနေလေပြီ။

"ရွှေတိဂုံဘုရားကြီးကိုလေ ညီမ အရမ်းဖူးချင်တာပဲ၊ အစ်ကို လိုက်ပို့ပေးပါလားဟင်"

"ဒါဖြင့် တစ်လက်စထဲ ညနေစာ စားပြီးမှ ဘုရားကို ညဘက်လိုက်ပို့ပေးမယ်"

မိန်းမချောလေး၏ဆန္ဒကို ချက်ချင်းပင် ဖြည့်စွမ်းပေး ချင်သော စေတနာတွေ လွှန်းကြင်ရင်ထဲ ရေစီးကမ်းပြို လိုက်နေ လေပြီ။

သိမ့်ကြောင့် နာကျင်ခဲ့ရသောဝေဒနာတွေ ယခုချက် ချင်း ပျောက်ကွယ်သွားသည်။ မခံချင်စိတ်ကြောင့် ဖြစ်ပေါ်ခဲ့ သော အမျက်ဒေါသတို့သည် ဘယ်ဆီသို့ လွင့်ပါးပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည် မသိတော့။

သိမ့်များ ပုံမှားလာရိုက်နေသလား ထင်ရအောင်က လည်း မဖြစ်နိုင်ဘူးဟု သူ အတပ်သိသည်။

သိမ့်၏ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့် မရှိဟူသော စကားမကြားခဲ့ရလေသလား ထင်မှတ်အောင် တက်ကြွပျော်ရွှင်မှု ထက်မြက်မှုတို့ ရှိသောမျက်လုံး၊ ရန်ကုန်မှာ မွေးပြီး ကြီးပြင်းလာ သူတို့၏စတိုင်လ်မျိုးနှင့် ရဲတင်းဖျတ်လတ်သည့် သမင်ပျိုမလေး ၏တင့်တယ်ခြင်းမျိုး။

ယခု သဲနုကတော့ ထိုသို့မဟုတ်။ သိုးငယ်လေး၏အပြစ် ကင်းစင်မှုမျိုးဖြစ်သည်။

ပန်းချီဆရာပီပီ အနုစိတ် သုံးသပ်ပြီး သဲနုသာနှင့် သိမ့် ကြည်လင်သည် တစ်ယောက်စီဖြစ်သည်ဟု ချက်ချင်းပင် ကောက်ချက်ချလိုက်နိုင်ခဲ့သည်။

"ဟင်. . . အိမ်မှာ ညနေစာ ချက်ဖို့ပါ စီစဉ်ထားခဲ့ပြီး သား အစ်ကို၊ အပြင်မှာ စားရင် နှမြောစရာကြီး"

"မော်ဘီတစ်ခေါက်ပြန်ပြီးမှ တစ်ခါပြန်ထွက်ရင် ခါတ် ဆီဖိုးက ပိုနှမြောစရာကောင်းတယ်"

"ဒါဖြင့်လည်း အစ်ကို့သဘောလေ"

သဲနုသာ အလျှော့ပေးလိုက်သည်။

"အထုပ်တွေကို ကားနောက်ခန်းထဲ ထည့်ခဲ့၊ ရှေ့မှာ လာထိုင်"

"ဟုတ်ကဲ့ရှင့်"

ကျိုးနွံပြီး စကားပြောပုံကအစ ယဉ်ကျေးသော ဤမိန်း





ကလေးကို သာမန်တောသူမလေးတစ်ယောက်အနေမျိုး သူ မမြင်။ ယခုလို လူမှာအဝတ် တောင်းမှာအကွပ်ဆိုသလို ဖြစ်နေ သော သဲနုသာ၏ပုံပန်းသဏ္ဌာန်က ချက်ချင်းပင် နတ်ရေကန်ထဲ ပစ်ချလိုက်သလို ပြောင်းလဲသွားသည်။ နန်းဆန်သူလေး မဟာ ဆန်သူလေးဖြစ်သွားသည်။ ဒီမိန်းကလေးဟာ သာမန်တံငါရွာ သူလေး ဖြစ်တယ်ဆိုတာ သူ မယုံချင်။ ထို့ကြောင့် ကားမောင်း ရင်း. . .

"သဲနု"

"ရှင်. . . အစ်ကို"

"မင်းသားနဲ့မင်း ဘယ်လိုစတွေ့ကြတာလဲ"

"ပြောရရင် အရှည်ကြီးပဲ အစ်ကို၊ မင်းသားက ပေလီရွာ ထဲက ဈေးတန်းမှာ ခရုပုတီး လာဝယ်ရင်း သိကျွမ်းတာ"

"ဟင်. . . မြန်လှချည်လား"

"ရှင်. . . ဘာမြန်တာလဲ အစ်ကို"

"မင်းသားနဲ့ လက်ထပ်ဖို့အထိ ဖြစ်တာလေ" ဟု စိတ်ထဲ က ပြောလိုက်ပေမယ့် နှုတ်ကတော့. . .

"ဘာမှမဟုတ်ပါဘူး. . . ဆက်ပြော"

"နောက်တော့လည်း အစ်ကိုမင်းသားက ပါပ့ါနာရေး လာကူညီရင်း ခင်မင်သွားတာပါ၊ မင်းသားရဲ့မဟေသီအနေနဲ့ မမှန်းရဲပါဘူး၊ သဲနုတို့ကသာ ပရိသတ်အနေနဲ့ အစ်ကိုမင်းသား ကို ချစ်ခင်နေကြတာပါ"

ကိုသီး ပြောသွားတာနှင့် မတူပါလား။ အင်းလေ. . . ဘာယကံရှင်တွေကတော့ အသိဆုံး နေမှာပါ။ ရဲလည်း ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကြီးတဲ့သူပဲ။ အိမ်ထောင်တစ်ခုကို လွယ်လွယ်ကူကူ တည်ဆောက်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် သဲနုသာအလှက တကယ့်ကို မဟာဆ သည့်အလှမျိုးမို့ "ရဲ" ကြွေသွားသည်ဆိုကလည်း အပြစ်မဆိုသာ ဂုဏ်ရှိန်တင့်သည့် မင်းသားလည်း သာမန်ယောကျ်ားသား၊ နှလုံ သားနဲ့ လူပေပဲလေ။

"ခုဆို အစ်ကိုမင်းသားကော အစ်ကိုကပါ ကျွန်မ ကျေးဇူးရှင်တွေမို့ အစ်ကိုတို့ စေလိုရာစေလည်း နာခံရမှာ ကျွန် ဘဝပါ"

"ငါကော. . ရဲ. . အဲ. . ရဲဆိုတာ မင်းသားကို ပြောတ နော်၊ သူနဲ့ငါက ငယ်စဉ်တောင်ကျေး ကလေးဘဝထဲက အချ ဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာ အခုချိန်အထိပဲဆိုပါတော့ အဲ. . . ပြောမယ့်စကားက ရဲကော ငါပါ အခွင့်အရေးသမ မဟုတ်ကြဘူး၊ ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးလို မြတ်တဲ့လူစ တွေဆိုတာ မင်းနားလည်ထားပါ"

"အစ်ကိုကလည်း. . . သဲနုက ဘာပြောနေလို့လဲ အစ်ကိုတို့ စီစဉ်ပေးမယ့်အတိုင်း နာခံပါ့မယ်လို့ ပြောတာကို"

"မင်း အတန်းပညာ ဘယ်လောက်အထိ တက်ခဲ့သလဲ"

"ကိုးတန်းနှစ်မှာပဲ ပါပါ လေဖြတ်ပြီး အိပ်ယာထဲ လဲ ကျောင်းထွက်ပြီး ဟင်းစားရှာ ဆေးဖိုးရှာရင်း ခရုသည်ဘ ရောက်ခဲ့ရတာပါ အစ်ကို"

လွန်းကြင် ပင့်သက်ချလိုက်မိလေတော့သည်။ ရဲနှင့် မိုး မြေပမာ ကွာခြားနေသောမိန်းကလေးမှာ အလှကလွဲပြီး ဘ





ဆောင်အယောင်တွေမှ မရှိရှာပါလား။ ရဲ မိဘညီအစ်ကို ာင်နှမတွေကတော့ လုံးဝလက်ခံလိမ့်မည်မဟုတ်။ သူ့ကို ည်း အပြစ်တင်ကြလိမ့်မည်။

ရဲနှင့် တွေ့မှ ပြောပြ ဖျောင်းဖျ,ပြရတော့မည်ဟု တွေးမိ ါပေမယ့် မိန်းကလေးကို ငုံ့ကြည့်လိုက်ပြန်တော့လည်း ခရု ည် ဈေးသည်လေးလို့ ထင်ရက်စရာမရှိ၊ သိမ့်နှင့် သူလိုငါလို လှစားပင်။ နန်းဆန် မဟာဆန်နေသည်။

သိမ့်ကိုတောင် ဒရိုင်ဘာသမီးဆိုတော့ မြင်စက မထင် ာ်ဘဲ ဂရုဏာပင် သက်ခဲ့ရသည်။

ရဲလည်း သည်ခံစားမှုမျိုးပဲ ထင်ပါသည်။

"ဟယ်. . . ဟိုဘုရားမှတ်လား ရွှေတိဂုံဆိုတာ"

ရွှေတိဂုံစေတီတော်ကို အဝေးမှ လှမ်းမြင်လိုက်ရရုံနှင့် းသာအားရဖြစ်ပြီး လက်အုပ်လေး ချီကာ မျက်လွှာတံခါးလေး ာ်ကာ ဖူးမျှော်လိုက်ပုံက တကယ့်ကို ကျက်သရေရှိလွန်းလှ သသည်။

"ဟင်း ကနဲ" နေအောင် သက်ပြင်းချလိုက်ပြီး လှုပ်ရှား က်ခတ်နေသော သူ့နှလုံးသားရင်ပြင် လှိုင်းဂယက်ကို သူ အားသင့်ပြီး ကိုယ့်ကိုယ်ကို ဆုံးမနေရသည်။

သူငယ်ချင်း မဟေသီလောင်းအတွက် ဒီလောက်အထိ လှိုင်းခတ်ဖို့ မလိုပါဘူးဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"ဟဲ့ . . . မချောလေး၊ မင်းကို ခိုင်းစားဖို့ မင်းသားက ငါ့ဆီ လွှတ်ထားတာ မဟုတ်ဘူး၊ ဘယ့်နှယ့် . . အလုပ်နဲ့လက် မပြတ်ရတာလဲ၊ ကြမ်းက မှန်ကြည့်လို့တောင် ရနေပြီ၊ တော်ပါ တော့ . . . တော်ကြာ ငါချော်လဲနေဦးမယ်"

လွှန်းကြင်ပါးစပ်ပေါက် သဲနုသာ ရောက်လာကတည်းက ပိတ်နေ၍မရတော့။ ပြောစရာတွေက တစ်ခုပြီးတစ်ခု အလို လို ထွက်နေရသည်။

အိမ်လေးမှာ ယခင်လို ဖုန်အလူးလူးနှင့် မဟုတ်တော့





နှင့်တစ်စက်မျှ မရှိ။ အဝတ်ပေလည်း မရှိ။

"အို . . . အစ်ကိုကလည်း၊ အစ်ကိုမင်းသားက မှာလိုက် တယ်၊ မိန်းမပီပီသသနေ၊ ဇာထိုးပန်းထိုးလည်း တတ်အောင်သင် တဲ့"

"ဟင် . . . အဲဒါတွေ သဲနု တတ်သားပဲ၊ သင်စရာ လို သေးလို့လား အစ်ကို"

"ညည်း ဘယ်နှစ်တန်း အောင်ခဲ့တယ်"

"ရှစ်တန်းအောင်ပြီး ကိုးတန်းအတက်မှာ ပါပါ လေဖြတ် သွားလို့ပါဆို၊ အစ်ကို့ကို ပြောပြီးပြီလေ"

"အေးပါ . . . ငါက မေ့တတ်လို့ပါ၊ ညည်းကြည့်ရတာ နန်းဆန်ပြီး တော်ဝင်မင်းသမီးလေးနဲ့ တူလို့ပါ"

"အဟင်း . . . အစ်ကိုကလည်း မြှောက်နေပြန်ပြီ၊ အစ်ကို့ပန်းချီကားထဲက မိန်းမကမှ တကယ့်ကို တော်ဝင် မင်း သမီးလေးပါ"

လွှန်းကြင်ရင်ထဲ ထိတ်ကနဲ ဖြစ်သွားရသည်။ ဒီမိန်းက လေး သူ့ပန်းချီခန်းထဲကို လျှောက်မွှေနှောက်နေလေရော့ သလား။

"ဟင် . . . ညည်းက ငါ့ပန်းချီခန်းထဲပါ ဝင်တယ်"

"ဟို . . ဟို . . သဲနုကို အထင်မလွဲပါနဲ့ အစ်ကို၊ သဲနု သန့်ရှင်းရေးလုပ်ရင်း ဘီရိုက ဟနေတာနဲ့ ဆွဲပိတ်ဖို့လုပ်ရင်း လျှောကျနေတဲ့ ပန်းချီကားမို့ ထောင်သွင်းပေးရင်း သဲနုနဲ့ တူ လွန်းလို့ ယူကြည့်မိတာပါ"

မျက်ရည်က ဆူပူမာန်မဲမှာစိုးကြောက်သည့်အလယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ငွေ့တို့ သိုင်းဖွဲ့ဝေ့သီလာသည်။ မျက်ဝန်းမျက်ဆံ လှလှဝိုင်းဝိုင်းကြီးက ဂရုဏာနှင့် ယှဉ်သော အသည်းယားဖွယ် ကလိကလိပင် ဖြစ်သွားရသူက လွန်းကြင်ပင်မို့. . .

"ဟာ. . . ငါက ဘာပြောနေလို့လဲ"

"အစ်ကို ဆူမှာစိုးလို့ပါ"

"မဆူပါဘူး"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ တကယ်တော့ ညီမက တောသူ ခရုပုတီးသည်ဆိုပေမယ့် ပါပါက ရခိုင်အရေးပိုင်ကြီးရဲ့ သားအရင်းပါလို့ ပြောရင် အစ်ကို ယုံပါ့မလားဟင်"

လွန်းကြင် သဲနုသာ၏မျက်နှာလေးကို ကြည့်လိုက်သည်။ ပြစ်မျိုးမဲ့မထင် နုဖတ်ဝင်းမွတ် ရှန်းစိုနေသောမျက်နှာလေးက သိမ့်ကြည်လင်နှင့် ချွတ်စွပ်တူနေသော်လည်း ဆံထုံးက ရခိုင်ရှေးဟောင်းမင်းသမီးနှင့် တူနေသည်မို့ ဝေသာလီမြို့ဟောင်း မင်းသမီးလေးဟုပင် သူ့စိတ်မှာ ထင်ဟပ်ပြီး စိတ်ပန်းချီ ခြယ်မှုန်းနေမိသည်။ ကျက်သရေက သိမ့်ကြည်လင်ထက် ပို၍ပင် ထည်ဝါလျက်ရှိလေသည်မို့ ကပျာကယာပင်. . .

"ယုံလွန်းလို့ ဟိုဘက်ကမ်းတောင် လွန်ပါသကောဗျာ၊ ကိုင်း. . . ပြောပြပါဦး ညည်းပါပါရဲ့အကြောင်း"

အညာသားလေသံနှင့် သဲနုသာကို "ညည်း" ဟုပင် တရင်းတနှီး ပြောင်းလဲသုံးနှုန်းလိုက်လေသည်။

"သဲနုပါပါက ဆယ်တန်းကို ခဏခဏကျပြီး မအောင်နိုင်လွန်းတော့ သဲနုအဘောင်ရှည်က(အဘိုး)က ပါပါကို မြောက်ဦးမြို့က ယဉ်ကျေးမှုပြတိုက်မှာ စာရေးလုပ်ခိုင်းထားလိုက်တယ်





လေ"

"သြော်. . . ဘာကြောင့် လုပ်ခိုင်းတာလဲ ဆက်ပြောပါဦး"

"အဘောင်ရှည်တို့မျိုးရိုးက ရခိုင်ကြီး(ခေါ်)ဘုရားထူးခံရတဲ့ ရခိုင်ကြီးတွေတဲ့၊ ရခိုင်ဘုရင်များ သီးသန့်နန်းစံခဲ့တာကို သိပ်ပြီးဂုဏ်ယူဝံ့ကြွားတာ၊ မျိုးချစ်စိတ်ဓါတ်လည်း ပြင်းထန်တယ်၊ သားတွေမြေးတွေကိုလည်း မြောက်ဦးမြို့ရဲ့ရခိုင်ယဉ်ကျေးမှုတွေကို လေ့လာခိုင်းတယ်၊ သဲနုပါပါက ယဉ်ကျေးမှုပြတိုက်စာရေးဆိုတော့ ပိုမိုလေ့လာဖြစ်တယ်လေ"

လွန်းကြင်က မချင့်မရဲဖြစ်ပြီး. . .

"ဒါနဲ့များတောင် ညည်း ခုလို ခိုကိုးရာမဲ့ဘဝ ရောက်ရသလားကွာ"

ဟု ညည်းတွားသလို မေးလိုက်မိလေသည်။

"ခုမှ ဇာတ်လမ်းက စတာ အစ်ကို. . . ကြော်ငြာမဝင်ပါဦး"

မျက်လုံးလေး ဝင့်ကာ စကားပြောလိုက်ပုံက သူ့ရင်ကို းလို့ခုလုဖြစ်စေသည်။

"ကဲပါဗျာ. . . ကြော်ငြာပြီးပြီ၊ ဆက်ပြောပါဗျာ"

"ပါပါကလည်း ယဉ်ကျေးမှုတွေ လေ့လာနေရာက လောဘတက်လာပြီး ငါ့နှယ် ရခိုင်လူမျိုးဖြစ်ရဲ့နဲ့ ကျောက်ဖြူတို့ သံတွဲတို့တောင် မရောက်ဖူးပါလားဆိုပြီး အဘောင်ရှည်ကို ခရီးထွက်ခွင့်တောင်းတယ်၊ ဒါကို အဘောင်ရှည်က ခွင့်မပြုသေးဘဲ ပါပါ့ကို ဘုရားထူးခံ ရခိုင်ကြီးထဲက မိန်းကလေးတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပေးလိုက်တယ်"

"ဟောဗျာ"

လွန်းကြွင်ရင်မှာ တကယ့်ရာဇဝင် ဇာတ်ကားတစ်ကား ကြည့်နေရသလို စိတ်ကူးထဲ ပုံဖော်မြင်ယောင်နေမိသည်။

"ပါပါက အဘောင်ရှည်ကို ထပ်မံပြီးခွင့်တောင်းတယ် မြောက်ဦးကနေ စစ်တွေကို ခွင့်ယူလာတုန်း တစ်လက်စထဲ ရခိုင်ဖြစ်ပြီး ရခိုင်ပြည်အနှံ့ မရောက်ဖူးတာ ရှက်စရာကောင်းပါ တယ်ဆိုပြီး သူ့လစာနဲ့ စုထားတဲ့ငွေလေးနဲ့ ခရီးထွက်ခွင့်ပေးပါ ဆိုတော့ အဘောင်ရှည်က မတားရက်တော့ဘဲ ခရီးစရိတ် စား စရိတ်ပဲ ထွက်ချက်ပေးပြီး ခွင့်ပြုလိုက်တယ်"

"အင်း . . . အဲဒီခေတ်ကာလတုန်းက ခုလို ကားလမ်း ရထားလမ်းတို့ ပေါက်ရောက်ဖို့ဆိုတာ မလွယ်သေးဘဲကိုး၊ ရေ လမ်းခရီးကိုသာ အားထားနေကြတာမှတ်လား"

"အဲဒီမှာပဲ ပါပါ့နဖူးစာ ရွာလည်တော့တာပဲ၊ သံတွဲသူ ဒေါ်နှင်းဆီဖြူနဲ့ အကြောင်းပါပြီး သံတွဲမြို့မှာ အခြေကျနေလိုက် တယ်"

"အဘောင်ရှည်က စိတ်ကြီးတယ်၊ သူ့သားကို ရခိုင်ကြီး ချင်း ပေးစားပြီးရင် စာမေးပွဲ ပြန်ဖြေခိုင်း၊ ရှေ့နေစာမေးပွဲလည်း ဖြေပြီး ရှေ့နေကြီး ဖြစ်လာစေရမယ်ဆိုတဲ့ အဘောင်ရှည် ရည် ရွယ်ချက်တွေ သဲထဲရေသွန် ဖြစ်သွားခဲ့တယ်၊ ဒါတောင် သဲန အမေတို့က ဆိုင်ကြီးကနားကြီးနဲ့ စီးပွားရေးသမားတွေပါ၊ ဒါကို သဘောမတူလို့ သေခန်းဖြတ် ကြေညာပစ်လိုက်တယ် . . . လုံးဝ လှည့်မကြည့်တော့ဘူး"





"သြော်"

လောကဇာတ်ခုံပေါ်မှာ လူတိုင်းဟာ သူ့ကံကြမ္မာလမ်း ကြောင်းနှင့် သူပါလားဟု လွန်းကြွင် သဘောပေါက်မိလေသည်။

"မိဘတွေ့ရဲ့မျက်ရည်ပေါက်ကျိန်စာကပဲ သင့်သလား သိပါဘူး၊ ပါပါတို့ယောက္ခမ ဆိုင်ရော အိမ်ရော သံတွဲမီးဘေး သင့်သွားလိုက်တာ ကုန်းကောက်စရာ မကျန်အောင် ဖြစ်သွား တယ်၊ အမေ့မိဘများကလည်း ရှေ့ဆင့်နောက်ဆင့်ပဲ ဆုံးသွား ကြတယ်၊ အဲဒီအချိန်မှာ အမေက သဲနုကိုယ်ဝန်နဲ့လေ၊ ပေလီရွာ ဘက် ပြောင်းနေပြီး ရွှေဖွန်းကိုက်ပြီး အထိန်းအချီနဲ့ နေခဲ့ရတဲ့ ဆွေကြီးမျိုးကြီး ရခိုင်ကြီးဦးနိုင်ဆိုတဲ့ ပါပါဟာ ပင်လယ်ပြင် ကွန် ပစ်ရင်း သက်စွန့်ဆံဖျား တံငါသည်ဘဝ ရောက်ခဲ့ရရှာတယ်"

သဲနုသာ အသံလေး တိမ်ဝင်သွားရင်းက ရှိုက်သံလေး ထွက်လာသည်။

သြော် . . . သူ့ပါပါ ဆုံးသွားတာ ပုပုနွေးနွေးဆိုတော့ သတိရရှာပေမပေါ့။ လွန်းကြွင် စာနာစွာဖြင့် ဂရုဏာမိုးရွေရင်း

"ကိုင်း . . . ကိုင်း . . . ပြီးတာတွေ ပြီးပါပြီ၊ လူဆိုတာ ဘဝတစ်ခု ရလာပြီဆိုကတည်းက ရုန်းကန်ရမှာချည်းပါပဲ၊ ဒါနဲ့ ညည်း နန်းဆန်တာ မျိုးရိုးကြောင့် ဆိုချင်တာလား၊ ငါသိတာက တော့ မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါ ညည်း သံနွေတည် ကတည်းက စခဲ့ရတဲ့ ဇာတ်လမ်းကြမ်းကြမ်းက ညည်းကို နန်းဆန် ဆန်နဲ့ သိမ်မွေ့နေတာနဲ့ ဘယ်လိုလုပ် ဆက်စပ်မလဲ"

"သြော် . . . ဒါလား"

မျက်ရည်လေးကို လက်ဖမိုးလေးနှင့် အသာသုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် လွမ်းရိပ်ကို ပြင်ကာ အပြုံးဆင်ပြီး ဂုဏ်ယူစွာဖြင့်. .

"ပါပါက သဲနုကို အစစအရာရာ သွန်သင်ပေးတယ် သဲနုရဲ့ဒီဆံထုံးကိုတော့ အစ်ကို ဘယ်လိုထင်သလဲ"

သာလိကာမလေး စကားကြွယ်နေသည်။ လွန်းကြ အိုးတိုးအတန့်. . .

"ငါဘယ်သိမှာလဲ"

"သိသလောက်ပြော"

"ဆံတောက်နဲ့ ဗျာပါဆံမှတ်လား"

"မဟုတ်ဘူးရှင့်. . . မြို့ဟောင်းမှာ ရှိတဲ့ ကျောက်ဆ ရုပ်ထုထဲကအတိုင်း ပါပါက အထုံးအဖွဲ့ သင်ပေးထားတာ၊ ပြီ တော့ ခရုပုတီးလေးကို ဆံထုံးမှာ သိုင်းဖွဲ့ပန်ဆင်လိုက်တော့ ခရုပုတီးသည်တွေကြားမှာ သဲနုက ရေပန်းအစားဆုံး ဖြစ်သွာ တာပေါ့ အစ်ကို့. . . ပါပါ့ကျေးဇူးပါ"

လွန်းကြင် ကောင်းစွာသဘောပေါက်လိုက်ပြီ။

"ရဲ" ကိုလည်း သူအပြစ်မမြင်မိတော့။ ခရုပုတီးသည် တွေကြားက ထင်းခနဲနေအောင် လှသော ချောသော နန်းဆ သော ရခိုင်လှပျိုဖြူချောလေးကို မျက်စိကျသွားခြင်းကို အပြစ် မဆိုသာတော့ဘဲ ကောင်းစွာသဘောပေါက်မိလေတော့သည်၊

"ညည်းကလည်း မိဘကျေးဇူးသိတတ်ပြီး ပြုစုစောင့် ရှောက်ခဲ့တဲ့သူဆိုတဲ့ ကုသိုလ်ကံကြောင့် ကြံကြံဖန်ဖန် မင်းသားရဲ မျက်စိကျပြီး အစောင့်အရှောက်ခံနေတာနဲ့ တူပါတယ်"

"အဟင်းဟင်း. . . ဟုတ်မှာပါရှင်၊ သဲနုရဲ့အိပ်မက်ထဲ တောင် မမက်ရဲတဲ့အဖြစ်ပါ"





"ဒါနဲ့ မင်းသားကို ညည်းချစ်ရဲ့လား"

"ရှင်. . . ချစ်တာပေါ့၊ သဲနုမှ မဟုတ်ဘူး၊ တစ်ရွာလုံး ချစ်ကြတာ၊ မင်းသားပါတဲ့ ဗွီဒီယိုဇာတ်လမ်းတွေဆို မလွတ်တမ်း ကြည့်တာ၊ အဲဒီထဲက ချစ်တာပါရှင်"

လွန်းကြင် နားလည်နေမိသည်က သဲနုသာ မင်းသား ရဲ့ အပေါ် ချစ်သောအချစ်က ပြည်သူက အနုပညာရှင်ကို ချစ် သော အဖြူရောင်သက်သက်မေတ္တာဟု။

"ဒါထက် အစ်ကို့ပန်းချီကားထဲက သဲနုနဲ့ တူတဲ့ မိန်းက လေးအကြောင်း ပြောပြပါဦး"

လွန်းကြင်ရင်ထဲ ဆစ်ကနဲ နာကျင်သွားသည်။ မကျွမ်း ခင်က 'လွမ်းရသည့်အဖြစ်ပါလား၊ ရင်ထဲ မထားချင်၊ စကား အဖြစ်လည်း ပြောမနေချင်တော့။

"သူနဲ့ ပတ်သက်ပြီး ပြောစရာ ဘာစကားမှ မရှိတော့ ဘူး"

"ဟင်. . . အစ်ကို့ချစ်သူ မဟုတ်ဘူးလား"

"ချစ်သူလည်း မဟုတ်ဘူး၊ မုန်းသူလည်း မဟုတ်ဘူး"

"ဟင်. . . ဒါဖြင့် ဘာလဲ၊ အစ်ကို့စကားကြီးကလည်း"

"ညည်းသတ်မှတ်ချင်သလိုသာ သတ်မှတ်လိုက်တော့၊ ကိုင်း. . . ငါပန်းချီသွားဆွဲလိုက်ဦးမယ်၊ ညည်း ငါပန်းချီဆွဲနေ တုန်း စကားလာမပြောနဲ့နော် သာလိကာမလေး"

"သဲနုသာပါ"

မပွင့်တပွင့်လေး တုန့်ပြန်လိုက်ပုံကို အသဲယားစွာဖြင့် ခေါင်းကလေးကို လက်သီးဆုပ်နှင့် ဖွဖွလေး ထုလိုက်ချင်သေ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူငယ်ချင်း မပဟောသီလောင်းဟူသောအသိစိတ်ဖြင့် စိတ်ကို ထိန်းချုပ်ပြီး ဧည့်ခန်းထဲမှ ပန်းချီခန်းတွင်းဆီသို့ ဝင်ခဲ့လိုက်လေတော့သည်။







# အခန်း(၂၃)

"ဟိုက်. . . ဒီဘူတားကြီး ဘာကိစ္စပါလိမ့်"

လေယာဉ်က မင်္ဂလာဒုံလေဆိပ်ကို ဆိုက်ရောက်လာသဖြင့် ခရီးသည် ဝင်ပေါက်ထဲသို့ ဝင်လျှင်ဝင်ချင်း ဒါရိုက်တာဦးမိုက်ခဲကို မြင်လျှင်မြင်ချင်း ရဲနေလင်း ဟိုက်ကနဲ ဖြစ်သွားရသည်။

ဒါရိုက်တာဦးမိုက်ခဲ အကြောင်းမဲ့သက်သက်တော့ လေယာဉ်ကွင်းသို့ တန်းမလာနိုင်။

သံတွဲကနေ သူ မန်နေဂျာကိုသီးနှင့် လွှတ်သာ လွှတ်လိုက်ရသည်။ သူ့စိတ်ထဲက တထင့်ထင့်။



www.burmeseclassic.com

www.burmeseclassic.com



သဲနုသာ ဘဝကို အတတ်နိုင်ဆုံး မြှင့်တင်ပေးရန် လူယုတ်မာလက်ထဲက ကယ်တင်ပြီး သူငယ်ချင်း "လွန်း" ထံသို့ ပို့လွှတ်ထားရပေမယ့် ရင်ထဲမှာတော့ တထင့်ထင့် ဖြစ်နေရသည်။

သဲနုသာသည် ပန်းချီခြယ်မှုန်းလောက်အောင် မှုန်နေအောင် လှသောမိန်းကလေးဖြစ်သည်။

လွန်းက အနုပညာသမား ပန်းချီမျက်စိ ရှိပြီးသား။ လွန်း ပန်းချီခါတ်ပုံကားထဲက မိန်းကလေးနှင့်လည်း ချွပ်စွပ်တူနေသည်မို့ ဘာတွေ ဆက်ဖြစ်လာဦးမည်မသိ။

ကြောင်ခံတွင်းဝသို့ ဆက်ရက်တောင်ပံကျိုး အပ်လိုက်သလိုများဖြစ်နေပြီလား။

မဖြစ်နိုင်။ လွန်း၏အကျင့်သိက္ခာက ဖြူစင်ပြီးသား။

လေယာဉ်ကွင်းကနေ မော်ဘီသို့ တန်းသွားမည် ဟူသောရည်ရွယ်ချက်တို့က တစ်ထစ်ချ ပျက်စီးတော့မည်ဟု ဒါရိုက်တာ မိုက်ခဲကို တွေ့ကတည်းက သဘောပေါက်ကာ စိတ်ပျက်သွားသည်။

"မင်းသား . . . ပေလီမှာ တော်တော်ပျော်ခဲ့ရဲ့လား"

"ပျော်တာပေါ့ဗျာ"

ဖူးစာရှင်ကို တွေ့၍ အပျော်ကြီး ပျော်ခဲ့သည်ကို ရည်ရွယ်ကာ ဖြေလိုက်သည်။

"ကိုယ်တို့ ဒီညကားနဲ့ ရွှေညောင်တက်ရမယ်"

"ဟာဗျာ . . . နားတောင်မနားရသေးဘူး"

သဲနုအခြေအနေကိုသိချင်လှပြီ။ နေ့ဝက်ကျော်ပဲ အချိန်ရသည်။ ထိုအချိန်အတွင်း အဝတ်အစားတွေ ကိုသီးနှင့် တိုင်ပင်ကာ ရွေးချယ်ရဦးမည်။ ကုမ္ပဏီတစ်ခုနှင့် စာချုပ်ကိစ္စ စကားပြောဦးမည်ဆိုတော့ မော်ဘီသို့ သွားရန် အချိန်ရမှရပါ့မည်လား။

ဘာပဲဖြစ်ဖြစ် အချိန်ကို လုကာ ရအောင်သွားမည်။

သဲနုအပေါ် မျက်နှာလွှဲခဲပစ် လုပ်လိုက်သလို ဖြစ်နေမှာစိုးရသည်။

သဲနုကို သူ့နှလုံးသားရင်ပြင်ပေါ်၌ မဟေသီအဖြစ် အမွှန်းတင်ပြီးသားဖြစ်သည်။ ဒါကို လွန်းအား စာထဲ၌ အသိပေးရသေး။ လွန်းကို စိတ်ချရပါတယ်ဆိုသော်လည်း အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဖြစ်မှာ စိုးထိတ်နေရသည်မို့ မဖြစ်ဖြစ်အောင် မော်ဘီသို့ ချီတက်လိုက်မည်။

"အိုကေဗျာ . . . ခင်ဗျားလာခေါ်တဲ့အချိန် အဆင်သင့်ဖြစ်စေရမယ်"

"ရော့ဗျာ ကိုသီး . . . ဇာတ်ညွှန်းအကျဉ်းတွေ၊ အဝတ်အစား စီစဉ်ဖို့"

"သွားပြီဗျာ"

ကိုမိုက်ခဲ နောက်ထပ် စကားကြော မရှည်ခင် သူ သုတ်ခြေတင် ထွက်ခဲ့သည်။

သဲနုသာ၏အခြေအနေကို သိချင်လှပြီ။

နေ့ဝက်မရှိတရှိအချိန်မှာ မော်ဘီသို့ သွားမည်ဆိုပါက လည်းအချိန်လုရမည်။

သဲနုသာအပေါ် မျက်နှာလွှဲခဲပစ် လုပ်သလို ဖြစ်နေမှာ စိုးမိသည်။





www.burmeseclassic.com

www.burmeseclassic.com



လွန်းကကော ဂရုစိုက်ပါ့မလား။

လွန်းက သူ့ပန်းချီခါတ်ပုံထဲက ရွှေရုပ်လွှာလေးနဲ့က ဘယ်လိုပတ်သက်မှန်းမသိ ဂရုစိုက်လွန်ပြီး အချစ်မွန်သွားပါက ခက်မည်။

လွန်းက ဒီလိုလူစား မဟုတ်ပါဘူး။

သူက သူ၏မဟေသီလောင်းဟု ကြွေးကြော်သတိပေ ပြီးသားပဲ။

သစ္စာတရားနဲ့ ဂုဏ်သိက္ခာကို အသက်ထက် မြတ်နိုးတဲ့ သူပါလေ။

အတွေးတွေ တသီကြီးနှင့် ကားကို မော်ဘီဘက်သို့ တန်းမောင်းချလိုက်လေသည်။

ကိုသီးက သက်ပြင်းရှည်ကြီး ချပြီး အငှားကားတစ်စီး နှင့် အိမ်သို့ပြန်၊ သူ့အတွက် လိုအပ်တာတွေ စီစဉ်ဖို့ ထွက်သွား သည်။

ဒါရိုက်တာကြီးကိုမိုက်ခဲ့မှာ စိုးရိမ်မကင်းသောမျက်နှာ ကြီးနှင့် ကျန်ခဲ့လေသည်။

မင်းသား တယ်ခြေရှည်သကိုးဟု ထင်ပေမည်။

ကားမောင်းရင်း မတွေးချင်သော်လည်း လွန်း အ ကြောင်းကို ရောက်သွားသည်။

လွန်းသည် ဆင်းရဲပေမယ့် ရိုးသားသည်။ တည်ကြည် သည်။ ပန်းချီဆရာပီပီ စိတ်နှလုံး နူးညံ့ပြီး အနုပညာဆန်သည်။

ရိုးရိုးကုပ်ကုပ်နှင့် ကြိုးစားပြီး အရည်အချင်းနှင့် အောင် မြင်မှု ရလာသော ပန်းချီဆရာတစ်ယောက်ဖြစ်သည်။





အထင်ကြီးစရာကောင်းသည်။

သဲနုသာများ လွန်းကို အထင်တွေ စွတ်ကြီးနေလျှင် ဘယ်လိုလုပ်မလဲ။

ချစ်ခြင်းမေတ္တာသည် လေးစားမြတ်နိုးခြင်းမှ ပေါက်ဖွား လာသည် မဟုတ်ပါလား။

ရဲနေလင်း သက်ပြင်းမောကြီး ချလိုက်မိလေသည်။

အတွေးတွေနှင့် နပန်းသတ်ရင်း ကားမောင်းရင်းနှင့် မော်ဘီရှိ သူ့တိုက် အိပ်မက်အိမ်လေးဆီသို့ ရောက်ချလာသည်။

"ဟောဗျား"

သော့ခလောက်ကြီးက ဆီးကြို၍နေလေပြီမို့ မောဟိုက် သွားသည်။

အလေးအပင်တွေ ထမ်းပိုးပြီး တောင်တက်လာသူ တောင်ထိပ်သို့အရောက်၌ ကန်ချခံရသည့်နှယ်ဖြစ်သွားသည်။

"ဒီကောင်ကပ်စေးနဲ ဟန်းဖုန်းလေးဘာလေး ဝယ် ကိုင်ဘူး၊ ငါဝယ်ပေးတော့လည်း မာနကြီးတစ်ခွဲသားနဲ့ မယူ ဘူး"

လွန်းအပေါ် စိတ်မပျက်စဖူး စိတ်ပျက်သွားသည်။

ဟိုကောင် စောကျောစိုးကော. . .

ကားဟွန်း စွတ်တီးပစ်လိုက်သည်။

ရန်ကုန်မြို့ထဲမှာသာဆိုပါက မော်တော်ပီကယ်နှင့် တွေ့ သည့်ကိန်းပင်။

သို့သော် နောက်ဖေးသီဟိုဠ်ခြံထဲက အလုပ်သမားတစ် ယောက်က ပြေးလာလေသည်မို့ ဟွန်းတီးရကျိုးနပ်သွားပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟာ. . . မင်းသားပါလား"

"ပန်းချီဆရာကော"

"တောက တက်လာတဲ့ သူ့နှမလေးကို မြို့ထဲ လိုက်ပို့တယ်"

"ဘယ်သွားမယ် ပြောသလဲ"

"ဘုရားကော သင်တန်းကောဆိုလားပဲ"

"ကျော်စိုးကကော"

"ပန်းချီဆရာကို ချက်ပြုတ်ပေးမယ့်သူ ရောက်လာတုန်းတောင်ပေါ် ပြန်ဦးမယ်ဆိုပြီး ခွင့်ယူသွားတယ်"

"ကောင်းကွာ"

သဲနုသာကို ထမင်းဟင်းချက်ဖို့ အိမ်မှုကိစ္စအဝဝ လုပ်ပေးဖို့ လွှတ်လိုက်တယ်များ မှတ်နေရော့လား။

"ရပြီ. . . သွားတော့၊ သြော်. . . နေဦး၊ ကျွန်တော်လာတဲ့အကြောင်းနဲ့ ကျွန်တော် ဒီည တောင်ကြီးတက်မှာမို့ ထပ်မလာနိုင်သေးဘူးဆိုတာရယ်၊ ကျွန်တော့်ဆီကို ညဘက် ဖုန်းဆက်ဖို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ မင်းသား. . . စိတ်ချပါ"

ခြံအလုပ်သမားက စိတ်ချပါ ပြောပေမယ့် သူ့ရင်တွေပူလောင်နေသည်။

ဘယ်လိုလုပ် စိတ်ချနိုင်ပါ့မလဲ။

သူစိမ်းအပျိုနှင့်လူပျို နှစ်ယောက်သား နီးကပ်နေအောင် သူဖန်တီးပေးလိုက်မိပြီလား။





"သွားမယ်ဗျာ"

အလုပ်တာဝန် ဝတ္တရားတွေကလည်း ရှိသေးသည်မို့စိတ်မောလူမောနှင့်သာ ပြန်ခဲ့လိုက်ရလေသည်။

သဲနုသာကို တွေ့လိုဇောတို့က ရင်ကို ပူလောင်စေပြီ။

ရှေ့ခရီးကို ဘယ်လိုဆက်ရမည်လဲ မသိ။

ဆွေကြီးမျိုးကြီးဖြစ်သော သူ့မိဘတွေက သာမန်မိန်းကလေး ဆယ်တန်းတောင် မအောင်သေးသူ၊ မျိုးရိုးပင် မသိရသူနှင့်း ဝသဘောမတူနိုင်တာကတော့ ကျိန်းသေသည်။

တွေးမိရုံနှင့် မောဟိုက်ရလေသည်။

"ဟူး" ကနဲ နေအောင် လေပူတစ်ချက် မှုတ်ထုတ်ပစ်က်ပြီး ကားကို သတိကပ်ပြီး မောင်းနှင်ခဲ့လိုက်လေတော့သည်။

ကိုသီးနှင့် ဒါရိုက်တာကြီးကိုမိုက်ခဲတို့ လည်တဆန့်ဆန့်တမမနှင့် ရှိနေလောက်ပြီ။

မင်းသားကို သူတို့ဇာတ်ကားတစ်ကား မပြီးမချင်းက်စိအောက်က အပျောက်မခံလိုကြ။ ပြောမရ၍သာ လွှတ်းရသည်သာ ရှိမည်။

မင်းသားလည်း သာမန်လူသားပဲ။ လွတ်လပ်မှုကို ခုံမင်သည်ပေါ့။

လွမ်းနဲ့သဲနုရေ. . . မင်းတို့အတွက် ငါ့ရင်တွေ မောက် ပူလောင်နေရပြီကွာ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"ရွှေတိဂုံဘုရားကြီးကို ခုလို ကိုယ်တိုင်ကိုယ်ကျ မျက်
ထင်ထင် ဦးခိုက်ရလိမ့်မယ်လို့ သဲနု ယောင်လို့တောင် အိပ်မက်
မမက်ခဲ့ဖူးပါဘူး အစ်ကိုရယ်၊ ဝမ်းသာလိုက်တာ. . . ကြည်
လိုက်တာ အစ်ကိုရယ်၊ အစ်ကို့ကို သိပ်ကျေးဇူးတင်တာပဲ"

ရွှေတိဂုံဘုရားဖူးပြီးအပြန် ကားပေါ်တွင် သဲနုသာ
ဝမ်းသာပီတိတို့ကို ရင်ဝယ် ထိန်းမထားနိုင်ဘဲ ထုတ်ဖော်လို
လေသည်။

"ငါ့ကို ကျေးဇူးမတင်နဲ့၊ တင်ချင်းတင် ညည်းမင်းသာ





ကိုတင်၊ သူစီစဉ်ပေးလို့ ညည်း ခုလိုသွားလာခွင့်ရတာ"

"သူပို့လို့ ရောက်လာပေမယ့် အစ်ကိုက စိတ်ပါလက်ပါ လိုက်ပို့ပေးလို့ ခုလို ဘုရားစုံလည်း ဖူးရ၊ ရန်ကုန်မြို့ရဲ့အထင်ကရ နေရာတွေလည်း ရောက်ရတယ် မဟုတ်ဘူးလား၊ အစ်ကို့ ကျေးဇူးက ပိုပါတယ်"

"မင်းသားက ညည်းကို ပို့ပေးဖို့ ဒီကားကို ပေးလိုက်တဲ့ အတွက် ငါက သက်တောင့်သက်သာနဲ့ ပို့ပေးနိုင်တာပါကွာ"

"အစ်ကိုကလည်းလေ. . . သဲနု ကျေးဇူးတင်တာကို မခံချင်ဘူးလား၊ အစ်ကိုနှစ်ယောက်စလုံးက သဲနုရဲ့ကျေးဇူးရှင် တွေပါ၊ ပါပါသာ တမလွန်ကနေ သိရင် အစ်ကိုတို့ကို ကျေးဇူး တင်နေမှာပါ"

"ဟုတ်ကဲ့ပါ ထိပ်ထားလေးရယ်"

"အိုး. . . ကြည့်စမ်း၊ အစ်ကိုက သဲနုကို အားလုံးက ဒီလိုခေါ်ကြမှန်း ဘယ်လိုလုပ် သိကာလဲ"

သဲနုသာ မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားပြီး တအံ့ တဩနှင့် လွန်းကြင်ဘက်ကို လှည့်ကြည့်ကာ မေးလိုက်လေ သည်။

အသားမဖြူလွန်း မညိုလွန်းနှင့် အသားလတ်လတ် ကြည့်ကောင်းသော ရုပ်ရည်ရူပကာနှင့် အစ်ကိုပန်းချီဆရာသည် အစ်ကိုမင်းသားလောက် မချောပေမယ့် ဆွဲဆောင်မှုရှိသော ယောကျ်ားကောင်းတစ်ယောက် အင်္ဂါရပ်နှင့် ပြည့်စုံသူပါ။

သဲနုသာရင်ထဲ လေးစားချစ်ခင်နေမိသည်။

အစ်ကိုမင်းသားနှင့်က ခဏသာ တွေ့ပြီး စကားရည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေကိုပင် ပြောခွင့်မသာခဲ့ပါ။

အစ်ကိုပန်းချီဆရာနှင့်ကျတော့ အတူနေ အတူစား
အတူသွားနှင့် နေခဲ့တာ (၄-၅)ရက်ကြာလာသည်နှင့်အမျှ ရင်းနှီး
မှု ပွင့်လင်းမှုတို့က ပိုမိုလာသည်မို့ ပွင့်ပွင့်လင်းလင်းပင် အံ့အား
သင့်သွားသည့်အကြောင်းကို မေးလိုက်သည်။ လွန်းကြွင်က
လည်း. . .

"အားလုံးက ညည်းကို ထိပ်ထားလေးလို့ ခေါ်ကြ
သလား၊ အားလုံးဆိုတာ ဘယ်သူတွေလဲ"

"ရွာကလေ. . . ရွာက ကလေး လူကြီးအားလုံးမကျန်
အငေါ်တူးပြီး ခေါ်ကြတာ၊ ဒီလို အစ်ကိုရဲ့"

မျက်ဝန်းမျက်ဖန်လေး ဝင့်ဝင့်ပြီး ရွှန်းလက်တောက်ပ
သောအပြုံးနှင့် စကားအိုးမလေးကြောင့် လွန်းကြွင် ရင်အစုံက
မြင်းရထားပေါ် ကခုန်ခြင်းနှယ် လှုပ်ခတ်နေလေပြီ။ စိတ်လှုပ်ရှား
မှုကို အပြုံးမြမြနှင့် ထိန်းချုပ်ရင်း. . .

"ပြောပါဦး သာလိကာမလေးရယ်၊ ညည်းကို ထိပ်ထား
လေးလို့ ခေါ်ရတဲ့အကြောင်းရင်းကို"

"ဒီလိုပါ အစ်ကို၊ ပါပါက သဲနုကို အဘောင်ရှည်တို့
ပြောပြခဲ့တဲ့ ရှေးရခိုင်မင်းတွေအကြောင်းကို ပြောပြတတ်တော့
သဲနုကလည်း ရွာထဲက ကလေးတွေကို ပြန်ပြောပြတာပေါ့"

"ဘာအကြောင်းတွေလဲ"

"ရှေးရခိုင်မင်းတွေကလည်း သူ့ခေတ် သူ့ပြည်နယ်မှာ
တစ်ထီးတစ်နန်း စိုးစံကြတာ၊ ထွက်တော်မူရင်တောင် ဆင်လေး
ကောင်ပေါ်မှာ ဘော်သလွန်ဖြူကို ခင်းပြီးမှ ထွက်တာ၊ အဲဒီပေါ်





မှာ ရခိုင်ဘုရင်က စိန်ကတ္တီပါ အပြာနုရောင်ဝတ်ရုံကို ဝတ်ဆင်၊
သရဖူမှာလည်း ကြက်ဥလောက် ရှိတဲ့ စိန်ကြီးတစ်လုံး တပ်ဆင်
ထားတာတဲ့၊ ဘုရင်ထွက်တော်မူလို့ လမ်းဘေးဝဲယာက ပြည်သူ
တွေ ခစားကြလို့ မသိမသာလေး ခိုးပြီး မော်ဖူးမိရင် သရဖူက
စိန်ကြီးရဲ့ရောင်စဉ်ဖြာမှုက စူးကနဲ ဝင်းကနဲ မျက်လုံးကို လာစူး
တော့တာပါပဲတဲ့ဘာတဲ့ပေါ့၊ အဲဒါနဲ့ သဲနုကို ဝိုင်းဟားကြပြီး ရခိုင်
မှုရားလို့ ခနိုးခနဲ့ စကြပြန်တယ်၊ ဒါကို ပါပါကြားတော့. . .
ဘဲ. . ငါ့သမီးက အပျိုစင် နုနုထွတ်လေးကို မိဖုရားလို့ မခေါ်ပါနဲ့၊
ခိုင်ထိပ်ထားလေးဆို တော်သေးတယ် အဲလိုပဲခေါ်လို့. . .
ပြောတာကို သူတို့ကလည်း တမင်ရွဲ့ပြီး ထိပ်ထားလေးလို့ပဲ
ခေါ်တာ၊ အခု အစ်ကိုကပါ ထိပ်ထားလေးဆိုတော့ သဲနုက
အံ့သြသွားတာပေါ့၊ အစ်ကိုကကော သဲနုကို တမင်ရွဲ့ခေါ်တာ
လားဟင်"

လွန်းကြွင်ရင်ထဲ အရှိုးခံသက်သက် ဖြူစင်ဝင်းမွတ်
သလေးကို မချင့်မရဲ တစ်ချက်စွေကြည့်လိုက်ပြီး ပင့်သက်ရှိုက်
လိုက်ပြီးမှ. . .

"မဟုတ်ရပါဘူးဗျာ. . . ညည်းက နဂိုကတည်းက
ဘာဆန်သူ နန်းဆန်သူမို့ ငါက ထိပ်ထားလေးလို့ တင်စားမိ
တာပါဗျာ"

"ဒီလိုဆိုလည်း ရှိစေတော့ မောင်မင်း၊ ခွင့်လွှတ်တယ်
ပြုတယ်"

သူ့အနား သာလိကာလေးတစ်ကောင် နားခိုနေသည့်
အလား တတွတ်တွတ်မို့ လွန်းကြွင်မှာ ပျင်းရိငြီးငွေ့ခြင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပင်ပျောက်ဆုံးသွားသည်။ ဒါ့အပြင်. . .

ညနေစာကို ဟိုတယ်တစ်ခု၌ ဝင်စားမည်ဆိုတော့လည်း. . .

"တော်ပါပြီ အစ်ကို၊ ညနေစာကို သဲနု စီစဉ်ပြီးသားပါ၊ အိမ်မှာပဲ ပြန်စားရအောင်ပါ၊ သဲနုအတွက်တော့လေ. . ထမင်းနဲ့ ငပိတောင် အနိုင်နိုင် စားခဲ့ရတဲ့ရက်တွေ ရှိခဲ့ပါတယ်၊ ရန်ကုန်မှာ က ပိုက်ဆံရှိရင် သုံးချင်စရာကြီးပဲ၊ အပိုတွေ မစဉ်းစားပါနဲ့နော်၊ ခုတောင် ကားနဲ့ လာရတော့ ခါတ်ဆီဖိုးတွေ နှမြောစရာ၊ နောက်ဆို သဲနုကို ဘတ်စ်ကားနဲ့ သွားတတ်အောင် ကျင့်ပေးလေ"

"မယ်မင်းကြီးမ. . . သိပ်စကားများတယ်၊ မင်းသားရဲ့ မဟေသီလောင်းက ဘတ်စ်ကား စီးစရာလား"

"အစ်ကိုကလည်း. . . သဲနုက အစ်ကိုမင်းသားရဲ့ မဟေသီလောင်းလို့ ဘယ်သူပြောသလဲ"

"မင်းသား"

"ဟင်. . . အစ်ကိုနဲ့ ဖုန်းဆက်မိလို့လား"

"နိုး. . . ကိုသီးက ညည်းက ရဲရဲ့မဟေသီလောင်းမို့ စောင့်ရှောက်ပေးထားပါတဲ့၊ ဘာလဲ. . . ညည်းက မကျေနပ်လို့လား"

သဲနုသာမျက်နှာလေး ရှက်ယောင်ဝဲကာ နီစွေးသွားလေသည်။

"ပြောတတ်ပါဘူးလေ. . . ကျေနပ်တယ် မကျေနပ်တယ်ဆိုတာထက် သဲနုဘဝက အစ်ကိုမင်းသားရဲ့ ထားရာနေစေရာသွားရမယ့်ဘဝ ရောက်ခဲ့တာကို"





လွန်းကြွင်ရင်ထဲ ထိရှသွားလေသည်။

ဘဝကံကြောင်းမလှခဲ့ပေမယ့် ဖူးမွှတ်နေအောင် လှသောမိန်းကလေး၊ သိတတ်လိမ္မာသောမိန်းကလေးမို့ ကြွထိုရုပ်ခန်ဆိုသလို ဘဝကံက မြင့်တက်လာမှာပါဟု လှုပ်ခတ်မှု လှိုင်းလေးအသွင် ပြောင်းလွဲစီးမျောသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"ဟော. . . မင်းသားကား ဝင်လာပါပြီဗျာ"

ဒါရိုက်တာမိုက်ခဲ ထိုင်နေရာမှထ ခုန်ဆွလိုက်ပြီး ကြိုလိုက်ရှာသည်။

ကိုသီးကလည်း အထုပ်အပိုးသေတ္တာများ အဆင်သင့်ချထားလျက်က. . .

"ဟင်း. . . မင်းသားရောက်လာမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်၊ နားပူလည်း သက်သာသွားတော့တယ်"

မင်းသား ကားပေါ်က ဆင်းပြီး ဒါရိုက်တာကြီးကို. . .

"ရဲနေလင်း ဘယ်တုန်းကများ ကတိဖျက်ကွက်ဖူးတာ





ရှိလို့လဲ ကိုမိုက်၊ ဟင်. . . သူ. . သူက မင်းသမီးအသစ်လား"

ရဲနေလင်း ပြောလက်စ စကားတို့ ရပ်တန့်သွားပြီး ဒါရိုက်တာမိုက်ခဲနောက်ပါးမှ ဘွားကနဲ ပေါ်လာသော ရွှေရုပ်လွှာရှင်ကြောင့် အိုးတိုးအမ်းတမ်း ဖြစ်သွားရသည်။

ရွှေရုပ်လွှာရှင်လား။

ဒါမှမဟုတ် သဲနုသာကို ပုံသဏ္ဌာန် ပြောင်းလွဲဖန်တီးလိုက်တာလား။ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

"အား. . . ကျုပ်အစ်မ သားအမိပါ၊ တောင်ကြီးကိုအလည်လိုက်မှာလေ"

"ဩော်"

မြင်တာများ မှားနေသလား။

ရဲနေလင်း စူးစူးစိုက်စိုက် ကြည့်နေစဉ်မှာပင် ထိုသားအမိက အနားရောက်လာပြီး ဒါရိုက်တာမိုက်ခဲအား. . .

"မောင်လေး. . . မမတို့ ဘယ်ကားတက်ရမှာလဲ၊ ဟင်. . . မင်းသား ရဲနေလင်း မှတ်လား"

ဒါရိုက်တာအစ်မ ဒေါ်မျက်ခြယ်မှာ သူ့ကို တွေ့တော့ ဝမ်းသာအားရဟန်လေးနှင့်. . .

"အပြင်မှာက ပိုတောင်ချောနေပါလား"

"ဟုတ်တယ် မမ၊ အခုရိုက်မယ့်ကားက မင်းသားက သူပဲ၊ သူခွင့်ပြုရင် သူ့ကားနဲ့ လိုက်ခဲ့ပေါ့၊ ဒါဆိုရင် မမတို့အတွက် သက်တောင့်သက်သာအရှိဆုံးပဲ"

ဒါရိုက်တာကိုမိုက်ခဲက ဝင်ပြောလိုက်သည်။ သို့သော် ရွှေရုပ်လွှာရှင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အို. . . လေးလေးကလည်း၊ မင်းသား လွတ်လွတ်လပ်လပ် သွားပါစေ၊ သိမ့်တို့နဲ့မှ မသိတာ" ဟု အလိုမကျဟန်နှင့် ဝင်ပြောလိုက်လေသည်။

ရဲနေလင်း၏အာရုံတို့က နိုးကြားမြန်လေသည်။ ရုတ်တရက် နှုတ်သွက်လျှာသွက်ဖြင့်. . .

"ဟာ. . . မဟုတ်တာ၊ သိပါတယ်ခင်ဗျ"

"ရှင်"

သိမ့်ကြည်လင် မျက်လုံးလေး ဝိုင်းသွားသည်။

ဒေါ်မျက်ခြယ်ကလည်း တအံ့တသြနှင့်. . .

"ဘာ. . . ဘယ်လို. . . ဘယ်တုန်းက သိကြတာလဲ"

"ဟိုလေ. . . ရွှေမြို့တော် ခါတ်ပုံပန်းချီပြိုင်ပွဲမှာ ပထမဆုရှင် မဟုတ်လား၊ အဲဒါကို ကြည့်ပြီး သိတယ်ပြောတာပါ"

သူ့အဖြေကြောင့် ဒေါ်မျက်ခြယ် ပြုံးရယ်ရင်း. . .

"ဖြစ်နိုင်ပါတယ်. . . ဒီဂယက်ကြောင့် တော်တော်လေး သတင်းပြန့်သွားတာ၊ ရုပ်ရှင် ဗွီဒီယိုရိုက်ဖို့တောင် ကမ်းလှမ်းခြင်း ခံရတယ်လေ၊ သူ့ဦးလေးကသာ သူ့တူမအကြောင်း သိလို့ ငြိမ်နေတာ"

ထိုအခါမှ ဒါရိုက်တာ ကိုမိုက်ခဲက. . .

"မင်းသားရေ. . . ကိုယ့်အစ်မ ဒေါ်မျက်ခြယ်တို့၊ စိန်ရွှေရတနာဆိုင် ပိုင်ရှင်ကြီးပေါ့၊ သူ့သမီးက သိမ့်ကြည်လင်တဲ့"

"သိမ့်ကြည်လင်တဲ့လား. . . နာမည်လေးလည်း လှတာပဲ"

ရဲနေလင်း နှုတ်တို့သည် ရဲတင်းသွက်လက်၍နေသည်။





စောစောက သဲနုသာကို မတွေ့ခဲ့ရသဖြင့် ညစ်နေသောစိတ်တို့သည် ယခုတော့ ကြည်လင်ပေါ့ပါးလျက်ရှိလေတော့သည်။

သိမ့်ကြည်လင်ကတော့ မင်းသား၏အကြည့်စူးစူးကြီးကြောင့် ရှက်မျက်နှာကို လွှဲဖယ်ကာ မိခင်နောက်ကျော မသိမသာ ကပ်ကာ အကာအကွယ် ယူလိုက်လေသည်။

"ကဲပါ ကိုမိုက်. . . ခေါင်းစားမနေနဲ့၊ အန်တီတို့ သားအမိကို ကျွန်တော့်အတွက် စီစဉ်ထားတဲ့ကားနဲ့သာ ခေါ်ခဲ့လိုက်ပါ"

မင်းသားအတွက် ကုမ္ပဏီက အကောင်းဆုံး ရှယ်ကားကို စီစဉ်ပေးထားသည်ကိုး။

"မိသိမ့်. . . ညည်း ဘာမှ ဂျီးများမနေနဲ့တော့၊ မင်းသားကားက လွတ်လွတ်လပ်လပ်နဲ့ ချောင်ချောင်ချိချိ အရှိဆုံးပဲ"

"သိမ့်က ဘာပြောနေလို့လဲ လေးလေးကလည်း"

သို့နှင့် တောင်ကြီးနှင့် ဒေသတစ်ဝိုက် ရိုက်ကွင်းခရီးစဉ်ကို ဒရိုင်ဘာနှင့်ကိုသီးက ရှေ့ခန်းကထိုင်၊ မင်းသားက ဒုတိယဆိုဖာတန်း၊ တတိယ ဆိုဖာတန်း၌ သိမ့်ကြည်လင်တို့သားအမိ၊ နောက်ဆုံးဆိုဖာ၌ မင်းသား၏သေတ္တာဆွဲ မောင်ချစ်ကတော့ အထုပ်အပိုးများကြား၌ နေရာယူ လိုက်ပါလျက် ခရီးစဉ်ကစခဲ့ကြလေသည်။

ရဲနေလင်း၏နှလုံးသားသည် ထူးခြားသောသံစဉ်များ ထွက်လျက်ရှိသည်။

တွေ့ချင်လွန်းလှသည့် သဲနုသာအား အချိန်လု သွားတွေ့တာတောင် မတွေ့ခဲ့ရ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့မယ့်တွေ့တော့ . . .

ဘယ်လိုမှ တွေးကြံထားသော အကြောင်းတရား မရှိသည့် သဲနုသာနှင့် ချုပ်စွပ်တူသည့် ရွှေရုပ်လှာရှင်လေးဖြစ်နေသည်။

ရုပ်ပုံမြင်ရုံနှင့် စိတ်ဝင်စားခဲ့သူနှင့်အတူ ခရီးရှည်ကြီး သွားခွင့်ကြုံသည်။

ဆန်းကြယ်လိုက်တဲ့ ကံတရားနှယ်ဟု။

ထိုစဉ် သိမ့်ကြည်လင်မှာ ကားထဲ တစောင်းထိုင်ပြီး သူ့မိခင်နှင့် စကားလုမ်းလှမ်းပြောနေသော်လည်း အကြည့်စူးစူးက သူ့အပေါ် သို့သာ စိုက်ရောက်နေသဖြင့် နေထိုင်ရခက်ကာ မျက်နှာလေးကို ဟိုလွှဲဒီလွှဲ လုပ်ရင်း စိတ်ထဲ မေတ္တာပို့နေမိသည်။

"ဟင်း . . မင်းသားကလည်း အိမ်ရှေ့ကို မရဘူး လွတ်လွတ်လပ်လပ် ခရီးသွားချင်ပါတယ်ဆိုမှ ငပွေးနဲ့မှ တိုးရတယ်လို့ ဟွန်း . . . စိတ်ပိန်လိုက်တာ" ဟု။

မင်းသားရဲနေလင်းကလည်း ညိုမြလုပ်နေသော သိမ့်ကြည်လင်ကို အစပထမတော့ မကြည်မလင် ဖြစ်သွားရသည်။

ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် . . . သူ့လို မင်းသားကိုများ ခေါက်ထားရလောက်အောင် ဒင်းက ဘာမို့လို့လဲ။ လန်းတာ လောက်ကတော့ မင်းသမီး မော်ဒယ်များနှင့် တွဲနေသော သူ့အတွက် ပျင်းတော့်ပျင်းသေးတယ်။

သို့သော် စေ့စေ့တွေးကြည့်တော့ . . .

"ငါကသာ သူ့ပုံကို ဂျာနယ်တွေထဲ မြင်ပြီး သိနေစွဲလမ်းနေတာကိုး၊ နောက်ပြီး သူနဲ့ ချုပ်စွပ်တူတဲ့ သဲနုသာကို





ရန်ကုန်ခေါ်လာတဲ့အထိ ငါ့စိတ်က ရင်းနှီးနေတာကိုး၊ ဒါကို သူက ဘယ်သိရှာမှာလဲလေ"

ဟု ဖြေသိမ့်တွေး တွေးပြီး . . .

ကားစီးရင်း အိပ်မောကျသွားသော ဒေါ်မျက်ခြယ်ကြောင့် သူ အခွင့်သာသွားပြီး . . .

"မသိမ့်ကြည်လင်က ကျွန်တော့်ကို မသိပေမယ့် ကျွန်တော်ကတော့ လွန်းကြင်ရဲ့ပန်းချီ"

"ရှူး . . . တိုးတိုး"

ညိုမြမင်းသမီးလေး သက်ဝင်လှုပ်ရှားလာသည်။ နှင်းဆီငုံလှာ နှုတ်ခမ်းဖူးဖူးလေးကို လက်ညှိုးနှင့် အသာကန့်လန့်ဖြတ်ရင်း ဟန့်တားသံ ပြုလိုက်သည်။

"ဘာ . . ဘာဖြစ်လို့လဲ"

"အဲဒီကိုလွန်းကြင်ရဲ့နာမည်ကို မာမီ့ရှေ့ လုံးဝမပြောမိပါစေနဲ့ရှင်"

"ဒါ . . ဒါဆို . . . မသိမ့်နဲ့လွန်းက"

ရဲနေလင်း အံ့အားသင့်သွားရပြန်သည်။

သိမ့်ကြည်လင်က ခပ်တိုးတိုးပင် . . .

"အနုပညာမောင်နှမ ပန်းချီမိတ်ဆွေသူငယ်ချင်းတွေပါ၊ ကြာကြာတောင် သူငယ်ချင်းဖြစ်ခွင့် မရှိလိုက်ရပါဘူး"

ရဲနေလင်း နားမရှင်းသေး။

"ဘာဖြစ်လို့လဲဗျာ"

"ထီးထမ်း၊ လမ်းလျှောက်၊ လိုင်းကားတွယ်စီးတဲ့ လမ်းပေါ်က လူတန်းစားမျိုးနဲ့ အဆက်အဆံ မလုပ်ရဘူးဆိုပြီး ဘား



www.burmeseclassic.com

www.burmeseclassic.com



မြစ်ထားလို့ပါရှင်"

သိမ့်ကြည်လင် လေသံလေးမှာ စိတ်မကောင်းသံလေး စွက်ဖက်လျက်ရှိသည်မို့ အဖျားခတ် တုန်ယင်သွားရှာလေသည်။

"ဖြစ်ရလေဗျာ. . . ကျွန်တော့်သူငယ်ချင်းက လူရိုး လူကောင်းလူတော်တစ်ဦးပါ၊ အနာဂတ်မှာ လင်းလက်လာမယ့် ငွေကြယ်တစ်ပွင့်ပါဗျာ "

"ကျွန်မလည်း ရိပ်စားမိပါတယ်၊ သူ့ပညာကို လေးစားပြီး ရိုးရိုးခင်မင်မိကြတာပါ၊ ဒါကို မေမေက. . ."

ထိုအချိန်တွင် ဒေါ်မျက်ခြယ်က နိုးလာသဖြင့် စကားစ ပြတ်သွားလေတော့သည်။ သို့သော် ဒေါ်မျက်ခြယ်က. . .

"သမီးတို့က စကားလက်ဆုံ ကျနေကြတာလား"

"ဟုတ်ကဲ့ အန်တီ"

"ဟုတ်ကဲ့ မာမီ၊ တောင်ကြီးကို ဘာကိစ္စနဲ့ သွားတာလဲ မေးလို့ပါ"

"အေးကွယ်. . . မရောက်တာလည်း ကြာပေါ့၊ အင်း လေးတို့၊ ပင်းတယတို့၊ မြင်းမထိဂူ၊ အခုနောက်ပိုင်း ခေတ်စား လာတဲ့ ထန်းစန်ဂူတို့ဘာတို့ပါ ရောက်မယ်ဆိုလို့ မောင်လေး အားကိုးနဲ့ လိုက်လာတာပါကွယ်. . ဟင်းဟင်း၊ ခုတော့ မင်းသား ကိုပဲ ပိုအားကိုးရမလို ဖြစ်နေတယ်"

"ဒါဆို ပျော်စရာကြီးပေါ့ အန်တီ၊ ကားထဲမှာ ရေခဲဗူး ရေနွေးဗူး အားလုံးပါပါတယ်၊ လိုအပ်တာ သုံးဆောင်ပါ၊ မောင် ချစ်ကိုသာ နှိုးပြီးခိုင်းပါ အန်တီ"

"အဟင်းဟင်း. . . ကျေးဇူးတင်ပါတယ်ကွယ်၊ အန်တီ





တို့က ခုလို နာမည်ကြီးမင်းသားနဲ့ အတူခရီးသွားရလိမ့်မယ်လို့ ထင်မထားခဲ့ဘူး၊ အခုတော့ မင်းသားက အတော်သဘော ကောင်းတာပဲကိုး၊ အကယ်ဒမီဆုတွေ အများကြီး ရပါစေတော်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ် အန်တီ"

သိမ့်ကြည်လင်မှာ မိခင်အား ငေးကြည့်မိလျက်သား ဖြစ်သွားသည်။

ဂုဏ်ပကာသန မက်မောစွာဖြင့် ရွေးချယ်ထားသော အမေရိက,က သားမက်လောင်း ထင်ရာစိုင်းသွားပုံကို နာကျင်ရ ကောင်းမှန်းမသိ၊ ခုထက်ထိ ဂုဏ်ပကာသနကို မက်မောဆဲဖြစ် သော မိခင်ကို စိတ်မကောင်းစွာဖြင့် ငေးကြည့်နေမိခြင်းဖြစ် သည်။

ခုလည်း နာမည်ကြီးစူပါမင်းသားကို အထင်ကြီးနေပြန် သည်။

မိခင်အထင်ကြီးတာကိုတော့ သူကြောက်ပါသည်။

ထို့ကြောင့် သိမ့်ကြည်လင် ရေဘင်နေကာမျက်မှန်လေး ကို တပ်ကာ ပြင်ပရှုခင်းကို ငေးရင်း အာရုံတွေကို လွှဲပြောင်းရင်း လိုက်ပါခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

စောကျော်စိုးက ဘယ်အချိန်ကတည်းက စောင့်စားနေ
သည်မသိ။

အိမ်သို့ သဲနုသာ ရောက်လာပြီး နောက်နေ့မှာပင်
တောင်ပေါ်က မိဘဘိုးဘွားများဆီ သွားမကန်တော့ရတာ ကြာ
ပြီဖြစ်သဖြင့် တစ်ပတ်ဆယ်ရက် ခွင့်တောင်းလာတော့ လွန်းကြင်
မှာ မငြင်းသာဘဲ ခွင့်ပြုလိုက်ရလေသည်မို့ အိမ်သို့ ဝင်သော
သော့ခလောက်က ဆီးကြိုနေသည်။

ဒီတွင် သူတို့ကားသံ ကြား၍ထင်သည်။ အိမ်နောက်





က် သီဟိုဠ်ခြံမှ အလုပ်သမားတစ်ဦး ထွက်လာပြီး. . .

"ဆရာ. . . မင်းသားလာသွားတယ်"

"ဟင်. . . ဟုတ်လား"

"ဟိုက်. . . ဆွေးပြီ"

လွန်းကြင်နှင့်သဲနုသာ အာမေဋိတ် အပြိုင်ထွက်သွား
သည်။ သို့သော်. . .

လွန်းကြင်ထံမှ "ဟိုက်. . . ဆွေးပြီ" ဆိုသော အာမေ
ဋ်၏အဓိပ္ပါယ်ကို သဲနုသာ နားမလည်သဖြင့် လွန်းကြင်ကို
က်လုံးတောက်ကြီးနှင့် ကြည့်ကာ. . .

"ဘာဆွေးရတာလဲ အစ်ကိုရဲ့"

ဟု စိတ်ထဲ မျိုသိပ်မထားတတ်သည့်အလား မေးလိုက်
သည်။

"ညည်းအတွက် ပြောတာ၊ လွဲမှ လွဲတတ်ပလေတယ်၊
ဘာမယ်မှန်းသိရင် ငါတို့ အပြင်မသွားပါဘူး၊ ဝမ်းမနည်းပါနဲ့
သူက ညည်းကို ဂရုစိုက်ရှာပါတယ်"

"ဟွန့်. . . သဲနုပုံက ဝမ်းနည်းပုံ ပေါက်နေလို့လား
စ်ကို"

သဲနုသာ မျက်စောင်းဝင့်ကာ မကျေမနပ် ခွန်းတုန့်ပြန်
က်သည်။ တကယ်လည်း သဲနုသာရင်ထဲ၌ အစ်ကိုမင်းသားနှင့်
တွေ့လိုက်ရခြင်းအတွက် ထိရှမှု မရှိပါချေ။

"ဆရာ့ကို သူ တောင်ကြီးတက်မှာမို့ ညဘက် ဖုန်းဆက်ဖို့
သားက မှာသွားပါတယ်"

"ကောင်းပြီ. . . ကဲ. . သွား. . သွား. . ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းကြွင်ရင်ထဲ ကသိကအောက်ကြီးဖြစ်လျက် က
ရစ်ခဲ့လေသည်။ သူငယ်ချင်းဇနီးလောင်း ချောချောဖူးဖူး မွ
မွတ်စင်စင်လေးနှင့် ဘယ်အတိုင်းအတာအထိများ ဆက်လ
နေရဦးမည်မသိ။

အလားတူပင် သဲနုသာ တွေးလိုက်မိသည်။

"ညီမကို တာဝန်ယူ စောင့်ရှောက်ပေးမယ်" ဟူသေ
အစ်ကိုမင်းသား၏စကားအတိုင်းအတာက ဘယ်လိုအဓိပ္ပါယ်
ဆိုတာ မသိသလို. . .

အစ်ကိုပန်းချီဆရာက သူ့အား "မင်းသားရဲ့မဟေ
လောင်း" ဟု သတ်မှတ်ထားလေတော့ သူ့ဘဝက ဘာကြီးဖြ
နေသလဲ။

"ဟင့်. . . ဟီး. . . ဟီး"

စိတ်ရှုပေါက်လာပြီး ဟီးကနဲနေအောင် လှေကားထ
မှာ ထိုင်၍ငိုချလိုက်သည်။

အစ်ကိုမင်းသားကို အားကိုးတကြီးနှင့် ရန်ကုန်သို့ လ
ပါသည်။ အစ်ကိုမင်းသားနှင့် စကားပြောခွင့်လေးပင် မကြုံ

အစ်ကိုပန်းချီဆရာ၏စောင့်ရှောက်မှုသာ ခံနေရသည်

သူ့ဘဝ ရေမျောကမ်းတင်ဖြစ်နေပြီလား။

"ဟီး. . . ဟင့်. . . ဟင့်"

သော့ဖွင့်နေရာမှ နောက်ပါးဆီမှ ငိုသံကြောင့် လွှ
ကြွင် လှည့်ကြည့်လိုက်တော့. . .

လား. . . လား. . . မချောလေးက လှေကားထစ်
အားပါးတရ ထိုင်ကာ ဝမ်းနည်းတကြီး ရှိုက်ငိုနေရှာသည်





"ဟဲ့. . . သဲနု ဘာဖြစ်လို့ ငိုတာလဲ၊ နင့်အစ်ကိုမင်းသား
ကားရိုက် သွားတာပဲ၊ ပြီးရင် ပြန်လာမှာပေါ့"

"ဟီး. . . ဟီး. . . ခက်တာပဲနော်၊ သဲနုတော့ ကံတရား
ကြောက်တောင် ကြောက်လာပြီ၊ ပါပါတုန်းကလည်း စေ့စပ်
ခရီးထွက်လိုက်တာ သံတွဲသူအမေနဲ့ ညားပြီး စစ်တွေကို
မရောက်တော့ဘဲ ပေလီမှာ ဆင်းရဲနုံချာစွာနဲ့ ခေါင်းချသွားရ
တယ်၊ အခု သဲနုကိုလည်း အစ်ကိုမင်းသားက တစ်သက်လုံး
တင့်ရှောက်မယ်ဆိုပြီး. . . ဟီး. . . ဟီး. . . ပါပါလိုတော့
ဖြစ်နိုင်ပါဘူးနော်"

"ဟာ. . . သဲနုရယ် မငိုပါနဲ့၊ မင်းပါပါရဲ့ကံနဲ့ မင်းကံက
တူနိုင်ပါဘူးကွာ"

တကယ်တော့ ချစ်သူရည်းစား မဖြစ်ရသေးပါဘဲ
းသားရဲ့နေလင်းအပေါ် တရင်းတနှီး ယုံကြည်ကိုးစား၍နေ
သည်။ ပုံ၍သာ အားကိုးနေခြင်း ဖြစ်ရှာမည်။ ရေနစ်သူ
ွက် ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးရာပင် မဟုတ်
လား။

လွှမ်းကြွင် စိတ်မကောင်းစွာဖြင့် သဲနုသာ အငိုတိတ်ရေး
ားပေးရရှာသည်။

"သဲနုရာ. . . ငါလည်း ရှိပါသေးတယ်၊ မင်းသားရဲ့ ညီ
စ်ကိုအရင်းလို သဘောထားပြီး အားကိုးစမ်းပါ၊ မင်းသားနဲ့
တွေ့ရတာကိုပဲ ဒီလောက်တောင် ငိုစရာလားဟင်"

လွှမ်းကြွင်စကားကြောင့် သဲနုသာ ရှက်ကိုးရှက်ကန်း
သွားသည်။ ဟုတ်သားပဲ. . . သူ ဘာကြောင့် ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ သဲသဲမဲမဲ ငိုနေရတာလဲ။ ရည်းစားလည်းမဟုတ်၊ ဘာ
လည်းမဟုတ်။ ထို့ကြောင့် ချစ်စနိုးလေးနှင့်. . .

"ဟို. . . ဟို . . . အစ်ကို့ကိုလည်း ဒုက္ခပေးနေသလို
အားနာတာလည်း ပါပါတယ်"

"သူနဲ့ညည်း တွေ့ရလည်း ငါ့ဆီမှာပဲ ညည်းကို ဆက်
အပ်ထားခဲ့ဦးမှာပဲ"

"ဟင်. . . အစ်ကိုမင်းသား နေတဲ့အိမ်ကို မခေါ် ဘူးတဲ့
လား"

လွန်းကြွင် စကားကို ထိန်းပြီးပြောလိုက်ရသည်။ မိဘ
မျိုးရိုးဂုဏ်ရှိန် မြင့်မားသော မင်းသားတို့အသိုင်းအဝိုင်းထဲသို့
သဲနုလို ရေမျောကမ်းတင်မလေးကို ချက်ချင်းကြီး ဘယ်ဆွဲတင်
ပါ့မလဲဆိုတာ မပြောရက်ဘဲ. . .

"ချက်ချင်းကြီး ဘယ်ခေါ် နိုင်မှာလဲ၊ ရုပ်ရှင်လောကသား
တွေ ဝင်ထွက်နေကြတာ၊ ညည်းကို မြင်လို့ မေးရင် သူဘယ်လို
ဖြေမလဲ"

"ဒါများ. . . အစ်ကို့ဆီမှာ ပြောသလို တောက တက်
လာတဲ့နှမလေးလို့ ပြောလိုက်ရင် ပြီးတာပဲ"

"ပြောတော့ လွယ်တယ်၊ ငပလီကနေ ပါလာတာကို
ကိုဂျိုးဇက်တို့ရုပ်ရှင်အဖွဲ့သားတွေကနေ သတင်းပေါက်ကြား
သွားရင် မင်းသား အချောင်နာမည်ပျက်ပါဦးမယ်"

"ဘယ်လို. . . အချောင်နာမည်ပျက်မယ်ဟုတ်လား
ဟုတ်မှာပါလေ. . . ငပလီကမ်းခြေသူ ခရုပုတီးသည်လေး
ကြောင့် မင်းသား နာမည်ပျက် ဂုဏ်ပျက်သွားနိုင်တာပေါ့. . .





ဟီး. . . ဟီး"

သဲနုသာ ဆက်၍ဆက်၍ ငိုချပြန်ရာ စကားကို ထိန်း
ပြောနေကာမှ မှားသွားမှန်း သိ၍ လွန်းကြွင် ခေါင်းစားသွားပြီး
သမ်းကြောင်းလွှဲလိုက်ရသည်။

"ကိုင်း. . . ကိုင်း. . . ငိုတာလည်းငို မချောရေ၊ စား
သောက်ဆိုင်တွေမှာ ထမင်းစားတော့ အပိုကုန်တယ်လေး ဘာ
လေးနဲ့ ငါ့ကို ဗိုက်ဟောင်းလောင်း ထားပြီး ညည်းက ငိုနေတော့
ချုပ်က ညည်းမျက်ရည်ပဲ ထိုင်သောက်ရမှာလားပြော"

ထိုအခါမှ မျက်ရည်ကြားကနေ ခိုးခိုးခစ်ခစ် ရယ်လိုက်
ပြီး. . .

"ခစ်. . . ခစ်. . . ခစ်. . . အစ်ကိုပန်းချီဆရာက
လည်း၊ မဟုတ်ကဟုတ်ကတွေ လျှောက်ပြောတယ်၊ ခစ်. . . ခစ်၊
သုံးမိနစ်ပဲစောင့်"

ဟု လက်(၃)ချောင်း ထောင်ပြပြီး လှေကားထစ်မှ ဖုတ်
ဖက်ခါ ထပြီး အိမ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

ထိုအခါမှ လွန်းကြွင်ခမျာ သက်ပြင်းမောတစ်ချက်
ချလိုက်နိုင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

လွန်းကြင် ပန်းချီဆွဲလျှင် နောက်မှနေ ခိုးကြည့်ပြီး စာရွက်လွတ်တစ်ရွက်၌ ခဲတံတစ်ချောင်းနှင့် လိုက်လံခြစ်ကာ ရေးဆွဲတတ်သော သဲနုသာကြောင့် လွန်းကြင် အံ့သြရသည်။

"ဟင်. . . ညည်းလည်း ပန်းချီဝါသနာပါသလား"

သိမ့်ကြည်လင်ကဲ့သို့ပင် ပန်းချီဝါသနာရှင်ပါပဲလား။ ရုပ်တူရုံမက ဝါသနာပါ တူနေပါလား။

"ပါတာပေါ့ အစ်ကိုရဲ့၊ သဲနုက အစ်ကိုတို့လို ရေဆေး ဆီဆေးမဝယ်နိုင်လို့ မစပ်တတ်ပေမယ့် ခဲပန်းချီတော့ ဇာတိ





နန်းထိုးအတွက် ပိတ်မှာ ဆွဲတတ်ပြီးသားပဲ"

"ဩော်"

အနေစုတ်ပေမယ့် ရွှေထုပ်တဲ့ မြပုဝါလေးပါတကား။

အင်းလေ. . . လူမှာအမျိုး ကြက်မှာအရိုးဆိုသလို မျိုးရိုးကလည်း ခေမှမခေတာ၊ ရခိုင်ကြီး ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသူပီပီ ဘုရားတရား ကိုင်းရှိုင်းတတ်ပုံ၊ လမ်းလျှောက်ပုံ၊ ပိနပ်ချွတ်မှုအဆုံး အဆင့်အတန်းရှိသော မိန်းကလေးပါတကား။

ဒါတင်မက ဟင်းချက်ကောင်းသလို မီးဖိုချောင်ကို နိုင်နင်းရုံမက ယောကျ်ားသားချည်းသာ နေသောကြောင့် ဖွစ်ဖျက်နေသော အိမ်ဖရိုဖရဲ၊ အဝတ်အစား ဖရိုဖရဲ၊ ဖုန်အလိမ်းလိမ်း၊ အမှိုက်ရှုပ်ရှုပ်ပွပွတို့သည်လည်း လုံးဝကင်းစင်သွားပြီး တကယ့်ကိုပင် အိမ်ရှင်မကောင်း မိန်းမကောင်း၏လက်၌ ပြားပြားဝပ်သွားရလေသည်။

နေချင့်စဖွယ် တကယ့်အိပ်မက်အိမ်ကလေး ဖြစ်သွားရသည်။

လွန်းကြင်ရင်ထဲ သဲနုသာကို အမှတ်အပြည့်ပေးနေမိသည်။

ဘဝပေးအခြေအနေအရ အတန်းပညာ ကိုးတန်းအထိသာ ရောက်ရှာပေမယ့် တကယ့်ကို စည်းကမ်းရှိသောမျိုးရိုးမှ ပေါက်ဖွားလာသောမိန်းကလေး ပီသပေစွတကား။

"အစ်ကို. . . သဲနုကို ဘာဖြစ်လို့ ကြည့်နေရတာလဲလို့၊ သဲနုမျက်နှာ မီးခိုးပေရအောင်ကလည်း သဲနုက ဟော့ပလိပ်နဲ့ ချက်တာကို"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကိုးရှက်ကန်းဟန်လေးနဲ့ သွယ်လျပျော့ပြောင်းသော ဖော့ဖယောင်းသဏ္ဌာန် လက်ချောင်းကလေးဖြင့် ပါးကို ပွတ်လိုက်၊ မေးကို ပွတ်လိုက် လုပ်နေရှာသည်။

တကယ့်ကို နန်းဆန်ဆန်နှင့် သွယ်လျသော လက်ချောင်းများပါတကား။ ဒီလက်ချောင်းလေးများက. . .

"ညည်း တကယ်ပန်းချီဝါသနာပါသလား"

"ပါတာပေါ့ အစ်ကို"

"တကယ်ဝါသနာပါရင် ငါ ညည်းကို ပန်းချီပညာ သင်ပေးမယ်၊ ငါတတ်သလောက် ဆရာစား မချန်ဘဲကို သင်ပေးမယ်"

လွန်းကြင်ရင်ထဲ သိမ့်ကြည်လင်နှင့် မိခင်ဒေါ်မျက်ခြယ်အပေါ် နာကျည်းချက် အရင်းခံကလည်း ရှိနေသည်မို့ သိမ့်ကြည်လင်နှင့် ရုပ်ချင်း ချွတ်စွတ်တူသော မိန်းကလေးကို တစ်နေ့ "ဆရာမ" ဟု အခေါ်ခံ နိုင်ငံကျော် ပန်းချီဆရာမကြီးတစ်ဦးအဖြစ် ဂုဏ်တင့်စေရမည်။ ပွဲလယ်တင့်စေရမည်။

ပန်းချီဆရာတို့သည် နိုင်ငံတင်သာမက ကမ္ဘာပါ ကျော်စေသည်ကို ရွှေစည်းစိမ်ဥစ္စာကိုမှ ဂုဏ်ထင်သော ဒေါ်မျက်ခြယ်တို့သားအမိ "ဂုဏ်" ဆိုတာ ဘာလဲဆိုတာ သိစေရမည်ဟု စိတ်ထဲ ကြုံးဝါးရင်း ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

ဒါကို သဲနုသာက ဘာမှမသိ၊ အရိုးခံသက်သက်လေးဖြင့် ဝမ်းသာအားရဖြစ်ကာ. . .

"ဟာ. . . တကယ်. . တကယ်နော် အစ်ကို၊ ဟင့်အင်း အစ်ကိုဆရာ၊ သဲနု ကြိုးကြိုးစားစားကို သင်ယူပါ့မယ်"





လိုချင်စိတ် ရှိသောကြောင့် ရွှန်းရွှန်းစိုသော မျက်ဝန်းပြာလေးမှာ တောက်ပလျက်ရှိလေတော့သည်။

"ကောင်းပြီ. . . ဒီနေ့ကစပြီး သင်ပေးတော့မယ်၊ ညည်းမင်းသားပုံတူကို တစ်ပတ်အတွင်း ဆွဲနိုင်သွားစေရမယ်၊ မင်းသားကို သူ့ပုံတူပန်းချီကားနဲ့ ညည်းကြိုဆိုနိုင်စေရမယ်"

"ဆရာက ဒီလောက်တောင် မြှောက်နေမှတော့ တပည့်ကလည်း မမောတမ်း မနားတမ်းကို ကြိုးစားပါ့မယ် အစ်ကို ဆရာ"

လွန်းကြင်ရင်ထဲ ပီတိလွှမ်းသွားသည်။

တကယ်လိုချင်သူကို ပေးဝေရမည့်အတွက် သူ့ရင်မှာ ကြည်နူးမှုအပြည့်ဖြစ်နေလေတော့သည်။

ဘယ်ဘဝက ရေစက်ကြောင့်များ မသက်ဆိုင်သူ သူတို့နှစ်ဦး နီးနီးကပ်ကပ် နေထိုင်ဖို့ အကြောင်းကံ ဖန်လာသည်မသိ။

လွန်းကြင် စိတ်ပါလက်ပါနှင့် သဲနုသာကို ခဲကောက်ကြောင်းပန်းချီ အခြေခံကစ၍ သင်ပေးနေလေတော့သည်။ နောက် အလင်းအမှောင်၊ အနီးနှင့်အဝေး စသည်ဖြင့်. . .

သဲနုသာကလည်း ပေးသလောက်ကို ခံယူနိုင်စွမ်း ရှိသော တကယ့်ပန်းချီအနုပညာ ပါရမီရှင်လေးပါတကား။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

ရဲနေလင်းနှင့်သိမ့်ကြည်လင်တို့သည် တောင်ကြီးဒေသတဝိုက် ခရီးစဉ်ကို အတူသွားလာရင်း ခင်မင်ရင်းနှီးလာကြသည်။

ထို့အတူပင် ရဲနေလင်းမန်နေဂျာ ကိုသီးနှင့် သေတ္တာဆွဲမောင်ချစ်တို့နှင့်လည်း သိမ့်ကြည်လင်တို့သားအမိ ရင်းနှီးလာကြသည်။

မရင်းနှီး၍လည်း မရ၊ ဒေါ်မျက်ခြယ်တို့ သားအမိအတွက် မောင်ချစ်ကံပင် ရေပူရေချမ်း ကမ်းလှမ်းခဲ့ရသည်





မဟုတ်ပါလား။

သို့နှင့် ကိုသီးနှင့်မောင်ချစ်ကြောင့် မင်းသားရဲနေလင်းမှာ သဲနုသာဆိုသော ပေလီသူလေးကို မင်းသား၏အပန်းဖြေအိမ်၌ စောင့်ရှောက်ထားရကြောင်း သိလိုက်ရတော့. . .

"ကျွန်မနဲ့ သိပ်တူတယ်ဆိုတော့ အရမ်းမြင်ဖူးချင်တာပဲကိုသီးရယ်၊ ကိုရဲ ကျွန်မကို သဲနုသာနဲ့ ပေးတွေ့မှာလားဟင်"

"အင်း. . . ရန်ကုန်ပြန်ရောက်ရောက်ချင်းကို သဲနုကို မသိမ့်ဆီ ခေါ်လာခဲ့ပါမယ်"

ရဲနေလင်း သိမ့်ကြည်လင် အလိုကျ စကားကို အလိုက်အထိုက် ပြောနေရသည်။ စိတ်ထဲမှာတော့ မတင်မကျကြီး ဖြစ်နေလေသည်။

သူ့မှာ ကြိုးစားပမ်းစားနှင့် မှော်ဘီသို့ သွားခဲ့ပြီးမှ သဲနုသာကို မတွေ့ခဲ့ရသဖြင့် မကျေမနပ်ကြီး ဖြစ်ခဲ့ရသည်။

လွန်းကို ဖုန်းဆက်ပါလို့ မှာထားခဲ့သော်လည်း လွန်းဆီက ဖုန်းမလာပါချေ။

သူဖုန်းခေါ်တော့လည်း လိုင်းမအားနေသည့်အသံမျိုးသာ ကြားနေရသည်။ ဖုန်းပျက်နေတာ မပြင်ဘူးထင်ပါရဲ့။

သိမ့်ကြည်လင်က ငေးငိုင်သွားသော မင်းသားရဲနေလင်းကို ကြည့်လိုက်သည်။

မင်းသားနှင့် ရခိုင်ပျိုဖြူ ပေလီရွာသူလေးတို့၏ပတ်သက်မှုမှာ နက်နက်ရှိုင်းရှိုင်း ရှိလေသည်ထင်ပါသည်။ မေးချင်သော်လည်း မမေးရဲ။ မြင်းကမလှုပ်၊ ခုံကလှုပ်သည်ဟု ထင်သွားမှာစိုး၍ဖြစ်သည်။ ဒီကြားထဲ သူတို့အပေါ် လိုလေသေးမရှိ ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



သော မင်းသားရဲနေလင်းကြောင့် ဒေါ်မျက်ခြယ်မှာ သဘော အကျကြီးကျလျက်ရှိသည်။

နာမည်ကြီးစူပါမင်းသားဖြစ်သော်လည်း ဟိတ်ကြီးဟန်ကြီး မရှိ။ ကလက်တက်တက် ညုတုတု မရှိ။ ဣန္ဒြေရရနှင့် ယဉ်ကျေးလိမ္မာပုံရသဖြင့် အထင်ကြီးကာ သမီးရှင်ပီပီ သားမက်ရွေးရန် စိတ်ထဲ ကြိတ်၍သဘောကျနေသည်။

မင်းသား မျက်နှာများမများ၊ ခြေရှုပ်မရှုပ်ကိုလည်း ရှုပ်ရှင်အဖွဲ့သားများကြား စုံစမ်းရတာ အမောပင်။

ကြားရသည့်သတင်းက တစ်လေသံထဲ။

"မင်းသားက မာနကြီးတယ်၊ မိန်းမကိစ္စနဲ့ ပတ်သက်လာရင် ယင်မတောင် အသန်းမခံဘူး" ဟူ၍။

"ဒါဆို ယင်ဖိုတော့ အသန်းခံတဲ့အခြောက်ကြီးများလား" ဟု စိုးထိတ်မှုကို နောက်သလိုပြောင်သလို မေးတော့လည်း

"မဟုတ်ပါဘူး . . ယောကျ်ားစစ်စစ်မှ စစ်စစ်လို့တောင်မြည်နေသေး၊ ဟွန်း . . အသည်းနှလုံးမရှိတဲ့လူကြီး" ဟု မိတ်ကပ်နန်းနန်းက မဲ့ကာရွဲ့ကာ ဖြေတော့မှ တော်ပါသေးရဲ့ဟု ဒေါ်မျက်ခြယ် ဟင်းချနိုင်လေသည်။

မင်းသားရဲနေလင်းသည် သိမ့်ကြည်လင်ကို ဣန္ဒြေရရပင် ပြောဆိုဆက်ဆံသည်။

သူ့မှာ စကားကျွံပြီးသား ရှိလေသည်။

ကြမ်းကျွံတာက နုတ်၍ရသေးသည်။ စကားကျွံတာက နုတ်၍မရ။

ဒုက္ခအိုးလေး သဲနုသာကို တစ်သက်လုံး စောင့်ရှောက်





ရန် ရည်ရွယ်ပြီး ကယ်တင်ထားပြီးခါမှ သူ၏ရွှေရုပ်လွှာရှင်က ဘွားကနဲ ပေါ်လာသည်။

ရွှေရုပ်လွှာပုံကို တွေ့ကာ စွဲလမ်းမိသော်လည်း ရွှေရုပ်လွှာရှင် အရှင်လတ်လတ်ကို နောက်ကျမှ တွေ့ဆုံခွင့်ရသည်ဆိုတော့ . . .

ယောကျ်ားတစ်ယောက်ရဲ့ကတိစကားက လွယ်လွယ်ကူကူနှင့် ပယ်ဖျက်လိုက်လျှင် ယောကျ်ားမပီသရာကျပေမည်။

"ဟင်း"

ဟင်းကနဲနေအောင် ရဲနေလင်း သက်ပြင်းရှည်ကြီးချလိုက်လေသည်။

"မသိမ့်ရယ် . . . ခင်ဗျားလိုမျိုး ဘွဲ့ရပညာတတ် သူဌေးသမီးမျိုးနဲ့ ကျွန်တော့်ကို ကံတရားက လွဲဖယ်လိုက်တယ် ထင်ပါရဲ့ဗျာ"

မိဘတွေ လွယ်လင့်တကူ သဘောတူနိုင်သူမျိုးကို ကံကြမ္မာက ဖယ်ချပစ်လိုက်သည်ဟု တွေးတောရင်း သဲနုသာကို သတိရလိုက်မိလေသည်။

ဘာအပြစ်မှမရှိ၊ အရိုးခံသက်သက် ခရုပုတီးသည်လေးပါ။ သနားစရာလေးမို့ သူ ဘယ်လိုနည်းနဲ့မှ ဥပေက္ခာမပြုနိုင်ပါ။

သိမ့်ကြည်လင်နှင့် သူ့ကိုတော့ ကံကြမ္မာက အရွဲ့တိုက်၍ နေရာချထားပေးလေသည်။

တောင်ကြီးဟိုတယ်မှာ တည်းခိုတော့လည်း ဟိုဘက်ခန်း ဒီဘက်ခန်းမို့ စားအတူ၊ သွားအတူ၊ လာအတူ။

ထို့အတူ အင်းလေး၊ ပင်းတယ၊ ကလောဟိုတယ်များ၌



www.burmeseclassic.com

www.burmeseclassic.com



လည်း အလားတူပင်မို့. . .

ရဲနေလင်းနှင့် သိမ့်ကြည်လင်တို့၏ရင်းနှီးသွားမှုက. . .

"ကိုရဲ"

မသိမ့်နှင့် ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင် တပူးတွဲတွဲမို့ မင်းသားရဲနေလင်းနှင့် တွဲရိုက်ရပြန်သည့် နာမည်ကြီးစူပါ မင်းသမီး ပန်းအိန္ဒြေကပင်. . .

"မင်းသားတို့ ဒီနှစ် စန်းထပုံရတယ်၊ ပေလီတုန်းက တစ်ယောက်၊ ခု တောင်ကြီးခရီးစဉ်မှာလည်း တစ်ယောက်နဲ့၊ တို့မင်းသား ဘာသားနဲ့ ထုထားလို့လဲ၊ ခုတော့ ယိုင်နဲ့လာပြီ" ဟု မကြားတကြား အငေါ်တူးလျက်ရှိချေပြီ။







# အခန်း(၂၉)

လွန်းကြင် ပန်းချီကိုစွအတွက် အပြင်သွားလျှင် သဲနုသာ တစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။

သဲနုသာ မပါဘဲ အပြင်သို့ သွားလျှင် လိုင်းကားနှင့် ပြေးတက်၊ တိုးဝှေ့စီးပြီး သွားတတ်သည်။

ဒါတွေဟာ သိမ့်ကြည်လင်တို့လိုသားအမိအတွက်တော့ ဘမ်းပေါ်က လူအဖြစ် အထင်သေးစရာပေါ့။

သဲနုသာအတွက်ဟု မန်နေဂျာကိုသီး ထုတ်ဖော်ပြောဘာ ပေးထားသောကားကို သဲနုသာ မပါဘဲ သူ လုံးဝထုတ်မစီး



www.burmeseclassic.com

www.burmeseclassic.com



ချေ။

သူ့၌ ရှိးသားသောမာနနှင့် ဖြောင့်မတ်တည်ကြည်သောစိတ်ဓါတ်ကတော့ ချမ်းသာသည်။

ရဲ၏ကျေးဇူးတရားကို ထောက်ထားပြီး ရဲ၏မဟောသီလောင်းကို သူ ဖြူစင်စွာဖြင့် စောင့်ရှောက်ထားပါသည်။

အခွင့်အရေး လုံးဝမယူ။ အိုးချင်းထား အိုးချင်းထိ ဆိုသောစကားဟာ သူတို့အတွက် မဖြစ်စေရဟု ပိုင်းဖြတ်ထားသည်။

မိန်းမချောလေး၊ စကားကလည်း ကြွယ်သော မိန်းကလေး၊ သိတတ်လိမ္မာ သွက်လက်ချက်ချာသော မိန်းကလေးမို့ သူ့နှလုံးသားလည်း ဘာသားနဲ့ ထုထားတဲ့နှလုံးသားပေလဲ။

သံမဏိနှလုံးသား မဟုတ်။

နှလုံးသားမှာ လှုပ်ခတ်လျက် ချစ်ခြင်းမြစ်က စီးဆင်းချင်သည်။

သို့သော် ထိုနှလုံးသားကို စောင့်စည်းမှု စည်းကမ်းကြီးနှင့် တုပ်နှောင်ထားလိုက်သည်။

မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ တပြုံးပြုံးနှင့် အလွယ်တကူ သုံးလို့မဖြစ်ကြောင်း လွန်းကြင် နားလည်သည်ပေ့ါ။

ထို့ကြောင့် ပန်းချီကလည်း သင်ပေးနေသဖြင့် နှစ်ယောက်တည်း နီးနီးကပ်ကပ် နေရသောအနေအထားက စိတ်ကျဉ်းကျပ်လာသဖြင့် ရခိုင်မင်းသမီးချောလေးနှင့် ဝေးရာသို့ တမင် တစ်ယောက်တည်း ထွက်ခဲ့ပြီး အချိန်ဖြုန်းပစ်သည်။ ပန်းချီအရောင်းပြခန်းများ၌ တင်ထားသော သိန်းချီနေသောပန်းချီကားတန်ဖိုးငွေများကို စုဆောင်းပြီး ဘဏ်ထဲထည့်၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်ဈေးတန်းသို့ ထီးထည်း လမ်းလျှောက်ရင်း သဲနုသာအတွက် ချည်ချောထည်လေး(၃)စုံမျှ ထပ်ဝယ်ပြီး ညနေစောင်း ဈေးသိမ်းခါနီးမှ ဆူးလေ-မှော်ဘီ-တိုက်ကြီး လိုင်းကားစီးကာ ပြန်ခဲ့လေသည်။





ဒါတောင် မချောလေးက ဆီးကြိုမနေ။

သူ့အား မခေါ်သွားသဖြင့် စိတ်ကောက်နေတာများလား။

"သဲနုရေ. . . ညီမ"

". . . . . . ."

"သဲနု"

"ရှင်"

အိပ်ခန်းထဲမှ ပြေးထွက်လာပြီး လျှာတစ်လစ် လုပ်ကာ "အစ်ကိုပြန်လာပြီလား၊ သဲနု မီးပူတိုက်နေလို့ပါ၊ မောသသလား အစ်ကို၊ သဲနု သံပုရာရည် ချိုချိုအေးအေးလေး အဆင်သင့် လုပ်ထားတယ်၊ အစ်ကိုပြန်လာရင် အမောပြေသောက်ရအောင်လို့ပါ"

နှုတ်ကလည်း သာလိကာ ရှုံးလောက်အောင် တတွတ်တွတ် ရွတ်။ လက်ကလည်း သူ့ထီးနှင့်လွယ်အိတ်ကို ကမ်းယူမို့ လွန်းကြင်ရင်ဝယ် အေးမြခြင်း ကြည်နူးခြင်းတို့က စိမ့်ဖြာသွားသည်။

ဒီလိုယုယမှုမျိုး တစ်သက်လုံး ခံယူသွားချင်စမ်းပါဘိ။

"ညည်းအတွက် ချည်ချောနှစ်စုံနဲ့ ပိုးချည်တစ်စုံ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာခဲ့တယ်"

"အို. . . အစ်ကိုကလည်း၊ သဲနုအတွက် အကုန်အကျ များပါတယ်၊ (၄-၅)စုံနဲ့ ဝတ်လို့ရနေတာပဲဟာ"

သံပုရာအေး ဖန်ခွက်ပန်းကန်လေးကို တရိုတသေ ကမ်းပေးရင်းနှင့် ပြောလိုက်သည်ကို လွန်းကြင် အစိမ်းရောင် ပေတံဖြင့် တိုင်းတာပစ်လိုက်သည်။

"အဲဒီအတွက် ငါ့ကို အားမနာနဲ့၊ ညည်းအတွက် လိုအပ်တာတွေ ထုတ်သုံးဖို့ ညည်းမင်းသားက ငါ့ကို ပိုက်ဆံကြိုပေးထားပြီးသားမို့ လိုအပ်တာရှိ အားမနာတမ်းသာပြော. . . သိလား"

"အို. . . မင်းသားက ပေးပေး မပေးပေး အစ်ကို့ရဲ့ စေတနာနဲ့ လုပ်ဆောင်ချက်က အဓိကပဲ၊ ကိုင်း. . . အစ်ကို နားပြီးရင် ရေချိုး၊ ညနေစာ ပူပူနွေးနွေးလေး စားရအောင် ဟင်းချိုနဲ့ အရွက်ကြော် ချက်လိုက်ဦးမယ်"

"ကောင်းပါ့ဗျာ"

သူ့အတွက် ဝယ်ပေးသောအင်္ကျီထုတ်ကလေးများကို ပိုက်ပြီး အတွင်းခန်းဖက် ပြေးဝင်သွားသော သဲနုသာ၏ နောက်ပိုင်းအလှကို သူ ကမန်းကတန်း မျက်နှာလွှဲပစ်လိုက်ရသည်။

သူ့စိတ်ကိုလည်း သူ ဆုံးမလိုက်သည်။ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ တပြုံးပြုံး လုပ်မနေနဲ့စမ်း ငလွန်းဟ. . .။

ဃ ဃ ဃ ဃ





တစ်နေ့တာ ကုန်ဆုံးပြီး နောက်တစ်နေ့နံနက် သူ အသက်(၂၈)နှစ်ပြည့်မွေးနေ့မို့ အရုဏ်တက် နိုးနိုးချင်း မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဘုရားခန်း ဝင်လိုက်သောအခါ. . .

"ဟင်"

ဘုရားကျောင်းဆောင်ပေါ်တွင် ဆွမ်း၊ သစ်သီး၊ ရေချမ်းနှင့်ပန်းများ အဆင်သင့် ပြင်ဆင်ထားသည်မို့ အံ့အားသင့်သွားရသည်။ မိန်းမပီသပြီး ဘာသာတရားလည်း ကိုင်းရှိုင်းပုံရသော သဲနုသာကို သူ့ရင်ထဲ အမှတ်ပြည့် ပေးနေမိသည်။

"ဒီမိန်းကလေး ဘယ်အချိန်ထဲက ထပြီးပြင်ထားပေးပါလိမ့်၊ ငါ့မွေးနေ့ကို သိနေလို့လား၊ ပန်းက သက်စေ့တစ်အိုး ပြင်ထားပေးပါလား"

ကျေးဇူးတင်စိတ်နှင့် ပြုံးရင်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေနေစဉ် တလှိုင်လှိုင် ဝေ့ပျံ့လာသောဟင်းရနံ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သဲနုသာ ဘာတွေစီစဉ်ထားပါလိမ့်။ ပြီးသည်နှင့် ထမင်းစားခန်းသို့ ဝင်လာသောအခါ. . .

"ရခိုင်မုန့်တီချက်ကလေး သုံးဆောင်ပါနော် အစ်ကို"

ပြုံးရွှင်သွက်လက်စွာ ပြောရင်း ဦးထိပ်မှ ကုလားထိုင်ကို ဆွဲကာ သူ့ကို နေရာပေးပြီး ဟင်းရည်ကို အသင့်ပြင်ထားသော မုန့်ဖတ်ပန်းကန်ထဲ ဆမ်းပေးလေသည်။

"ညည်းလည်း တစ်ခါတည်း စားလေ၊ ငါ့ကိုများ ဧည့်သည် ကျနေတာပဲ"

"မွေးနေ့ရှင်မို့ ဂုဏ်ပြုတာပါနော်၊ နောက်ပြီး ဒါ သဲနုရဲ့ မွေးနေ့လက်ဆောင်"

စာရွက်လိပ်ကလေးကို ကမ်းပေးသဖြင့် လွန်းကြင်က လှမ်းယူပြီး ဖြေကြည့်လိုက်သောအခါ. . .

"ဟား. . . ဟား. . . ဟား"

လွန်းကြင် သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

အားပါးတရ သူ့ရယ်သံကြောင့် သဲနုသာ အားငယ်သွားသည်။ သူကိုယ်တိုင် ရေးဆွဲထားသော အစ်ကို့ပုံ ဒီလောက်တောင် မကောင်းဘူးလား၊ ရယ်စရာဖြစ်နေပြီလား။

"ဟင်. . . သဲနု ဆွဲတာ မကောင်းလို့လား အစ်ကို"

မဝံ့မရဲလေး မေးရှာသည်မို့ လွန်းကြင် မျက်နှာပြန်တည်ရင်း. . .

"မဟုတ်ပါဘူး. . . ဆရာထက် တပည့်လက်စောင်းထက်နေတာ၊ တစ်ခါမှ ကိုယ့်ပုံကိုယ် မဆွဲဖူးဘူး၊ ခုလို သူများက ကိုယ့်ပုံကို ရေးဆွဲတာ ခံလိုက်ရတော့ အရမ်းသဘောကျသွားလို့





ကွာ၊ ကျေးဇူးတင်ပါတယ် ညီမရယ်"

"ဟွန်း. . . တော်ပါသေးရဲ့၊ သဲနုက ဘာများ လိုနေလို့လဲလို့"

မျက်မှောင်ချီကာ စုတ်တံကိုင်ပြီး အတွေးပန်းချီခြယ်နေသော သူ၏အဖွဲ့တွဲသဏ္ဌာန်ကို သဲနုသာ မြင်တတ်ပါလား။

စာရွက်နောက်ကျောတွင် ရေးသားထားသေးသည်။

လက်ရေးလေးကအစ ညီညာပြီး အတွန့်အတက်လေးများနှင့် ပန်းချီဆန်လှသည်။

"မွေးနေ့ရက်မြတ်မှာ ပျော်ရွှင်ပါစေ အစ်ကိုဆရာ" ဟူ၍ ဖြစ်သည်။

"ဩော်. . . သဲနုလေးရယ်"

ရင်ထဲ မချင့်မရဲလေး ညည်းတွားလိုက်မိလေသည်။

ဆုံစည်းလာသော ရေစက်ကံကိုလည်း အံ့အားသင့်ကာ ကျေမနပ်ဖြစ်မိလေသည်။

ရဲနဲ့ ဘာမှ မပတ်သက်သော ရိုးသားတဲ့ကူညီမှု ဖြစ်ခဲ့ပါလျှင် အဘယ်မျှ ကောင်းချိမ့်မည်နည်းဟုလည်း. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"ကဒ် . . . ရိုက်မယ်"

အင်းလေးဖောင်တော်ဦး ဘုရားကျောင်း ဂန္ဓာကုဋီတိုက် အတွင်း ဘုရားငါးဆူရှေ့ဝယ် မင်းသားနှင့်မင်းသမီး ဘုရားဖူးခန်း ရိုက်ရန် နမူနာ ပြန်လုပ်နေရပြန်သည်။

ရဲနေလင်း ဒါရိုက်တာကိုမိုက်ခဲအား ခဏခွင့်တောင်းပြီး ဘုရားရင်ပြင်ဘက် ထွက်ကာ လေကို အားပါးတရ ရှူရှိုက်နေစဉ်

"ဟင် . . . မသိမ့်"

"ကိုရဲ . . . ရိုက်ကွင်းပြီးသွားပြီလား"





"အေးဗျာ . . . မုဒ်(mood) သွင်းလို့မရဘူး ဖြစ်နေတယ်"

သိမ့်ကြည်လင် ပြုံးလိုက်မိသည်။

"ဘာလဲ . . . လူတွေ ဝိုင်းကြည့်နေတာကို ရှက်နေတာလား"

"အမှန်အတိုင်း ပြောရမလား"

"ပြောလေ"

"မသိမ့် ကြည့်နေတာကို ရှက်နေတာပါ"

သိမ့်ကြည်လင်ရင်ထဲ ကျေနပ်သွားမိသည်။ ရယ်သွေးသွမ်းရင်း . . .

"အဟင်း . . . ဟင်း . . . ကျွန်မကလည်း ဘာကြောင့်မှန်း မသိပါဘူး၊ ကိုယ့်မျက်စိရှေ့မှာ အဲဒီလိုရိုက်ကွင်းကို မကြည့်ချင်ဘူးလေ၊ ဒါကြောင့် ရှောင်ထွက်လာတာပါ"

"ကောင်းပြီ . . . အိုကေ၊ ဒါဖြင့် မသိမ့် ဒီအတိုင်းပဲ ဆက်ရှောင်ပေးပါလို့ တောင်းပန်ပါတယ်"

"စိတ်ချ . . . လုံးဝလာမကြည့်ဘူး"

သိမ့်ကြည်လင်ထံမှ အဖြေမှ ရဲနေလင်း ချစ်သူနှစ်ဦး ကြည်ကြည်နူးနူးနှင့် ဘုရားဖူးခန်း ဇာတ်ဝင်ခန်းကို အဆင်ပြေပြေ သက်ဝင်ရိုက်ကူးနိုင်တော့လေသည်မို့ မင်းသမီး ပန်းအိန္ဒြေက ဖြောင်ပင် ထုတ်ပြောလေတော့သည်။

"မင်းသားတော့ ဒီတစ်ယောက်နဲ့တော့ တကယ်ကြွေပြီထင်တယ်"

"ဟာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ယောက်ကလည်း လပ်ဖ်စင်းရိုက်တာ မကြည့်နိုင်လို့ အပြင်ထွက်နေတာ၊ တို့မင်းသားကလည်း ကြွေနေတဲ့ ကောင်မလေးရှေ့မို့ ရှက်ရွံ့နေတာများ. . . ဟွန်း၊ အချစ်ကား မရိုက်ဖူးတာကျနေတာပဲ၊ သိနေပါတယ်နော်. . . ပန်းတို့လည်း ပျိုရာက အိုလာတဲ့သူပါနော်"

"ဟာဗျာ. . . မပန်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဘာမှလုပ်ချစရာ မလိုပေါင်ရှင်၊ မင်းသားဘာသာ မလုံမလဲ မျက်လုံးတွေနဲ့ စိတ်လှုပ်ရှားနေလိုက်တာများ၊ ဟိုကလည်း ရှက်မျက်လုံးနဲ့ ခိုးခိုးကြည့်ရတာ အမော၊ ဘယ်တော့ စားရမလဲ မင်းသား"

"မဟုတ်ရပါဘူးဗျာ"

"ကိုယ်နဲ့မင်းသား အမျိုးတော်ရမယ် ထင်တယ် မင်းသမီး"

ဒါရိုက်တာမိုက်ခဲကပါ ချွန်တွန်းဝင်လုပ်လေသည်။

"ဟုတ်တယ် ကိုမိုက်. . . အသေအချာပဲ"

ကိုသီး၏ထောက်ခံသံကြောင့် သူ ကိုသီးကို မျက်လုံးအကြည့်နှင့် လှမ်းဟန့်သည်။

ကိုသီးက လျစ်လျူရှုထားပြီး ဆက်လက် အာပေါင်အာရင်းသန်နေသဖြင့် ကိုသီးနား ကပ်ကာ. . .

"ခင်ဗျား စွတ်တင်မနေနဲ့ ကိုသီး၊ သဲနုကို ဘယ်လိုလုပ်မလဲ"

"ဒါကတော့ လွယ်ပါတယ် မင်းသားရယ်၊ ဘယ်တောင်ပံ ညာတောင်ပံပေါ့" ဟု ရွှတ်နောက်လေရာ. . .





"ခင်ဗျားဗျာ"

မင်းသားရဲနေလင်း လှုပ်အလယ် ပရိသတ်ကြားမို့ လက်လျှော့လိုက်ရလေသည်။

ညဥ့်နက် ရှုတင်မှ နားချိန် ခွေကျွန်းမျောဟိုတယ်၌ ရေပေါ် ရှုခင်းလေးကို ငေးစိုက်ကြည့်ရင်း လေရှူရင်းမှ ဖုန်းကို ကြည့်လိုက်သောအခါ Miss calls ဝင်နေသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ မော်ဘီအိမ်မှ ဖြစ်သည်။ သူ ဖုန်းပြန်ခေါ်လိုက်သည်။ အချိန်ကတော့ ညဥ့်နက်သန်းခေါင်ချိန်ဖြစ်သည်။

"ဟယ်လို. . . ရဲလား"

"ဟုတ်တယ် လွန်း၊ ငါ အခုမှ မင်း Miss calls တွေ့လို့"

"အေးကွာ. . . ဖုန်းပျက်နေတာ ဒီနေ့မှ ကောင်းသွားတယ်"

"သဲနုကော"

"ရှိတယ်. . . အိပ်နေရောပေါ့၊ ဒီအချိန်မှတော့ ငါ သူ့အခန်းတံခါး သွားမခေါက်ချင်ဘူး၊ မင်းပြောစရာရှိရင် မနက်ကျမှ ဆပ်ဆက်ကွာ၊ ငါတော့ မင်းကို ပြောစရာရှိတယ်"

သူ့၌ သဲနုသာကို ပြောစရာစကားတွေ အဆင်သင့် ရှိမနေပါချေ။ ထို့ကြောင့်. . .

"ပြောလေ ရဲ"

"ကောင်မလေးက တော်တယ် ရဲ၊ စက်ချုပ်သင်တန်းတို့ အိမ်တွင်းမှုသင်တန်းသို့ ပို့စရာမလိုအောင် သူ ရွာမှာ တတ်ခဲ့ပြီးသား၊ တကယ့်အိမ်ရှင်မကောင်း ဖြစ်နိုင်တယ်၊ ဒီအတွက်တော့ မင်းမပူနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ပညာသိပ်မတတ်တာရယ်၊ တောက မိန်းကလေး ဖြစ်နေတာရယ်ကြောင့်တော့ ဦးလေးနဲ့အဒေါ်က သဘောတူမှာ မဟုတ်ဘူး၊ သူတို့က မင်းကို သိပ်မျှော်လင့်ထားကြတာ၊ ဒါကိုတော့ မင်းထည့်စဉ်းစားရလိမ့်မယ်"

"အေးပါကွာ"

ရဲနေလင်း ခြေကုန်လက်ပန်းကျသည့်နှယ် ခံစားလိုက်ရပြီး မောဟိုက်သွားလေသည်။

"ဒါပေမယ့် ကောင်မလေးက မင်းအပေါ် မျှော်လင့်ချက်တွေ အများကြီး ထားထားရှာတာ"

"အင်း"

"ငါ့မှာ အဖိုးတန် မြမိန်းကလေးမှန်း သိပေမယ့် မင်းကိုတိုက်တွန်းရမလား ဖျက်ရမလား မသိနိုင်အောင်ပဲ"

"စဉ်းစားကြတာပေါ့ကွာ. . . သူကော ပျော်ရဲ့လားနေကောင်းရဲ့လား"

ရှိရင်းစွဲ သံယောဇဉ်ကြိုးလေးကတော့ ချည်နှောင်ထားဆဲပင်။

"ပျော်ပါတယ်. . . နေကောင်းပါတယ်၊ ခုဆို ပန်းခိုင်တောင် တော်တော်ဆွဲတတ်နေပြီ၊ သူ ဝါသနာပါတယ်ဆိုလို့ သင်ပေးလိုက်တာ၊ တကယ်ပဲ ဗီဇပါလာတယ်၊ ငါ့အတွက်တော့ ညီမလေးတစ်ယောက် ကောက်ရသလိုပါပဲကွာ၊ ဒါပေမယ့် အမိက,ကတော့ ငါ သူ့ကို တာဝန်အကြာကြီး မယူချင်ဘူးကွာ မင်း ဘယ်တော့ လာမှာလဲ"





"သုံးလေးရက်အတွင်းတော့ ပြန်ရောက်လိမ့်မယ်"

"အေး. . . မြန်မြန်ပြန်လာပြီး ဆုံးဖြတ်ချက်တစ်ခုခုတော့ မြန်မြန်ချကွာ"

"အေးပါ လွန်းရာ၊ မင်းကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွာ. . . မင်းနဲ့ငါ့ကြားမှာ ကျေးဇူးဆိုတာ မရှိကြေးလေကွာ၊ ကိုင်း. . နား. . နား. . သူငယ်ချင်း၊ မင်းလည်း ရှူတင်တွေနဲ့ ပင်ပန်းရောပေါ့၊ မင်းအားတဲ့အချိန်သာ သဲနုကို ဖုန်းလှမ်းဆက်လိုက်ပါ. . . ဒါပဲနော်၊ ဂွတ်နိုက်. . ရဲ"

"ဂွတ်နိုက် လွန်း"

လွန်းကြင် ဖုန်းချသွားသည်အထိ ရဲနေလင်း ဖုန်းကိုင်ကာ ငိုင်နေမိသည်။

နောက်မှ ဖုန်းစက်ကို ပိတ်လိုက်မိသည်။ ကိုယ့်ကိုယ်ကိုသည်း ဒေါသဖြစ်နေမိသည်။

သဲနုသာကို မျှော်လင့်ချက်ပေး ခေါ်လာပြီးကာမှ သိမ့်ကြည်လင်ကို တွေ့တော့ စိတ်ယိုင်မိပြန်သည်။

ဒါဟာ ဖောက်ပြန်လိုသော ယောကျ်ားတို့၏အကျင့်စရိုက်ဟု သူ့ကိုယ်သူ ဒေါပွနေမိလေတော့သည်။

ဘာပဲဖြစ်ဖြစ် သဲနုသာအပေါ် သူ ကတိတည်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"အစ်ကိုဆရာ. . . ဒီမှာကြည့်ပါအုံး"

သဲနုသာ၏အသံလွင်လွင်ကြောင့် လွန်းကြင် နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်. . . ရှပ်အင်္ကျီအသစ်ကြီးပါလား"

"သဲနုရဲ့လက်ရာလေ"

တစ်နေ့က သဲနုသာအတွက် အပ်ချုပ်စက် အသစ်စက်စက် တစ်လုံး ဝယ်ပေးခဲ့သည်။ နောက် သဲနုသာကို မင်္ဂလာဈေး လိုက်ပို့ပေးလိုက်ရသည်။ အစတွေ ဝယ်လာသည်။

မနေ့ကစ၍ အားလပ်ချိန်တွင် တကုပ်ကုပ်နှင့် စက်ချုပ်





နေရာ ဒီနေ့တော့ သူ့အား ယောကျ်ားရှပ်အင်္ကျီ အသစ်စက်စက် တစ်ထည်ကို ပြသလေသည်။

ချည်သားရှပ်အင်္ကျီအစင်းလေးဖြစ်သည်။

"တကယ့် ရယ်ဒီမိတ်အတိုင်းပါပဲလား. . . ဒါ ညည်းလက်ရာဟုတ်လား"

လွန်းကြင် အင်္ကျီကို ကိုင်ကြည့်ပြီး တအံ့တသြ ချီးကျူးလေသည်။

"ဒါပေါ့. . . သဲနုလည်း ရွာမှာ အိမ်တွင်းမှုသင်တန်းတက်ခဲ့ကတည်းက စမ်းချုပ်ချင်နေတာ၊ ပိုက်ဆံမတတ်နိုင်လို့ ပါပါ့ကိုတောင် ရှပ်အင်္ကျီသစ်တစ်ထည် ဖြစ်မြောက်အောင် မချုပ်ပေးနိုင်ခဲ့ဘူး"

သဲနုသာမှာ ပြောရင်း မျက်ရည်လေးပါ စမ်းလာသဖြင့် လွန်းကြင် အာရုံလွှဲပြောင်းလိုက်သည်။

"ဒါဖြင့် ညည်းရဲ့ပထမဦးဆုံး ရှပ်အင်္ကျီလက်ရာကို မင်းသားကို ပေးမလို့ပေါ့"

"ဟင့်အင်း. . . ဟုတ်ပါဘူး"

"ဒါဖြင့်. . ."

လွန်းကြင် ရင်ခုန်သံတွေ မြန်ဆန်လာသည်။

"အစ်ကိုဆရာအတွက်ပေါ့"

"ဟင်. . . ငါ့အတွက်"

"ဟုတ်တယ်လေ. . . အစ်ကို့အင်္ကျီတိုင်းနဲ့ ချုပ်ထားတာ၊ အစ်ကို့အတွက်ပေါ့"

လွန်းကြင် အကဲစမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးဖျားဖျားဟာကို. . . မင်းသားက ညည်းကျေးဇူးရှင်ပဲ၊ ညည်း သူ့ကို ဦးစားပေးသင့်တာပေါ့"

သဲနုသာ၌ ပြောစရာစကားတွေ အဆင်သင့် ရှိနေသည်မို့. . .

"အစ်ကိုမင်းသားက သဲနုဘဝကို ဦးစွာကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင်ဖြစ်တာ မှန်ပေမယ့် သဲနုဘဝကို စေတနာအပြည့်နဲ့ စောင့်ရှောက်ပြီး အစစအရာရာ သွန်သင်ဆုံးမပေးပြီး ပန်းချီပညာပါ သင်ပေးနေတဲ့ အစ်ကိုဆရာရဲ့ကျေးဇူးက ပိုကြီးမားပါတယ်"

"မဟုတ်ဘူးနော်. . . ညည်းမှားနေပြီထင်တယ်၊ ညည်းခုလို ဝတ်စားတာ စက်ဝယ်ပေးတာကအစ မင်းသားပိုက်ဆံနဲ့ပဲ"

"ဘယ်သူ့ပိုက်ဆံနဲ့ပဲဖြစ်ဖြစ် စေတနာက အဓိကပဲကပါ အစ်ကိုရယ်. . . စကားများမနေပါနဲ့၊ သဲနု ချုပ်ပေးတဲ့အင်္ကျီကို ဝတ်မှာလား မဝတ်ဘူးလား. . . ဒါပဲပြော"

လွန်းကြွင် အလျှော့ပေးလိုက်သည်။ မိန်းမချောလေး၏ မျက်နှာထားတော်ကို အညိုမခံချင်ပါ။ ထို့ကြောင့်. . .

"ဝတ်ပါ့မယ်ဗျာ. . . ဝတ်ပါ့မယ်"

ကမန်းကတန်း ယူဝတ်ပြလိုက်ရင်း. . .

"ဟုတ်ပါ့ဗျာ. . . နိုင်ငံခြားက လာတဲ့ ဘရန်း(brand) တွေအတိုင်းပဲ၊ အတော်ပဲ. . . လှော်ကားမှာ ပန်းချီသွားဆွဲရင် ဝတ်ရမယ်၊ ချည်သားဆိုတော့ အေးလည်း အေးတယ်"

"လှော်ကားမှာ ပန်းချီသွားဆွဲမယ်ဟုတ်လား၊ သဲနုလည်းလိုက်မယ်"





လွန်းကြွင် ခေါက်ကျသွားသည်။

"မလိုက်ပါနဲ့ဟာ. . . တခြားပန်းချီအဖွဲ့က ပန်းချီဆရာတွေနဲ့ မော်ဒယ်တွေနဲ့၊ ညည်းလိုက်ရင် တစ်ယောက်တည်း ကြောင်တောင်တောင်ဖြစ်နေမှာပေါ့"

သဲနု ငြိမ်သက်ပြီး ခေါင်းကလေး ညိတ်ကာ. . .

"အစ်ကိုသဘောပါပဲ. . . ဒါနဲ့ ဘယ်အချိန်သွားမှာလဲ"

"ခုပဲ. . . နောက်တောင်ကျနေပြီ၊ ကားယူသွားမှ ဖြစ်မယ်"

"သွားလေ. . . အစ်ကို သွားရင် အိမ်ရှေ့သော့ခတ်သွားတော့၊ သဲနု အဝတ်လျှော်မလို့"

"အေး. . . အေး"

လွန်းကြွင် ပန်းချီပစ္စည်းများကို ကမန်းကတန်း ယူပြီး သဲနုကိစ္စရှိမှသာ ကားသုံးမည်ဟူသော ဆုံးဖြတ်ချက်ကို အခြေအနေအရ ပြင်လိုက်ရသည်။ အရင်လိုနေသည်မို့ ကားဂိုဒေါင်ထဲမှ ကားကို ထုတ်ပြီး မောင်းထွက်ခဲ့ရာ လမ်းတစ်ဝက်အရောက်တွင်. . .

"ဟတ်ချိုး"

တစ်စုံတစ်ယောက် နှာချေသံကြောင့် ကားကို လမ်းဘေး ထိုးရပ်လိုက်ရသည်။ ထို့နောက် ကားနောက်ခန်းသို့ ကုန်းကြည့်လိုက်လေရာ. . .

"ကြည့်စမ်း သဲနု. . . ခိုးလိုက်လာတယ်ပေါ့လေ"

လေသံမာမာနှင့် ဟိန်းဟောက်လိုက်ရာ သဲနုမှာ ဆိုဖာနှင့်ကုရှင်ကြားက ကုန်းကုန်းကွကွ ထလိုက်ပြီး ငိုသံပါလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်. . . ဟင့်. . . သဲနု မရောက်ဖူးလို့ လိုက်မိတာပါ ရှင်"

ပြောရင်း မျက်ရည်က ပေါက်ပေါက်ကျလာရာ လွှန်းကြွင် အရှုံးပေးလိုက်ရသည်။

"ကဲ. . . ကဲ. . . တိတ်တော့ မရွှေစာ၊ လိုက်တော်မူခဲ့ ပါတော့"

လွှန်းကြွင် မျက်နှာတင်းတင်းနှင့်ပင် ကားကို ပြန်မောင်း ထွက်ခဲ့လိုက်လေသည်။

သဲနု မျက်ရည်ကြားက ပြုံးကာ နောက်ခန်း၌ မိန့်မိန့်ကြီး လိုက်ပါလာသည်ကို လွှန်းကြွင် ကားနောက်ကြည့်မှန်မှ ခိုးကြည့် ရင်း တိတ်တခိုး သက်ပြင်းရှိုက်လိုက်မိသည်။

ဆံတောက်အလှနှင့် ဆံထုံးအက်အက်၌ ခရုပုတီးလေး ပတ်ထားသည်။ ဆံမြိတ်နက်မှောင်မှောင်က ရှေ့ရင်အုံထက်၌ ကတ္တီပါခြုံလွှာ ချထားသလို ကျက်သရေ ရှိလိုက်ပါဘိ။ ဟူး. . . ပိုးသားပျော့အင်္ကျီ အစိမ်းနုရောင်လက်ရှည်နှင့် အနက်ပေါ်၌ အစိမ်းနုရောင် ချိတ်အဆင် ရခိုင်လုံချည်လေးနှင့် တကယ့်ကို ရခိုင်မင်းသမီး ထိပ်ထားလေးပါပဲလား. . . ဟု ရင်တွေ တလှပ် လှပ် ခုန်ရင်း မကြာခဏ ခိုးကြည့်မိသည်။

လှော်ကားဥယျာဉ်ရောက်တော့ ပန်းချီဆရာတွေ အုပ်စု လိုက် ရောက်နေနှင့်ကြပြီ။ သို့သော် မော်ဒယ်လ်မင်းသမီးကို မတွေ့ရ။

"လာဗျာ ဆရာလွှန်း၊ ခင်ဗျားက ခင်ဗျားမော်ဒယ်လ်ကို တစ်ခါတည်း ခေါ်လာတာကိုး၊ ဒီမှာ အားလုံးက မော်ဒယ်လ်





လာလို့ အုန်းစား နကြတာနဲ့ အတော်ပဲ"

လွှန်းကြွင်ရင်ထဲ ထိတ်ကနဲ ဖြစ်သွားပြီး. . .

"သူက မော်ဒယ်လ်မဟုတ်ပါဘူး. . . ကျွန်တော့်နှမပါ၊ ရောက်ဖူးလို့ ခေါ်လာတာပါ"

လွှန်းကြွင် ရှင်းပြနေစဉ်မှာပင် ဆရာကြီးဦးဖေတင်က င်၍. . .

"ဒီလို မောင်လွှန်း. . တို့များနဲ့ ချိတ်ထားတဲ့မော်ဒယ်လ် အရေးပေါ် ဆေးရုံ ရောက်နေကြောင်း စောစောကမှ သံရလို့ တ်ညစ်နေကြတာ၊ မင်းဝင်လာတော့ မော်ဒယ်လ်သွားရှာတယ် ထင်ကြတာ၊ ဦးကြည်လင် သမီးလေးနဲ့ တယ်တူတာကိုး၊ ကူညီနိုင်ရင်တော့ ကူညီဦးကွာ၊ မင်းနှမကိုပဲ မော်ဒယ်လ်လုပ် ရမှာပဲ"

"ဟုတ်ပါတယ် ကိုလွှန်း၊ ခင်ဗျားညီမရဲ့အသွင်အပြင်နဲ့ ဆင်အယင်က ကျွန်တော်တို့ ပန်းချီလက်တွေ့မယ့်ပုံစံနဲ့ ကိုက် နေလို့ ကူညီပါဗျာ"

"ဟုတ်ပါတယ်. . . အားလုံးက ငွေကုန် အချိန်ကုန်ခံ ာက်လာကြတာ. . . ကူညီပါဗျာ"

လွှန်းကြွင်ရင်ထဲ သဲနုသာကို မျက်လုံးပေါင်းများစွာ၏ မှောက်ပို့ရမှာ နှမြောတွန့်တိုမိသော်လည်း အများနှင့် တစ် ာက်။ ပြီးတော့ ဆရာကြီးဦးဖေတင်ပါ အများထဲ ပါနေသည် တော့ သူ ဘယ်လိုမှ မတတ်သာတော့ဘဲ ခွင့်ပြုလိုက်ရလေ သည်။

"သဲနု. . . ညည်းကကော ပုံဆွဲခံဖို့ ထိုင်ပေးတတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



မလား"

"အစ်ကိုညီမပဲ. . . ဖြစ်ပါတယ်"

"ဒါဖြင့်လည်း ပြီးရော"

သဲနုသာမှာ ပန်းချီဆရာတို့၏အလယ်တွင် ကျော့ကျော့ မော့မော့လေးနှင့် စံပြမယ်လေးအဖြစ် မျက်နှာပွင့်လန်းသွားေ သည်မို့ အပြုံးတစ်ချက်ဖြင့် သူ့အား ပြုံးပြလိုက်ပြီး ခိုးကြေ ခိုးဝှက် လိုက်ခဲ့သောအဖြစ်ကို ချေဖျက်လိုက်လေတော့သည် လွန်းကြင်လည်း ပြန်လည်ပြုံးပြလိုက်သည်။

သဲနုသာသည် တစ်ထွာပြလျှင် တစ်တောင်မြင်တတ် မို့ လော်ကားဥယျာဉ်ရေလယ်ရှိ လေညင်းခံ ဝရံတာအစိမ်းရော ၏အလယ်တွင် ရှိသော သစ်မြစ်ဆုံစားပွဲတွင် နွဲ့နွဲ့ကလေး ထိ ကာ မော့တော့တော့လေး လေရှူနေသည့်ဟန်က တကယ့် အသက်ဝင်ကာ လှပနေသည်မို့ ဆရာကြီးဦးဖေတင်က. . .

"အင်း. . . ကိုလွန်းနှမက တော်တော်အသက်ဝင်တ ပဲ၊ ဒါကို အမိအရ အပီအပြင် ဆွဲနိုင်တဲ့သူကတော့ ဆုကြီးချိတ် ကျိန်းသေတယ်၊ ကြိုးစားကြ. . . ကြိုးစားကြ" ဟု မိန့်ကြားလို လေသည်မို့ လွန်းကြင်အပါအဝင် ပန်းချီဆရာများက အနုပည ဈာန်ထဲ စီးမျောဝင်သွားကြလေတော့သည်။

မမျှော်လင့်ဘဲ လူပုံအလယ်၌ မရှယ်ဘဲ စော်ကဲမင်း ရသူမှာ သဲနုသာပင်ဖြစ်လေတော့သည်။







# အခန်း(၃၂)

လွန်းကြင်နှင့် ဖုန်းအဆက်အသွယ်ရပြီးနောက် (၃)ရက် ကြာတွင် ရဲနေလင်း ရန်ကုန်သို့ ပြန်ရောက်လာသည်။

မှော်ဘီသို့ ချက်ချင်း ဦးတည်လိုက်ချင်သော်လည်း က်တာ ကိုမိုက်ခဲ၏အစ်မ သားအမိကို အရင်ပို့ပေးရဦးမည့် ား ရှိလေသည်မို့ ဒေါ်မျက်ခြယ်တို့အိမ် ရှိရာ မေခအိမ်ရာသို့ င်ပို့လိုက်ရသည်။

ဆယ်ရက်တာခရီးအတွင်း အတူသွား အတူလာမို့ သိမ့် ည်လင်ကို စိတ်ဝင်စားမိသော်လည်း သဲနုသာကို ကတိတွေ ဒေါ်ယူထားမိသည့်ပြဿနာက ရှိနေသဖြင့် နောက်ထ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှနှုတ်မကျွံမိစေရန် သတိထားပြီး သိမ့်ကြည်လင်ကို ခင်ခင်မင်မင်ပင် ဆက်ဆံခဲ့သည်။

"အဖေကြီးရေ . . . ကျွန်မတို့ကား ဝင်လာတော့မယ် ခြံတံခါး ဖွင့်ထားပေးပါဦး"

ဒေါ်မျက်ခြယ်ကလည်း သူ၏ခင်ပွန်းကို ဖုန်းဖြင့် ကြိုတင် မိန့်ကြားလေတော့ ရီမုဒ်ကွန်ထရိုးနှင့် ခြံဝန်းတံခါးက အလိုအလျောက် ပွင့်သွားလေသည်။

ပေါ်တီကိုအောက်အရောက်၌ ထွက်ကြိုနေသော အိမ်ဖော်များနှင့်အတူ လူကြီးလူကောင်း လူရည်သန့်နှစ်ဦးကိုပါ ထင်ကနဲ တွေ့လိုက်ရသည်နှင့် . . .

"ဟင် . . . ဖေဖေ"

မင်းသားရဲနေလင်းနှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။

ကားရပ်သည်နှင့် သိမ့်ကြည်လင် ဖခင်ဖြစ်ဟန်တူသော ဦးကြည်လင်အနားတွင် ရပ်နေသော သူ့ဖခင်အား . . .

"ဖေဖေက ဘယ်ကဘယ်လိုလုပ်ပြီး ဒီရောက်နေရတာလဲ"

တအံ့တသြ မေးလေသည်။ ရဲနေလင်းဖခင် ဦးနေလင်းက . . .

"ဟား . . . ဟား . . . ဆင်းစမ်းပါဦး သားရယ်၊ သားလာပို့မယ်ဆိုတာ သိလို့ ဖေဖေနဲ့မေမေက ဒီမှာ လာစောင့်နေကြတာ"

"ဟင် . . . မေမေလည်း ပါတယ်"





"ဟော့ကောင် . . . ကလေးတွေ အံ့သြနေကြပြီ၊ မမျက်ခြယ်က ဘာမှကြိုပြောမထားဘူးလား"

ထိုအခါမှ ဒေါ်မျက်ခြယ်က ရယ်သွေးသွမ်းရင်း . . .

"ဟင်း . . ဟင်း . . ဟင်း . . ဒါက လျှို့ဝှက်ချက်လေ၊ လာ . . လာ . . သား၊ အိမ်ထဲ ဝင်ပါဦး၊ အန်တီတို့ကို တစ်လှည့်ကျေးဇူးဆပ်ခွင့်ပြုပါဦး"

ဟု ဖိတ်ခေါ်သဖြင့် ရဲနေလင်း ဘုမသိ ဘမသိ ယောင်ချာချာနှင့် အိမ်ထဲ လိုက်ဝင်လိုက်လေသည်။

သိမ့်ကြည်လင်လည်း မိခင်က ဖခင်နှင့် သူ့အလစ်ကြိတ်၍ ဖုန်းဆက်နေသည်ကို အခုမှ သဘောပေါက်တော့သည်။

ဧည့်ခန်းဆိုဖာများတွင် အသီးသီး နေရာယူ ဝိုင်းဖွဲ့ထိုင်မိကြတော့ ဒေါ်မျက်ခြယ်ကပင် ဦးဆောင်ကာ . . .

"မင်းသားကိုရဲကို အန်တီက ကြိတ်သဘောကျသွားတော့ သမီးဒယ်ဒီကို ကိုရဲနောက်ကြောင်း စုံစမ်းခိုင်းလိုက်တယ်"

"ကိုရဲက နာမည်ကြီးစူပါမင်းသားဆိုတော့ ချက်ချင်းပဲ မိဘမျိုးရိုးပါ သိလိုက်ရတော့ အန်ကယ်လ်တို့နဲ့ မာမီက သူ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီး ကိုနေလင်းနဲ့ မနန်းဝေတို့သားဖြစ်နေတာ သိရတော့ ချက်ချင်းပဲ ဆက်သွယ်လိုက်တယ်"

"ဟုတ်တယ် သား . . . တိုက်တိုက်ဆိုင်ဆိုင် မေမေတို့ကလည်း ရန်ကုန်လာစရာရှိတာနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုပြီး ဆင်းလာလိုက်တာ၊ ဒီရောက်တော့ ရွှေလမ်းငွေလမ်းဖောက်ပြီးသား ဖြစ်သွားတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"ရှင်"

ရဲနေလင်းနှင့် သိမ့်ကြည်လင် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အိုးတိုးအမ်းတမ်းတွေ ဖြစ်သွားရသည်။

ရဲနေလင်းက ယောက်ျားလေးပီပီ ရဲဆေးတင်ကာ. . .

"ဟိုလေ. . . သားတို့လူငယ်ချင်း စကားပြောခွင့်ကို အရင်ပေးပါဦး၊ ပြီးမှ မိဘတွေက ဆုံးဖြတ်တာ ပိုကောင်းပါတယ်"

သူ့၌ သဲနုသာ ရှိနေသည့်ကိစ္စကြောင့် ဝမ်းမသာနိုင်သေးချေ။ လူဆိုတာ တာဝန်ယူထားသောကိစ္စတစ်ခုကို ပြတ်သားစွာ ရှင်းလင်းနိုင်မှ လူပီသသည်။

"ကောင်းပြီလေ. . . ခြံထဲမှာ စကားပြောကြ၊ သမီး ခေါ်သွားလိုက်"

ဒေါ်မျက်ခြယ်က ရှောရှောရှူရှူပင် ခွင့်ပြုလိုက်လေသည်မို့ ခြံထဲ ဆင်းခဲ့ပြီး အရိပ်ရသော သစ်ခွရုံနံဘေးမှာပင် ရဲနေလင်းတို့ လူငယ်နှစ်ဦး ရပ်၍စကားပြောကြသည်။

"မသိမ့် မိဘတွေကြောင့် အနေခက်ကုန်ပြီလား"

"ဟုတ်တယ်. . . မာမီက ကျွန်မအိမ်ထောင်ဖက်ကို သူ့စိတ်တိုင်းကျပဲ ရွေးချယ်ပေးမယ်ဆိုတာကို ကျွန်မက လက်ခံသဘောတူထားတာ"

"ကျွန်တော်လည်း ဒီအတိုင်းပဲ၊ ကျွန်တော် ဝါသနာပါတဲ့ အနုပညာလုပ်ခွင့်ကို အိမ်ထောင်ဖက် သူတို့သဘောကျ ရွေးချယ်ပေးတဲ့လူကို ယူပေါ့မယ်ဆိုတဲ့ကတိစကားနဲ့ ဖလှယ်ထားတာဆိုတော့. . ."





"ကျွန်မတို့နှစ်ယောက်စလုံး ငြင်းပိုင်ခွင့်မရှိဘူးဆိုတဲ့ အခိုပွါယ် သက်ရောက်နေပြီပေါ့"

"ဒါကြောင့် မိဘတွေက ရဲရဲတင်းတင်း စီစဉ်ထားတာပဲပေါ့၊ ဒါပေမယ့် မသိမ့်နဲ့လွန်းက. . ."

သိမ့်ကြည်လင် ရင်ထဲ နင့်ကနဲ ဖြစ်သွားရသည်။ မကျွမ်းခင်က လမ်းခွဲရသည့်အဖြစ်ပေပဲ။ သူလေးစားရသော လွန်း၏ မာနကို သူ ကျေကျေနပ်နပ်နှင့် လက်ခံပေးကာ လမ်းခွဲလိုက်ရသည်။ ဒါတွေကို ရှင်းပြနေလို့လည်း ဘာအကြောင်းမှ မထူးတော့သဖြင့်. . .

"ရှင်က ကိုလွန်းနဲ့ကျွန်မကို အထင်လွဲလို့ မေးနေတာလား ကိုရဲ"

"မဟုတ်ရပါဘူး. . . အခြေအနေအမှန်ကို သိချင်လို့ပါ"

"ကျွန်မနဲ့ကိုလွန်းက ဝါသနာတူ သာမန်ပန်းချီမိတ်ဆွေ သူငယ်ချင်းတွေပါ ကိုရဲ၊ တကယ်လို့ ကိုရဲမှာ ရည်ရွယ်ထားတဲ့လူရှိရင်လည်း ကျွန်မကို လက်မခံဘဲ ရဲရဲတင်းတင်းပဲ ဖွင့်ပြောလိုက်ပါ၊ ကျွန်မက ကိစ္စမရှိပါဘူး"

ရဲနေလင်းရင်ထဲ ချိတုံချတုံပင်။ သဲနုသာကိစ္စ ဖွင့်ပြောဖို့ရာကလည်း ဘာမှ မရေရာ မသေချာသေးသမို့. . .

"ဒီလိုလည်း မဟုတ်ပါဘူး၊ ကဲပါလေ. . . ကျွန်တော်တို့ချင်း ပွင့်လင်းဖို့နဲ့ မိဘတွေနဲ့ နည်းနည်းထပ်ဆွေးနွေးပြီး အချိန်ဆွဲထားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ရဲနေလင်း လှေနံနှစ်ဖက်နင်းလိုသောဆန္ဒ၊ နှစ်ပင်လိမ်လိုသောဆန္ဒတော့ မဟုတ်ပါ။ ဒါပေမယ့် သူ့၌ တာဝန်ယူရမည့်သူက ရှိနေသေးသည်။

သူ့စိတ်ကိုသူ ပြတ်ပြတ်သားသား ရှင်းလင်းပြီးမှ အိမ်ထောင်ဖက်ကို ရွေးချယ်ချင်သည်။

နှလုံးသားနှင့်သာ အိမ်ထောင်ရေးကို တည်ဆောက်လိုသည်မို့. . .

"ကောင်းပါပြီ. . . ကျွန်မလည်း ကိုရဲလိုပဲ သဘောရပါတယ်"

သူတို့နှစ်ဦး ရှဉ့်လည်းလျှောက်စေ၊ ပျားလည်းစွဲစေ သဘောမျိုး ထားရန် ဆုံးဖြတ်ပြီး အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြလေတော့သည်။







## အခန်း(၃၃)

ရဲနေလင်း ဆဲလ်ဖုန်းကို အခါခါ ကိုင်လိုက် ချထားလိုက်နှင့် လုပ်နေလေသည်။

ဒါကို ကိုသီးက ကြည့်မရ။ သည်းမခံနိုင်တော့သည့်အဆုံး. . .

"မင်းသားရယ်. . . ဒီလောက်တောင် ပြောရခက်နေရင်လည်း စာနဲ့သာ ရေးပြောလိုက်၊ ကိုယ်သွားပေးမယ်၊ နှလုံးသားကိစ္စနဲ့ တာဝန်ဆိုတာ ကွာခြားတယ်နော်၊ အိမ်ထောင်ရေးဆိုတာ နှလုံးသားနှင့် အသက်ဆိုင်ဆုံးကိစ္စပဲ၊ မင်းသားနှလုံးသားထဲ ဘယ်သူရှိသလဲ၊ ရှိတဲ့လူနဲ့သာ လက်ထပ်ဖို့ စဉ်းစားလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ တစ်သက်လုံး စိတ်ချမ်းသာသွားရမှာ၊ မင်းသားစိတ်ရင်းအမှန်နဲ့ ကယ်တင်ခဲ့တဲ့ ပေလီသူကိုလည်း လုပ်ကိုင်စားသောက်နိုင်အောင် အရင်းအနှီးထုတ် မ,တည်ပေးလိုက်ရင်လည်း ဖြစ်တာပါပဲ"

ကိုသီးက သူ့အခြေအနေကို အသိဆုံးမို့ သူ့အားဖျောင်းဖျနေသည်။

"ကောင်းပြီ ကိုသီး၊ ဒါဖြင့် ကျွန်တော် လွန်းကို စာပဲရေးပေးတော့မယ်၊ ချင်းတောင်ဘက် ကားရိုက်ဖို့ကိစ္စကလည်း သွားရဦးမှာဆိုတော့ ဒီတစ်ခါပြန်လာရင် မေမေတို့က မင်္ဂလာကိစ္စကို စေ့စပ်တာဖြစ်ဖြစ် တစ်ခါတည်း စီစဉ်ကြတော့မှာဆိုတော့ ကျွန်တော်ပြတ်သားမှ ဖြစ်မှာ"

"ဟုတ်ပြီ. . . ဒီလိုမှပေါ့၊ ကိုင်း. . . မင်းသား အေးအေးဆေးဆေးနဲ့ ကိုယ့်နှလုံးသားကို ကိုယ်ပြန်မေးကြည့်ပြီး စာတစ်စောင် ရေးလိုက်ပါ၊ နူတ်ကတိထက် ပိုမိုခိုင်မာတဲ့ စာချုပ်တစ်စောင်ဖြစ်သွားနိုင်တာမို့ အသေအချာ စဉ်းစားပြီးမှ စာရေးပါ"

"အိုကေ"

"ဒါဖြင့် ကိုယ် အဝတ်အစား သွားပြင်ဆင်ထားလိုက်ဦးမယ်"

ကိုသီး သူ၏အဝတ်အစားလဲခန်းဆီသို့ ထွက်သွားမှ ရဲနေလင်း စာရေးစားပွဲသို့ ထိုင်လိုက်သည်။

သူ ခေါင်းစားနေရသောအတွေးက. . .

ခါတ်ပုံပန်းချီ ရွှေရုပ်လွှာရှင်ကို သူ စတွေ့ပြီး စွဲလမ်းခဲ့





သည်။

တိုက်တိုက်ဆိုင်ဆိုင် ရွှေရုပ်လွှာရှင်နှင့် ချုပ်စွပ်တူပြီး ဘယ်ဘက်ပါးပြင်၌ ပါးချိုင့်ခွက်လေး ပါကာ ပို၍ပင် ကြည့်ကောင်းသော ပေလီရွာသူ သဲနုသာကို တွေ့မြင်ပြီး ဂရုဏာမိုးတွေ စွေခဲ့သည်။

သဲနုသာဘဝလေးကို ကယ်တင်ချင်ဇောအားကြီးကာ လျှင်လျှင်မြန်မြန်ပင် တာဝန်ယူခဲ့သည်။

ချစ်ခြင်းအစ သနားခြင်းကလားဟုပင် သူ ထင်မှတ်မှားနေမိသည်။

ယခုတော့ စွဲလမ်းခဲ့မိသော ရုပ်ပုံလွှာရှင်ကို အရှင်လတ်လတ် တွေ့ရပြီ။ အခြေအနေတွေကလည်း သိပ်ကိုပေးနေပြီဆိုတော့ သူ သိပ်ပျော်သွားမိပြီးမှ သဲနုသာ သူ့ကြောင့် ဝေဒနာရသွားမလားဟု နောက်ဆံတင်းမိပြန်သည်။

သူ ဘာလုပ်ရမလဲ။

တွေးရင်း ခေါင်းပင် ချာချာလည်သွားရသည်။

စွဲလမ်းခြင်းနှင့်သနားခြင်း လွန်ဆွဲလျက်ရှိလေသည်။ သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



"သဲနု. . . ဟော့. . . သဲနု"

"ရှင်. . . အစ်ကို လာပါပြီ"

မီးဖိုချောင်ထဲတွင် ဟင်းရွက်သင်နေသော သဲနုသာက ကမန်းကတန်း ပြေးထွက်လာသည်။

"ဘာလဲ အကို"

"ဟိုကောင်ပြန်ရောက်နေပြီတဲ့"

"ဘယ်ကောင်လဲ အစ်ကို"

"ဟာကွာ. . . ရဲ. . . ရဲ. . . အဲ. . . မင်းသားကို ပြောတာ၊ ငါတို့ လိုက်သွားကြရအောင်"

သဲနုသာ မျက်လုံးလေး ဝိုင်းသွားသည်။ ရင်တွေက လည်း သိသိသာသာပင် တလှပ်လှပ် ခုန်လာလေသည်။

"ဟို. . . ဟိုလေ. . . ဖြစ်ပါ့မလား အစ်ကို"

ဝမ်းသာခြင်း၊ စိုးရိမ်ခြင်းတို့က သဲနုသာ၏ရင်၌ ဒွန်တွဲ





လျက် ဖြစ်ပေါ်နေလေသည်။ ထိုကြားထဲ သိသိသာသာ ဝင်ရောက် စိုးမိုးလာသည့်ဝေဒနာက ဝမ်းနည်းမှုဖြစ်သည်။

သူ့အပေါ် အလွန်ကောင်းပြီး ဖြောင့်မတ်တည်ကြည်စွာ စောင့်ရှောက်မှု ပေးခဲ့သော အစ်ကိုဆရာနှင့် ခွဲခွာသွားရတော့မှာပါလားဟူသော အတွေးကြောင့် ဝမ်းနည်းမှုက တာစူလာသည်။

"သွား. . . သွား. . . ညည်းအဝတ်အစားတွေ အကုန်ထည့်"

"ဟင့်အင်း. . . အဝတ်က နောက်မှယူလည်း ရပါတယ်၊ အစ်ကိုမင်းသားက ရောက်နေပြီဆိုပြီး ဘာလို့ ဖုန်းမဆက်ရတာလဲ. . . လာမတွေ့ရတာလဲ၊ အကြောင်းတစ်ခုခု ရှိလို့နေမှာ အစ်ကို"

သဲနုသာက ထောက်ပြတော့မှ လွန်းကြင် သတိပြုမိသွားသည်။ ထို့ကြောင့် တွေဝေသွားပြီး. . .

"အေးလေ. . . ဒါလည်း ဟုတ်တာပဲ"

ငေးငေးငိုင်ငိုင်လေးလည်း ဖြစ်သွားရသည်။ သူ့ရင်ထဲ မင်းသားက သဲနုသာကို အပြီးတိုင် ခေါ်ထားလိုက်လျှင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မည်။

သူ စိတ်အင့်မှာ ခံနိုင်ရည်ရှိပါ့မလား။

သဲနုသာ၏ပုံရိပ်တွေက သူ့နှလုံးအိမ်ကို စိုးမိုးနေလေပြီ။

"မဟုတ်သေးပါဘူး. . ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း သေချာ သိရအောင် လိုက်သွားကြမယ်"

"ဟုတ်ကဲ့ပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



သဲနုသာကို ခေါ်ဆောင်ပြီး လွန်းကြင် ကားမောင်းထွက်ခဲ့သည်။

လမ်း၌ နှစ်ယောက်သား စကားတစ်လုံးမှ မပြောမိဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။

သဲနုသာရင်ထဲ၌ အစ်ကိုမင်းသားကိုတော့ တွေ့ချင်ပါသည်။ ဒါပေမယ့် အစ်ကိုဆရာကိုတော့ မခွဲနိုင်အောင် တွယ်တာနေမိသည်။

ထို့အတူ လွန်းကြင်ရင်ထဲ၌ သူငယ်ချင်းအပေါ် သစ္စာစောင့်ချင်ပါသည်။ သို့သော် သဲနုသာလေးကို သူ့မျက်စိအောက်က အပျောက်မခံချင်အောင် မြတ်နိုးတွယ်တာနေမိသည်။

လတ်တလော အခြေအနေအရ နှလုံးသားအလိုကို တွန်းလှန်ကာ ဦးနှောက်အသိတရားနှင့် မင်းသားအိမ်ရှိရာ အင်းလျားမြို့သို့ ဦးတည်မောင်းခဲ့လေသည်။







## အခန်း(၃၄)

လွန်းကြင်ကားကို မြင်သည်နှင့် ခြံတံခါးက အလိုအလျောက် ပွင့်လာသည်။ ခြံစောင့်က ဆီးကြိုသည်။

"မင်းသားကော ရှိသလား"

"မင်းသား ခရီးထွက်သွားပါတယ်၊ ဖေဖေကြီးနဲ့ မေမေကြီးတော့ ရောက်နေတယ်"

"ဟင်"

ကားကို နောက်ပြန်ဆုတ်ရမလား ရှေ့ဆက်တိုးရမှန်းမသိ ဖြစ်သွားရသည်။ သို့သော် ကားက ခြံဝန်းထဲ ဝင်ပြီး ပေါ်တီ



www.burmeseclassic.com

www.burmeseclassic.com



ကိုသို့ပင် ဦးတိုက်နေလေပြီ။ ဒါ့အပြင် ပေါ်တီကိုအောက်၌ မိန့်မိန့်ကြီး ရပ်နေသူ ရဲနေလင်း၏မိခင် ဒေါ်နန်းဝေကို တွေ့လိုက်ရသဖြင့် ကားကို ဆက်မောင်းခဲ့လိုက်ရသည်။ အခြေအနေအရ မီးစင်ကြည့်ကရမှာပဲဟု သဘောထားလိုက်သည်။

"လာ. . . သားလွှန်း၊ မင်းတို့များ. . . မိန်းမယူထားတာတောင် ဒေါ်လေးကို မပြောဘူး"

လွှန်းကြင် ကားပေါ်က ဆင်းဆင်းချင်း ဒေါ်နန်းဝေက လှမ်းပြောလိုက်သည်။

သဲနုသာမှာ ကားပေါ်မှ ဆင်းရနိုး ဆက်ထိုင်ရနိုးနှင့် ခေါင်းကလေး ငုံ့ကာ ပေကပ်ထိုင်နေရှာသည်။

"မဟုတ်ပါဘူး ဒေါ်လေး"

"ဘာမဟုတ်ရမှာလဲ၊ ကိုင်း. . . သမီး. . . ဆင်းဆင်း"

သဲနုသာ မနေသာတော့ဘဲ ကားပေါ်က ဆင်းပြီး သူ၏အားကိုးရာ လွှန်းကြင်နောက်ပါးသို့ ကွယ်ကာ ခပ်ရှိုးရှိုးအရပ်. .

"ဟင်. . . သူ. . . သူက တူတာနေမှာပါ။ သူ. . သူ. . ဘယ်သူလဲ"

ဒေါ်နန်းဝေ လက်ညှိုးတထိုးထိုးနှင့် မျက်လုံးကလည်း အပြူးသားဖြစ်နေသည်။ ဦးနေလင်းမှာလည်း အသံဗလံတွေကြောင့် ထွက်လာပြီး သဲနုသာကို မြင်တော့ အံ့အားသင့်သွားကာ. . .

"ဟင်. . . တို့သားနဲ့ လက်ထပ်တော့မယ့် သိမ့်ကြည်လင်နဲ့ ချွတ်စွပ်တူနေပါလား"

ဟု တအံ့တဩကြီး ပြောလိုက်ရာ လွှင်းကြင်ရော သဲနုသာကော အံ့အားသင့်သွားရသည်။

"ခင်ဗျာ"

"ရှင်"

အာမေဋိတ်သံနှင့်အတူ လွှန်းကြင်ရင်မှာ အထိနာလာသည်။ သို့သော်. . .

"သားက ကားရိုက်ရှိနေတော့ စေ့စပ်မယ့်ရက်တောင် သတ်မှတ်ရသေးပါဘူးကွယ်၊ လာ. . . အိမ်ထဲ ဝင်ကြပါဦး"

"မဝင်တော့ပါဘူး ဒေါ်လေး၊ ကျွန်တော်တို့ သွားစရာရှိသေးလို့ပါ။ ဦးလေးနဲ့ဒေါ်လေး ခွင့်ပြုပါခင်ဗျာ"

"အိုကွယ်. . . နေပါဦးတော့လား၊ ချက်ချင်းကြီးပဲ"

"အရေးတကြီး ချိန်းထားတာ သတိရလာလို့ပါ. . . ခွင့်ပြုပါခင်ဗျာ၊ ရဲကိုသာ ကျွန်တော်နဲ့သဲနု လာသွားတယ်လို့ ပြောပေးပါ"

"ရဲ" အပေါ် ဒေါကန်စိတ်ကို မြိုသိပ်ထားပြီး သဲနုသာလက်ကိုဆွဲ၊ ကားပေါ် ပြန်တက်ပြီး မောင်းထွက်ခဲ့စဉ် ခြံတံခါးနားရင်း ဒရိုင်ဘာဦးသက်အောင်က. . .

"ဆရာလေး. . . ကိုသီးက ဆရာလေးကို ပေးခိုင်းတဲ့စာ ကျွန်တော်လာပို့မလို့ မအားသေးတာနဲ့ ခုမှ ပေးဖြစ်တော့တယ်၊ ရော့. . ဆရာလေး၊ မင်းသားရဲ့စာ"

ဒရိုင်ဘာဦးသက်အောင်စကား ကြားရတော့မှ လွှန်းကြင် ရင်ထဲက ဒေါသလှိုင်းက အနည်းငယ် အနည်ထိုင်သွားရသည်။

စာကို ယူပြီး ကားမောင်းထွက်ခဲ့သည်။ နောက် ခြံထဲက







www.burmeseclassic.com

www.burmeseclassic.com



ထွက်မှ စာကို သဲနုသာအား ကမ်းပေးပြီး. . .

"ညည်းအတွက်ပဲ ဖြစ်မယ်. . . ဖတ်ကြည့်ပါဦး"

စိတ်ထဲမှာ မကျေမနပ်ဖြစ်နေသည့်အတွက် ဘယ်ကို ဆက်မသွားချင်တော့ဘဲ မှော်ဘီဘက်သို့သာ ပြန်မောင်းချလာ လေသည်။

"ဟင့်. . . ဟင့်. . . အီး. . . ဟီး. . . ဟီး"

အတန်ကြာတော့ နံဘေးမှ ငိုသံကြောင့် လွှန်းကြ ပျာသွားရသည်။

"သဲနု. . . ဘာဖြစ်လို့လဲဟ"

ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်ရင်း မေးရပြန်သည်။

"ဟို. . . ဟို. . . စာထဲမှာ အစ်ကိုမင်းသားက လ ထပ်တော့မယ်တဲ့၊ သဲနု ဘယ်လိုလုပ်ရမလဲ. . . ဟီး. . . ဟီး"

"ပေးစမ်း. . . ဒီစာ "

လွှန်းကြင် စာကို ဆွဲယူကာ ဖတ်လိုက်သည်။

ချစ်တဲ့ "လွှန်း"

ငါ အချိန်မရလို့ရယ်၊ ဖုန်းနဲ့ မပြောရက်လို့ရယ်. . . စာရေးရှင်းပြလိုက်ပါတယ်။

ငါ့စာဖတ်ပြီး မင်းစိတ်ဆိုးမှာပဲ၊ ပြန်လာမှ မင်းကြိုက် အပြစ်ပေးကွာ။

အဖေနဲ့အမေကို ငါ မင်းသားလုပ်ချင်လွှန်းလို့ ကတိပေ ခဲ့တာ မင်းသိပါတယ်နော်၊ မင်းသားလုပ်ခွင့်ပေးမယ်၊ အိမ်ထော ရေးတော့ မိဘစီမံတာ လက်ခံပါ့မယ်ဆိုတာလေ၊ မင်းမှတ်





ဘယ်မှတ်လား။

ငါ တောင်ကြီးကားရိုက်သွားရင်း သိမ့်ကြည်လင်နဲ့ ဆုံ စည်းခဲ့တယ်။ သိမ့်ဟာ မင်းပန်းချီခါတ်ပုံဆု ရတဲ့ မော်ဒယ်လ်ပုံထဲ က မိန်းကလေးဖြစ်နေပြီး ပုံကို မြင်ကတည်းက ငါစွဲလမ်းခဲ့တာ ရယ်၊ ငါ့မိဘနဲ့ သိမ့်မိဘချင်းက ငယ်သူငယ်ချင်းဖြစ်ပြီး သားပေး သမီးယူ လုပ်ကြတာရယ်၊ အခြေအနေတွေ ပေးနေတော့ ငါ မလွှန်ဆန်နိုင်ဘူး။

တစ်ဖက်မှာလည်း တစ်သက်လုံး တာဝန်ယူ စောင့် ရှောက်ပါ့မယ်ဆိုတဲ့ ကတိပေးထားတဲ့ သဲနုက ရှိနေတယ်။

သိမ့်ပုံကို စွဲလမ်းရာက သဲနုကို တွေ့တော့ စိတ်ဝင်စား ပြီး ဂရုဏာတွေနဲ့ ကူညီချင်စိတ် များပြီး ပေးခဲ့တဲ့ကတိကို ငါ ဘည်အောင် ထိန်းပါ့မယ်။

သဲနု အချုပ်အလုပ် ဝါသနာပါရင် ဖက်ရှင်ဒီဇိုင်နာ ဖြစ်တဲ့အထိ တာဝန်ယူ ဆိုင်ဖွင့်ပေးပြီး တိုက်ခန်းတစ်ခန်း ဝယ် ပေးဖို့ မင်းကြည့်လုပ်ပေးပါ။ သဲနုဘဝရှေ့ရေး စိတ်အေးရ အောင် ငါကူညီပံ့ပိုးပေးပါ့မယ်။

ဒီအတွက်လည်း မင်းပဲ ကူညီပေးပါ။ ငါ့ရဲ့အနွံအတာ ခံသမျှကို စိတ်ရှည်လက်ရှည် သည်းခံကူညီပေးတဲ့ မင်းကျေးဇူး ကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး လွှန်းရာ။ ငါ ချင်းတောင် ဘက်က ကားရိုက်ပြန်လာတာနဲ့ မင်းတို့ကို လာတွေ့ပါ့မယ်။

အမြဲသတိရလျက် မင်းရဲ့

ရဲ



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ရင်း ဒေါ်သထွက်နေရာမှ တဖြည်းဖြည်းနှင့် ဒေါသတွေ ကင်းစင်သွားရာမှ ပျော်ရွှင်လာမိသည်မို့ အလကား ငိုနေသော သဲနုသာကို ဆွဲဖက်ကာ အားပေးလိုက်သည်။

"အလကား ငိုစရာလား၊ ဘာလဲ မင်းသားက ပစ်သွားလို့လား"

"ဟင်. . . မဟုတ်ပါဘူး၊ သဲနုက မင်းသားပစ်သွားလို့ ငိုတာမဟုတ်ပါဘူး၊ သဲနုဘဝကို ဝမ်းနည်းပြီး ငိုတာ၊ ဘယ်သူ့ အားကိုးရမှာလဲဆိုပြီး. . . ဟင့်"

"ဒါများ သဲနုရယ်၊ ငါ့ကိုပဲ အားကိုးပေါ့၊ ညည်းဘဝကို ငါပဲ ထာဝရ စောင့်ရှောက်ပေးတော့မယ်လေ"

"ဟင်. . . အစ်ကိုမင်းသားတုန်းကလည်း ဒီလိုပဲ တစ်သက်လုံး စောင့်ရှောက်မယ် ပြောခဲ့တာပဲ၊ ပြီးတော့. . ."

"သူပြောတာနဲ့ ငါပြောတာ မတူဘူး၊ ငါက ညည်းကို ချစ်မြတ်နိုးစွာနဲ့ လက်ထပ်ပြီး တစ်သက်လုံး ရိုးမြေကျ ပေါင်းသင်းသွားမယ်လို့ ပြောတာ၊ သိရဲ့လား အရူးမလေးရဲ့"

မချင့်မရဲလေး ပွေ့ဖက်ဖျစ်ညှစ်မိတော့ အပျိုရိုင်းလေးက ရှက်သွေးဖြာ ရှက်လန့်တကြား ရုန်းထွက်ပြီး. . .

"ဒါနဲ့များ သဲနုကို အစ်ကိုမင်းသားဆီ လိုက်ပို့ရက်တယ်"

"အဲဒါက သူငယ်ချင်းကောင်းတို့ ဝတ္တရားအရ ရင်ကို အကွဲခံပြီး ပို့ပေးရတာ၊ ခုတော့ အားလုံးရှင်းသွားပြီ၊ ညည်းကို ပိုင်ဆိုင်မယ့်သူ မရှိတော့ဘူးဆိုတော့ ငါ့အတွက် ရှင်းလင်းသွားပြီ ညည်းကို ငါချစ်တယ်၊ လက်ထပ်ယူမယ်၊ မင်းသားရဲ့အကူအညီ မယူရတော့ဘူး. . . ဒါပဲ"





လွန်းကြွင်ရင်ထဲ ပျော်မွေ့သွားသည်။ သူစုထားသော ပိုက်ဆံကို ဘဏ်က ထုတ်ပြီး လက်လှမ်းမှီတဲ့နေရာ၌ အိမ်ခြံလေး တစ်လုံးဝယ်ကာ နှစ်ကိုယ်တူတိုင်းပြည် တည်ဆောက်လိုက်တော့မည်။

"ကိုင်း. . . မထူးပါဘူး၊ မြို့ထဲ ရောက်တုန်း တရားရုံး တစ်ခုမှာ လက်မှတ်ဝင်ထိုးကြစို့"

"မနောက်ပါနဲ့ အစ်ကိုရယ်"

"မနောက်ဘူး. . . အတည်ပြောနေတာ"

လွန်းကြွင်ရင်ထဲ ဝေဒနာဆိုးတွေ ထပ်မံ မခံစားချင်တော့။ ထို့ကြောင့် ကားရောက်နေရာက မရမ်းကုန်းမြို့နယ်မှ မရမ်းကုန်း မြို့နယ်တရားရုံး ရှိရာသို့ ကားကို ဦးတည်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"လောကနတ် ပန်းချီပန်းပု အရောင်းပြခန်း" သို့ လွမ်းကြင်၏ပန်းချီကားဆယ်ချပ်မျှ တင်ထားရာ သဲနုသာ၏ လော်ကားမှ ပုံတူကော အခြားစိတ်ကြိုက်ပုံတူပန်းချီကားနှစ်ချပ် ပါဝင်လေသည်။

ပရိသတ်များ ဝင်လာမစဲ တသဲသဲတွင် သဲနုသာပုံကိုတစ်လှည့်၊ သဲနုသာကိုတစ်လှည့် ကြည့်ကာ စိတ်ဝင်စားနေရာမှ

"ဟင်. . . ဟိုမှာလည်း တစ်ယောက်"

သဲနုသာနှင့်လွမ်းကြင်မှာ ပရိသတ်တစ်ဦး လက်ညှိုး





ညွှန်ရာသို့ လှမ်းကြည့်လိုက်သည်။

"ဟင်. . . သိမ့်ကြည်လင်"

လွမ်းကြင်က မအံ့သြသော်လည်း သဲနုသာက အံ့သြသွားသည်။ သူနှင့် တူသူတစ်ယောက်ရှိသည် ပြောသော်လည်း ဒီလောက်အထိ ချွပ်စွပ်တူလိမ့်မည်ဟု ထင်မထားချေ။

နှစ်ဦးသား မျက်လုံးချင်း ဆုံလိုက်သည်နှင့် ရင်အစုံတို့မှာ နွေးထွေးသွားလေတော့သည်။ ပူနွေးသောသွေးတို့ စီးဆင်းသွားသလို ခံစားလိုက်ရသည်။

"အဲဒါ အစ်ကိုပြောတဲ့ သိမ့်ကြည်လင်ဆိုတာပေါ့"

သိမ့်ကြည်လင်နှင့်အတူ ဒေါ်မျက်ခြယ်ပါ ပါနေသဖြင့် မတွေ့၍ ရှောင်ချင်သော်လည်း ပက်ပင်းမိနေသော အနေအထား ဖြစ်နေသည်။ ဒို့အပြင်. . .

"ကိုလွမ်း"

သိမ့်ကြည်လင်က သူ့အား လှမ်းခေါ်ပြီး သူရှိရာသို့ ဘည့်တည့်မတ်မတ် လျှောက်လာသဖြင့် လွမ်းကြင်က သဲနုသာ လက်ကို ဆွဲကာ တင်းတင်းဆုပ်ထားလျက်က. . .

"ဩော်. . . မသိမ့်၊ ပန်းချီပြခန်း လာခံစားတာလား၊ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ဇနီး သဲနုသာတဲ့"

ရင်ကော့ ဦးမော့ကာ မိတ်ဆက်ပေးလိုက်နိုင်လေသည်။

"ဟင်"

ဒေါ်မျက်ခြယ်မှာ အံ့အားသင့်လွန်းသဖြင့် သဲနုသာ မျက်နှာကို စေ့စေ့ကြည့်ကာ. . .

"သမီးက ဘယ်ဇာတိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပေလီကပါ"

"အို. . . ဒါဖြင့် အဖေ အမေကတော့ ဦးနိုင်နဲ့ ဒေါ်နှင်းဆီဖြူများလားကွယ်"

ဒီတစ်ခါ မျက်လုံးပြူးရသူများမှာ လွန်းကြင်၊ သဲနုသာနှင့် သိမ့်ကြည်လင်တို့ ဖြစ်သွားသည်။

သဲနုသာက. . .

"ဟုတ်. . ဟုတ်ပါတယ်. . . ဒေါ်ဒေါ်က သဲနုမိဘတွေကို ဘယ်လိုလုပ် သိတာပါလဲရှင်"

"သမီးမှာ မိဘဓါတ်ပုံ ရှိသေးလား"

"ရှိပါတယ်"

သဲနုသာက ကိုယ်နှင့်မကွာ ဆောင်ထားသော မိဘနှစ်ပါးဓါတ်ပုံကို လက်ကိုင်အိတ်ထဲမှ ထုတ်ပေးလိုက်လေသည်။ ဒေါ်မျက်ခြယ်က ယူကြည့်ရင်း. . .

"ဟုတ်ပါတယ်ကွယ်. . . ဒင်းတို့ပါပဲ၊ မိဘတွေကော ရှိကြသေးလား"

"မရှိတော့ပါဘူး. . . မေမေက သဲနု ကလေးဘဝထဲက ဆုံးသွားပြီး ပါပါ ဆုံးတာကတော့ လပိုင်းပဲ ရှိပါသေးတယ်"

"ဩော်. . . မရှိရှာကြတော့ဘူးကိုး"

ဒေါ်မျက်ခြယ် မျက်ဝန်းဝယ် ကြေကွဲရိပ်တို့ ယှက်သန်းသွားလေသည်။

"ဆရာလွန်းကြင်ကိုကော သမီးတို့ကိုပါ မေမေ ရှင်းပြစရာရှိလို့ တစ်နေရာမှာ အေးအေးဆေးဆေး စကားသွားပြောကြရအောင် လိုက်ခဲ့ကြပါလားကွယ်"





ဒေါ်မျက်ခြယ်သည် လွန်းကြင် ယခင်က မြင်ခဲ့သော ဒေါ်မျက်ခြယ် မဟုတ်တော့။ နူးညံ့ပျော့ပျောင်းကာ နေလေသည်မို့ လွန်းကြင်ရင်ထဲ ဒေါ်ဂုဏ်မက်ကြီး ဘယ်လိုများ ဖြစ်သွားပါလိမ့်ဟု တွေးနေမိပြီး ဒေါ်မျက်ခြယ်ဆန္ဒကို လိုက်လျောလိုက်မိလေသည်။

အနီးအနား ကော်ဖီဆိုင်တွင် ထိုင်လိုက်ကြပြီးသည်နှင့် ဒေါ်မျက်ခြယ်က. . .

"ဒီလိုကွဲ. . . အန်တီ့ခင်ပွန်း ဦးကြည်လင် ဝန်ထမ်းဘဝတုန်းက ပေလီမှာ တာဝန်ကျတုန်း ကိုနိုင်နဲ့မနှင်းဆီက အန်တီတို့ကို အစစအရာရာ အကူအညီပေးခဲ့တော့ ဆွေမျိုးသားချင်းလိုပဲ ခင်မင်နေကြတယ်၊ အန်တီတို့ကပဲ အစစအရာရာ စောင့်ရှောက်ပေးခဲ့ရတာပေါ့ကွယ်၊ ခမျာများ တယ်နွမ်းပါးရှာသကိုး၊ နောက်တော့ မနှင်းဆီက သမီးအမြွှာလေးနှစ်ယောက် မွေးတယ်၊ ဒီမှာ သားသမီး လိုချင်ပြီး မရနိုင်တဲ့ အဒေါ်တို့ လင်မယားကို ကျေးဇူးဆပ်တဲ့အနေနဲ့ သမီးအမြွှာနှစ်ယောက်ထဲက တစ်ယောက်ကို ပေးလိုက်တယ်၊ အမှန်တော့ သူတို့ဝမ်းတောင်းအနိုင်နိုင်ဆိုတော့ နှစ်ယောက်စလုံး ပေးချင်ပေမယ့် မိဘမေတ္တာအရ တစ်ယောက်ကိုတော့ ယူထားရှာတာပေါ့ကွယ်"

သိမ့်ကြည်လင်နှင့်သဲနုသာ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မျက်ရည်တွေ ကျလာကြလေသည်။

"သိမ့်က အကြီး၊ သဲနုက အငယ်၊ (၆)မိနစ်ပဲ ခြားတယ်၊ သိပ်မကြာခင်ရက်ပိုင်းမှာပဲ အန်တီတို့ ပြောင်းခဲ့ရတယ်၊ အဲဒါကစပြီး ကိုနိုင်တို့နဲ့ အဆက်ပြတ်သွားတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် . . . ဟင့် . . . ဟီး . . . မမ"

အမျိုးငတ်နေသော သဲနုသာမှာ ဝမ်းသာဝမ်းနည်းဖြစ်ပြီး သိမ့်ကြည်လင်ကို ဖက်ကာ ငိုလေသည်။ သိမ့်ကြည်လင်က လည်း ညီမလေးဟု ခေါ်ကာ ငိုလေတော့သည်။

"အန်တီတို့လည်း သမီးသိမ့်ကို ချစ်စိတ်နဲ့ သမီးရင်းနဲ့ မခြား မွေးခဲ့တာ၊ ခုလို သမီးလည်း အရွယ်ရောက် အိမ်ထောင်ချ ထားပေးတော့မယ်ဆိုတော့ ဒီကြောင်းတွေ ဖွင့်ပြောမလို့ပါပဲ၊ ခုလို တိုက်တိုက်ဆိုင်ဆိုင် တွေ့သွားတော့ တစ်ခါတည်း ဖွင့်ပြော လိုက်မိတာပါ၊ ဆရာလွန်းကြင်လည်း အန်တီ သမီးဇောနဲ့ ပြောခဲ့မိဆိုခဲ့မိတာတွေ ခွင့်လွှတ်ပေးပါကွယ်. . . ဇွေမယူပါနဲ့"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ဇွေမယူတတ်ပါဘူး"

"ကိုလွန်း. . . ညီမလေးကို သိမ့်တို့နဲ့ ခဏနေခွင့်ပြုပါ လားဟင်"

လွန်းကြင် ဖျားသွားရသည်။ ချစ်စခင်စ ကြင်နာစမှာ ချစ်ဇနီးချောလေးနှင့် ခွဲနေရမည့်အရေး မစဉ်းစားနိုင်အောင် ဖြစ်သွားရသည်။

ထိုအချိန် ခင်ပွန်းအချစ်သမားကြီးအကြောင်း ကောင်း ကောင်းသိနေသော သဲနုသာက. . .

"အစ်ကို. . . တစ်ညလေးပါပဲနော်၊ မမနဲ့ လိုက်အိပ်ခွင့် ပေးပါနော်. . နော်"

ချစ်ဇနီးချောလေး မျက်နှာညှိုမှာကို စိုးရိမ်လွန်းသော လွန်းကြင်မှာ မချိပြုံးနှင့် ခေါင်းညိတ်လိုက်ရင်း. . .

"သဲနု လိုက်ချင်လိုက်သွားပါ၊ မနက်ဖြန်ညနေမှ အစ်ကို





လာခေါ်ပါ့မယ်"

ဟု သဘောထားကြီးလိုက်ရလေတော့သည်။

သဲနုသာ မျက်ရည်သုတ်ရင်း ပြုံးပျော်နိုင်ရှာလေပြီ။ တစ် ကောင်ကြွက်မလေး သဲနုသာအတွက် ဆွေမျိုးအရင်းအချာကြီး ရသွားပြီမို့ ပြုံးပျော်ရှာနိုင်လေသည်။

သဲနုပျော်လျှင် သူလည်း ပျော်ရသည်မို့ လွန်းကြင်ရင်မှာ ပီတိဖြာသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"ဟွန်း. . . ကိုလွန်းတို့က အချိန်ကွက်တိပဲ၊ သူ့မိန်းမကို အဖြစ်သည်းနေလိုက်ပုံများကတော့"

ညနေလေးနာရီတိတိတွင် လွန်းကြင် သိမ့်ကြည်လင်တို့ အိမ်သို့ ရောက်ချသွားသဖြင့် သိမ့်ကြည်လင်က စကားနာထိုးလိုက်သည်။

"ဟင်. . . အထုပ်အပိုးတွေက"

ကားနောက်ခန်းထဲသို့ အမြှာညီအစ်မ အထုပ်အပိုးတွေ ထည့်နေသဖြင့် လွန်းကြင်က မေးလိုက်သည်။





"ညီမလေးနဲ့ shopping ထွက်ထားတာလေ၊ ညီမလေး နဲ့ကိုလွန်းအတွက်ပါ လက်ဖွဲ့လည်း မမေက ဝယ်ပေးလိုက် တယ်"

လွန်းကြင် ရှိုးတိုးရှန့်တန့် ဖြစ်သွားရသည်။

"ဟာဗျာ. . . အားနာစရာ"

ဒေါ်မျက်ခြယ်ကပါ ကားနား ကပ်လာပြီး. . .

"အားမနာပါနဲ့ မောင်လွန်းကြင်၊ အန်တီ့သမီးကြီးရဲ့ညီမ ဆိုတော့ သဲနုသာကလည်း အန်တီ့သမီးငယ်ပဲပေါ့၊ မင်းက အန်တီ့သမီးငယ်ရဲ့ခင်ပွန်းဆိုတော့ အန်တီ့သားမက် ဖြစ်သွားပြီ ပေါ့၊ ယောက္ခမဆိုတာ သိတတ်ရတယ်လေ"

"ဟာဗျာ"

လွန်းကြင် ရှက်သွားသဖြင့် "ဟာဗျာ" လိုက်ပြန်သည်။ ဒီတစ်ခါတော့ "ဟာဗျာ" ကို ဒေါ်မျက်ခြယ် ကျေကျေနပ်နပ်ပင် နှင့်ပြုကာ ပြုံးရယ်နေမိသည်။

ထိုစဉ် နောက်ဆုံးပေါ် အထက်ကားကြီးတစ်စီး ခြံထဲသို့ ဝင်လာပြီး သူတို့အနီးတွင် ထိုးရပ်ပြီး ကားပေါ်မှ ရဲနေလင်း ဆင်းလာသည်။

သိမ့်ကြည်လင်က အနားကပ်ကာ ကြိုဆိုလိုက်သည်။

သိမ့်ကြည်လင်က ရဲနေလင်းကို ဖုန်းနှင့် အကျိုးအ ကြောင်း ပြောပြထားပြီးဖြစ်သဖြင့် ရဲနေလင်းမှာ အမြှာညီအစ်မ ဇာတ်လမ်းစုံရော လွန်းနှင့်သဲနုအကြောင်းကော သိထားပြီး ဖြစ် နေသည်မို့ မျက်နှာပူစရာမလိုတော့။ ထို့ကြောင့် မင်းသားပီပီ အပြုံးမျက်နှာဖြင့် သဲနုသာအနီးသို့ ကပ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး. . . သဲနုသာ"

"ရှင်. . အစ်ကိုမင်းသား"

သဲနုသာ ထိတ်လန့်ကာ မျက်လုံးအဝိုင်းသား ဖြစ်နေသည်။

"သဲနု. . . မင်း ဘယ်သူနဲ့ လိုက်နေမှာလဲ၊ တစ်ခါတည်းဆုံးဖြတ်တော့"

ခပ်တည်တည်နှင့် မေးလိုက်ရာ အရိုးခံမလေး သဲနုသာခမျာ ကြောက်အားလန့်အားဖြစ်သွားပြီး လွှန်းကြင်၏ခန္ဓာကိုယ်ကို လက်အစုံဖြင့် ဖက်တွယ်လိုက်ပြီး ပြောလိုက်ပုံက. . .

"ဟင့်အင်း. . . ဟင့်အင်း၊ သဲနု အစ်ကိုဆရာနဲ့ပဲ နေပါရစေ. . . ပြန်လိုက်သွားပါရစေ"

ဟူ၍ဖြစ်ရာ အားလုံးက သဘောကျစွာဖြင့် ရယ်မောလိုက်သံများ ဝေစည်လို့ လွင့်သွားလေတော့သည်။

BURMESE CLASSIC .com

ဖြူပုလဲခင်

11:45 AM
9.4.2011

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com